ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၄၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၉ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS

# ပြည်ပကြွေးမြီများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပင် ဝင်လာနိုင်ဟု စီးပွားရေးပညာရှင်အချို့ပြောကြား

## ပြည်ပနိုင်ငံများသို့ ပေးဆပ်ရမည့် အကြွေးစာရင်း ပထမဆုံးထုတ်ပြန်ခဲ့ရာ ကြွေးမြီဒေါ်လာ ၁၁ဘီလျံရှိကြောင်း

သီဟ

**နေပြည်တော်၊ဇန်နဝါရီ-၃၁**

နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ပထမဆုံးအကြိမ် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပေးဆပ်ရမည့် အကြွေးစာရင်းကို ဇန်နဝါရီ၃၁ရက်က ပြည်ထောင်စုလွှတ်တော်တွင် တရားဝင်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင် ကြွေးမြီစာရင်းများခြင်းသည် အံ့သြဖွယ်မဟုတ်ဘဲ အဆိုပါကြွေးမြီများကိုအကြောင်းပြု၍ပင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်လာနိုင်သည်ဟုစီးပွားရေးပညာရှင်အချို့ကပြောကြားသည်။

တိုင်းပြည်တိုင်းတွင် အကြွေးရှိနိုင်ပြီး ချမ်းသာကြွယ်ဝမှုများပြားသည့်တိုင်းပြည်များပင်လျှင် အကြွေးရှိကြသည်ဟု စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခ ဒေါ်ရီရီခင်ကပြောသည်။

စာ(၁၂)သို့



ရန်ကုန်တောင်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသော ဒေါ်အောင်ဆန်းစုကြည်ကို ကော်မရှင်ရုံးမှတာဝန်ရှိသူများက ဖေဖော်ဝါရီ၆ရက်နံနက်တွင် တွေ့ဆုံ၍ စိစစ်မှုများပြုလုပ်စဉ် ဓာတ်ပုံ-ဝေယံ

# ဒေါ်အောင်ဆန်းစုကြည်၏ ပုသိမ်ခရီးစဉ်လုံခြုံရေးအတွက် ပါတီလူငယ် ၄၀၀ ကျော် တာဝန်ယူ

အားမာန်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၆**

နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ဒုတိယမြောက်နိုင်ငံရေးခရီးစဉ်အဖြစ် ပုသိမ်မြို့သို့သွားရောက်မည့် ဒေါ်အောင်ဆန်းစုကြည်၏ခရီးစဉ် လုံခြုံချောမွေ့ရေးအတွက် NLDပါတီမှ လူငယ်၄၀၀ကျော် တာဝန်ယူမည်ဖြစ်ကြောင်း ပါတီမှတာဝန်ရှိသူတစ်ဦးဖြစ်သော ဦးခွန်သာမြင့်ကပြောသည်။ အချပ်ပို(D)သို့



# နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်သူများကို ခွင့်ပြုရန် မြန်မာအစိုးရ စဉ်းစားနေကြောင်း ကင်တားနားပြောကြား

**အောင်သူရ၊ အိဖြူလွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၅**

မြန်မာအစိုးရက ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအား လေ့လာစောင့်ကြည့်ခွင့်ပြုရန် စဉ်းစားနေပြီဖြစ်ကြောင်း မစ္စတာကင်တားနားက ရန်ကုန်လေဆိပ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကိုပြောကြားသည်။ အချပ်ပို(D)သို့

ဒေါ်အောင်ဆန်းစုကြည်၏
yorEiajrmi;jrc&;p0
အချပ်ပို A


ကမ္ဘာကျော်စီးပွားရေးပညာရှင်
pwp*vp
ရန်ကုန်တွင်ဟောပြောပွဲကျင်းပမည်
စာမျက်နှာ ၃

ကြားဖြတ်ရွေးကောက်ပွဲတွင်
Eiia&;ygw19c
ဝင်ရောက်ယှဉ်ပြိုင်မည်
စာမျက်နှာ ၃

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်
ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင်
r;&mEi
စာမျက်နှာ ၄

ကုသရန်ဆေးမရှိသော
*syeO;aEmutajr;a&mia&m*g
ဖြစ်ပွားမှုပြန်လည်တွေ့ရှိ
စာမျက်နှာ J

သတင်းဆောင်းပါး
azazm0g&13
ပြီးတော့နောက်တစ်ရက်
စာမျက်နှာ ၉



tu.'rn
မြင်းကွင်း
အချပ်ပို B







7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012


ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းသွားရာ ရခိုင်ပြည်နယ်တစ်နေရာ

## ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှလုပ်သားအချို့ မြို့ပြင်တွင်ပြောင်းရွှေ့နေထိုင်ရန် ညွှန်ကြားချက်ထုတ်ပြန်

မောင်ကံ

ကျောက်ဖြူ၊ ဇန်နဝါရီ- ၃၀

ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတွင် အလုပ်လုပ်ကိုင်နေသည့် အိန္ဒိယနိုင်ငံသားအလုပ်သမားအချို့ကို မြို့ပြင်သို့ ပြောင်းရွှေ့နေထိုင်ရန် ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်လိုက်ရကြောင်း ကျောက်ဖြူမြို့ခံတစ်ဦးကပြောသည်။

အိန္ဒိယနိုင်ငံသားအလုပ်သမားများမှာ ညအချိန်မတော် အရက်သောက်ကာ အော်ဟစ်ခြင်း၊ ဆူပူခြင်းများပြုလုပ်နေသည့်အတွက် ပတ်ဝန်းကျင်ရှိဒေသခံများကို ထိခိုက်မှုရှိသည်ဟုဆိုသည်။ “ညကျရင် အရက်တွေ သောက်ပြီးတော့ အော်ဟစ်ကြပါတယ်။ တစ်ခါတလေ အရက်မူးပြီး အချင်းချင်းစကားများရန်ဖြစ်တာတွေတောင်ရှိပါတယ်။ သူတို့အဲဒီလိုလုပ်နေတဲ့အတွက် ကျောင်းသားတွေ စာဖတ်လို့မရဖြစ်ကြပါတယ်။ ဆယ်တန်းစာမေးပွဲကလည်း နီးကပ်လာပြီဆိုတော့ ဒေသခံတွေလည်း မကျေမနပ်ဖြစ်လာကြပါပြီ”ဟု အထက်ပါဒေသခံတစ်ဦးက ဆက်လက်ပြောသည်။

ထိုသို့ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသည့်အတွက် သက်ဆိုင်ရာက မြို့ပြင်၌ နေထိုင်ကြရန် ညွှန်ကြားချက်ထွက်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ သို့သော်လည်း အချို့အလုပ်သမားများမှာ ရပ်ကွက်အတွင်း၌ ဆက်လက်နေထိုင်မှုများရှိနေပြီး နိုင်ငံခြားသားများ၏ နေအိမ်ငှားရမ်း နေထိုင်ခြင်းကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်သားများ နေထိုင်ရန်အတွက် နေအိမ်များကို မြို့နှင့် ၂၁ မိုင်အကွာတွင် နေရာချထားပေးလျက်ကြောင်း သတင်းရရှိသည်။

## ဂျပန်ဦးနှောက် အမြေးရောင်ရောဂါ ဖြစ်ပွားမှု ပြန်လည်တွေ့ရှိ

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ-၂

**ဖြစ်ပွားလျှင် သေဆုံးနိုင်ဖွယ် ရာခိုင်နှုန်းများပြားသည့် ဂျပန်ဦးနှောက်အမြေးရောင်ရောဂါများ ဖြစ်ပွားမှုပြန်လည်တွေ့ရှိလာကြောင်း သုတေသနပညာရှင်များနှင့် ဆေးဝါးကုသနေသူများထံမှ သတင်းရရှိသည်။**

ရှေးယခင်က ထိုရောဂါသည် ပလိပ်ရောဂါနှင့် ကာလသားရောဂါများကဲ့သို့ ဖြစ်ပွားလာလျှင် ကျန်းမာရေးဌာနသို့ အကြောင်းကြားရသည့် ရောဂါမျိုးဖြစ်ပြီး နောက်ပိုင်းရောဂါဖြစ်ပွားမှုနည်းပါးနေရာမှ ယခုနှစ်ပိုင်းအတွင်း ရောဂါဖြစ်ပွားတွေ့ရှိရသူနည်းနည်းစိပ်လာခြင်းဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးရှိ ငှက်ဖျားရောဂါဆိုင်ရာ ကာကွယ်ကုသရေးလုပ်ငန်းများပါဆောင်ရွက်နေသည့် ပါမောက္ခတစ်ဦးက ပြောသည်။

“အရင်တုန်းကတော့ မဖြစ်သလောက် ရှိနေရာကနေ အခုကြိုးကြားကြိုးကြား ပြန်တွေ့နေလာရတယ်။ ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့အတွက် ကုသတဲ့ဆေး သတ်သတ်မှတ်မှတ် မရှိလို့ ဖြစ်တာနဲ့ သေနှုန်းက မြန်တယ်။ ကံတရားအပေါ်မှာပဲ မူတည်တယ်” ဟု အဆိုပါဆရာဝန်က ပြောသည်။

ဆေးသုတေသနဦးစီးဌာနမှပြုလုပ်သည့်စာတမ်းဖတ်ပွဲတွင် ၂၀၀၇-၂၀၀၈ ခုနှစ်၌ ရခိုင်ပြည်နယ်တွင် ဂျပန်ဦးနှောက်အမြေးရောင်ရောဂါတွေ့ရှိခဲ့ပြီး ၂၀၁၀၊ ၂၀၁၁ ခုနှစ်များတွင် သွေးနမူနာများအား စမ်းသပ်စစ်ဆေးရာ ဂျပန်ဦးနှောက် အမြေးရောင်ရောဂါပိုးအတွက် ပဋိဇီဝပစ္စည်းများအား စမ်းသပ်တွေ့ရှိခဲ့ကြောင်း ပြည်သူကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ပညာရှင်ခြောက်ဦး၏ စာတမ်းတွင်ဖော်ပြထားသည်။

ထိုရောဂါသည် ဆင်ခြေထောက်ရောဂါ ဖြစ်ပွားရာတွင် သိထားကြသည့် ကျူးလစ်ခြင်အမျိုးအစား အကိုက်ခံရခြင်းကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ယခင်က ရှမ်းပြည်နယ်ကဲ့သို့သော ကုန်းမြင့်ဒေသများတွင် ဖြစ်ပွားရာမှ ယခုစာတမ်းတွင် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများနှင့် ရခိုင်၊ ရှမ်း၊ ကရင်၊ ကယားပြည်နယ်များတွင် ကျယ်ပြန့်စွာ တွေ့ရှိလာကြောင်း ဖော်ပြထားသည်။

အခြားဘက်တီးရီးယားများကြောင့် ဖြစ်ပွားသည့် ဦးနှောက်အမြေးရောင်ခြင်းအား ပင်နီဆီလင်ဆေးဝါးများ အသုံးပြု၍ ကုသနိုင်သော်လည်း ဂျပန်ဦးနှောက်အမြေးရောင်အတွက်ကုသ၊ ကာကွယ်ရန်ဆေးဝါးမရှိကြောင်း သိရသည်။

ဂျပန်ဦးနှောက်အမြေးရောင်သည် ခြင်ထဲတွင်ပါဝင်သော ဦးနှောက်အမြေးရောင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပိုးသည် ဦးနှောက်အောက်ခြေပိုင်းအား ထိခိုက်၍ အဖျားကြီးခြင်း၊ ခေါင်းကိုက်ခြင်းအပြင် ခြေလက်များ တုန်သည့်လက္ခဏာများကိုပါပြသပြီး နှစ်ရက်ခန့်တွင် သတိလစ်တတ်၍အသက်အန္တရာယ်အထိ စိုးရိမ်ရသော ရောဂါဖြစ်သည်။

ခြင်ကိုက်ခံရသည့် ကလေး၊ လူကြီးမရွေး ဖြစ်ပွားနိုင်ပြီး ထိုရောဂါအား ဖြစ်စေသော ကျူးလစ်ခြင်သည် ရေဆိုး၊ ရေညစ်များတွင် ပေါက်ဖွားပြီး ညနေအချိန်များတွင် ကိုက်လေ့ရှိကြောင်း သိရသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

## ကြားဖြတ်ရွေးကောက်ပွဲတွင် ပါတီ ၁၉ ခု ဝင်ရောက်ယှဉ်ပြိုင်မည်

**အားမာန်၊ သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၉ ခုဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေးက ပြောကြားသည်။

ဦးတင်အေးနှင့်မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာကင်တားနား ဖေဖော်ဝါရီ ၂ ရက်က တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လာမည့် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါတီ ၁၉ ခု ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။ ပါတီ ၁၁ ခုမှာ မူလရှိရင်းစွဲ ပါတီများဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပါတီသစ်ရှစ်ခုကလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က နေရာပြည့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ NLD မှာ ၁၉၉၀ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့်နိုင်ခဲ့သောပါတီဖြစ်သည်။ ပြည်ခိုင်ဖြိုးမှာ ၂၀၁၀ရွေးကောက်ပွဲတွင် အများစုအနိုင်ရရှိခဲ့သောပါတီဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကလည်း မဲဆန္ဒနယ် ၂၃ နေရာတွင်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ တတိယအများဆုံး ဝင်ရောက်ယှဉ်ပြိုင်သောပါတီဖြစ်သည်။

မစ္စတာကင်တားနားက လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝလိုက်နာရန်နှင့် တရားမျှတလွတ်လပ်သောရွေးကောက်ပွဲဖြစ်ရန် တိုက်တွန်းထားသည်။

## ကမ္ဘာကျော်စီးပွားရေးပညာရှင်စတစ်ဂလစ် ရန်ကုန်တွင် ဟောပြောပွဲ ကျင်းပမည်




**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

စီးပွားရေးနိုဗယ်ဆုရှင် ကိုလံဘီယာတက္ကသိုလ် ပါမောက္ခဂျိုးဇက်စတစ်ဂလစ်က 'အားလုံးပါဝင်သည့်စဉ်ဆက်မပြတ်တိုးတက်မှုရေး ဖွံ့ဖြိုးရေးမဟာဗျူဟာ' ခေါင်းစဉ်ဖြင့်ဖေဖော်ဝါရီ ၁၁ ရက်တွင် ဟောပြောပွဲပြုလုပ်မည်ဟုသတင်းရရှိသည်။

အဆိုပါ ဟောပြောပွဲအား ရန်ကုန်မြို့ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)တွင် နံနက် ၁၀ နာရီမှ စတင်ပြုလုပ်မည်ဖြစ်ပြီး ကမ္ဘာသိ မြန်မာစီးပွားရေးပညာရှင်နှစ်ဦးကလည်း သီးခြားခေါင်းစဉ်နှစ်ခုဖြင့် ဟောပြောမည်ဖြစ်သည်။

ဆွေးနွေးမည့် မြန်မာစီးပွားရေးပညာရှင်နှစ်ဦးမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခဟောင်းရော်နယ်ဖင်လေးနှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟောင်း ဒေါက်တာလှမြင့်တို့ဖြစ်သည်။

စီးပွားရေး နိုဗယ်ဆုရှင် ဂျိုးဇက်စတစ်ဂလစ်မှာ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်သည်။ ပါမောက္ခ ရော်နယ်ဖင်လေးနှင့် ပါမောက္ခဒေါက်တာလှမြင့်တို့မှာ ဒေါက်တာဦးမြင့် ထူထောင်မည့် (MDRI)တွင်ပါဝင်ကူညီကြမည့်သူများဖြစ်သည်။

ထို့အပြင် အဆိုပါ ပညာရှင်များသည် နေပြည်တော်ရှိအမ်စီစီခန်းမ၌ ဖေဖော်ဝါရီ ၁၃၊ ၁၄ နှင့် ၁၅ ရက်များတွင် စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးအကြောင်း ဆွေးနွေးမည်ဖြစ်သည်။

## တက္ကသိုလ်ဝင်စာမေးပွဲများကို သမာသမတ်ကျစွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ရန်လို

**ပိုင်စိုး**

**စစ်တွေ၊ ဇန်နဝါရီ- ၃၁**

၁၉၉၀ မှစ၍ ပြီးခဲ့သည့်နှစ်အထိ ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲများတွင် မသမာမှုများရှိခဲ့ကြောင်း မြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥက္ကဋ္ဌမြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က ဇန်နဝါရီ ၂၃ ရက်တွင် သံတွဲမြို့မ အလယ်တန်းကျောင်း၌ ပြုလုပ်သော မြို့ပေါ်ကျောင်းများမှ ကျောင်းအုပ်များ ဆရာ၊ဆရာမများနှင့် တွေ့ဆုံပွဲတွင်ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ်မှာ GDP (အမျိုးသားထုတ်ကုန်)၏ ၀ ဒသမ ၇၇ သာရှိပြီး ထိုင်းနိုင်ငံတွင် ၁၀ နှင့် လာအိုနိုင်ငံတွင် ၂ ရှိသည်ဟုပြောကြောင်း ကျောင်းအုပ်ဆရာကြီးတစ်ဦးက ပြောသည်။ ယူနက်စကို၏ ထုတ်ပြန်ချက်အရ ဂျီဒီပီ၏ ၇ ရှိရမည်ဖြစ်သည်။

အငြိမ်းစားလက်ထောက်ပြည်နယ်ပညာရေးမှူးတစ်ဦးက "တာဝန်ထမ်းဆောင်တဲ့ကာလတစ်လျှောက်မှာ စာမေးပွဲဖြေဆိုရာမှာ မသမာမှုလုပ်ဖို့ကြိုးစားကြတဲ့ ကျောင်းသားတွေ၊ ဆရာတွေ အများကြီးတွေ့ခဲ့ရတယ်။ ပညာသင်ကြားရေးစနစ်ကော၊ စာမေးပွဲစစ်ဆေးမှုစနစ်ကိုပါပြောင်းလဲဖို့ လိုအပ်နေပါပြီ" ဟု ပြောကြားသည်။

ဦးအုန်းမြင့်က မြန်မာနိုင်ငံ ပညာရေးနိမ့်ကျနေသည်ဟု နိုင်ငံတကာကပြောကြောင်း၊ နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများကလည်း ပြောကြောင်း၊ ထို့ကြောင့် ပညာရေးနိမ့်ကျနေသည်မှာ လူတိုင်းလက်ခံရမည့် ကိစ္စဖြစ်ကြောင်း ပြောကြားခဲ့သည်။

တက္ကသိုလ်ဝင် စာမေးပွဲသည် နိုင်ငံတော်အဆင့် စာမေးပွဲဖြစ်၍ နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ဆက်စပ်နေကြောင်း၊ စာမေးပွဲ အဆင့်ရှိမှ နိုင်ငံ့ဂုဏ်သိက္ခာရှိမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်ဆို၏။

"ကျောင်းတိုင်း၊ ဆရာတိုင်း၊ ကျောင်းသားတိုင်း မသမာမှုလုပ်နေကြတာတော့မဟုတ်ပါဘူး။ ဒါပေမဲ့ရှိနေတယ်။ ရှိလို့ပဲစာစစ်အဖွဲ့ဥက္ကဋ္ဌကိုယ်တိုင် ပြောခဲ့တာပေါ့။ စာမေးပွဲ ဖြေဆိုခွင့်ပိတ်ခံရတဲ့ ကျောင်းသားတွေရှိတယ်။ ပင်စင်ပေးခံရတဲ့၊ ရာထူးချခံရတဲ့ ဆရာတွေရှိနေတယ်။ ဒါဟာ သံတွဲခရိုင်အတွင်းမှာကိုရှိနေတာ" ဟု သံတွဲမြို့အထက ၂ မှ ဆရာတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်သည် သံတွဲခရိုင်တွင် အသစ်ဖွင့်လှစ်မည့် စာစစ်ဌာနများအား လာရောက်စစ်ဆေးစဉ် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်များ၌ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပွဲများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

## ကမ္ဘာကျော်အားကစားကုမ္ပဏီမှ တာဝန်ရှိသူများ ရန်ကုန်သို့ လာမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ဝတ်စုံများကို စပွန်ဆာပေးရန် ကမ်းလှမ်းထားသည့် အင်္ဂလန်အခြေစိုက် ကမ္ဘာကျော်အားကစားဝတ်စုံကုမ္ပဏီ Umbro မှ တာဝန်ရှိသူများ ယခုလတတိယပတ်အတွင်း ရန်ကုန်သို့လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"Umbro က တာဝန်ရှိသူတွေအနေနဲ့ ဖေဖော်ဝါရီ ၂၀ ရက်မှာ ရန်ကုန်ကိုလာရောက်ဖို့ရှိပါတယ်။ ကျွန်တော်တို့နဲ့ အကြိုသဘောတူညီချက်ရရှိထားတာကတော့ မြန်မာ့လက်ရွေးစင်အသင်းအတွက် အိမ်ကွင်းဝတ်စုံ အထည်နှစ်ရာနဲ့ အဝေးကွင်းဝတ်စုံနှစ်ရာ သူတို့ဘက်က စပွန်ဆာပေးမယ်ဆိုတာပါ။ လောလောဆယ် အခြေအနေအရ ငွေကြေးစပွန်ဆာမပါသေးဘဲ အခြားလိုအပ်ချက်ပစ္စည်းတွေလည်း စပွန်ဆာပေးဖို့ရှိနေပါတယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

အကယ်၍ Umbro နှင့် သဘောတူစာချုပ်အပြီးသတ် ချုပ်ဆိုပြီးပါက ၎င်းကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် အရောင်းဆိုင်လာရောက် ဖွင့်လှစ်မည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

မြန်မာနိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့အရေးယူထားသော ဥရောပသမဂ္ဂအဖွဲ့ဝင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့အခြေစိုက်ကမ္ဘာကျော်အားကစားဝတ်စုံကုမ္ပဏီတစ်ခုဖြစ်သော Umbro သည် အင်္ဂလန်၊ နော်ဝေ၊ ဆွီဒင်၊ အိုင်ယာလန်၊ ဝေးလ်စ်အသင်းအပါအဝင် လက်ရွေးစင် အသင်း ၁၂ သင်း၏ ဝတ်စုံများကို စပွန်ဆာပေးထားသည်။

## အဲအေးရှားလေကြောင်းလိုင်း ဘန်ကောက်မှ မန္တလေးနှင့် ပုဂံမြို့များသို့ ပျံသန်းရန်စီစဉ်




**သိမ့်သိမ့်စိုး၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၆**

အဲအေးရှားလေကြောင်းလိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ မန္တလေးနှင့် ပုဂံမြို့များသို့ တိုက်ရိုက်ပျံသန်းရန် သက်ဆိုင်ရာသို့ တင်ပြထားကြောင်း အဆိုပါလေကြောင်းလိုင်းပိုင်ရှင် Mr. Tony Fernandes ကပြောသည်။

"ပုဂံလေယာဉ်ကွင်းက ပြေးလမ်းတိုတော့ ဆင်းဖို့နည်းနည်းခက်တယ်။ မန္တလေးကွင်းကတော့ ဆင်းလို့လွယ်တယ်။ ပျံခွင့်ရရင် အဲဘတ်စ်နဲ့ပျံမယ်"ဟု၎င်းကပြောသည်။

ထို့အပြင် လက်ရှိတွင် တစ်နေ့လျှင် နှစ်ကြိမ်ပျံသန်းနေသော ရန်ကုန်-ဘန်ကောက် ခရီးစဉ်အား ရှေ့လမှစ၍ သုံးကြိမ်တိုးပျံသန်းရန် စီစဉ်နေကြောင်း ၎င်းကဆက်လက်ပြောသည်။

"ခရီးသွားလုပ်ငန်းအတွက် ပိုကောင်းလာတာပေါ့။ ပုဂံပဲ သွားချင်တဲ့သူတွေ၊ ရန်ကုန်ကိုမဝင်ချင်ဘဲ မန္တလေးသွားချင်တဲ့လူတွေအတွက် ပိုအဆင်ပြေတာပေါ့။ ခရီးသွားဝင်ရောက်မှုပိုများလာမှာပေါ့" ဟု Myanmar Pole Star ခရီးသွားကုမ္ပဏီမှ ဒါရိုက်တာ ကိုအောင်လင်းထင်ကပြောသည်။

လက်ရှိ ပေါ်လစီအရ ဘန်ကောက်မှ မန္တလေးနှင့် ပုဂံဒေသသို့ တိုက်ရိုက်ပျံသန်းနိုင်သော်လည်း ကွာလာလမ်ပူမှ ပျံသန်းရန်မှာမဖြစ်နိုင်သေးကြောင်းနှင့် အာဆီယံOpen Sky Policyစတင်သော ၂၀၁၅မှစတင်ကာဆန်ဘူမိလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ်တွင် အဆိုပါလေကြောင်းလိုင်းက မြန်မာနိုင်ငံသို့ ခရီးသည် ၂၇၀,၀၀၀ ကျော်သယ်ဆောင်ပေးခဲ့ကြောင်း ယင်းလေကြောင်းလိုင်းပိုင်ရှင်ကပြောသည်။

အဲအေးရှားလေကြောင်းလိုင်းသည် ရန်ကုန်-ဘန်ကောက်ခရီးစဉ်အား ၂၀၀၆ ခုနှစ်မှ စတင်ပျံသန်းခဲ့ပြီး ယခုအခါ ရန်ကုန်-ကွာလာလမ်ပူခရီးစဉ်များကို နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# CRIME မှုခင်းသတင်း CORNER

## အသက်အရွယ်ကြီးရင့်သူကို အဓမ္မပြုကျင့်ရန် ကြံစည်မှုဖြစ်ပွား

**ကျော်ဇေယျ**

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၁**

ညအမှောင်အတွင်း အဖော်မပါဘဲ ပြန်လာသူ အသက်ကြီးရင့်သူကိုအမှောင်အားကိုးနှင့်အဓမ္မပြုကျင့်ရန် အားထုတ်ကြိုးစားခဲ့၍ လာရောက်တိုင်တန်းခဲ့သော ဖြစ်စဉ်တစ်ခု ဇန်နဝါရီ ၂၈ရက်က နေပြည်တော် ပျဉ်းမနား၌ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

နေပြည်တော် ပျဉ်းမနား . . ကျေးရွာနေ ဒေါ် . . (၅၃)နှစ်သည် ဇန်နဝါရီလ ၂၇ ရက်ည ၈ နာရီအချိန်က အသိမိတ်ဆွေ၏နေအိမ်မှ ပြန်လာစဉ် လူမနေသည့် အိမ်ရှေ့အရောက် မီးများမှောင်မိုက်နေသည့်ကြားထဲမှအမျိုးသားတစ်ဦးက ဒေါ် . . အား ပါးစပ်ပိတ်အတင်းဆွဲပွေ့ကာအနီးရှိ လူမနေသည့် အိမ်ဝင်းထဲသို့ အတင်းဆွဲခေါ်ခဲ့သည်။ ထိုစဉ် ရုတ်တရက်ထိုးသော ဆိုင်ကယ်မီးအလင်းရောင်ကြောင့် ဒေါ် . . (၅၃)နှစ်အား ဆွဲသူမှာ တစ်ရပ်တည်းနေ ဆန်းဝင်း (၃၅နှစ်)ဖြစ်ကြောင်း သိရသည်ဟုဆိုသည်။

ဒေါ် . . (၅၃)နှစ်က အော်ဟစ်ရုန်းကန်သော်လည်း ဆန်းဝင်းက လုံးဝမလွှတ်ဘဲ ဒေါ် . . အား အဓမ္မပြုကျင့်ရန် ကြိုးစားသောကြောင့် ၎င်းအား ရင်ဘတ်မှ တွန်းပြီး ခြေထောက်ဖြင့်ကန်ရာ လဲကျသွားစဉ် ဒေါ် . . လည်း ထွက်ပြေးခဲ့သည်ဟုဆိုသည်။

အမှောင်အားကိုးပြီး ကာမရယူရန် အဓမ္မကြိုးစားအားထုတ်ခဲ့သူ ဆန်းဝင်းအားဥပဒေအရအရေးယူပေးပါရန် တိုင်ကြားလာ၍ နေပြည်တော်ပျဉ်းမနား ရဲစခန်း(ပ)၉၀/၂၀၁၂ ပုဒ်မ ၃၇၆/ ၅၁၁ (အဓမ္မပြုကျင့်ရန် ကြံစည်အားထုတ်မှု) အရ အမှုဖွင့်ထားသည်။

"အမျိုးသမီးတွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ငယ်တယ်ဆိုပြီးလည်း ဒါမျိုးတွေမကြုံရဘူးလို့မထင်ပါနဲ့။ အဲလိုပါပဲ အသက်အရွယ်ရလာပြီဆိုပြီးလည်း မပေါ့ဆကြနဲ့။ အသွားမတော်တစ်လှမ်းဆိုသလို အလစ်ဖမ်းဖို့ကြံနေတဲ့ အကြံသမားတွေနဲ့တွေ့ရင် ဒုက္ခများသွားတတ်ပါတယ်"ဟုနေပြည်တော်ရဲချုပ်ရုံးမှ အဆင့်မြင့်ရဲအရာရှိတစ်ဦးကပြောသည်။

## အိမ်ခေါင်မိုးပေါ်တက်၍ သံဂဟေဆက်ရာက ပြုတ်ကျသေဆုံးမှုဖြစ်ပွား

**ကျော်ဇေယျ**

**နေပြည်တော်၊ဖေဖော်ဝါရီ- ၁**

နေအိမ်ခေါင်မိုးရှိ ဒိုင်း၊ မျှားများ သံဂဟေတက်ဆော်သည့် သံဂ ဟေလုပ်သားတစ်ဦး အမြင့်မှပြုတ်ကျပြီး သေဆုံးခဲ့ရသော ဖြစ်ရပ်တစ်ခု ဇန်နဝါရီ ၃၀ ရက် က နေပြည်တော် ပျဉ်းမနား၊ ပေါင်းလောင်းရပ်ရှိ ရာဇဌာနီလမ်းတွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ရက်ည ၇ နာရီအချိန်ခန့်က နေပြည်တော် ခုတင်၁၀၀၀ ဆေးရုံ၌ လူသေအလောင်းတစ်လောင်း ပျဉ်းမနားရဲစခန်းအပိုင်နယ်မြေမှ ရောက်ရှိလာကြောင်း သက်ဆိုင်ရာက သတင်းအရသွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ သိန်းဇော်ထွန်း (၂၅ နှစ်) ခြုံခင်းကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ဖြစ်ပြီး ယင်းမှာ နေပြည်တော် ပျဉ်းမနားမြို့နယ် ရာဇဌာနီလမ်းနှင့် အင်ကြင်းလမ်းတွင်ရှိသော နေအိမ်တစ်အိမ်၏ နေအိမ် ခေါင်မိုးရှိ ဒိုင်း၊မြားများ သံဂဟေတက်ဆော်နေစဉ် အမြင့်မှ ခြေချော်ပြုတ်ကျပြီး သေဆုံးကြောင်း ယင်း၏ လုပ်ဖော်ကိုင်ဖက်များကပြောသည်။

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ချိန်ခါမဟုတ် မိုးရွာနိုင်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

လာနီညာ ရာသီဥတုကြောင့် ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌မိုးရွာသွန်းမှုများကြုံတွေ့နိုင်ကြောင်းမိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကပြောသည်။

"မွန်၊ တနင်္သာရီ၊ ရန်ကုန်၊ ပဲခူးနဲ့ ဧရာဝတီတောင်ပိုင်းတွေမှာ ရွာနိုင်ခြေရှိတယ်။ များတော့ မများဘူး။ရွာရန်ရာနှုန်း၆၀လောက်ပဲ ရှိနိုင်တယ်" ဟု ဦးထွန်းလွင်က ဆိုသည်။

ဖေဖော်ဝါရီနှင့် မတ်လများတွင် မိုးရွာသွန်းပါက ပဲစိုက်တောင်သူများအတွက် ဆုံးရှုံးမှုများရှိနိုင်ပြီး ယခုနှစ်တွင် မိုးအုံ့ရက်များခဲ့သဖြင့် ပဲခင်းများတွင် ပိုးကျခဲ့ကြသည်။

ယခင်နှစ် မတ်လလယ်တွင် မိုးရွာသွန်းခဲ့သဖြင့် ပဲစိုက်တောင်သူများ အထိနာခဲ့ပြီး တစ်တင်းလျှင် ကျပ် ၃၀,၀၀၀ ခန့်ရှိသော ပဲတီစိမ်းဈေးမှာ ၇,၀၀၀ ကျပ် ဈေးကျခဲ့သည်။

"မြောက်ဘက်မှာ ရှိတဲ့ တရုတ်ပြည်မက ကုန်းတွင်းလေအေးတွေက တဖြည်းဖြည်းကုန်းတွင်းပိုင်းကို တိုးဝင်ပြီး တောင်ပိုင်း လေနွေးနဲ့တွေ့တဲ့အခါ မိုးရွာတတ်ပါတယ်" ဟု ဦးထွန်းလွင်က ဆိုသည်။

ယခင်နှစ်တွင် ဖြစ်ပေါ်ခဲ့သောအားကောင်းသည့်လာနီညာရာသီဥတုကြောင့် လတိုင်းနီးပါး မိုးရွာသွန်းခဲ့ပြီး ယခုနှစ် လာနီညာရာသီဥတုမှာ ယခင်ကလောက်အားမကောင်းပေ။

# တရုတ်နိုင်ငံသို့ပို့သော စားသောက်ကုန်အချို့တွင် ပိုးမွှားများတွေ့ဟုဆို

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သော စားသောက်ကုန်အချို့တွင် ရောဂါပိုးမွှားအချို့ တွေ့ရှိသဖြင့် ထိန်းချုပ်ပေးရန် တရုတ်အစိုးရအဖွဲ့က တောင်းဆိုထားကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိသည်။

"ငါးသလောက်မှာ ပိုးတစ်မျိုးတွေ့တယ်။ မှို၊ ကြက်သားနဲ့ ဟင်းချိုအရသာခေါက်ဆွဲခြောက်မှာလည်း သတ်မှတ်တဲ့စံနှုန်းနဲ့ ပိုမိုတွေ့ရတယ်" ဟု မူဆယ် ၁၀၅ မိုင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



တရုတ်နယ်စပ်တစ်နေရာတွင် မြန်မာနိုင်ငံမှသယ်လာသောကုန်များကို ကားချင်းကဲ့ယူနေစဉ်

အဆိုပါပိုးတွေ့ရှိမှုအားဘေဂျင်းနှင့် တရုတ်နိုင်ငံအစားအစာကြီးကြပ်ရေးအဖွဲ့မှ မြန်မာသံရုံးသို့ အကြောင်းကြားလာခြင်းကြောင်း သတင်းရရှိသည်။

"လုပ်ငန်းရှင်တွေ သိထားစေချင်တာက အခုခေတ်က အရင်ကလို ညာလို့မရတော့ဘူး။ စစ်တဲ့စက်တွေက အရမ်းအဆင့်မြင့်လာတယ်" ဟု စီးပွားကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၏အကြံပေးဒေါက်တာမောင်အောင်ကပြောသည်။

ထိုကြောင့် အဆိုပါကိစ္စများ လျော့နည်းသွားရန် စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေးလုပ်ငန်းများ ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း ဒေါက်တာမောင်အောင်က ဆိုသည်။

လွန်ခဲ့သော လေးငါးနှစ်က မြန်မာနိုင်ငံမှ တင်ပို့သော ငါးရှဥ့်များတွင် ရောဂါပိုးတစ်မျိုးတွေ့ရှိသဖြင့် တရုတ်နိုင်ငံက ဝယ်ယူမှုရပ်ဆိုင်းခဲ့သည်။

# ရွှေအရောင်းအဝယ်ပြုလုပ်ရာတွင် စာရွက်စာတမ်း စတင်အသုံးပြု

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းရုံး ရွှေအရောင်းအဝယ်ဈေးကွက်တွင် စာရွက်စာတမ်းများဖြင့် အရောင်းအဝယ်ပြုလုပ်သည့် စနစ်ကို ယခုတစ်ပတ်မှစ၍ ကျင့်သုံးနေပြီဖြစ်ကြောင်း အဆိုပါ အသင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"အဓိကကတော့ ငွေကြေးအရှုပ်အရှင်း ကိစ္စတွေ မဖြစ်အောင်လို့ဒီစနစ်ကိုကျင့်သုံးလိုက်တာ။ အရောင်းအဝယ်လုပ်ရင် စာရွက်စာတမ်းမှာ အချက်အလက်တွေဖြည့်ပြီးမှလုပ်လို့ရတော့မယ်"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထိုကြောင့်လက်ငင်းငွေချေပစ္စည်းအပ်စနစ်ဖြင့် အရောင်းအဝယ်မပြုလုပ်ပါကစာရွက်စာတမ်းဖြင့် အရောင်းအဝယ် ပြုလုပ်သည့် စနစ်ကို ကျင့်သုံးရမည်ဖြစ်သည်။

သို့သော်လက်ရှိကျင့်သုံးနေသော စနစ်တွင် လိုအပ် ချက်များရှိနေမည်ဆိုပါကလည်း ယခုထက်ကောင်းသော စနစ်ကို ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း အသင်း၏ပြောရေးဆိုခွင့်ရှိသူကပြောကြားခဲ့သည်။

စာရွက်စာတမ်းဖြင့် အရောင်းအဝယ်ပြုလုပ်သော စနစ်ကို ယာယီစမ်းသပ်ကာလတစ်ခုအနေဖြင့် ကျင့်သုံးနေခြင်းဖြစ်ကြောင်း သိရသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.47 · FEBRUARY 9 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကမ္ဘာလှည့်ခရီးသွားအချို့ ဘုရားရင်ပြင်နှင့် ဘုန်းကြီးကျောင်းဝင်းအတွင်းယဉ်ကျေးရန်လို

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

ကမ္ဘာလှည့်ခရီးသွားအချို့သည် သာသနိကအဆောက်အအုံများဖြစ်သော ဘုန်းကြီးကျောင်းနှင့် စေတီပုထိုး၊ ဘုရားရင်ပြင်များပေါ်တွင် ဖိနပ်စီးခြင်းနှင့် ခြေစွပ်များ ဝတ်ဆင်သွားလာသည်ကို တွေ့ရှိရကြောင်း သတင်းရရှိသည်။

အင်းလေးကန်အတွင်းရှိဖောင်တော်ဦးဘုရားရင်ပြင်ပေါ်တွင် ဖိနပ်များ စီးကာ ဖြတ်သန်းခြင်းနှင့် ခြေအိတ်များ ဝတ်ဆင်ဖြတ်သန်းခြင်းတို့ တွေ့ရှိရ၍ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းက သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သတင်းထုတ်ပြန်ထားသည်။

"ဖြစ်နေတာကြာပြီ၊ ပြတ်ပြတ်သားသားမရှိတာ၊ တချို့က မတားမြစ်တာ" ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းအတွင်းရေးမှူးကပြောသည်။ မန္တလေး ရွှေကျောင်းတွင်လည်း အုတ်လှေကားအထိ ဖိနပ်များစီး၍တက်ခဲ့ကြပြီး ခြေအိတ်များမချွတ်ဘဲ ရွှေကျောင်းအတွင်းသို့ပြင်သစ်ဧည့်လမ်းညွှန်အပါအဝင် ဧည့်သည် ၂၅ ယောက် တက်ရောက်ခဲ့ကြောင်းလည်း သတင်းရရှိသည်။

ထိုကဲ့သို့ ခြေအိတ်ချွတ်သူကချွတ်၊ မချွတ်သူကမချွတ်သောကြောင့် ဧည့်လမ်းညွှန်နှင့် ဧည့်သည်များကြား အဆင်မပြေမှုများ ရှိကြောင်းလည်း ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။ "ကိုယ့်ဧည့်သည်ကို ဘုရားပေါ်တက်ရင် ခြေအိတ်ချွတ်ဖို့ ပြောပြီးတက်တယ်။ ဘုရားပေါ်ရောက်တော့ တချို့ဧည့်သည်တွေ ခြေအိတ်မချွတ်ဘဲ သွားနေတာတွေ့တော့ ဧည့်သည်ကကိုယ့်ကိုပြန်မေးခွန်းထုတ်ရော" ဟု ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

ထို့ကြောင့် စည်းကမ်းသတ်မှတ်ရာတွင် အားလုံးတစ်သမတ်တည်းဖြစ်စေချင်ကြောင်းမြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်း အတွင်းရေးမှူးကိုဝင်းဇော်ဦးက ပြောကြားသည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာကပင်ဗုဒ္ဓသာသနာအဆောက်အအုံများအတွင်း ဖိနပ်စီးနင်းခြင်းကို တားမြစ်ထားခဲ့ကြသည်။ သို့သော် အချို့သောဘုန်းကြီးကျောင်းများတွင်မူ ကျောင်းထိုင်ဆရာတော်က ခွင့်ပြုပါက ကျောင်းဝိုင်းအတွင်းဖိနပ်စီးနင်းနိုင်ကြောင်း သိရသည်။

# ပြည်တွင်းကုမ္ပဏီများ ဝန်ထမ်းခေါ်ယူမှုနှုန်း ပြန်လည်များလာ


ရန်ကုန်မြို့ရှိ စက်ရုံအလုပ်ရုံတစ်ခုသို့ လုပ်ငန်းခွင်ဝင်ရန်သွားရောက်နေသူများ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၅**

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်ထက် ၂၀၁၂ ခုနှစ်ဆန်းပိုင်းတွင် ကုမ္ပဏီများအလုပ်ခေါ်ယူမှုနှုန်းမြင့်တက်လာကြောင်း ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှ သတင်းရရှိသည်။

ကုမ္ပဏီ၊ စက်ရုံအသစ်များက ဝန်ထမ်းသစ်များခေါ်ယူခြင်းကြောင့်အလုပ်ခေါ်နှုန်း တက်လာခြင်းဖြစ်သည်။ သို့သော် ကျွမ်းကျင်ဝန်ထမ်းများရရှိရန်ခက်ခဲလျက်ရှိကြောင်းလည်းသတင်းရရှိသည်။ အလုပ်လာလျှောက်သူအများစုသည် လုပ်ငန်းအတွေ့အကြုံ ၃၊ ၄ နှစ်ရှိထားသူနှင့်တက္ကသိုလ်ကျောင်းဆင်းများဖြစ်ကြောင်း ပြည်တွင်းအလုပ်အကိုင်အေဂျင်စီများမှတာဝန်ရှိသူများကပြောသည်။

"ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်ရင် ၂၀၁၂ မှာ ၂၀ ရာခိုင်နှုန်းကျော်လောက် တိုးလာတယ်လို့ ယူဆတယ်။ အလုပ်ရတဲ့လူကျတော့ လောလောဆယ်နည်းတယ်။ ကျောင်းပြီးခါစလေးတွေ အဲဒါပိုများတယ်။ အလုပ်အတွေ့အကြုံမရှိတာများတယ်။ များသောအားဖြင့် အင်ဂျင်နီယာတို့LCCI Level-3 ပြီးတဲ့စာရင်းကိုင်တွေများတယ်။ သူတို့လည်း အတွေ့အကြုံမရှိတော့ မလွယ်ဘူး"ဟု Myanmar Integrated Recruitment Servicces မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ People's Chioce General Services မှ ဒါရိုက်တာ ဦးမျိုးဟန်ကျော်က "ဒီလထဲမှာတော့ အလုပ်ခေါ်တာ တော်တော်စိပ်စိပ်လေးခေါ်နေတယ်။ ဟိုတစ်လောကဆိုရင် ထိုင်းလေကြောင်းလိုင်းတို့၊ ပြီးတော့ကုမ္ပဏီကြီးတွေ၊ အရင်တုန်းက သိပ်မခေါ်တဲ့ ရေနံကုမ္ပဏီကြီးတွေ ခေါ်လာပေးပြီးခေါ်တာတို့ အဲဒါမျိုးတွေများတယ်"ဟု ပြောသည်။

*အချုပ်ပို(D) သို့*



7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# အရန်ဆန်ကို ကုန်သည်စက်ပိုင်များထံမှ မဝယ်ဟုဆို

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

အရန်ဆန်ဝယ်ယူရာတွင် ကုန်သည်စက်ပိုင်များ ပါဝင်ရောင်းချခြင်းမျိုး မပြုလုပ်ရန် နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးကော်မတီမှ ကြေညာချက်ထုတ်ပြန်ထားသည်။

မိုးစပါးပေါ်ချိန်တွင် စပါးဈေးများစွာ ကျဆင်းနေသည့်အတွက် လယ်သမားများ ထိုက်တန်သည့် ဈေးနှုန်းရရှိစေရန် ရည်ရွယ်၍ ဝယ်ယူခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်ဦးမျိုးသူရအေးကဆိုသည်။

“မိုးစပါးက တောင်သူတွေဆီမှာ လက်ကျန်နည်းနေပြီ။ နွေစပါးကိုပဲ မျှော်ရမယ်” ဟု ပန်းတနော်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌဦးစိန်ဝင်းက ရှင်းပြသည်။

လယ်သမားများသည် နိုင်ငံတော်မှ ချေးသည့် အမတော်ကြေး (လယ်ယာဖွံ့ဖြိုးရေး) ချေးငွေအပါအဝင် အခြားသော ချေးငွေများကိုပြန်ဆပ်ရန် စပါးများကို ကျဈေးဖြင့် ရောင်းသည်က များသည်။ လယ်ယာဖွံ့ဖြိုးရေးချေးငွေပြန်ဆပ်ချိန်ကို ဇန်နဝါရီ ၁၅ ရက်နောက်ပိုင်းမှ မတ်လထိ သက်တမ်းတိုးပေးထားသည်။ ထိုအချိန်တွင် လယ်သမားအများစု လက်ထဲတွင် စပါးမရှိတော့ကြောင်း ပြည်ခရိုင်မှ လယ်သမားတစ်ဦးက ဆိုသည်။

နယ်မြို့များတွင် လက်ရှိစပါးဈေးသည် တင်းတစ်ရာလျှင် ၂၅၀,၀၀၀ ကျပ်မှ ၃၃၀,၀၀၀ ကျပ်ကြားသာရှိသည်။ ဝယ်ယူသည့်အချိန်မှာလည်း တစ်တင်းလျှင် ၅၁ ပေါင်နှုန်းဖြစ်သည်။

နိုင်ငံတော်မှ အရန်ဆန်ဝယ်ယူမှုမှာ တစ်တင်းလျှင် ၄၆ ပေါင်နှုန်းဖြင့် တင်းတစ်ရာလျှင် အခြေခံဈေး ၃၃၀,၀၀၀ ကျပ်သတ်မှတ်ထားသည်။ ယင်းဈေးနှုန်းသည် လက်ရှိနယ်ကုန်သည်များ ဝယ်ယူသည့် ၅၁ ပေါင်နှုန်းဖြင့်ဆိုပါက တင်းတစ်ရာလျှင် ၃၈၀,၀၀၀ ကျပ်ဝန်းကျင်ရှိနိုင်ကြောင်း လမ်းမတော် လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးကဆိုသည်။

စာ(၁၂)သို့

# ဖေဖော်ဝါရီ၁၄ရက်တွင်ပြုလုပ်မည့်ဖျော်ဖြေပွဲ စုံတွဲများကို အခန်းမဲဖောက်သည့်အစီအစဉ်ကြောင့် ဝေဖန်ခံရ




ဖျော်ဖြေပွဲကြော်ငြာဘုတ်တွင်တွေ့ရှိရသော ကံစမ်းမဲကြော်ငြာ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**နေလင်းအောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

**ဖေဖော်ဝါရီ၁၄ရက်တွင်ပြုလုပ်မည့်ရှိုးပွဲတစ်ခုသို့ လာရောက်ကြည့်ရှုမည့်စုံတွဲများအား အတူနေအခန်း များ ကံစမ်းမဲအနေဖြင့် ထည့်သွင်းရန် စီစဉ်သည့်အတွက် စီစဉ်သည့်ကုမ္ပဏီအား ဝေဖန်မှုများ ပေါ်ထွက်လျက်ရှိသည်။**

ယင်းကုမ္ပဏီက ဖြန့်ဝေသည့် လက်ကမ်းကြော်ငြာနှင့် ကြော်ငြာဘုတ်များတွင် “ပထမဦးဆုံး စုံတွဲ ၅၀၀အား ဗေဒင်တစ်ခါမေးပေးခြင်း၊ နှင်းဆီပန်း၊ ချောကလက်များပေးပြီး အလိုက်ဖက်ဆုံး စုံတွဲများအား ပန်းချီ ပုံဆွဲပေး၍ ညစာစားခွင့်နှင့်အခန်းများကို ကံစမ်းမဲဖောက်ပေးသွားပါမည်” ဟု ဖော်ပြကြော်ငြာထားသည်။

ထိုသို့အခန်းများထည့်သွင်းမည့်အစီအစဉ်နှင့်ပတ်သက်၍ ဘိုဘိုအင်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးနှင့် ဆက်သွယ်ရာ “အဲဒီအခန်းကိစ္စက မှားပြီးရိုက်လိုက်မိတာပါ။ Flyer တွေမှာလုပ်တဲ့လူက မှားပြီးထည့်လိုက်မိတာပါ။အဲဒီအစီအစဉ်မပါပါဘူး”ဟု ပြန်လည်ဖြေကြားခဲ့သည်။

ယင်းသို့ ဆက်သွယ်မေးမြန်းအပြီး နောက်တစ်ရက်တွင် ဘိုဘိုအင်တာတိန်းမန့်မှပေးပို့သည့် ပွဲသတင်းထုတ်ပြန်ချက်တွင်မူ အခန်းများ မဲဖောက်ပေးမည့် အစီအစဉ်အစား ချောင်းသာခရီးစဉ် စရိတ်ငြိမ်းသွားခွင့်ရမည့်အစီအစဉ်အား ထည့်သွင်းထားပြီး တစ်ဦးပေါက်ပါက နှစ်ဦးသွားခွင့်ရမည်ဟု ပါရှိသည်။

အဆိုပါဖျော်ဖြေရေးပွဲ ကြော်ငြာအားတင်ဆက်ထားသည့် အင်တာနက်စာမျက်နှာများတွင် အသုံးပြုသူအများစုမှာ ယင်းအခန်းကိစ္စ ထည့်သွင်းထားခြင်းနှင့် ပတ်သက်၍ ပြင်းထန်စွာဝေဖန်ထားသည့် မှတ်ချက်များကို ရေးသားခဲ့ကြသည်။

အဆိုတော် ၁၃ ဦးခန့်ပါဝင်မည့် ရော့ခ်နှင့်ဟစ်ဟော့ဖျော်ဖြေပွဲတွင် လာရောက်သည့် ပရိသတ်အများစုမှာ ဆယ်ကျော်သက်လူငယ်များနှင့် လူလတ်ပိုင်းများအများဆုံးဖြစ်၍ ကနဦးတွင်အခန်းမဲဖောက်မည့်အစီအစဉ်ကြောင့် ဖေ့စ်ဘွတ်ခ်နှင့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်အချို့တွင် အဆိုပါပွဲအား ဝေဖန်ကဲ့ရဲ့မှုများ ပေါ်ပေါက်လျက်ရှိသည်။




# အာဆီယံစီးပွားရေးလုပ်ငန်းရှင်များ မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်း

**သိမ့်သိမ့်စိုး၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၆**

အာရှစီးပွားရေးလုပ်ငန်းရှင်များ စုစည်းထားသော Asean Business Club (ABC)မှ လုပ်ငန်းရှင်များကို ဒေါ် အောင်ဆန်းစုကြည်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်စေလိုကြောင်းပြောကြားခဲ့သည်။

ယင်းသို့ တွေ့ဆုံစဉ်တွင် လုပ်ငန်းရှင်များက မြန်မာနိုင်ငံ အပြောင်းအလဲနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စနှင့် ပတ်သက်ပြီး ဒေါ် အောင်ဆန်းစုကြည်၏သဘောထားအမြင်အား သွားရောက်မေးမြန်းခဲ့ကြောင်း ယင်းအဖွဲ့က ပြောကြားသည်။ ထို့အပြင်ခရီးသွားလုပ်ငန်းနှင့်လည်း လူထုကို အကျိုးပြုပြီး သဘာဝပတ်ဝန်းကျင်အား မထိခိုက်ဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဆိုလျှင်အားပေးကြောင်း ဒေါ် အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ဘဏ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ ပိုင်ရှင်များ ပါဝင်သော ABC မှ လုပ်ငန်းရှင်ရှစ်ဦးက ယနေ့ညနေ ၃ နာရီခွဲအချိန်မှစ၍ ဒေါ် အောင်ဆန်းစုကြည်နှင့်တစ်နာရီကျော်ကြာတွေ့ဆုံခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲနှင့်ပတ် သက်၍ ABC အဖွဲ့ခေါင်းဆောင်က ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ "ဒေါ် အောင်ဆန်းစုကြည်သဘောထားကိုလာမေးတာပေါ့။ မြန်မာနိုင်ငံဟာ အကောင်းဘက်ကိုဦးတည်နေတယ်လို့ပြောပါတယ်" ဟု ပြောသည်။

အဆိုပါအဖွဲ့သည် ယနေ့ နေ့လယ်တွင်ကုန်သည်/စက်မှုအသင်းမှ လုပ်ငန်းရှင်အချို့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့်တွေ့ဆုံရန် အစီအစဉ်ရှိကြောင်းသိရသည်။ အဆိုပါအဖွဲ့တွင် Air Asia လေကြောင်းလိုင်းပိုင်ရှင်နှင့် Malaysia လေကြောင်းလိုင်းပိုင်ရှင်တို့ပါဝင်လာကြသည်။

# မန္တလေးမြို့တွင် ဟိုတယ်သစ်တစ်လုံး ထပ်တိုးမည်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

မန္တလေးမြို့၃၉လမ်းနှင့်လမ်း၄၀ကြားတွင်အခန်း၆၅၀ပါသောအဆင့်မြင့်ဟိုတယ်တစ်လုံးတည်ဆောက်ရန်စီစဉ်နေကြောင်း ဟိုတယ်လုပ်ငန်းရှင်များအသင်း မန္တလေးဇုန်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"တည်ဆောက်မယ့် ပုံစံထဲမှာတော့ ကားပါကင်တွေလည်း ပါတယ်။ တချို့အထပ်တွေကို ကားနဲ့ တက်လို့ရတယ်။ ကြက်ငါးပွင့်အဆင့်ပဲ" ဟုအဆိုပါတာဝန်ရှိသူက ဆိုသည်။ အဆိုပါဟိုတယ်ကိုအောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ခုက တည်ဆောက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုများလာပြီးနောက် မန္တလေးတိုင်းဒေသကြီးတွင် ဟိုတယ်ဇုန်များ တည်ဆောက်ရန် ရွေးချယ်ခဲ့ကြပြီး ယခင်ရွေးချယ်ခဲ့သော ရှမ်းကလေးကျွန်းနေရာအား သက်ဆိုင်ရာက ခွင့်မပြုကြောင်း မန္တလေးဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ယခုနှစ်တွင် ဧည့်သည်ဝင်ရောက်မှုများခဲ့သဖြင့် ရန်ကုန်အပါအဝင် ထင်ရှားသော ခရီးသွားဒေသများ ဟိုတယ်အခန်းအခက်အခဲများဖြစ်ပေါ် နေသဖြင့် ဟိုတယ်အသစ်များတည်ဆောက်ရန်လုပ်ငန်းရှင်များ ကြိုးစားလျက်ရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*မန္တလေးမြို့အနီးတစ်ဝိုက်ရှိ ခရီးသွားများသွားလာလည်ပတ်ရာနေရာတစ်ခုဖြစ်သော ဦးပိန်တံတား*

# ပျဉ်းမနားမြို့ရှိ မြေတန်ဖိုးအမြင့်ဆုံးနေရာတွင် ဈေးဝယ်စင်တာတစ်ခု တည်ဆောက်မည်

**ထူးသန့်**

**နေပြည်တော်၊**

**ဖေဖော်ဝါရီ- ၃**

နေပြည်တော် ပျဉ်းမနားမြို့၏ မြေတန်ဖိုးအမြင့်ဆုံးနေရာဖြစ်သော ရာဇဌာနီလမ်းမကြီး၏ ဘေးရှိ ၅ ဧကခန့်ကျယ်ဝန်းသည့် မြေနေရာပေါ်၌ အဆင့်မြင့်ဈေးဝယ်စင်တာနှင့် အရောင်းပြခန်းများ တည်ဆောက်လုပ်ကိုင်ရန် ကုမ္ပဏီတစ်ခုက ခွင့်ပြုချက်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင်ဖြစ်သော ၅ ဧကခန့် အကျယ်အဝန်းရှိသည့် ယင်းဆည်မြောင်းဝင်းအတွင်း ဝန်ထမ်းလိုင်းခန်းများ ယာဉ်ယန္တရားများထားရှိဝင်ထွက်လျက်ရှိကြောင်းသတင်းရရှိသည်။ ကုမ္ပဏီအနေဖြင့် အထက် ပါ အင်္ဂါရပ်များနှင့် အလားတူ နေရာ၊ အဆောက်အအုံများ အစားထိုးဆောက်လုပ် လွှဲပြောင်းပေးအပ်ပါက လက်ရှိနေရာအား ကုမ္ပဏီသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနမှ စုံစမ်းသိရသည်။

အဆိုပါ ဆည်မြောင်းဝင်းတွင် နေထိုင်သော မိသားစုဝင်တစ်ဦးကမူ "ကျွန်မတို့လား၊ ဘာမှမသိသေးဘူး။ အဝေးကြီး ရွှေ့ရမယ်ဆိုရင်တော့ သွားပါပြီ" ဟုပြောဆိုသည်။

ဒေသခံအိမ်ခြံမြေရင်းနှီးမြှုပ်နှံသူတစ်ဦးက အဆိုပါနေရာမှာ လက်ရှိမြေပေါက်ဈေးဖြင့် တွက်ချက်ပါက ပေ(၄၀×၆၀) လျှင်ကျပ်သိန်း ၁၀၀၀ ခန့်ပင် တန်ကြောင်း ပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

## ၂၀၁၂ ဖေဖော်ဝါရီ ၈ မှ ၁၄ ရက်ထိ
### မိုးလေဝသနှင့် ဇလဗေဒသုံးသပ်ချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိပါ။ ဘင်္ဂလားပင် လယ်အော်တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့်သာယာပါ့မယ်။ မြန်မာနိုင်ငံအရှေ့တောင်ဖက်မှ တိုးဝင်လာသော လေနွေးစီးကြောင်းနှင့် အနောက်မြောက်ဖက်မှ တိုးဝင်လာသော လေအေးစီးကြောင်းတို့တွေ့ဆုံရာတစ်လျှောက်တွင် အနောက်တောင်မှအရှေ့မြောက်သို့သွယ်တန်းနေသော တိမ်တန်းများဖြတ်သန်းသွားနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံး ဖြစ်ပေါ်နိုင်တဲ့လှိုင်းအမြင့် အနေနဲ့ရခိုင်ကမ်းရိုးတန်းနဲ့ကမ်းလွန်ဒေသမှာ (၃)ပေခန့်နဲ့ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၁ ပေခန့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဇန်နဝါရီလ ဇန်နဝါရီလ(၂၁)ရက်မှ(၂၇)ရက်နေ့အထိရက် သတ္တတစ်ပတ်အတွင်းမှာ မိုးရေချိန် ၀. ၂ လက်မမှ ၀. ၈ လက်မအထိ မြူများနဲ့ဆီးနှင်းမိုးများ ရွာသွန်းခဲ့သောဒေသများမှာ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အရှေ့ပိုင်းဒေသများဖြစ်ကြပြီး၊ မိုးအနည်းငယ် ရွာသွန်းခဲ့တဲ့ ဒေသတွေကတော့ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသအချို့နဲ့တောင်ပိုင်း ဒေသတွေဖြစ်ကြပါတယ်။ ကျန်ဒေသတွေမှာတော့ (၂)ရက်မှ(၃)ရက်ခန့်မြူများကျဆင်းခဲ့တာကလွဲရင် အများအားဖြင့် သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံအထက်ပိုင်းဒေသများဖြစ်တဲ့ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ မြူများ အနည်းငယ်ကျရောက်နိုင်ပြီး၊ မြစ်ဝကျွန်းပေါ်ဒေသများမှာ(၂)ရက်ခန့်နဲ့ တောင်ပိုင်းစွန်းဒေသများမှာတော့(၄)ရက်ခန့်နေရာကွက်ကျားမိုးအနည်းငယ်ရွာသွန်းနိုင်ပါတယ်။ ကျန် တစ်ပြည်လုံးမှာတော့ အများအားဖြင့် သာယာပါ့မယ်။

**ညအပူချိန်များ**

မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းစွန်းဒေသများတွင် 5C မှ 9C၊ အထက်ပိုင်းဒေသများတွင် 10C မှ 12C ၊ အလယ်ပိုင်းဒေသများတွင် 13 C မှ 15C၊ မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းရိုးတန်းဒေသများတွင် 16C မှ 20Cနဲ့တောင်ပိုင်းဒေသများတွင် 20C မှ 25C ခန့်အထိ ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့ နည်းနေတဲ့အတွက် နောက်ပိုင်းရက်များမှာ ချင်းတွင်းနဲ့ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို သတိထားဖို့လိုလာပါမယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန်အခြေအနေမရှိသဖြင့် အရှေ့လေပွေလှိုင်းကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

**ဒေါက်တာထွန်းလွင်**

# နိုင်ငံတကာဘူမိဗေဒညီလာခံသို့ ပြည်ပပညာရှင်၅၀ကျော် တက်ရောက်မည်

## ညီလာခံတက်ရောက်လိုပါက တစ်ဦးလျှင်ကန်ဒေါ်လာ ၂၀၀သတ်မှတ်ထား

**မေဝင်းမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုတွင်းထွက်ကဏ္ဍများတွင် ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်ထွက်လာစေကာ မြန်မာနိုင်ငံ၏ ဘူမိဗေဒဆိုင်ရာအမြင်များဖလှယ်နိုင်မည့် Geo Myanmar 2012 အမည်ရှိနိုင်ငံ တကာညီလာခံကို လာမည့်မတ်လတွင် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ကြီးမှူးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မတ်လ ၁ ရက်နှင့် ၂ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပမည့် ညီလာခံတွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ပညာရှင်ပေါင်း ၅၀ ကျော်တက်ရောက်ရန် စာရင်းပေးသွင်းပြီးဖြစ်ကြောင်းသတင်းရရှိသည်။ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှဘူမိဗေဒတွင်အတွေ့အကြုံရှိပညာရှင်များဖြစ်သော ဒေါက်တာမစ်ချယ်နှင့်ဒေါက်တာခင်ဇော်တို့က ပါဝင်ဆွေးနွေးမည်ဖြစ်ကာ စွမ်းအင်၊ သတ္တုတွင်းနှင့် ဘူမိဗေဒပညာရှင်များ၊ တက္ကသိုလ်မှဆရာများက စာတမ်းများဖတ်ကြားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုတူးဖော်ရေးလုပ်ငန်းရှင်များနှင့်နိုင်ငံတကာမှလုပ်ငန်းရှင်များပူးပေါင်းရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများကိုလည်း ဆွေးနွေးနိုင်ကြမည်ဖြစ်သည်ဟု ဆိုသည်။

ညီလာခံသို့တက်ရောက်လိုသူများသည် www.geomyanmar.org ဝက်ဘ်ဆိုက်တွင် အသေးစိတ်အချက်အလက်များလေ့လာနိုင်ကာ လျှောက်လွှာဖြည့်စွက်ပေးပို့ရမည်ဖြစ်သည်။ ညီလာခံတက်ရောက်ရာတွင် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀၀ ခန့်ကျသင့်မည်ဖြစ်ပြီး ပြည်တွင်းနှင့်နိုင်ငံအလိုက်ကုန်ကျစရိတ် ကွာခြားမည်ဟုသိရသည်။

Geo Myanmar 2012 ညီလာခံဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့်အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုတူးဖော်ရေးလုပ်ငန်းများက ကူညီပံ့ပိုးပေးထားသည်။

# ရန်ကုန်ပြည်သူများ အမှိုက်စွန့်ပစ်ရမည့်ပုံစံပြောင်းလဲရမည်ဟုဆို

**ကျော်သီဟ**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ - ၂**

လာမည့်ဧပြီလမှစတင်၍ ရန်ကုန်မြို့တော်အတွင်း လူထုမှာ အမှိုက်စွန့်ပစ်မှုပုံစံ ပြောင်းလဲရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး ဦးသန်းလွင်ဦးကသတင်းထောက်များအားယနေ့ပြောကြားသည်။

အမှိုက်စွန့်ပစ်ရမည့်ပုံစံသစ်မှာ ပလတ်စတစ်အိတ်ဖြင့် ချည်နှောင်ကာ အမှိုက်စို၊ အမှိုက်ခြောက် နှစ်မျိုးခွဲခြား စွန့်ပစ်ရမည်ဖြစ်ပြီး၊ စည်းရုံးပညာပေးကာလအဖြစ် ဖေဖော်ဝါရီနှင့်မတ်လတွင် လုပ်ဆောင်သွားမည်ဖြစ်သည်။ စွန့်ပစ်ရန် အမှိုက်အိတ်များကို ယင်းပညာပေးကာလအတွင်း စည်ပင်မှ အခမဲ့ ဖြန့်ဝေသွားမည်ဖြစ်သည်။

အမှိုက်စိုများမှာ အပြာနုရောင်အိတ်ဖြစ်ပြီး အမှိုက်ခြောက်များမှာ အစိမ်းနုရောင်အိတ်များသုံးကာ ချည်နှောင်၍ စွန့်ပစ်ရမည်ဖြစ်သည်။ အမှိုက်စိုတွင် မီးဖိုချောင်ထွက် စားကြွင်းစားကျန်များ၊ ဘုရားပန်း အစရှိသည်တို့ဖြစ်ပြီး နေ့စဉ်စွန့်ပစ်ခွင့်ရှိမည်ဖြစ်သည်။ အမှိုက်ခြောက်တွင် ရောင်း



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စားမရသော ပလတ်စတစ်၊ ဖော့ဘူး၊ စက္ကူဘူးများ စွန့်ပစ်ရမည်ဖြစ်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့များတွင် စွန့်ပစ်ကြရမည်ဖြစ်သည်။ အမှိုက်စွန့်ပစ်သည့် အမှိုက်အိတ်မဟုတ်ပါက စွန့်ပစ်အမှိုက်ကို လက်ခံသိမ်းဆည်းမည် မဟုတ်ကြောင်း သိရသည်။

"ပလပ်စတစ်အိတ်နဲ့စွန့်ပစ်ရမယ်ဆိုတော့ နည်းနည်းတော့ ငွေကုန်ကျနိုင်တယ်"ဟု ဗဟန်းမြို့နယ်နေ အိမ်ရှင်မတစ်ဦးက ပြောကြားသည်။

"ဒီလိုလုပ်တာက ပထမဆုံး အကျိုးသက်ရောက်မှုက အမှိုက်ကားဖြတ်သန်းသွားရင် အနံ့အသက်ဆိုးရှုရှိုက်ရမှု ကင်းသွားမယ်။ နောင်တစ်ချိန်မှာ လက်ရှိအမှိုက်စွန့်ပစ်မှုအတိုင်းသွားလို့ မရတော့ဘူး၊ စွန့်ပစ်အမှိုက်တွေကနေ နောင်ကာလတွေမှာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖို့ရှိတယ်" ဟုဌာနမှူး ဦးသန်းလွင်ဦးက ပြောသည်။

ထိုပလတ်စတစ်အိတ်များအား စည်ပင်သာယာရေးဌာနမှ recycle ထုတ်လုပ်ရောင်းချမည်ဖြစ်ပြီး အခြားဈေးကွက်ရှိ ပလတ်စတစ်စက်ရုံများမှလည်း ရောင်းချပေးသွားမည်ဖြစ်သည်။ အသေးဆုံးအရွယ်အစား ၁၂ လက်မမှ ၂၅ လက်မမှ အရွယ်စုံ ဈေးကွက်တွင်း ရောင်းချသွားမည်ဖြစ်သည်။

ပလပ်စတစ်လုပ်ငန်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက မြန်မာသို့ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့်လုပ်ကိုင်ရန် ကမ်းလှမ်းထားပြီး မြန်မာလုပ်ငန်းရှင်များက ထို့အတွက်အချက်အလက်များစုဆောင်းနေကြောင်း သတင်းရရှိသည်။

# နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများ မီးဖွားခွင့်ရက် တိုးပေးရန် လွှတ်တော်တွင်ဆွေးနွေး

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

ကိုယ်ဝန်ဆောင် ဝန်ထမ်းအမျိုးသမီးများအား မီးဖွားခွင့်ရက်တိုးမြှင့်သတ်မှတ်ပေးရန် သင့်၊ မသင့်တင်သွင်းသည့် အဆိုအား ပြန်လည်စီမံဆောင်ရွက်ပေးရန် လွှတ်တော်မှသဘောတူညီလိုက်သည်။

ကိုယ်ဝန်ဆောင်ဝန်ထမ်းများအား လက်ရှိကျင့်သုံးနေသည့် မီးဖွားခွင့်ပေးသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ တစ်နည်းအားဖြင့် သုံးလခွင့်ပေးသည့်အချိန်အား တိုးမြှင့်ပေးပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က လွှတ်တော်သို့ တင်သွင်းခြင်းဖြစ်ပြီး ယခုပြန်လည်ပြဋ္ဌာန်းမည့် နိုင်ငံဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေ (မူကြမ်း)တွင် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်နှင့်ရပိုင်ခွင့်များအားခေတ်နှင့်အညီပြဋ္ဌာန်းမည်ဖြစ်ကြောင်း ဇန်နဝါရီ၂၈ရက်နေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

အခြားမဲဆန္ဒနယ်သုံးခုမှ လွှတ်တော်အမတ် သုံးယောက်မှ အဆိုအား ထောက်ခံပြီး မီးဖွားခွင့်ရက်အား ယခုထက်ပို၍တိုးမြှင့်ပေးသင့်သော်လည်း အသင့်အတင့်သာ တိုးပေးသင့်ကြောင်း ပြောကြားထားပြီး မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်လက်ထောက်ပါမောက္ခဒေါက်တာစိုးလွင်ကလည်း ထိုအချိန်အတိုင်းအတာသည် ပုံမှန်မိခင်အတွက် ကျန်းမာသော အခြေအနေပြန်လည်ရရှိနေနိုင်ပြီဖြစ်ကြောင်း 7Day News အား ပြောကြားသည်။

"ခြောက်လအထိ နို့တစ်မျိုးတည်း တိုက်ရမယ်လို့ပြောပေမယ့် နို့တိုက်တဲ့ကိစ္စတစ်ခုတည်းကိုကြည့်လို့မရပါဘူး။ အဖက်ဖက်ကလည်းကြည့်ရဦးမယ်လေ။ တိုင်းပြည်မှာ အလုပ်လုပ်မယ့် အမျိုးသမီးတွေ အလုပ်ခွင်ထိခိုက်မှုလည်း မရှိဘဲ အဆင်ပြေအောင် အခုသုံးနေတဲ့ပုံစံကိုပဲ ပိုမိုကောင်းမွန်အောင် လုပ်တာမျိုးလုပ်သင့်တယ်" ဟု ဒေါက်တာစိုးလွင်က ပြောသည်။

အလုပ်ခွင်တွင် ကလေးများပါခေါ်ဆောင် နို့တိုက်ခြင်းအခြေအနေသော်လည်းကောင်း၊ ကလေးအား ပြန်ပြီး နို့တိုက်နိုင်သည့် အခြေအနေအားလည်းကောင်း စီစဉ်မှုလည်း လုပ်နိုင်ပြီး ကလေးမိခင်အများစုမှာ မိမိနို့ရည်အားညှစ်ပြီးထားခဲ့ သည့် နည်းလမ်းအား အသုံးပြုမှုများပြားကြောင်း သိရသည်။ ပုဂ္ဂလိကလုပ်ငန်းအားလုံးတွင် မီးဖွားခွင့်ရက်အားပြည့်ဝစွာရရှိရေးအား ထိရောက်စွာပြဋ္ဌာန်းသင့်ပြီ အချို့ပုဂ္ဂလိကကုမ္ပဏီများတွင် မီးဖွားခွင့်ရက်အတွင်း လစာအပြည့်အဝပေးသော်လည်း အချို့တွင် လစာတစ်ဝက်၊ အချို့တွင် မီးဖွားခွင့်ရက်ဟူ၍ မရှိဘဲလစာမဲ့ခွင့်ရက်ရှည်များပေးခြင်းများသာရှိကြောင်း သိရသည်။

စာ(၁၂)သို့


Life
7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012



လူငယ်များကို
လူတော်လူကောင်းဖြစ်စေချင်သည်ဆိုသော
သူတိုင်းသည် ဗိုလ်ချုပ်အား စံနမူနာပြုကြရပါမည်
ရွှေဖြိုးမောင်

# ဖေဖော်ဝါရီ ၁၃ပြီးတော့ နောက်တစ်ရက်

ရွှေဖြိုးမောင်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဖေဖော်ဝါရီ ၁၃ ရက်. . .

စာရေးသူတို့တစ်မျိုးသားလုံး အလေးအမြတ်ထားသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားခဲ့သည့်နေ့၊ စာရေးသူတို့နိုင်ငံအတွက်မည်သို့မျှ အစားထိုးမရနိုင်သည့်သားကောင်းရတနာတစ်ဦး ပေါ်ထွန်းလာခဲ့သည့်နေ့ဖြစ်ပါသည်။ အင်မတန် ကျက်သရေမင်္ဂလာရှိသောနေ့၊ စာရေးသူတို့အားလုံး၏ ရင်ထဲတွင် ထာဝစဉ်စွဲမြဲမှတ်တည်ကာ တန်ဖိုးထားရမည့် နေ့ထူးနေ့မြတ်ပင်ဖြစ်ပါသည်။

"ဖေဖော်ဝါရီဆယ့်သုံးမှာဗိုလ်ချုပ်မွေးနေ့ပါ. . ." အစချီကဗျာဆရာကြီး'တင်မိုး'၏ ကဗျာလေးဖြင့် မူလတန်းအရွယ် ကလေးများအား ဗိုလ်ချုပ်အောင်ဆန်းဖြင့် စတင်ရင်းနှီးစေခဲ့ကြသည်။

ဗိုလ်ချုပ်အား မြတ်နိုးသည့် စိတ်ပြင်းထန်ပြီး၊ ယုံကြည်မှုအပြည့်ရှိသော နေအိမ်အနည်းငယ်တွင်မူ ခေတ်ကာလအခြေအနေမည်သို့ပင် ရှိခဲ့စေကာမူ ဗိုလ်ချုပ်၏ ဓာတ်ပုံအား အိမ်ဦးခန်းတွင် အမြဲတမ်းချိတ်ဆွဲထားခဲ့ကြပါသည်။ ထိုအိမ်မျိုးတွင် ကြီးပြင်းခဲ့ရသည့် လူငယ်များ၏ ရင်ထဲတွင် ဗိုလ်ချုပ်သည် ကိန်းဝပ်နေမည်ဟု ယုံကြည်ရပါသည်။ ယနေ့လူငယ်အများစု ဗိုလ်ချုပ်အား မေ့လျော့၊ မသိခဲ့ကြခြင်းမှာ လူငယ်များတွင် အပြစ်မရှိဘဲ စာရေးသူတို့ လူကြီးမိဘ၊ ဆရာသမားများတွင်သာ တာဝန်ရှိသည်ကို ဝန်ခံကြရပါမည်။ မိမိတို့၏ အိမ်အသုံးစရိတ်ထဲမှ ငွေကျပ်သုံးထောင်မျှဖြင့် ဗိုလ်ချုပ်အကြောင်း စာတစ်အုပ်၊ ဓာတ်ပုံတစ်ပုံဝယ်ယူ စုဆောင်းပြီး အိမ်တွင်ထားရှိပေးခြင်းဖြင့် မျိုးဆက်သစ်အားလုံးအတွက် ကောင်းကျိုးတစ်စုံတစ်ရာဖြစ်ထွန်းနိုင်ပါသည်။

လူမျိုးကိုချစ်သည်။ နိုင်ငံကို တိုးတက်စေချင်သည်။ လွတ်လပ်ပျော်ရွှင်၊ အေးချမ်းခေတ်မီပြီး စည်းကမ်းရှိသော၊ ရိုးသားသော နိုင်ငံသူ နိုင်ငံသားများကိုသာ မြင်တွေ့ချင်သည်။ လူငယ်များကို လူကောင်းလူတော်များဖြစ်စေချင်သည်ဆိုသော သူတိုင်းသည် ဗိုလ်ချုပ်အား စံနမူနာပြုကြရပါမည်။ ဗိုလ်ချုပ်၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ လုပ်ရည်ကိုင်ရည်နှင့် အချိန်တိုအတွင်း ကြီးမားသောစွမ်းဆောင်ပေးနိုင်ခဲ့မှုများကို လူငယ်များ၏ ရင်ထဲတွင် ငယ်ရွယ်စဉ်မှစ၍ သံမှိုစွဲသကဲ့သို့ သိရှိနားလည်ထားရန်လိုပါသည်။ ဗိုလ်ချုပ်၏ ပြောဆို၊ နေထိုင်၊ ပြုမူ၊ ဝတ်စားပုံများကအစ လူငယ်များအတွက် ပေါ်လွင်မြင်သာအောင် မိသားစုအလိုက် လူကြီးမိဘများက စီမံပေးကြရပါမည်။ စာရေးသူ၏ သမီးလေးအား နှစ်နှစ်ခွဲအရွယ်မှစ၍ လေ့ကျင့်ပြသထားရာ မြင်းစီးဗိုလ်ချုပ်ကြေးရုပ်နှင့် ဗိုလ်ချုပ်ဓာတ်ပုံများ ကို မည်သည့်နေရာ၊ မည်သည့် စာအုပ်ထဲမှာ တွေ့တွေ့ 'ဗိုလ်ချုပ်အောင်ဆန်း' ဟု ပြောပြတတ်ပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ကလေးလူငယ်များနှင့် အနီးကပ်နေသူတိုင်းက လေ့ကျင့်ပေးမည်ဆိုလျှင် ဘာမဆိုဖြစ်နိုင်သည်ဟု ယုံကြည်ရပါသည်။

စာ(၁၁)သို့

## အိုင်ပီလေး ချက်ကြရအောင်



## ဝက်သားသရက်သီးခြောက်



ဝက်သားကို အမယ်မျိုးစုံနဲ့ရောနှောချက်ပြုတ်ရာမှာ ဝက်ပုန်းကတော့ နာမည်ကြီးဟင်းလျာတစ်ခုပါပဲ။ ဝိုက်ဖီက ဝက်သားကိုသရက်သီးခြောက်နဲ့ ရောနှောချက်ပြုတ်မှာဖြစ်ပါတယ်။ အအီပြေလည်းဖြစ်၊ အရသာကလည်း ဝက်သားအရသာမပျက်ဘဲ ချဉ်စပ်စပ်ဖြစ်အောင်ချက်ပြုတ်ထားတာပါ။

လိုအပ်တဲ့ပစ္စည်းတွေကတော့ ဝက်ပေါင်သား ၁၅ကျပ်သား၊ သရက်သီးအခြောက်လက်တစ်ဆုပ်စာနဲ့ငရုတ်သီးခြောက်အပွတို့ပဲဖြစ်ပါတယ်။ သရက်သီးခြောက်ကတော့ ဈေးမှာရှားရှားပါးပါးရှာဝယ်ရမှာပါ။ အိမ်မှာအခြောက်လှမ်းထားပြီးသားရှိတဲ့ မိတ်ဆွေဆီကလည်းတောင်း ယူနိုင်ပါတယ်။

အရင်ဆုံးသရက်သီးခြောက်ကိုရေစိမ်ထားလိုက်ပါ။ ဝက်ပေါင်သားကို အနေတော်အသားပြားလေးတွေဖြစ်အောင်လှီးပြီးဆား၊ နနွင်းနဲ့ကြက်သားမှုန့်တို့နဲ့နယ်ပါမယ်။ ကြက်သွန်ဖြူနီနဲ့ချင်းကို ငရုတ်သီးအပွခြောက်လေးတောင့်လောက်နဲ့ ထောင်းပါမယ်။

ဆီသတ်ပြီးဝက်သားကို အလျှင်ဆုံးထည့်လှုံးပါ။ ရေမထည့်ခင်ငံပြာရည်အနည်းငယ်ကိုလည်း ထည့်ပေးပါ။ ခါတိုင်း ဝက်သားဟင်းချက်သလိုပါပဲ။ ဝက်သားနူးပြီဆိုမှ ရေစိမ်ထားတဲ့ သရက်သီးခြောက်တွေကို ဆယ်ပြီးထည့်ပါမယ်။ သရက်သီးခြောက်လေးတွေဆီက အချဉ်ထွက်လာပြီး ဝက်သားနဲ့အတူ နူးအိလာအောင် ရေထည့်ပြီး တည်ပေးပါ။ ပြီးမှ ဆီပြန်အောင်စောင့်ပြီးချက်လိုက်ရုံပါပဲ။ ဒီဝက်သား သရက်သီးခြောက်ဟင်းက သရက်သီးခြောက်လေးတွေကိုလည်း အရသာခံပြီးစားနိုင်တာမို့အအီလည်းပြေ၊ အစပ်အရသာလေးလည်းပါတာကြောင့် အချဉ်အရသာနဲ့လည်း ပိုမိုလိုက်ဖက်စွာ စားသုံးနိုင်မှာပါ။

## ဈေးဝယ်ထွက်မယ်

## အမျိုးသားတွေအတွက် အမှတ်တရလက်ဆောင်လေးတွေ ဝယ်နိုင်မယ့်နေရာ





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အိဖြူလွင်

လူငယ်တွေ အများစု သတိတရရှိကြတဲ့ ချစ်သူများနေ့ မကြာခင်မှာ ရောက်ရှိတော့မှာမို့ ဒီတစ်ပတ်မှာတော့ကိုယ့်ချစ်သူယောကျ်ားလေးတွေကို လက်ဆောင်ပေးနိုင်တဲ့ပစ္စည်းတွေရမယ့်နေရာကိုလမ်းညွှန်ပေးလိုက်ပါတယ်။

ချစ်သူများနေ့ဆိုတာက ချစ်သူစုံတွဲတွေအတွက် သီးသန့်မဟုတ်ဘဲ မေတ္တာတရားနဲ့ ဆိုင်တဲ့နေ့ဖြစ်တဲ့အတွက် အဲဒီနေ့မှာ ကိုယ်လေးစားရသူတွေ အပါအဝင် သူငယ်ချင်းတွေကိုလည်း လက်ဆောင်ပေးလေ့ရှိကြပါတယ်။

အမျိုးသမီးတွေ အကြိုက်ပစ္စည်းတွေ ရတဲ့နေရာကိုပဲ ဒီကဏ္ဍကလမ်းညွှန်တာများနေလို့ ဒီတစ်ပတ်မှာတော့ အမျိုးသားတွေ အကြိုက်ပစ္စည်းတွေ ရှိတဲ့နေရာ ရွေးချယ်လိုက်ပါတယ်။

ဒီဆိုင်မှာက ကိုယ်ချစ်ခင်လေးစား ရသူတွေကို အမှတ်တရလက်ဆောင်အဖြစ် တန်ဖိုးရှိရှိပေးချင်သူတွေအတွက် ဂျာမနီတံဆိပ်ဖြစ်တဲ့ Mont Blanc တံဆိပ် ဘောလ်ပင်တွေ၊ လူငယ်ယောကျ်ားလေးတွေအတွက် ရည်ရွယ်တယ်ဆိုရင် Casio ရဲ့ G-Shock တံဆိပ် လက်ပတ်နာရီတွေနဲ့ အရွယ်စုံအမျိုးသားတွေကို ပေးလို့ရတဲ့ Zippo မီးခြစ်တွေစတဲ့ ပစ္စည်းတွေကို ရနိုင်ပါတယ်။

တံဆိပ်တွေရဲ့ဈေးနှုန်းက သုံးသိန်းကျပ်ကနေ ရှစ်သိန်းကျပ်ထိရှိပြီး စိန်ပွင့်လေးတွေ ပါ၊ မပါပေါ်ကို မူတည်ပြီး ဈေးနှုန်းကွာခြားပါတယ်။ စိန်ပါတဲ့ ဘောပင်တွေဆိုရင် ကျပ်ငါးသိန်းကနေ ရှစ်သိန်းခန့်ထိရှိပြီး Diamond Certificateလည်းပါတယ်လို့သိရပါတယ်။

နာရီတွေအတွက်တော့ International Warranty ပါပြီး ဈေးနှုန်းအနေနဲ့ကျပ်ကိုးသောင်းဝန်းကျင်ကနေ တစ်သိန်းသုံးသောင်းကျပ်ထိ ရှိပါတယ်။

Zippo မီးခြစ်တွေရဲ့ ဈေးနှုန်းကလည်း ဒီဇိုင်းပေါ်မှာမူတည်လို့နှစ်သောင်းကျော်ကနေ ခြောက်သောင်းဝန်းကျင်အထိရှိပါတယ်။

ပစ္စည်းအမှန်အကန်ကို မှ လက်ဆောင်အဖြစ် ပေးချင်သူတွေအတွက်တော့ ဒီဆိုင်မှာရနိုင်တဲ့ ပစ္စည်းတွေကို စိတ်ကျေနပ်စွာ ဝယ်ယူနိုင်မှာပါလို့ မျှော်လင့်ပါတယ်။ ဆိုင်ရဲ့လိပ်စာကတော့ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၄၆လမ်းနဲ့၄၇လမ်းကြား Excellent ဆိုင်ပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



7 DAY NEWS JOURNAL
Vol.10, No.47 · FEBRUARY 9 , 2012

# အယ်ဒီတာ့ထံ ပေးစာ



## တက္ကသိုလ်အဆောင်များ ပြန်လည်ဖွင့်လှစ်ရေး

ကျွန်တော်သည် 7Day News ဂျာနယ်၏ အယ်ဒီတာ့ထံ ပေးစာကဏ္ဍမှ 'တက္ကသိုလ်ပညာသင်နှစ်ထပ်တိုးခြင်းနှင့် အတူ' ခေါင်းစဉ်ဖြင့် ကျောင်းသားတစ်ဦး၏ ရင်ဖွင့်သံကိုလည်းကောင်း 'ထူးချွန်ထက်မြက်သည့် ကျောင်းသားများ မွေးထုတ်ပေးနိုင်သည့် ပညာရေးဖြစ်ဖို့' ခေါင်းစဉ်ဖြင့် ကျောင်းသားမိဘတစ်ဦး၏ ရင်ဖွင့်သံကိုလည်းကောင်း ဖတ်လိုက်ရသောအခါ ကျောင်းသားမိဘတစ်ဦးအနေဖြင့် ကျွန်တော်၏ ခံစားချက်များကိုယခုလို 'အယ်ဒီတာ့ထံပေးစာ' ကဏ္ဍမှ ရေးသားလိုက်ရပါသည်။ ကျွန်တော်သည် ဧရာဝတီတိုင်းဒေသကြီးမှ ကျေးလက်ဒေသတစ်ခုတွင် နေထိုင်သူဖြစ်ပြီး ကျွန်တော်၏ သား၊ သမီးများမှာ သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် ကျန်းမာရေးတက္ကသိုလ်(မကွေး)တွင် ကျောင်းတက်ပညာသင်ကြားနေကြပါသည်။ ကျွန်တော်ပြောလိုသည့်အကြောင်းအရာမှာ အဆောင်ကိစ္စဖြစ်ပါသည်။

၁၉၈၈ ခုနှစ် မတိုင်ခင်က တက္ကသိုလ်များတွင်အဆောင်များ ရှိခဲ့ပြီး ထို့နောက်ပိုင်း အကြောင်းကြောင်းကြောင့် ကျောင်းသား၊ ကျောင်းသူများကို အဆောင်များ မပေးတော့ပါ။ သို့ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများမှာ အပြင်တွင်လခကြီးမြင့်စွာပေး၍ အဆောင်ငှားရမ်းပြီးကျောင်းတက်နေရပါသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့တွင်း၌ ကျောင်းသားတစ်ယောက်၏ တစ်လလျှင် အဆောင်လခသည် တစ်သောင်းခုနစ်ထောင်နှုန်းဖြင့် တစ်နှစ်အတွက် တစ်သိန်းနှစ်သောင်းလေးထောင်ပေး၍ စရိတ်ကြီးမြင့်စွာ ကျောင်းတက်နေရပါသည်။

အဆောင်စရိတ်၊ ကားခ၊ တက္ကသိုလ်ပညာသင်ယူစရိတ် လွန်စွာမြင့်မားမှုကြောင့် မိဘများမှာ မိမိတို့၏ သား၊ သမီးများကို ခက်ခက်ခဲခဲဖြင့် ကျောင်းထားနေကြရပါသည်။ ယခုအခါ ရွေးကောက်ပွဲကျင်းပပြီး၍ ဒီမိုကရေစီအစိုးရ(အရပ်သားအစိုးရ)လည်း ပေါ်ပေါက်ခဲ့ပြီးပါပြီ။ **တစ်ဖက်သို့**






## အယ်ဒီတာ့ထံပေးစာ မှ

လွှတ်တော်များကိုလည်းကျင်းပနေကြပြီဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများကိုလည်း ရာနှင့်ချီ၍ လွှတ်ပေးပြီး လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးနေကြပြီဖြစ်သည်။ သို့ဖြစ်၍ အမိမြန်မာ နိုင်ငံတော်ကြီးသည် ယနေ့အချိန်ခါတွင်အတော်ပင်အေးချမ်းနေပြီဟုဆိုရမည်ဖြစ်သည်။

သို့ပါ၍ နိုင်ငံတော်အတွက်လိုအပ်သော ကျွမ်းကျင်လူသားအရင်းအမြစ်များ မြောက်မြားစွာပေါ်ထွက်ပေါ်ကိုလည်းကောင်းကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများကို ငဲ့ညှာသောအားဖြင့် လည်းကောင်း တက္ကသိုလ်အဆောင်များတွင် ပြန်လည်နေထိုင်ခွင့်ပေးပါရန် တင်ပြတောင်းဆိုအပ်ပါသည်။ အဆောင်ရှိပြီးသား တက္ကသိုလ်များကို အမြန်ဆုံး ပြန်လည်နေထိုင်ခွင့်ပေးပါရန်နှင့် အဆောင်မရှိသောတက္ကသိုလ်များကိုလည်း အမြန်ဆုံး ပြန်လည်ဆောက်လုပ်ပေးပါရန် ဖော်ပြအပ်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ယခုကျင်းပမည့် လွှတ်တော်တွင် အဆိုပြုတင်ပြသွားပါရန် ကျောင်းသားမိဘတစ်ဦးအနေဖြင့် တိုက်တွန်းအပ်ပါသည်။

**ကျောင်းသားမိဘတစ်ဦး**



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



## လောက၏ဖြစ်စဉ်ကို ဆင်ခြင်ခြင်း...

အရာခပ်သိမ်းတို့သည်ဖြစ်လာ လိုက်၊ ပျက်စီးပြောင်းလဲလိုက်နှင့် အလှျင်တရစပ်ဖောက်ပြန်ပြောင်း လဲနေကြတယ်။ မြတ်ဗုဒ္ဓက ဒီ လောကကြီးကို အဆုံးမဲ့ဖြစ်ပျက်နေတဲ့ဖြစ်စဉ်ကြီးတစ်ခုဖြစ်တယ်လို့ ဟောကြားတော်မူတယ်။ အရာခပ်သိမ်းတို့ဟာ စွမ်းအင်ဗွေဝဲကတော့တွေပဲဖြစ်တယ်။ ဘယ် အရာမှ အတည်တကျမရှိတဲ့ ရစ် ပတ်လှည့်လည်နေတဲ့ ဖြစ်စဉ်တွေချည်းပဲဖြစ်တယ်။ လူတစ်ယောက် ရဲ့ သံသရာဘဝဟာ မွေးဖွားလိုက် သေဆုံးလိုက်နဲ့ မဆုံးတမ်းလည်နေသလိုပဲ၊ ကပ်ကမ္ဘာကြီးဟာလည်း စက်ဝိုင်းလိုလည်နေတယ်။ ကမ္ဘာတစ်ခုပျက်သွားလိုက်၊ နောက်ထပ် ကမ္ဘာတစ်ခုဖြစ်တည်လိုက်နဲ့ သံသရာလည်နေတယ်။ ကျွန်ုပ်တို့ ကမ္ဘာကြီးဟာလည်း တစ်နေ့ကျရင် ပျက်သုဉ်းသွားဦးမှာဖြစ်တယ်။

လောကဆိုတာ ဖြစ်ပျက်အစဉ်ကြီးပါ။ ကာလဆိုတဲ့ ကပ်ကမ္ဘာကြီးထဲမှာ ကျွန်ုပ်တို့ဖြစ်တည်နေကြရတာဖြစ်တယ်။ အရာခပ်သိမ်း တို့သည် မွေးလိုက်ကြ၊ သေလိုက်ကြဖြစ်တည်နေကြရတယ်။ ရှင်သန်ခြင်းဆိုတာဟာလည်း တကယ်တမ်းကျတော့ သေလမ်းကို သွားနေကြခြင်းသာဖြစ်သည်။ ဒီလိုနဲ့ပဲ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ရုပ်ဝတ္ထု ပစ္စည်းတွေ၊ ဒီစကြဝဠာကြီးထဲမှာ ရှိရှိသမျှ အရာခပ်သိမ်းတို့သည် အမြဲမရှိခြင်းဆိုတဲ့ နိယာမတရားကြီးရဲ့ ပြုပြင်ခြင်းကို ခံနေကြရတာချည်းပါပဲ။ မြတ်ဗုဒ္ဓကိုယ်တော်မြတ်ကြီးက တရားဓမ္မနှင့်အညီနေထိုင်သူကို တရားဓမ္မက ပြန်လည်စောင့်ရှောက်တော်မူတယ်လို့ ဟောကြားတော်မူတယ်။

**ရည်ညွှန်း- 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ)(၁၉၃၈-၂၀၀)**

## စာ-၉၊ ဖေဖော်ဝါရီ ၁၃ပြီးတော့ နောက်တစ်ရက် မှ

လက်ရှိအစိုးရသစ်လက်ထက်တွင် ဗိုလ်ချုပ်နှင့်ဆက်စပ်သမျှဓာတ်ပုံများ၊ အကြောင်းအရာများမှာငုပ်လျှိုးပုန်းကွယ်ခဲ့ရသည့်အချိန်ကြာမြင့်ခဲ့မှုကြောင့်လားမသိ ပလူပျံအောင်ပင်ပြန်လည်ပေါ်ထွက်လာခဲ့ပါသည်။ ဗိုလ်ချုပ်ကို အကြောင်းပြု၍ ပုံစံအမျိုးမျိုးဖြင့်နေရာအနှံ့ရောက်ရှိအောင် ဖြန့်ဝေကြပါသည်။ ဗိုလ်ချုပ်၏ ဓာတ်ပုံများကို ဆိုင်ကြီးဆိုင်ငယ်အသွယ်သွယ်တွင်ခမ်းခမ်းနားနားတင်၍ ရောင်းချသည်လည်းရှိပါသည်။ အများအားဖြင့် ဘုရားပွဲ၊ ဇာတ်ပွဲ၊ အလှူမင်္ဂလာပွဲများတွင် ဗိုလ်ချုပ်၏ဗီနိုင်းဓာတ်ပုံများ၊ ပလတ်စတစ်လောင်းထားသောဓာတ်ပုံများကို မြေကြီးပေါ်တွင် ဖျာနှယ်ခင်း၍ တစ်မျိုး၊ သစ်ပင်များကို ကြိုးတန်းကာသီချိတ်လျက်တစ်ဖုံရောင်းချနေကြပါသည်။ တစ်ဖက်ကကြည့်လျှင်ကောင်းသည်ဟုဆိုနိုင်သော်လည်း အခြားတစ်ဖက်ကကြည့်လျှင် တန်ဖိုးကျသည်ဟု အောက်မေ့ရပါသည်။

ဗိုလ်ချုပ်၏ စတစ်ကာ ဓာတ်ပုံများလည်းဖောဖောသီသီထွက်ရှိလာရာ နေရာအနှံ့တွင် ကပ်ထားကြသည်ကို တွေ့ရပါသည်။ ဗိုလ်ချုပ်၏ဓာတ်ပုံများသည် အားလုံး၏ရှေ့မှောက်၊ အားလုံး၏ ဝန်းကျင်အနီးအနားတွင် ရောက်ရှိနေပြီဖြစ်ပါသည်။ ယနေ့ခေတ်လူငယ်များအားလုံး ဗိုလ်ချုပ်ကိုကောင်းစွာမြင်ဖူးသွားကြပြီဖြစ်သည်။ ဗိုလ်ချုပ်ပုံ ရိုက်နှိပ်ထားသော အင်္ကျီများကိုလည်း အလွယ်တကူဝယ်ယူဝတ်ဆင်နိုင်ကြပြီဖြစ်သည်။ လူငယ်များသွားလေရာတွင် ဗိုလ်ချုပ်သည် အသွင်သဏ္ဌာန်တစ်မျိုးမျိုးဖြင့် လိုက်ပါလျက်ရှိနေပါပြီ။ ထိုလူငယ်များ၏ ခံယူချက်တွင် ဗိုလ်ချုပ်သည်မည်မျှ အတိုင်းအတာအထိ ပါဝင်သက်ရောက်နေသည်ဆိုသည်က မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။

ဗိုလ်ချုပ်ဓာတ်ပုံစတစ်ကာကို တက္ကသိုလ်ကျောင်းသားလူငယ်အချို့က ဆိုင်ကယ်ရှေ့ပိုင်းနေရာများ၊ ကားရှေ့ပိုင်းနေရာများတွင် ကပ်ထားကြသည်။ ထိုဆိုင်ကယ်ကို စီးလျက် ထိုတက္ကသိုလ်ကျောင်းသားများသည် ဘီယာဆိုင်ရောက်သည်။ အရက်ဆိုင်ရောက်သည်။ မကောင်းသည့်နေရာများသို့ရောက်သည်။ တစ်ခါတစ်ရံ ထိုဆိုင်ကယ်ဖြင့်ပင် တက္ကသိုလ်ကျောင်းများအနီး လူစည်ကားရာ နေရာများတွင် ဆိုင်ကယ်ကို စည်းကမ်းမဲ့စီးသည်။ ရှေ့ဘီးထောင်စီးသည်။ ကားများကိုလည်း မြင်သူအလန့်တကြား ငေးကြည့်ဖြစ်အောင်ပြိုင်ကားသဖွယ်မောင်းနှင်ကြသည်။ ထိုဆိုင်ကယ်ထိုကားအပေါ်မှာ ဗိုလ်ချုပ်၏ဓာတ်ပုံမှာ ခံ့တည်လျက်ပင်။ ဗိုလ်ချုပ်ဓာတ်ပုံပါ အင်္ကျီဝတ်ထားသော လူငယ်က ကျောင်းမတက်ဘဲ ဘီလိယက်ခုံတွင် အချိန်ဖြုန်းနေသည်။ ဗိုလ်ချုပ်ဓာတ်ပုံပါသော့ချိတ်ကိုင်ထားသူ လူငယ်က သော့ချိတ်ကို ပစ်မြှောက်ကစားရင်း လမ်းဘေး၌ ကွမ်းထွေးသည်။ သူတို့အနီးတွင် ဗိုလ်ချုပ်ရှိနေသော်လည်း သူတို့သည် ဗိုလ်ချုပ်အားအမှန်တကယ်မသိသူများဟုသာ မှတ်ယူရပါမည်။

ဖေဖော်ဝါရီ ၁၄ ရက်။ ချစ်သူများနေ့။ ထိုနေ့သည်ကား စာရေးသူတို့နိုင်ငံရှိ လူငယ် များအတွက် အပျော်ဆုံးနေ့ထူး နေ့မြတ်ဟု ထင်မှတ်ရပါသည်။ ကျောင်းသား၊ ကျောင်းသူနှင့် လူငယ်အားလုံးနီးပါးမှာ ထိုနေ့အတွက် အချိန်တစ်လမျှကြို၍ ပြင်ဆင်တတ်ကြသည်။ ထိုနေ့အတွက် အသုံးစရိတ်ကိုလည်း ကြိုတင်စုဆောင်းထားတတ်ကြသည်။ မြို့ရွာအသီးသီးရှိစတိုးဆိုင်များနှင့် အလှပြင်ဆိုင်များ၊ ဓာတ်ပုံဆိုင်များတွင်လည်း ထိုနေ့အတွက် အထူးတလည်ဝန်ဆောင်မှုပေးကာ အခမ်းအနားများ ကျင်းပပေးကြသည်။ ထိုနေ့အတွက် အမှတ်တရ ပစ္စည်းများကိုလည်း မည်မျှပင် တန်ဖိုးကြီးပါစေ၊ ဝယ်ယူအသုံးပြုကြသည်။ ထိုနေ့တစ်ရက်တည်းအတွက်လူငယ်များ၏ အသုံးစရိတ်များကို စုပေါင်းလိုက်လျှင် ကျေးရွာတစ်ရွာအတွက် လိုအပ်သော နှစ်ထပ်စာသင်ဆောင်ကောင်းကောင်း တစ်ဆောင် ဆောက်လုပ်ပေးနိုင်လောက်ပါသည်။

စာရေးသူ၏ မိတ်ဆွေ တက္ကသိုလ် ဆရာ၊ ဆရာမများ၏ ပြောပြချက်အရ ထိုဖေဖော်ဝါရီ ၁၄ ရက်တွင် ကျောင်းတော်တော်များများ၏ အတန်းအသီးသီးတွင် ကျောင်းလာတက်သည့် ကျောင်းသူ၊ ကျောင်းသားမှာ မူလအရေအတွက်၏ သုံးပုံတစ်ပုံမျှပင် မရှိဟု သိရပါသည်။ ထိုနေ့တွင် ကျူရှင်များ၊ ပုဂ္ဂလိကသင်တန်းများကိုပိတ်ပေးရသည်ဟု ဆိုပါသည်။ ထိုနေ့တွင် လူငယ်စုံတွဲများမှာ အပျော်ကြူးကြသည်။ မိဝေး ဖဝေး တက္ကသိုလ်တက်နေသည့် လူငယ်များမှာ အပြည့်အဝလွတ်လပ်ကြသည်။ ထိုနေ့ ထိုရက်တွင် အမှတ်တရအဖြစ် အဖြေပေးကြသည်။ ခန္ဓာကိုယ်ပေးကြသည်။ တည်းခိုခန်းများတွင် အချိန်ဖြုန်းကြသည်။ စားသောက်ဆိုင်များ၊ အပန်းဖြေနေရာများ၊ ရုပ်ရှင်ရုံများ၊ ဘုရားကျောင်းကန်များသို့ သွားရောက်ကာ ထိုနေ့အတွက် အမှတ်တရများစွာ ပြုလုပ်ကြသည်။ ရက်ရက်ရောရော သုံးစွဲကြသည်။ ထိုရက်ကလေးကုန်ဆုံးသွားမှာကိုပင် နှမြောတသဖြစ်ကြသည်။ ထိုရက်ညအချိန်တွင် အဆောင်လည်း ပြန်မအိပ်၊ တည်းခိုခန်းလည်း မသွားဘဲ လမ်းဘေး ညအမှောင်တွင် အချိန်ကုန်ခံဝံ့သည့် လူငယ်စုံတွဲကျောင်းသား၊ ကျောင်းသူများအား အံ့ဖွယ်တွေ့ရတတ်ပါသည်။

စာရေးသူတို့နိုင်ငံနှင့် တစ်မျိုးသားလုံးအတွက် ဖေဖော်ဝါရီ ၁၃ ရက်မှာ အနှိုင်းမဲ့တန်ဖိုးကြီးမားလှသော ရက်များထဲမှ တစ်ရက်ဖြစ်ပါသည်။ ဖေဖော်ဝါရီ ၁၄ ရက်မှာမူ နိုင်ငံတကာကို အတုခိုး၍ လူငယ်များ အလေးထားသော ရက်တစ်ရက်ဖြစ်ပါသည်။ မြို့ရွာတော်တော်များများရှိ လူငယ်များအကြားတွင် ယနေ့လက်ရှိ တွေ့နေရသည်မှာ ဖေဖော်ဝါရီ ၁၃ ရက်အတွက် အထူးအမြတ် အခမ်းအနားလုပ်ဆောင်မှုမတွေ့ရသလောက်နည်းပါးပြီး ခြောက်ကပ်ကပ်နိုင်လှပါသည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင်မူ လူငယ်အပေါင်း ရွှင်လန်းတက်ကြွစွာဖြင့် ဝတ်ကောင်းစားလှများ ဝတ်ဆင်ကြပြီး တခုတ်တရပြုလုပ်ကြပါသည်။ မည်သို့ပင်ဆို စေကာမူ ခေတ်ရေစီးကြောင်းနှင့် အတူလိုက်ပါရွေ့လျောနေမည်ဖြစ်ရာ လူငယ်များအကြားတွင် အမှန်တကယ်တန်ဖိုးထားအပ်သည်ကို သိရှိနားလည်လက်ခံနိုင်ရန် အရေးကြီးပါသည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် အပြတ်ကဲကြသော၊ အမှောင်ရိပ်ခိုကြသော၊ တည်းခိုခန်းသွားကြသော လူငယ်များ၏ ဆိုင်ကယ်များ၊ ကားများတွင် ဗိုလ်ချုပ်၏ ပုံများ ပါမသွားပါစေနဲ့ဟုသာ ဆုတောင်းလိုက်ပါသည်။

## ရေချိုငါးဥယျာဉ် ၁၀ နှစ်အောက် ကလေးငယ်များအား ဝင်ကြေးမယူ

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ကန်တော်ကြီး ရေချိုငါးဥယျာဉ်တွင် အသက် ၁၀ နှစ်အောက်ကလေးငယ်များအား ဝင်ကြေးအခမဲ့ဖြင့် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိဖွင့်လှစ်ပြသပေးနေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစိုင်းကျော်မြင့်က ပြောသည်။

"ကလေးတွေကို လေးဆယ့်နှစ်လက်မ အယ်စီဒီတီဗီနဲ့ ငါးနဲ့ ပတ်သက်တဲ့ပညာပေးစီဒီခွေတွေ ပြပေးပါမယ်"ဟု ၎င်းကပြောသည်။ ယင်းအစီအစဉ်ကို ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်နေခြင်းဖြစ်ပြီး အစိုးရနှင့် အင်တာနေရှင်နယ်ကျောင်းများမှ ကလေးငယ်များ အဖွဲ့လိုက် လာရောက်လေ့လာခြင်းများရှိကြောင်း ရေချိုငါးဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

လူကြီးများအတွက်လည်း အပျော်တမ်းငါးမျှားခွင့်ပြုထားပြီး ရရှိလာသောငါးကို တစ်ပိဿာလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူခြင်းနှင့် စျေးဆိုင်များတွင် ကင်၍လည်း လတ်ဆတ်စွာ စားနိုင်ကြောင်း ၎င်းကပြောသည်။

ဥယျာဉ်အတွင်းရှိလိုဏ်ဂူအတွင်းတွင် တိရစ္ဆာန်တို့၏ သဘာဝအသံများကို ထုတ်လွှင့်ပေးခြင်း (sound effect) များတပ်ဆင်ကာ စိတ်ကြည်နူးဖွယ် ဖန်တီးပေးထားကြောင်း ၎င်းကပြောသည်။

"ငါးသားဖောက်နည်းပညာနဲ့ မွေးမြူထိန်းသိမ်းခြင်း နည်းပညာများအကြောင်း စာတမ်းဖတ်ပွဲတွေလည်း ကျင်းပပေးဦးမှာပါ"ဟု ဦးစိုင်းကျော်မြင့်က ပြောသည်။ ကန်တော်ကြီး ရေချိုငါးဥယျာဉ်ဝင်ကြေးမှာ ယခင်က လူကြီးတစ်ဦးလျှင် ၃၀၀ ကျပ်မှ ယခုအခါ ၅၀၀ ကျပ်သို့ ပြောင်းလဲကောက်ခံပြီး ယခင်က ကလေးငယ်တစ်ဦးလျှင်၁၀၀ကျပ်ကောက်ခံနေရာမှ ယခုအခါဝင်ကြေးအခမဲ့ဝင်ခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

## One More က ဇန်နဝါရီတွင် ကျပ်သိန်း ၁၃၀ ကျော်လှူဒါန်း

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

One More ၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွက် စေတနာရှင် ၁၃၈၉၆ ဦး ထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်းတစ်ရာ့သုံးဆယ်ကျော်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အလှူငွေများကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်အတွင်းရှိ ကချင်စစ်ဘေးဒုက္ခသည်များ၊ ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာရှိ သုခမေတ္တာ မိဘမဲ့ဂေဟာ၊ ပုသိမ်မြို့နယ် မြောင်းမြကျောင်းတိုက်ရှိ မေတ္တာရိပ်ကျန်းမာရေးစောင့်ရှောက်မှုအသင်းနှင့် ဖျာပုံမြို့နယ်ရှိ သမိဒ္ဒေါဒယသီလရှင်စာသင်တိုက်နှင့် ပညာရေးမူလတန်းကျောင်းများသို့ ကျပ်သိန်းနှစ်ဆယ်စီ၊ ဒေါ်ဖြူဖြူသင်း ဦးဆောင်သော အိတ်ချ်အိုင်ဗီနှင့် အေအိုင်ဒီအက်စ်ကာကွယ်ရေးနှင့် စောင့်ရှောက်မှုစင်တာသို့ ကျပ်သိန်းသုံးဆယ်နှင့် မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်ရှိမြင်သာထေရဝါဒစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ်နှစ်ဆယ့်ရှစ်သိန်းကိုးသောင်းခြောက်ထောင် အသီးသီးပေးအပ်လှူဒါန်းခဲ့ကြောင်း One Moreကို ဦးဆောင်နေသူများထံမှ သိရသည်။

ယခုလအတွက် အလှူရှင်များတွင် စင်ကာပူနိုင်ငံရောက် မြန်မာလူမျိုး ငါးရာပါဝင်လှူဒါန်းခဲ့သည်။ ယခင်လက စေတနာရှင် ၁၁၀၄၅ ဦးထည့်ဝင်လှူဒါန်းခဲ့ခြင်းကြောင့် ယခုလတွင် One Moreတွင် ထည့်ဝင်လှူဒါန်းသူဦးရေ တစ်လထက်တစ်လ မြင့်တက်လာနေသည်။

လူတစ်ဦးလျှင် တစ်လ ကျပ်တစ်ထောင်ထည့်ဝင်လှူဒါန်းနိုင်သည့် One More အစီအစဉ်ကို ဩဂုတ်လတွင် စေတနာရှင် ၉၀၅ဦး ထည့်ဝင်မှုဖြင့် စတင်စုစည်းခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းရှိပရဟိတလုပ်ငန်းများသို့ ထောက်ပံ့ပေးသွားနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.47 · FEBRUARY 9 , 2012

## မျက်နှာဖုံး-ပြည်ပကြွေးမြီများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပင် ဝင်လာနိုင်ဟု စီးပွားရေးပညာရှင်အချို့ ပြောကြား မှ

ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်က အမျိုးသားလွှတ်တော်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ရှိ မြန်မာနိုင်ငံမှတင်ရှိနေသည့်ပြည်ပနိုင်ငံများသို့ ပေးဆပ်ရန်ရှိသည့် အကြွေးများအား ထုတ်ပြန်ကြေညာသွားခြင်းနှင့်ပတ်သက်၍ စီးပွားရေးပညာရှင်အချို့က အထက်ပါအတိုင်း သုံးသပ်ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံအနေနဲ့အလားအလာတွေရှိတယ်။ ဘယ်သူဖြစ်ဖြစ် အကြွေးကို ပြန်ရစရာမရှိဘဲမပေးဘူး။ မြန်မာနိုင်ငံကို ပေးနေတာက အလားအလာရှိလို့ပဲ။ မြန်မာ့စီးပွားရေးက ထိုးနှက်ခံနေရမှုတွေများနေလို့သာ။ ပြန်ကောင်းလာနိုင်တဲ့အခြေအနေတွေရှိတယ်" ဟု စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခတစ်ဦးဖြစ်သူ ပါမောက္ခဒေါ်လှမြင့်ကပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများသို့ ပေးဆပ်ရန်ရှိသည့် ကြွေးမြီပမာဏမှာ ၁၉၈၈ မတိုင်မီနှင့် ၁၉၈၈ နောက်ပိုင်း နှစ်ရပ်ပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁,၀၂၃ ဒသမ ၂၉၈ သန်းရှိသည်ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောသည်။

နိုင်ငံ၏ ပြည်ပချေးငွေများအား ၁၉၈၈ မတိုင်မီ ချေးငွေနှင့် ၁၉၈၈ နောက်ပိုင်း ချေးငွေများဟူ၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နှစ်ပိုင်းခွဲ၍ ရှင်းပြသွားသည်။

၁၉၈၈ မတိုင်မီ ချေးငွေများသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချေးငွေများနှင့် နှစ်နိုင်ငံအစိုးရကြား ချေးငွေများဖြစ်သည်ဟုသိရသည်။

ထိုချေးငွေများအတွက် ပေးဆပ်ရန် ကျန်ရှိသည့်နိုင်ငံများနှင့် အဖွဲ့အစည်းများမှာ အမေရိကန်ဒေါ်လာအားဖြင့် အေဒီဘီချေးငွေ ၃၅၆ ဒသမ ၉၃၅သန်း၊ အိုင်ဒီအေချေးငွေ ၈၀၁ ဒသမ ၅၉၁ သန်း၊ ဒိန်းမတ်ချေးငွေ ၅၃ ဒသမ ၁၃၉ သန်း၊ ဂျာမနီချေးငွေ ၅၈၄ ဒသမ ၇၂၈ သန်း၊ ဂျပန်နိုင်ငံမှ ချေးငွေ ၆၃၈၈ ဒသမ ၃၂ သန်း၊ ကနေဒါနိုင်ငံမှ ချေးငွေ ၈ ဒသမ ၁၅၆ သန်း၊ ဖင်လန်နိုင်ငံမှ ချေးငွေ ၄ ဒသမ ၈၁၂ သန်း၊ ပြင်သစ်နိုင်ငံမှချေးငွေ ၈၄ ဒသမ ၀၁၆ သန်း၊ ဩစတြေးလျနိုင်ငံမှချေးငွေ ၃၇ ဒသမ ၀၂၇ သန်း၊ အင်္ဂလန်နိုင်ငံမှ ချေးငွေ ၃၆ ဒသမ ၅၅၂ သန်းတို့ဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၄၀၈ ဒသမ ၃၄၈ သန်းဖြစ်ကြောင်းသိရသည်။

အထက်ပါချေးငွေများ ပေးဆပ်ရန်ကျန်ရှိနေခြင်းမှာ အထက်ပါနိုင်ငံများနှင့် အဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ ချေးငွေနှင့် အကူအညီပေးမှုများ ရပ်ဆိုင်းခဲ့ခြင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေရခြင်းကြောင့်ဖြစ်သည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

သို့သော် ယခုအခါတွင် အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်နေပြီဖြစ်ပြီး နိုင်ငံတကာနှင့်ဆက်ဆံရေးများ တိုးချဲ့ဆောင်ရွက်လျက်ရှိသောကြောင့် မြီရှင်နိုင်ငံများနှင့် ကြွေးမြီကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်ဟုသိရသည်။

ထို့ကြောင့် ယခုအခါတွင် ဂျပန်နိုင်ငံ၊ အီတလီနိုင်ငံတို့နှင့် ကြွေးမြီကိစ္စရပ်များစတင်ဆောင်ရွက်နေပြီဟုပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပေးရန်ရှိသည့် အကြွေးများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ထုတ်ပြန်ကြေညာခြင်းမပြုခဲ့သည်မှာ နှစ်ကာလများစွာ ကြာပြီဖြစ်ပြီး ယခုကဲ့သို့ ကြေညာခြင်းသည် ပွင့်လင်းလာခြင်း၏သင်္ကေတပင်ဖြစ်သည်ဟု ပြည်သူအများက သုံးသပ်ကြသည်။

၁၉၈၈ နောက်ပိုင်း ချေးငွေများသည် နှစ်နိုင်ငံအစိုးရအကြား နိုင်ငံတော်စီမံကိန်းများအတွက် ချေးယူခဲ့သော ဘဏ်ချေးငွေများဖြစ်ပြီး ပေးဆပ်ရန် ကျန်ငွေ အမေရိကန်ဒေါ်လာ ၂၆၁၄ ဒသမ ၉၅ သန်းဖြစ်ကြောင်းသိရသည်။

အထက်ပါချေးငွေများအား ချေးယူခဲ့သည့် အဖွဲ့အစည်းနှင့် နိုင်ငံများမှာ အောက်ပါအတိုင်းဖြစ်သည်။

အိုပက်အဖွဲ့မှ ၂၂ ဒသမ ၆၄၈ သန်း၊ အိန္ဒိယနိုင်ငံမှ ၁၁၀ ဒသမ ၃၈၉ သန်း၊ ကိုရီးယားနိုင်ငံမှ ၅၀ ဒသမ ၂၇၇ သန်း၊ ဂျပန်နိုင်ငံမှ ၆၈ ဒသမ ၅၃၆ သန်း၊ ထိုင်းနိုင်ငံမှ ၆၃ ဒသမ ၄၂ သန်း၊ မလေးရှားနိုင်ငံမှ ၁၅၀ သန်း၊ ဆားဘီးယားနိုင်ငံမှ ၁၇ ဒသမ ၉၃၆ သန်း၊ တရုတ်နိုင်ငံမှ ၂၁၃၁ ဒသမ ၇၄၄ သန်းတို့ဖြစ်ပြီး ချေးငွေစုစုပေါင်းမှာ ၂၆၁၄ ဒသမ ၉၅ သန်းဖြစ်သည်။

အဆိုပါချေးငွေနှစ်ရပ်ကို ကြည့်မည်ဆိုပါက ၁၉၉၈ မတိုင်မီ ချေးငွေများသည် ဂျပန်နိုင်ငံမှ အများဆုံးဖြစ်ပြီး ၁၉၉၈ နောက်ပိုင်းချေးငွေများသည်တရုတ်နိုင်ငံမှ အများဆုံးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိ နိုင်ငံတွင်ကျန်ရှိနေသည့် နိုင်ငံခြားရန်ပုံငွေအား ဆက်လက်ပြောကြားခဲ့ရာ မြန်မာနိုင်ငံတွင် နိုင်ငံခြားရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇၁၉၆ ဒသမ ၄၅၄ သန်းရှိသည်ဟုသိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းသည့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၂-၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးမှန်းခြေငွေစာရင်း ဥပဒေကြမ်း တင်သွင်းရာ၌ ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

## စာ-၂၊ ဂျပန်ဦးနှောက် အမြှေးရောင်ရောဂါဖြစ်ပွားမှု ပြန်လည်တွေ့ရှိ မှ

၁၉၆၀ ခုနှစ်နှောင်းပိုင်းတွင် အရှေ့တောင်အာရှနိုင်ငံများ၌ အဖြစ်အများဆုံးဖြစ်သည့် ထိုရောဂါအား မြန်မာနိုင်ငံတွင်ရှိကြောင်း မှတ်တမ်းတင်ထားပြီး ယခုတွေ့ရှိသည့်နေရာများတွင် ယခင်ကတည်းက ရှိနေခြင်းကိုလည်းကောင်း၊ ရာသီဥတုပြောင်းလဲခြင်းများကြောင့် ယခုမှရှိလာခြင်းကိုလည်းကောင်း၊ ကာကွယ်ဆေးများ ထိုး၍ ရနိုင်ခြင်းအားလည်းကောင်း စစ်ဆေးရန် အဆိုပါသုတေသနပညာရှင်များမှ စာတမ်းတင်ထားခြင်းဖြစ်သည်။

## စာ-၇၊ နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများ မီးဖွားခွင့်ရက် တိုးပေးရန် လွှတ်တော်တွင်ဆွေးနွေး မှ

"ကျွန်မအခုလုပ်တဲ့ နေရာ က မမွေးခင် ခြောက်ပတ်၊ မွေးပြီး ခြောက်ပတ်ခွင့်ပေးတယ်။ လစာတစ်ဝက်ပေးတယ်။ အရင် လုပ်ခဲ့တဲ့နေရာဆိုရင် လစာ မပေးဘူး။ လစာမဲ့ခွင့်ရက်ရှည်ယူနိုင်တယ်လို့ပဲပြောတယ်။ အများစုကလည်း စားဝတ်နေရေးရှိသေးတော့ ဘယ်သူမှ ၄၅ ရက်ထက်တော့ပိုမယူကြပါဘူး" ဟုပုဂ္ဂလိက ဆေးရုံတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ကလေးမိခင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံနှင့် မီးဖွားခွင့်ရက်ပိုသည့် နိုင်ငံဟူ၍ ဗီယက်နမ်နိုင်ငံသာရှိပြီး မီးဖွားခွင့်ရက်အား လေးလ(သို့မဟုတ်)ခြောက်လခွင့်ပြုထားကာ ယခုမြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် မီးဖွားခွင့်ရက်မှာ ၁၉၈၄ ခုနှစ် နိုင်ငံတော်ကောင်စီရုံးမှ ထုတ်ပြန်သည့် ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ ပြဋ္ဌာန်းချက်မှဖြစ်သည်။

## စာ-၆၊ အရန်ဆန်ကို ကုန်သည်စက်ပိုင်များထံမှ မဝယ်ဟုဆို မှ

အရန်ဆန်ဝယ်ယူရာတွင် ယခုမှ စတင်ဝယ်ရန် စီစဉ်နေရသည့်အတွက် အချိန်နောက်ကျမှုအပေါ် ကော်မတီက လယ်သမားများအား မေတ္တာရပ်ခံကြောင်း ကြေညာချက်တွင် ပါဝင်သည်။ လက်ရှိအချိန်တွင် အရန်ဆန်ဝယ်ယူရေးအတွက် မြို့နယ်ကော်မတီများကို စတင်ဖွဲ့စည်းနေပြီဖြစ်သည်။

ထပ်မံရရှိသော သတင်းအရ အရန်ဆန် စတင်ဝယ်ယူပြီးနောက် ဆန်ကြမ်းစပါးဈေးသည် တင်းတစ်ရာလျှင်ကျပ်သုံးသောင်းဝန်းကျင်ဈေးတက်လာကြောင်း သတင်းရရှိသည်။

"စပါးဈေးက ပြန်လိုက်လာပြီ။ ဒီရက်ပိုင်းမှာတင်ဈေးကတက်လာတာ" ဟု ရန်ကုန်မှ ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

ဖျာပုံမြို့တွင် ဇန်နဝါရီလကုန်ပိုင်းက စပါးဈေးသည် တင်းတစ်ရာလျှင် ကျပ်နှစ်သိန်းရှစ်သောင်းမှ သုံးသိန်းကြားရှိရာမှ သုံးသိန်းသုံးသောင်းထိ ဈေးတက်လာသည်။

ယင်းကဲ့သို့ပင် ပဲခူးတိုင်း၌လည်း ယခုအခါ ကျပ်သုံးသိန်းနှစ်သောင်းဝန်းကျင်ထိ ဈေးမြင့်လာကြောင်း ကဝမြို့နယ်မှ လယ်သမားတစ်ဦးက ဆိုသည်။

"လောလောဆယ်တော့ လယ်သမားလက်ထဲမှာ စပါးကနည်းနေပြီ။ နွေစပါးကို မျှော်ရတာပေါ့" ဟု ပန်းတနော်ဆန်စပါးအသင်းဥက္ကဌ လယ်သမားများ လက်ရှိအခြေအနေကို ရှင်းပြသည်။

စပါးဈေးများမြင့်တက်လာသကဲ့သို့ ရန်ကုန်ဈေးကွက်တွင် ဆန်ဝယ်ယူမှုလည်း အနည်းငယ်ပြန်ကောင်းလာသည်။

## စာ-၄၊ ရွှေအရောင်းအဝယ်ပြုလုပ်ရာတွင် စာရွက်စာတမ်း စတင်အသုံးပြု မှ

ယခုကဲ့သို့လေပတ်ကားစနစ်ကိုပယ်ဖျက်လိုက်ခြင်းကြောင့် အသင်းရုံး၌ပြုလုပ်သော ရွှေအရောင်းအဝယ်ဈေးကွက်တွင် အရောင်းအဝယ်အေးသွားကြောင်း အသင်းရုံး၌ ရွှေအရောင်းအဝယ်ပြုလုပ်သော ကုန်သည်တစ်ဦးကပြောသည်။

"ဒီရက်တွေမှာ ကမ္ဘာ့ဈေးကအတက်အကျမြန်နေတော့ ပုံမှန်ဆို အရောင်းအဝယ်ကောင်းတဲ့အချိန်ဖြစ်လေ့ရှိပေမယ့် ဒီရက်ပိုင်းမှာဖြစ်သင့်တာထက် လျော့နေတဲ့အနေအထားမှာရှိနေတယ်" ဟု ရွှေကုန်သည်တစ်ဦးကပြောသည်။ လက်ရှိ ရွှေဈေးကွက်တွင်း ၌ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စ လျှင် ၁၇၆၀ ဒေါ်လာရှိနေသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၃၇,၀၀၀ ကျပ်နှင့် ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၆၉၀,၀၀၀ကျပ် ဝန်းကျင်တွင် ရှိနေသည်။

SHINE Construction Co.,Ltd.
(Member of Shine Group of Companies)

(၁) Pile Machine Operator - ကျား (၃)ဦး
(ပိုင်စက်မောင်းကျွမ်းကျင်သူ)
❖ ပိုင်စက်ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
❖ အသက် (၂၅)နှစ် မှ (၄၅)နှစ်အတွင်းရှိရမည်။
❖ Pile စက်မောင်းနှင်သည့်အတွေ့အကြုံအနည်းဆုံး(၂)နှစ်အထက်ရှိရမည်။

(၂) Mechanist Engineer - ကျား (၂)ဦး
❖ B.E(Mechanical)
❖ အသက် (၂၅)နှစ် မှ (၄၅)နှစ်အတွင်းရှိရမည်။
❖ Pile စက်ပြင်ဆင်ခြင်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်အထက်ရှိရမည်။

(၃) Engineer - ကျား (၃)ဦး
❖ B.E/ B.Tech ( Civil )
❖ Pile စက်လုပ်ငန်းနှင့်ပတ်သက်၍အတွေ့အကြုံရှိသူကိုဦးစားပေးမည်။

(၄) Welder - ကျား (၃)ဦး
❖ အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။
❖ Pile စက်လုပ်ငန်းနှင့်ပတ်သက်၍အတွေ့အကြုံအနည်းဆုံး(၂)နှစ်အထက်ရှိရမည်။

အထက်ဖော်ပြပါ အမှတ်စဉ်အားလုံးအတွက် ကုမ္ပဏီနှင့်ရေရှည်လက်တွဲလုပ်ကိုင်နိုင်ရမည်။ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်၊ အဖွဲ့အစည်းဖြင့် လုပ်ကိုင်နိုင်ရမည်။ပေးအပ်သော လုပ်ငန်းတာဝန်ကို အချိန်နှင့်တပြေးညီပြီးစီးအောင် ဆောင်ရွက်နိုင်ရမည်၊ Working Under Pressure လုပ်နိုင်ရမည်။ အရည်အချင်းပေါ်မူတည်၍ အသက်ကိုလျှော့ပေါ့စဉ်းစားမည်။ နေရာဒေသမရွေး အချိန်မရွေးလုပ်နိုင်သူအား ဦးစားပေးခန့်အပ်မည်။ လစာနှင့်ပတ်သက်၍ ဝန်ထမ်းတစ်ယောက်၏အခြေခံရပိုင်ခွင့်နှင့် အခြားခံစားခွင့်များ ရရှိမည်။

**လျှောက်ထားလိုသူများသည်** (၆)လအတွင်း ရိုက်ထားသော လိုင်စင်ဓါတ်ပုံ (၂)ပုံ၊ နိုင်ငံသား စိစစ်ရေးကဒ်ပြား၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်းစာရင်း၊ ပညာအရည်အချင်းမှုရင်း/မိတ္တူ လိုအပ်သော စာရွက်စာတမ်း အပြည့်အစုံနှင့်အတူ(၁)ပတ်အတွင်း လူကိုယ်တိုင်အောက်ဖော်ပြပါလိပ်စာသို့လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ -
အမှတ်(၂၉)၊ မြေညီထပ်၊ ဂျိုးဖြူလမ်း၊ ဂျိုးဖြူကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
(အောင်ဆန်းကွင်း အထူးတန်းရှေ့)
Tel: 01-385 340~4, Ext;216,228

Health
7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# မသိသူခံစား၊ သိသူရှောင်ရှား

စောဘင်ဂျာ

\- ၁ -

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် နေထိုင်၍ Computer Science မာစတာဘွဲ့ကိုရယူကာ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာ၍ အောင်မြင်စပြုလျက်ရှိနေသော၊ ကျွန်တော်၏ သားသမီးများတွင် အကြီးဆုံးဖြစ်သူသည် လွန်ခဲ့သော ခရစ္စမတ်နှင့် ၂၀၁၂ နှစ်သစ်ကူးကာလ၌ မိဘမောင်နှမတို့ရှိရာ ရန်ကုန်မြို့သို့ အလည်အပတ်ပြန်လာခဲ့ပါသည်။

သားကြီးသည် အပြန်ခရီးအတွက် ဇန်နဝါရီ ၆ ရက် လက်မှတ်ကိုပါ တစ်ခါတည်း ဝယ်ခဲ့ပြီး ဇန်နဝါရီ ၂၁ရက်တွင် မာစတာဘွဲ့ကိုတက်ရောက်ယူရန် မိခင်ဖြစ်သူနှင့် စီစဉ်ထားရှိခဲ့ပါသည်။ သို့သော် မမျှော်လင့်သော ကံကြမ္မာဆိုးက သားကြီးနှင့် တကွကျွန်တော်တို့ မိသားစုအား ခါးသီးလှစွာ ကြေကွဲဝမ်းနည်းမှုကို ခံစားစေခဲ့ပါသည်။ သားကြီးသည် G6PD ဟုခေါ် ဆိုသော သွေးတွင်းအင်ဇိုင်းဓာတ်တစ်မျိုး ချို့တဲ့ခြင်းရောဂါဖြင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးရှိ အထူးကြပ်မတ်ကုသဆောင်၌ ၂ ရက်မျှ ဝေဒနာကို ခံစားရင်း ကွယ်လွန်သွားခဲ့ရရှာပါသည်။

7Day News ဂျာနယ် ဇန်နဝါရီလထုတ် Vol 10, No-45, Health ကဏ္ဍတွင် ဆောင်းပါးရှင် သီဟက G6PD အကြောင်းကို အပြည့်အစုံရေးသား၍ ဖော်ပြခဲ့ပြီဖြစ်ပါသည်။ အဆိုပါ ဆောင်းပါးအား ဖတ်ရှုဖြစ်အောင် ဖတ်ရှုကြရန်နှင့် မိမိအသိမိတ်ဆွေများကိုပါ လက်ဆင့်ကမ်းအသိပညာပေးကြပါရန် မေတ္တာဖြင့်တိုက်တွန်းအပ်ပါသည်။

\- ၂ -

ဤရောဂါကို သားကြီးဖြစ်သူ သေဆုံးပြီးနောက်မှသာ ကြားသိလာခဲ့ရခြင်းဖြစ်သည်။ ဤရောဂါသည် သိသည်နှင့် ကုသ၍ မရနိုင်တော့သော ရောဂါတစ်မျိုးဖြစ်သဖြင့် ကြိုတင်သိရှိထားရန် လိုအပ်လှပါသည်။ မျိုးရိုးဗီဇကြောင့် ဖြစ်ပွားသည့် ရောဂါဖြစ်သဖြင့် ပျောက်ကင်းအောင် ကုသရန် မဖြစ်နိုင်သောကြောင့် ဤကဲ့သို့ ချို့တဲ့မှု ရှိ၊ မရှိကိုကြိုတင်စစ်ဆေးထားသင့်အပ်ပါသည်။ G6PDချို့တဲ့သော သူအများစုတွင် ရောဂါလက္ခဏာပြသခြင်း မရှိပါ။ သွေး နီဥများ ပျက်စီးမှုရှိမှသာလျှင် သွေးအားနည်း ရောဂါလက္ခဏာ တွေ့ရပါသည်။

အဆိုပါသွေးအားနည်းရောဂါတွင်တွေ့ရသော သဏ္ဌာန်လက္ခဏာများမှာ ဖြူဖတ်ဖြူရော်ဖြစ်ခြင်း၊ (အသားဝါ) အသားများ ဝါခြင်း၊ မျက်စိဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်းတို့ဖြစ်ပါသည်။ G6PD ချို့တဲ့ ပုဂ္ဂိုလ်များတွင် Hemolytic Anemia ရောဂါကို အစပျိုးဖြစ်စေသောအကြောင်းများမှာ အစားအစာများနှင့် အခြားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ဘက်တီးရီးယား ဗိုင်းရပ်စ်ပိုးတစ်မျိုးမျိုးကြောင့်သော်လည်း ကောင်း၊ အချို့ဆေးဝါးများ (ပဋိဇီဝဆေးအချို့နှင့် ငှက်ဖျားရောဂါကာကွယ်ကုသဆေးဝါးများ) သောက်သုံးမိသောကြောင့်သော်လည်းကောင်း ဖြစ်စေပါသည်။ အစားအစာအနေဖြင့် အပြားကြီးသည့် ပဲအမျိုးအစားအား ရှောင်ရမည်ဖြစ်ပြီး အဝတ်အစားများ ပရုတ်လုံးအသုံးပြုခြင်းကိုလည်း ရှောင်ရမည်ဖြစ်ပါသည်။

ကျွန်တော်၏ သားကြီးတွင် ထိုသို့ချို့တဲ့ခြင်းကို မသိရှိခဲ့ခြင်း၊ ကြိုတင်သွေးစမ်းသပ်ထားရန်လိုသည်ကိုလည်း ကျန်းမာရေးအသိ မရှိခဲ့ခြင်းတို့ကြောင့် သူနှင့်မတည့်သော အစားအစာနှင့် ဆေးဝါးတစ်စုံတစ်ခုကို စားသုံးမိခဲ့ခြင်း (သို့မဟုတ်) ဘက်တီးရီးယားပိုးပါသော အစာတစ်ခုခုကို စားသုံးမိခဲ့ခြင်းကြောင့် သွေးနီဥများ ပေါက်ကွဲကာ နှလုံး၊ ကျောက်ကပ်အစရှိသည်တို့ကို ထိခိုက်ပြီး အသက်ဆုံးပါးသည်အထိ ဖြစ်ခဲ့လေတော့သည်။ မိမိ၏ ရင်သွေး၊ သားသမီးတို့တွင် အထက်ဖော်ပြပါ လက္ခဏာတစ်ခုခုဖြစ်နေခဲ့လျှင်သော် လည်းကောင်း၊ ယခုကဲ့သို့ကျန်းမာရေးအသိပညာပေးခြင်းကို ဖတ်ရှုပြီးနောက်တွင်သော်လည်းကောင်း၊ ကြိုတင်သွေးစစ်ဆေးခြင်းဖြင့် ကျွန်တော်တို့ကဲ့သို့အဖြစ်ဆိုးမှ ရှောင်ရှားနိုင်ကြရန် မေတ္တာဖြင့် အသိပေးလိုက်ရပါသည်။

# တရားမဝင်ဆေးဝါးများကို စစ်ဆေးရန် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့၍ စစ်ဆေးမည်ဟုဆို

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ-၃

ဈေးကွက်အတွင်း နယ်စပ်မှ တရားမဝင် တင်သွင်းလာသော ဆေးဝါးများ များပြားနေသည့်အတွက် အထူးစုံစမ်းစစ်ဆေး ကြပ်မတ်ရေးအဖွဲ့များ ဖွဲ့၍ စစ်ဆေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။


အတိအကျ မဟုတ်သော်လည်း ခန့်မှန်းစာရင်းများအရ အခွန်အခပေး၍ မှတ်ပုံတင်ပြီး တင်သွင်းသည့် ဆေးဝါးတန်ဖိုးထက် သုံးဆခန့် များပြားနေကြောင်း ဇန်နဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သည့် မြန်မာ့ဆေးဝါးထုတ်လုပ်မှုနှင့် ဒေသတွင်းယှဉ်ပြိုင်မှု အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

“ဈေးကွက်ထဲမှာ တရားမဝင်ဆေးတွေ ရှိနေမှန်းသိပေမယ့် ဒီလောက်အထိများနေတာတော့ မသိဘူး။ အဲဒီအတွက်လည်း အထူးစောင့်ကြပ်ကြည့်ရှုတဲ့ အဖွဲ့လုပ်ပြီး ထိန်းသိမ်းကာကွယ်မယ်ဆိုရင် အတိုင်းအတာတစ်ခုအထိတော့ ကာကွယ်နိုင်မယ်လို့ထင်တယ်” ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းမှ ပြောကြားသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် နယ်စပ်မှ တရားမဝင် ဝင်ရောက်လာသည့် ဆေးဝါးများအား သက်ဆိုင်ရာမှ ထိန်းချုပ်စေရေးအတွက် ဆွေးနွေးခြင်းအား အထူးအဖွဲ့ဖွဲ့၍ စစ်ဆေးမည်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဈေးကွက်အတွင်း ရောင်းချနေသော ဆေးဝါးများ၏ စံချိန်စံညွှန်းစစ်ဆေးခြင်း၊ မှတ်ပုံတင်ခြင်းများအား FDA မှ စစ်ဆေးနေသော်လည်း လုံလောက်စွာစစ်ဆေးနိုင်ရန်အတွက် ဘက်ဂျက်များ ဓာတ်ခွဲခန်းများ လူအင်အားများ လုံလောက်စွာမရှိသည့်အတွက် ထိရောက်စွာစစ်ဆေးနိုင်ခြင်းမရှိကြောင်း အဆိုပါတာဝန်ရှိသူကဆက်လက်ပြောသည်။

နယ်စပ်မှ မည်မျှဆေးအာနိသင်ရှိမှန်းမသိဝင်ရောက်လာသော ဆေးဝါးများမှာ သုံးစွဲသူများအား ဆေးသောက်သည့် ပမာဏများလွဲမှားပြီး အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ထိုဆေးဝါးများအား ပြည်နယ်နှင့်တိုင်းများရှိ သက်ဆိုင်ရာ၏ အကူအညီဖြင့် အဖွဲ့ဖွဲ့ပြီး စစ်ဆေးမှုများ ဆောင်ရွက်မှသာ အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။



# လှချင်သူများသတိထား

## အလှကုန်အချို့တွင် ကန့်သတ်ဓာတုပစ္စည်းပါဝင်နေ

ဝတ်ရည်အောင်

**မကြာသေးမီက ပြုလုပ်ခဲ့သည့် ပြည်တွင်း၌ ရောင်းချနေသော အလှကုန်အချို့တွင် သုံးစွဲသူများအား အန္တရာယ်ဖြစ်စေသည့် ထည့်သွင်းသုံးစွဲခွင့်ပိတ်ပင်ထားသည့် ဓာတုပစ္စည်းအချို့ပါဝင်နေကြောင်း သုတေသနပြုလုပ်တွေ့ရှိခဲ့သည်။**

ထိုသုတေသနတွေ့ရှိမှုအရ ပြည်တွင်း၌ ထုတ်လုပ်သည့် အလှကုန်ပစ္စည်းများတွင်သာမက ပြည်ပနိုင်ငံများမှ တင်သွင်းသည့် အလှကုန်များလည်း ပါဝင်နေသည်။

အလှကုန်များတွင် ဓာတုပစ္စည်းပေါင်းသောင်းနှင့်ချီ ပါဝင်နေပြီး ထိုအထဲတွင် သုတေသနရှာဖွေတွေ့ရှိမှုများအရ ဘေးထွက်ဆိုးကျိုးများကြီးမားသော အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများအား နိုင်ငံတကာတွင် ထည့်သွင်းသုံးစွဲခွင့် ပိတ်ပင်ထားခဲ့ကြသည်။

ပြုလုပ်ထားသည့် သုတေသနများတွင် ပြည်တွင်း ပြည်ပမှ တင်သွင်းထုတ်လုပ်သော မျက်နှာလိမ်းအောက်ခံမိတ်ကပ်များတွင် အမေရိကန်နိုင်ငံတွင် ၂၀၀၆ ခုနှစ်ကတည်းမှစတင်ပြီး အသုံးပြုမှု ပိတ်ထားသည့် ဟိုဒရိုကွီနုန်းဟုခေါ်သည့် ဓာတုပစ္စည်းတစ်မျိုးနှင့် ပြည်တွင်းတွင် အသုံးများပြီး ဈေးသက်သာသော အလှကုန်များတွင်လည်း မာကျူရီသတ်မှတ်ချက်အထက် အဆပေါင်း ၂၀၀ ကျော်မှ ၂၀၀၀ ကျော်အထိပါဝင်နေကြောင်း တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

“အခုကတော့ ဒီနှစ်မျိုးကို စစ်လို့ဒီဟာကိုပြောတာလေ။ တခြားမစစ်ပေမယ့် ရှိနေတဲ့ မသုံးသင့်တဲ့ ဓာတုပစ္စည်းပါနေတဲ့ ပစ္စည်းတွေလည်းအများကြီးပဲပေါ့။

စာ(၁၄)သို့



7 DAY NEWS JOURNAL
Vol.10, No.47 · FEBRUARY 9 , 2012

# အလှကုန်ပစ္စည်းနှင့် မျက်နှာအရေပြားမတည့်၍ ဆေးခန်းရောက်သူများလာဟုဆို

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ-၃

အလှကုန်ပစ္စည်းများ အသုံးပြုစဉ် အရေပြားနှင့် ဓာတ်မတည့်ခြင်း ကြောင့် အရေပြားပြဿနာများဖြင့် ဆေးကုသမှုခံယူရသည့် လူနာများ တဖြည်းဖြည်း များပြားလာကြောင်း အရေပြားအထူး ကုဆရာဝန်များကပြောသည်။

"အလှကုန်တွေကလည်း အမျိုးမျိုးပေါ်လာတော့ သုံးတဲ့သူလည်း များလာတယ်။ ဒါကြောင့် ပြဿနာဖြစ်တဲ့သူလည်း များလာတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေပြားဌာနမှ ဒေါက်တာလင်းထက်ကပြောသည်။

အလှကုန်ပစ္စည်းတစ်ခု တွင် ဓာတုပစ္စည်းအမျိုးအစားပေါင်းမြောက်မြားစွာပါဝင်နေပြီး တစ်ဦးနှင့်တစ်ဦး ဓာတ်မတည့်မှု မတူညီကြသည့်အပြင် မတည့်သည့်သူများတွင် အရေပြားတွင် ယားယံခြင်းများ၊ အရေပြားရောင်ခြင်း၊ လောင်သွားခြင်း စသည့်ပြဿနာများ ကြုံတွေ့ကြခြင်းဖြစ်သည်။

အရေပြားဓာတ်မတည့်ခြင်းသည် ပါဝင်သောပစ္စည်းများနှင့် သက်ဆိုင်ပြီး ဈေးနှုန်းနည်းပါးခြင်း၊ များခြင်းနှင့် သက်ဆိုင်မှုမရှိကြောင်း သိရသည်။

သာမန်မဟုတ်ဘဲ အရေပြားတွင်ဓာတ်မတည့်ခြင်းကြောင့် အရေပြားပြဿနာများဖြစ်ပေါ်လာသည့်အခါတတ်ကျွမ်းသည့်ဆရာဝန်များနှင့်တိုင်ပင်ပြသသင့်ပြီး အချို့သော မိမိသဘောဖြင့် ကုသခြင်းများသည် အရေပြားပြဿနာများအား ပိုမိုဆိုးရွားသွားသည့် လူနာများလည်းရှိကြောင်း အရေပြားအထူးကုဆရာဝန်များထံမှ သိရသည်။

## စာ -၁၃၊ လှချင်သူများ သတိထား မှ

အဲဒါတွေလည်း မတွေ့မချင်း သုံးနေကြတာပဲ။ တွေ့တော့မှသာ တစ်ခုခုလုပ်ကြတာပေါ့"ဟု သုတေသနပညာရှင်တစ်ဦးကပြောသည်။

နိုင်ငံတစ်နိုင်ငံချင်းစီတွင် အလှကုန်များ၌ ပါဝင်သင့်သည့် ဓာတုပစ္စည်းများအား သတ်မှတ်ချက်များဖြင့် ထည့်သွင်းခွင့်ပြုထားသော်လည်း (ဥပမာ-မာကျူရီပါဝင်နှုန်း အမေရိကန်နိုင်ငံတွင် 1ppm သတ်မှတ်ပြီး အချို့နိုင်ငံများတွင် 16ppm အထိပါဝင်ခွင့်သတ်မှတ်ထားသည်) မြန်မာနိုင်ငံတွင်မူ ထိုကဲ့သို့သတ်မှတ်ချက် တစ်စုံတစ်ရာ မရှိပေ။

"သတ်မှတ်ချက် မရှိပေမယ့်လည်း မာကျူရီပါဝင်နှုန်းဆိုရင် အဆ ၂၀၀၀ ကျော်အထိ များနေတယ်ဆိုတာကတော့ မဖြစ်သင့်ဘူးလေ" ဟု ရန်ကုန်ဆေးရုံကြီး အရေပြားအထူးကုဌာနမှ ဒေါက်တာလင်းထက်က ပြောသည်။

ပြည်တွင်းရှိအလှကုန်ပစ္စည်း ထုတ်လုပ်သူများသည် သတ်မှတ်ချက်မရှိသည့်အခါ ထိုပစ္စည်းများ ထည့်သွင်းအသုံးပြုလျှင်ထိရောက်မှုများသည်ဆိုသည့်အချက်တစ်ခုတည်းကိုကြည့်၍ ထည့်သွင်းသုံးစွဲကြလေ့ရှိပြီး ထိုပစ္စည်းများ၏ ရေရှည်တွင်ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအား ဂရုပြုမှုနည်းပါးခြင်းနှင့် သိရှိမှုနည်းပါးခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း ပညာရှင်များမှ သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင်လည်း ဈေးကွက်ရောင်းအားအရ အသားဖြူစေသည့် အလှကုန်ပစ္စည်းများအား လူကြိုက်များသည့်အတွက် ထိုပစ္စည်းများ ထုတ်လုပ်သည့်အခါ ဟိုက်ဒရိုကွီနုန်းနှင့် မာကျူရီအား ထည့်သွင်းအသုံးပြုကြခြင်းဖြစ်သည်။ ထိုပစ္စည်းများမှာ အရောင်ခြယ် ဆဲလ်များအား ပျက်စီးစေသည့်အပြင် အရောင်ခြယ်ပစ္စည်းမထွက်စေရန် အင်ဇိုင်းတစ်မျိုးအား ပိတ်စေသည့် အာနိသင်ရှိသောကြောင့် အသားဖြူလာခြင်းဖြစ်သည်။

ထိုပစ္စည်းများသည် အရေပြားမှ ခန္ဓာကိုယ်အတွင်း စိမ့်ဝင်ပြီး ပမာဏများပြားလာလျှင် အာရုံကြောများ ထိခိုက်ခြင်း၊ အရေပြားထူခြင်း၊ အရေပြားကင်ဆာများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ကျောက်ကပ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပေါ်လာစေနိုင်ခြင်းအတွက် ထည့်သွင်းသုံးစွဲခွင့်ကန့်သတ်ထားခြင်းဖြစ်သည်။

အလှကုန်များတွင် ထိုကဲ့သို့ အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ ထည့်သွင်းအသုံးပြုခြင်းနှင့် ထိုပစ္စည်းများအသုံးပြုခြင်းကြောင့် ရေရှည်တွင်ဖြစ်ပေါ်လာသည့် ကျန်းမာရေးပြဿနာများအား စောင့်ကြည့်ခြင်းများသည် ငွေကြေးအကုန်အကျများခြင်းနှင့် စက်ပစ္စည်းများစွာလိုအပ်သည့်အတွက် ပြည်တွင်း၌ စောင့်ကြည့်မှုမလုပ်နိုင်ပေ။

"ဒီမှာကလည်း ကျောက်ကပ်ပျက်သွားတယ်ဆိုရင်တောင် ဘာရောဂါကြောင့် ပျက်သွားလည်းဆိုတာ မသိတဲ့ ကေ့စ်တွေလည်း အများကြီးပဲလေ။ စနစ်တကျစောင့်ကြည့်မှု မရှိတဲ့အခါကျတော့ ဘာကြောင့်ဆိုပြီး ပြောဖို့ခက်တယ်။ အဲလိုနဲ့ပဲ ဘာမှန်းမသိဘဲ ဖြစ်သွားတဲ့ရောဂါတွေလည်း အများကြီးရှိနိုင်တယ်လေ" ဟု ဒေါက်တာလင်းထက်က ဆက်လက်ပြော သည်။

အခြားနိုင်ငံများတွင် မိမိနိုင်ငံသို့ တင်သွင်းသည့် ပစ္စည်းများနှင့် ပြည်တွင်း၌ ထုတ်လုပ်သော ပစ္စည်းများအတွက် သတ်မှတ်ချက်များလည်းရှိပြီးဥပဒေကြောင်းအရ သတ်မှတ်ချက်နှင့်မညီသော ပစ္စည်းများတင်သွင်းပါက သေဒဏ်အထိ ထိရောက်စွာအရေးယူမှုများလည်း ရှိကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲတွင်ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဥပဒေကြောင်းအရ ထိန်းကွပ်မှုနှင့် ဈေးကွက်အတွင်း ထိရောက်သောစစ်ဆေးမှုများ၊ အဆိုပါပစ္စည်းများကြောင့်ဖြစ်ပေါ်လာသည့်နောက်ဆက်တွဲပြဿနာများအား စောင့်ကြည့်မှုများအား နည်းသည့်အတွက် သုံးစွဲသူများတွင် နစ်နာမှုများနှင့် ရင်ဆိုင်နေရကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

ပြည်ပမှ တင်သွင်းသော အချို့အလှကုန်များတွင်လည်း တားမြစ်ပစ္စည်းများ ပါဝင်နေကြောင်း တွေ့ရှိထားပြီး ထိုပါဝင်မှုများမှာ ထုတ်လုပ်သည့်နိုင်ငံမှ ခွင့်ပြုထားသည့်ပမာဏ(သို့မဟုတ်) ထိုနိုင်ငံတွင်း မထည့်သုံးသော်လည်း မြန်မာနိုင်ငံကဲ့သို့ ပါဝင်မှုကန့်သတ်မှုမရှိသည့် နိုင်ငံအားတင်သွင်းမှသာ ထည့်သွင်းထားခြင်းကိုလည်း မည်သို့မျှမသိနိုင်ကြောင်း ပညာရှင်တစ်ဦးက ပြောသည်။

"သူတို့ရေးမထားရင်လည်း ဘာမှမသိနိုင်ဘူးလေ။ ကိုယ့်ဆီမှာကလည်း ပါ၊ မပါကို လွယ်လွယ်စစ်နိုင်တဲ့စက်ပစ္စည်းတွေကလည်း မရှိတဲ့အခါ မစမ်းနိုင်ဘူးပေါ့" ဟု ဒေါက်တာလင်းထက်က ပြောကြားသည်။

ထိုပစ္စည်းများသည် ရေရှည်တွင်ပြဿနာဖြစ်စေနိုင်ပြီး၊ လူအများစုမှာ လတ်တလော ဓာတ်မတည့်ခြင်းကြောင့်ဖြစ်သည့် အရေပြားလောင်ခြင်းတို့လောက်သာ ဂရုစိုက်ပြီး ရေရှည်ဆိုးကျိုးများကိုမူ သတိပြုမှုနည်းပါးနေသေးကြောင်း ဒေါက်တာလင်းထက်က ဆက်လက်ပြောသည်။

"အဆိပ်သင့်တဲ့ လူမျိုးတွေ တွေ့ဖူးပေမယ့် တိကျတဲ့ စစ်ဆေးမှုမရှိတဲ့ အခါကျတော့ ဒီဟာကြောင့်လို့ပြောဖို့ကခက်တယ်။ ဒါကြောင့် ဒီဟာတွေပါဝင်နိုင်တဲ့အတွက် သတိထားပြီး သုံးပါလို့ပဲ ပြောဖြစ်တယ်"ဟုဒေါက်တာလင်းထက်က ဆက်လက်ပြောသည်။

မာကျူရီပါဝင်မှု စမ်းသပ်ခြင်းတွင် ပြည်တွင်းတွင် လူသုံးများသော ဈေးသက်သာသည့် ပစ္စည်းများအား စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ယခုတွေ့ရှိမှုသည် အသားဖြူစေသော အလှကုန်များ သုံးစွဲသူများအတွက် ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်း သတိပေးလျက်ရှိသည်ဟု ပညာရှင် ၉ ဦး စုပေါင်းပြုလုပ်ထားသည့်စာတမ်းတွင် ဖော်ပြထားသည်။

# ရှင်သာမဏေနှင့် မိဘမဲ့ကလေးတစ်သောင်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေး

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ-၁

ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်းများ အပါအဝင် မိဘမဲ့ ပရဟိတဂေဟာများရှိ ရှင်သာမဏေများနှင့် မိဘမဲ့ကလေးတစ်သောင်းကျော်အား ရှင်သာမဏေ ကျန်းမာရေးဝန်ဆောင်မှုအထောက်အကူအဖွဲ့ မှ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သတင်းရရှိသည်။

ရှင်သာမဏေများ၊ မိဘမဲ့ကလေးများကိုသာ အဓိက ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ထိုအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းတိုက်များ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရှင်မဏေနှင့် မိဘမဲ့ကလေး ၁၂၄၀၀ကျော်တို့အား စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ သူနာပြုများနှင့်လုပ်အားပေး လူငယ်များဖြင့် စောင့်ရှောက်မှုပေးခဲ့ခြင်းဖြစ်သည်။

"တစ်လကိုတနင်္ဂနွေတစ်ပတ်ခြား နှစ်ကြိမ် သွားတယ်။ အခုဆိုရင် လူပုဂ္ဂိုလ်တွေတင်မကဘူး။ ရဟန်းတွေကပါလိုက်ပါပြုစုစောင့်ရှောက်ပေးနေတယ်" ဟု အဆိုပါအဖွဲ့မှ ဥက္ကဋ္ဌ ဦးမင်းလွင်မှပြောသည်။

ရှင်သာမဏေများနှင့် ကျောင်းသားများ ဖြစ်ပွားလေ့ရှိသည့် ဒက်နှင့်အရေပြားတွင် ဖြစ်ပွားတတ်သည့် ပွေး၊ ဝဲ၊ ညှင်း၊ ယားနာများအတွက် ကုသခြင်း၊ အသုံးအဆောက်ပစ္စည်းများအား ဒက်တောဆေးရည်စိမ်ကာ လျှော်ဖွတ်သန့်စင်ပေးခြင်း၊ ပညာရေးအထောက်အကူ ပစ္စည်းများ လှူဒါန်းခြင်း စသည့်တို့ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့မှသိရသည်။

ရှင်သာမဏေ ကျန်းမာရေးဝန်ဆောင်မှု အထောက်အကူပြုအဖွဲ့တွင် လုပ်အားဒါနနှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အမှတ်-၁၂၇-အေ၊ ၃၉လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်နှင့် ဖုန်း ၀၁-၂၄၉၃၂၃ တို့အား ဆက်သွယ်နိုင်ကြောင်း သိရသည်။

**စွန့်ပစ်ပစ္စည်းများရောင်းချရေးကြော်ငြာ**
**အမေရိကန်သံရုံး၊ ရန်ကုန်**

အမေရိကန်သံရုံးမှ စွန့်ပစ်ပစ္စည်းများကို သံရုံးအတွင်း ဖေဖော်ဝါရီ ၁၆ ရက် ၂၀၁၂ (ကြာသပတေး) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ ရောင်းချမည်ဖြစ်သည်။
ပစ္စည်းများကို အတွဲလိုက်ရောင်းချမည်ဖြစ်ပြီး ဈေးအမြင့်ဆုံးပေးသူအား ရောင်းချမည်ဖြစ်ပါသည်။ (လေလံဈေးကို FEC ဖြင့်သာ လက်ခံပါမည်)။
လေလံအောင်သူများကို ဖေဖော်ဝါရီ ၁၇ ရက် ၂၀၁၂ (၈း၃၀)နာရီတွင် ကြော်ငြာ ပေးမည်။
နံနက် ၁၀း၀၀ တွင် ငွေသွင်းပြီး ပစ္စည်းများကို ထုတ်ပေးမည်ဖြစ်ပါသည်။
နံနက် ၁၀း၀၀ တိတိတွင်သာ ငွေသွင်းလက်ခံမည်ဖြစ်ပြီး၊ ပစ္စည်းများကို ၄း၃၀ မတိုင်မီ အပြီးထုတ်ရမည်ဖြစ်ပါသည်။
ရောင်းချမည့်ပစ္စည်းများမှာ Packing Box၊ Workshop စွန့်ပစ်စွည်းနှင့် အခြားစွန့်ပစ် ပစ္စည်းများဖြစ်ပါသည်။
Contact: မြသန္တာဝင်း - ၅၃၆၅၀၉ (Ext: 4543)

**အင်ဖိုစစ်မြန်မာတက်ကနော်လော်ဂျီ**

**စက်သုံးဆီအရောင်းဆိုင် စီမံခန့်ခွဲမှု ကွန်ပျူတာစနစ်**

အရင်းအနှီးများစွာ ရင်းနှီးမြှုပ်နှံထားရတဲ့
စက်သုံးဆီဆိုင်ဖွင့်ပြီးမှတော့ ကွန်ပျူတာစနစ်သုံးပြီး
စီမံကွပ်ကဲဖို့ မမေ့မလျော့ လိုအပ်ပါတယ်

ကွန်ပျူတာစနစ်

☎: 095052644, 095073313, 098633404

| | |
|---|---|
| NAYPYITAW OFFICE | Pa-99, Myoma Shop Housing , Nay Pyi Taw . Tel : 067-421801 |
| YANGON OFFICE | # 4-11, MGW Tower, Bo Aung Kyaw , Botataung Tel : 01-256931, 01-392491 |

# Regional

7 DAY NEWS JOURNAL

Vol.10, No.47 • FEBRUARY 9 , 2012


## အခွန်ရုံးများတွင် မသမာမှုများရှိပါက တိုင်ကြားနိုင်

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၃**

မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနမှ အိမ်မြေရောင်းဝယ်ရေးစာချုပ်များ အခြားအခွန်ကိစ္စရပ်များနှင့်ပတ်သက်၍ မရှိမဖြစ်လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်၍ ငွေကြေးတောင်းခံမှုများရှိပါက တိုင်ကြားနိုင်ကြောင်း တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

ယင်းကြေညာချက်မှာ "ပြည်တွင်းအခွန်ဦးစီးဌာနသည်ပြည်သူများထံမှ ကောက်ခံရရှိသော အခွန်ငွေဖြင့် နိုင်ငံတော် ကာကွယ်ရေးလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်လုပ်ငန်းများနှင့် အများပြည်သူအကျိုးပြုလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း၊ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားတစ်ယောက်အနေဖြင့်အနိမ့်ဆုံးတာဝန်ထမ်းဆောင်ခြင်းဖြစ်သောကြောင့် ဂုဏ်သိက္ခာရှိရှိသာမက အများအကျိုးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် မိမိဝင်ငွေ၏ တစ်စိတ်တစ်ဒေသဖြင့် မွန်မြတ်သောလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

မန္တလေးမြို့ပေါ် မြေအရောင်းအဝယ်စာချုပ်များ အခွန်ငွေမှန်မှန်ကန်ကန် ပေးသွင်းရေးအတွက်ကွင်းဆင်းစစ်ဆေးပြီး မိမိဝန်ထမ်းများ လာဘ်ယူမှုများမရှိရေးတို့အတွက်လည်း တိုင်းဒေသကြီးအခွန်ဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ကိုကြီးကျော်ပွဲတော် လာရောက်သူ နည်းပါးလာ

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

နှစ်စဉ်တပေါင်းလဆန်း ၁ ရက်မှ ၁၅ ရက်နေ့တိုင် (ဖေဖော်ဝါရီလကုန်ပိုင်း မတ်လဆန်း)ကျင်းပမြဲဖြစ်သော ပခန်းမင်းကျော်စွာပွဲတွင် ပွဲတော်တို့ လာရောက်သူ အရေအတွက်မှာ တဖြည်းဖြည်းလျော့နည်းလာကြောင်း ဒေသခံ ဦးမျိုးသန်းထွန်းက ပြောသည်။

"ပွဲတော်လုပ်တဲ့ ကူလီရွာကို ပခန်းငယ်ရွာကနေ ချင်းတွင်းမြစ်ကိုဖြတ်တဲ့ ကူးတို့ကူးခနဲ့ နန်းတက်ကြေးတွေ တက်လာတာရယ်၊ အရင်လိုဇက်ရေယာဉ်နဲ့မလည်တော့တာကြောင့် ဖြစ်မယ်ထင်တယ်" ဟု ၎င်းက ပြောသည်။

ယင်းရိုးရာပွဲတော်အားကိုကြီးကျော်ပွဲဟူ၍လည်းခေါ်ဆိုကြပြီး ပွဲတော်ကျင်းပချိန်တွင် မြန်မာပြည်နေရာအနှံ့သို့ ရောက်ရှိနေကြသည့် ပခန်းဆက်ရှိသော လူတိုင်း တစ်နှစ်တစ်ခါ လာရောက်လေ့ရှိကြောင်း၎င်းကပြောသည်။

အဆိုပါပွဲတော်ကျင်းပရာ ကူလီရွာသည် ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်အကြား မြေနုကျွန်းပေါ်တွင် ရှိသောကြောင့် ပခန်းငယ်ရွာမှချင်းတွင်းမြစ်အား စက်လှေဖြင့် ဖြတ်သန်းကြရသည်။ ပုံမှန်အချိန်တွင် စက်လှေခမှာ လူကြီးတစ်ဦးလျှင် ၂၀၀ ကျပ်သာပေးရသော်လည်း ပွဲတော်ကာလတွင် ၅၀၀ ကျပ်သို့ မြင့်တက်သွားသည့်အပြင် ကိုယ်ပိုင် စက်လှေဖြင့် သွားပါကလည်း တစ်စီးလျှင် ၂၀,၀၀၀ ကျပ်နှုန်းဖြင့် စက်လှေလေလံရထားသူထံ ပေးဆောင်ရကြောင်း ယမန်နှစ်က ကိုယ်တွေ့ကြုံသူတစ်ဦးက ပြောသည်။

"အင်္ဂလိပ်ခေတ်ကတည်းက နှစ်တိုင်းလုပ်လာတာ၊ အခုတော့နန်းတက်ကြေးက တစ်ပွဲကို ခုနစ်သောင်း ဖြစ်နေပြီ၊ ဇက်ရေယာဉ်နဲ့ မပတ်တာလည်း သုံးနှစ်လောက်ရှိနေပြီ"ဟု ၎င်းကပြောသည်။ ပွဲတော်ကျင်းပရာ အရပ်သည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ထန်းတောကျေးရွာ အုပ်စု၊ ကူလီရွာဖြစ်ပြီးအိမ်ခြေ ၂၀၀ ခန့်ရှိကြောင်း သတင်းရရှိသည်။

## ဓာတ်ငွေ့ပိုက်လိုင်းကြောင့် ဆုံးရှုံးသွားသည့်လယ်မြေများအတွက် လျော်ကြေးငွေ အပြည့်အဝမရသေးဟုဆို




**မောင်ကံ**

**ကျောက်ဖြူ၊ ဖေဖော်ဝါရီ-၁**

မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းရာတွင် ပါဝင်ခဲ့သည့် ကျောက်ဖြူမြို့နယ်ရှိ သဖန်ခါး၊ သပြုတောင်၊ ပျားဒေး၊ ကြတ္တိန်၊ ရွှေမော်အစရှိသည့် ကျေးရွာများမှ လယ်မြေများအတွက် လျော်ကြေးငွေများကို အပြည့်အဝမရသေးကြောင်း ကျောက်ဖြူမြို့နယ် ကြတ္တိန်ကျေးရွာမှ တောင်သူများက ပြောကြားသည်။



ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရန် ပိုက်များတွေ့ရစဉ်

ပိုက်လိုင်းစီမံကိန်းကြောင့် ဆုံးရှုံးသွားသည့် လယ်မြေများအတွက် လျော်ကြေးငွေများကို ပထမအသုတ်အနေဖြင့် လွန်ခဲ့သည့် အောက်တိုဘာလက ထုတ်ပေးခဲ့ပြီး ကျန်ရှိငွေများမှာ ယခုအထိမရသေးကြောင်း သိရသည်။

လယ်ယာမြေ ဆုံးရှုံးမှုအတွက်လျော်ကြေးငွေပေးသည့် အဖွဲ့မှာ ပထမသုတ်ငွေကို ပေးပြီး ကျန်ရှိငွေများကိုပေးရန်မှာ လေးလခန့်ကြာမြင့်နေပြီဖြစ်သဖြင့် လျော်ကြေးငွေများ အမြန်ဆုံးရရှိနိုင်ရေးအတွက် လယ်မြေဆုံးရှုံးသူများက မေတ္တာရပ်ခံစာတစ်စောင်ကိုရေးသား၍မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ထားပြီး မိတ္တူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ထွေ/ အုပ်ဦးစီးဌာန၊ ခရိုင်/အုပ်ဦးစီး ဌာနများသို့လည်း ပေးပို့ထားသည်။

## တောင်ကုတ်မြို့ စည်ပင်သာယာဈေး မီးလောင်မှုဖြစ်ပွား

**မာန်ယုကျော်၊ အိဖြူမွန်**

**တောင်ကုတ်၊ ဖေဖော်ဝါရီ- ၁**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်ရှိ စည်ပင်သာယာဈေးတွင် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲအချိန်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

စည်ပင်သာယာဈေးအပြင်ဘက်ဈေးပတ်လမ်းရှိ ၇ ခန်းတွဲဆိုင်ခန်းတွဲမှ စက်သုံးဆီရောင်းသော ဆိုင်ခန်းတွင် ဈေးရောင်းချသူအမျိုးသမီးသည် ဓာတ်ဆီဂါလန်ခွက်ဖြင့် ရေသန့်ဘူးထဲသို့ ဓာတ်ဆီလောင်းထည့်ရာမှ ဂါလန်ခွက်လွတ်ကျသွားခဲ့ပြီးမီးပွားထွက်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုကို တောင်ကုတ်မြို့၊ မီး သတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူအများစုပေါင်းမီးငြိမ်းသတ်မှုကြောင့် နေ့လယ် ၂ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သတင်းရရှိသည်။

"ဆိုင်ခန်းနှစ်ခန်းက လောင်တာ။ ဆီဆိုင်ဖြစ်တော့ပေါက်ကွဲသံတွေလည်းကြားရတယ်။ လောင်အားလည်းကောင်းတယ်။ ဆိုင်ခန်းက သင်္ဘောဆိပ်နဲ့နီးတော့ အနားကဈေးကိုမကူးအောင် ကမ်းနားက သဲတွေနဲ့ပက်ပြီးငြိမ်းရတယ်" ဟု တောင်ကုတ်မြို့ခံတစ်ဦးကပြောသည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် အလျား ၁၀ ပေ၊ အနံ ၅ ပေ၊ အမြင့် ၁၀ ပေရှိသွပ်မိုး၊ အုတ်ကာ၊ သစ်သားခင်းဆိုင်ခန်း ၁၂ ခန်းမီးလောင်ကျွမ်းခဲ့ပြီး ပျက်စီးမှုတန်ဖိုးမှာ ဆိုင်ခန်းတစ်ခန်းလျှင် ၇၅,၀၀၀ ကျပ်နှုန်းဖြင့် ကျပ် ၉ သိန်းပစ္စည်းတန်ဖိုး ၁၄ သိန်း၊ စုစုပေါင်းကျပ် ၂၃ သိန်းခန့်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုကြောင့် ဆိုင်ဝန်ထမ်းအမျိုးသမီးငယ်အား (ပ)၁၃/ ၂၀၁၂ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ ဖြင့် တောင်ကုတ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## ဝန်းသိုမြို့တွင် ပညာရေးကွန်ရက် ပညာရေးရန်ပုံငွေပွဲ ကျင်းပမည်

**သားငယ်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့တွင် ပညာရေးကွန်ရက်၏ ရန်ပုံငွေဖျော်ဖြေပွဲအဖြစ် သီးလေးသီးအဖွဲ့နှင့်တေးသံရှင်များ ဖျော်ဖြေကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် Vertical Vibration Band နှင့် ထက်နေကြည်၊ အေသင်ချိုဆွေ နှင့် အခြားအဆိုတော်အများအပြား ပါဝင်မည်ဖြစ်ပြီး သီးလေးသီး အငြိမ့်၏ဖျော်ဖြေမှုအား ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

ဝန်းသိုမြို့ မြို့မအားကစားကွင်းတွင် ကျင်းပပြုလုပ်မည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပညာရေးကွန်ရက်၏ ရန်ပုံငွေပွဲမှ ရရှိမည့် ငွေကြေးများအား ယင်းမြို့ရှိ အခမဲ့ပညာသင်ကြားရေးနှင့် ချို့တဲ့သည့် ကျောင်းသားကျောင်းသူများအတွက်ထောက်ပံ့ကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်း ရန်ပုံငွေပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ သတင်းရရှိသည်။




7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# ကသာမြို့နယ်မှကျေးရွာအချို့ ရေမကျ၍ နှမ်းစပါးစိုက်ပျိုးရန်အခက်တွေ့

**စိုင်းလှမင်း**

**ကသာ၊ ဇန်နဝါရီ-၃၁**

ကသာမြို့နယ်၊ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ငထွေပေါက်ကွင်းရှိ ဝက်တူးအုပ်စု၊ ကူးကာအုပ်စု၊ ဘွတ်ကျေးရွာအုပ်စုတွင် မိုးတွင်းကာလ ရွှေလီမြစ်ရေလျှံခဲ့ရာ ယခုအချိန်ထိရေများမကျသောကြောင့် ဒေသခံတောင်သူများ နှမ်းစပါး စိုက်ပျိုးရန် အခက်တွေ့နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာတွေက နှစ်စဉ်မုရင်းစပါးကို ဝမ်းစာအတွက် စိုက်ပျိုးရတာ။ မိုးတွင်းကာလဆိုရင်ရေပတ်လည်ဝိုင်းနေတော့ စိုက်ပျိုးရေးလုပ်ငန်းမလုပ်ရဘူး၊ တံငါလုပ်ငန်းကိုလုပ်ကိုင်ရတာ။ အဲဒီလို ရေလျှံမှုတွေမဖြစ်အောင် ငထွေပေါက် ရေတံခါး လုပ်ကိုင်ဆောင်ရွက်ပေးဖို့ ညွှန်ကြားထားတာရှိခဲ့ပေမယ့် အဲဒီရေတံခါးမပြီးစီးသေးတာကြောင့် ကွင်းတွေဆီ မိုးတွင်းကာလ ရေတွေဝင်တယ်။ ကျွန်တော်တို့ အဓိကထားတဲ့ဆည်ကြီးချောင်း တိမ်ကောသွားလို့ ရေထွက်ပေါက်မရှိဘဲ ရေဝပ်ပြီး စပါးစိုက်ပျိုးဖို့ အခက်တွေ့နေကြတာ"ဟု ဆည်ကြီးကျေးရွာဒေသခံဦးဝင်းချိုက ပြောသည်။

"အရင်နှစ်ကဒီအချိန်ဆိုရင် လယ်တွေစိုက်ပျိုးပြီးကြကုန်ပြီ။ ဝမ်းစာစပါးမလောက်တဲ့သူတွေကတော့ ကချင်ပြည်နယ်၊ဖားကန့်၊ တနိုင်း၊မြစ်ဆုံတို့ဘက်မှာရှိတဲ့ရွှေလုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်းတွေမှာ သွားရောက်အလုပ်လုပ်ကြရတာ၊ရေထွက်တဲ့ အထိစောင့်ပြီး စပါးစိုက်ပျိုးမယ်ဆိုရင် စိုက်ပျိုးချိန်နောက်ကျလို့ ရာသီဥတု စိတ်မချရဘူး။ တဖြည်းဖြည်း မြစ်ချောင်းတွေ တိမ်ကောလေ ဒုက္ခရောက်လေပဲဆိုတာ ကျွန်တော်တို့ဒေသခံတွေ နားလည်သဘောပေါက်ကုန်ပါပြီ။ ဒါကြောင့်မို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ဆိုတာ ကျွန်တော်တို့ ဒေသခံတွေ ထိန်းသိမ်းဖို့လည်း လိုအပ်ပါတယ်" ဟု ဒေသခံ တောင်သူဦးစံအုန်းက ပြောကြားသည်။

အဆိုပါ ဒေသခံများသည် ယခုအခါ ရေရရှိရေးအတွက် တတ်နိုင်သည့် လူအင်အားများ၊ ရေစက်များ ငှားရမ်း၍ လုပ်ကိုင်နေကြကြောင်း ထိုဒေသရှိ ငထွေပေါက်ရေတံခါးအား သက်ဆိုင်ရာ တာဝန်ရှိသူများ ပြန်လည်ပြုပြင်စေလိုကြောင်း ဒေသခံများကလည်း တတ်နိုင်သည့် အင်အားနှင့်ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်ကြမည်ဟုဒေသခံအချို့က ဆိုသည်။

# မန္တလေးကုန်စည်ဒိုင်တွင် ပို့ကုန်သွင်းကုန် သင်တန်းဖွင့်




**ညီညီဇော်**

**မန္တလေး၊**

**ဖေဖော်ဝါရီ-၂**

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန်းကုန်စည်ဒိုင်)တွင် အသင်းသူ အသင်းသားများအား ဇန်နဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းရက်တိုသင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရေးအတွက် ရည်ရွယ်သည်ဟုဆိုသော အဆိုပါရက်တိုသင်တန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ချိတ်ဆက်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတွင် ကုမ္ပဏီတည်ထောင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ မှတ်ပုံတင်ခြင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် လိုက်နာရမည့်အချက်များ၊ ယှဉ်ပြိုင်မှုပေါ်လစီ၊ ကုန်အမှတ်တံဆိပ်နှင့် စားသုံးသူကာကွယ်ရေး၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများ၊ လွတ်လပ်သော ကုန်သွယ်မှုဒေသများ တည်ထောင်ခြင်းနှင့် အကောက်ခွန် သက်သာခွင့်ဆိုင်ရာ လက်မှတ်များအကြောင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ ပို့ကုန် သွင်းကုန်လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားခြင်း၊ နယ်စပ်ကုန်သွယ်ရေးတွင်ပို့ကုန်သွင်းကုန် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစဉ်များ၊ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်ရေး၊ စံချိန်စံညွှန်းနှင့် ကုန်ပစ္စည်းအရည်အသွေး ထိန်းသိမ်းခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ဝင်ရောက်ခြင်း၊ ခေတ်မီထုတ်ပိုး နည်းစနစ်များအဖြစ် ဈေးကွက်ဝင်ရောက်ခြင်း၊ ကုန်စည်ဒိုင်ကုမ္ပဏီနှင့် အထူးပြုကုမ္ပဏီများဆိုင်ရာ ဘာသာရပ်စသည့်ပို့ကုန် သွင်းကုန်နှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ပို့ချမည်ဖြစ်သည်။ "ကျွန်တော်တို့ကုန်စည်ဒိုင်က အသင်းသူ၊ အသင်းသားတွေ ပို့ကုန်သွင်းကုန်နဲ့ ပတ်သက်ပြီး ဗဟုသုတရစေချင်လို့ပါ။ နောက်ထပ်လည်း အင်္ဂလိပ်စာသင်တန်းစီစဉ်ပေးဖို့ ရှိပါတယ်" ဟု မန္တလေးမြို့ ပွဲစားကုန်စည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ အတွင်းရေးမှူး ဦးချွန်က ပြောသည်။




## မန္တလေး-ပုဂံအမြန်(အစုန်)ရထား လမ်းချော်

**မြင့်သိန်း**

**မြင်းခြံ၊ ဇန်နဝါရီ- ၃၁**

မန္တလေးမြို့မှ ပုဂံသို့ထွက်ခွာလာသောတွဲ(၇)တွဲပါ အမြန်(အစုန်)ရထားသည် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီမိနစ် ၂၀ တွင် ကော်လူးကျေးရွာနှင့်နွားထိုးကြီးမြို့အကြား၌မိုင်တိုင်နံပါတ်(၃၉၈ / ၂၂/ ၂၇) ကြား၌ စက်ခေါင်းနှင့်လူစီးတွဲနှစ်တွဲလမ်းချော်ကျခဲ့သည်။

တွဲချော်မှုကြောင့် ခရီးသည်များထိခိုက်မှုမရှိခဲ့ကြောင်း သိရပြီးနိုင်ငံခြားသား လေးဦးအား မီးရထားဌာနမှ ကားစီစဉ်၍ ပုဂံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ မန္တလေးမီးရထားတိုင်း(၃)နှင့် မြင်းခြံမီးရထားတိုင်း(၁၁) တို့မှ လုပ်သား ၃၀ ဦးကျော်ဖြင့်ပြင်ဆင်ရာ မီးရထားစက်ခေါင်းမသည့်ကရိန်းပျက်၍ ဇန်နဝါရီ ၂၀ ရက် ည ၁၂ နာရီကျော်မှ ပြုပြင်ပြီးစီးခဲ့သည်။

ယခုကဲ့သို့ ရထားများ မကြာခဏ လမ်းချော်ရခြင်းမှာ လမ်းပေါက်စဉ်က မြေသားမကျသေးဘဲ လမ်းခင်းခြင်း၊ သံလမ်းများအောက်တွင် ကျောက်ခဲများ လုံလောက်စွာ မထည့်နိုင်ခြင်းတို့ကြောင့်ဖြစ်နိုင်ကြောင်း ဒေသခံအချို့က သုံးသပ်သည်။

7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# ဧရာဝတီမြစ် သဲသောင်ဖြစ်ထွန်းမှုများလာ၍ ရေယာဉ်များ သတိပြုမောင်းနှင်ရန်လိုအပ်

**စိုင်းလူမင်း**

**ကသာ၊ ဇန်နဝါရီ- ၃၁**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သဲသောင်ပေါ်ထွန်းမှုမှာ တစ်နှစ်ထက်တစ်နှစ်ပိုမိုကြီးမားကျယ်ပြန့်လာခြင်းကြောင့် ရေကြောင်းပြောင်းလဲမှုရှိလာနိုင်ပြီး ရေကြောင်းကျပ်ခြင်းများဖြစ်ပေါ်နေသည့်အတွက် ဧရာဝတီမြစ် အတွင်းသို့ဖြတ်သန်းမောင်းနှင်သွားလာနေကြသောသင်္ဘောကြီးများ၊ မော်တော်များ၊ စက်လှေများ၊သစ်ဖောင်၊ ဝါးဖောင်များ နွေရာသီကာလများတွင် သတိထား မောင်းနှင်သွားလာရန် လိုအပ်လျက်ရှိသည်။



**ဧရာဝတီမြစ်ကြောင်းတစ်နေရာမှ သဲသောင်ခုံများ** ဓာတ်ပုံ - အိဖြူမွန်

"စစ်ကိုင်းမြို့ဘက်ကမ်း၊ သဲသောင်ပေါ်ထွန်းမှုဟာ နှစ်စဉ်ဧရာဝတီမြစ်ရေနည်းပါးချိန်မှာ ပေါ်ထွန်းလေ့ရှိတာကြောင့်တစ်နှစ်ထက်တစ်နှစ်ပိုမိုကျယ်ပြန့်လာသလို မြစ်ဆိုတဲ့သဘောသဘာဝအရ တစ်ဖက်ကမ်းကို ပို့ချတာနဲ့ တစ်ဖက်ကမ်းကို တိုက်စားတာကြောင့်စစ်ကိုင်းမြို့ဘက်ကမ်းမှာ သဲသောင်ပို့ချနေရာ အင်းဝဘက်ကမ်းကိုလည်းတဖြည်းဖြည်းတိုက်စားခဲ့လို့ ကမ်းပါးတွေပြိုကျ၊ နိမ့်ဆင်းနေတာကို တွေ့ရပါတယ်။ အဲဒါကြောင့်ရေစူးနက်ရာ အင်းဝဘက်ကမ်းနားကပ်ပြီး သစ်ဖောင်၊ ဝါးဖောင်မျှောတာတို့ သင်္ဘော၊ မော်တော်တွေခုတ်မောင်းနေကြရတယ်။ အဲဒီလိုနှစ်စဉ်တစ်စတစ်စတိုက်စားလာမယ်ဆိုရင် ရေလမ်းကြောင်းအပြောင်းအလဲဖြစ်ပြီး အင်းဝနန်းမြို့ရိုးအခြေကို တိုက်စားလာနိုင်ပါတယ်"ဟု ဗန်းမော်-မန္တလေး၊ ကုန်စည်ကူးသန်းသူ အင်းဝဒေသခံတစ်ဦးကပြောသည်။

"ပြီးခဲ့တဲ့နှစ်များက ဧရာဝတီမြစ်ရေဟာ ဒီဇင်ဘာလလောက်မှာ ရေများလာပြီး သောင်ပေါ်ထွန်းလေ့ရှိပါတယ်။ သောင်ပေါ်ထွန်းမှုဖြစ်စဉ်ကလည်း သဲနုန်းပို့ချမှု၊ မြစ်ရေနည်းပါးမှုအပေါ်မှာလည်း မူတည်ပါတယ်။ လက်ရှိအနေအထားအရ မတ်လလောက်ထိ မြစ်ရေနည်းပါးလာပြီး သဲသောင်ပေါ်ထွန်းမှုဟာ ဆက်လက်ကြီးမားကျယ်ပြန့်လာနိုင်ပါတယ်"ဟု ကသာမြို့နယ် အင်းရွာမှ မန္တလေးသို့ ကုန်စည်ပို့ဆောင်ကူးသန်းနေသူ မော်တော်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုကဲ့သို့ သဲသောင်ပေါ်ထွန်းမှုအခြေအနေတွင် ရေစူးအနက် တစ်ပေ နှစ်ပေမျှရှိသည့်အချိန်တွင် သစ်ဖောင်၊ ဝါးဖောင်များနှင့် သင်္ဘော၊ မော်တော်များအတွက် အန္တရာယ်ရှိနိုင်သဖြင့် သက်ဆိုင်ရာဌာနမှ မကြာခဏ ရေစူးအနက်တိုင်းထွာပြီး မန္တလေး ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သင်္ကေတစိုက်ထူ ပြသထားမည်ဆိုပါက ရေကြောင်းသွားလာမှု အန္တရာယ်ကင်းရှင်းနိုင်ကြောင်း သိရသည်။

# အချိုရည်မျိုးစုံနှင့် မုန့်မျိုးစုံကိုမောင်တောနယ်စပ်မှ တင်သွင်းမှုမရှိသေး

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ- ၂**

ယခင်ကန့်သတ်ကုန်စည်များဖြစ်သည့် စားသောက်ကုန်များကို ဒီဇင်ဘာ ၂၇ရက်မှစတင်ကာအက်ဖ်ဒီအေ၏ထောက်ခံချက်ဖြင့် နယ်စပ်စခန်းများမှ တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်မှမောင်တောနယ်စပ်သို့အများအပြားဝင်ရောက်နေသည့် အချိုရည်မျိုးစုံနှင့် မုန့်မျိုးစုံမှာ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်သွင်းမှုမရှိသေးကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ သတင်းရရှိသည်။

ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောနယ်စပ်ဈေးကွက်သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အချိုရည်မျိုးစုံနှင့် ဘီစကွတ်မုန့်မျိုးစုံမှာ တစ်ပိုင်တစ်နိုင်လမ်းကြောင်းဖြင့်ပမာဏအများဆုံးဝင်ရောက်နေကြောင်း သိရသည်။ "မောင်တောနယ်စပ်ကိုဆိုရင် ဘင်္ဂလားဒေ့ရှ်က အချိုရည်နဲ့ မုန့်ခြောက်မျိုးစုံဝင်နေတာတွေ့ရပါတယ်။ ကုန်သွယ်ရေးလမ်းကြောင်းက တင်သွင်းဖို့အတွက် လိုင်စင်လျှောက်တာတော့ မရှိသေးပါဘူး" ဟု နယ်စပ်ကုန်သွယ်ရေးစခန်းမှ အရာရှိတစ်ဦးကပြောသည်။

ဘင်္ဂလားဒေ့ရှ်မှ မောင်တောနယ်စပ်သို့ အများဆုံးဝင်ရောက်နေသည့်အချိုရည်များမှာ 7 up ဘူး ကိုကာကိုလာသံဘူး၊ ကိုကာကိုလာပုလင်းနှင့် အခြားအချိုရည်မျိုးစုံဖြစ်ပြီး ဘီစကွတ်မုန့်၊မုန့်ခြောက်ထုပ်မျိုးစုံလည်း ဝင်ရောက်နေကာ မောင်တောနယ်စပ်မှအခြားဒေသအသီးသီးသို့တင်ပို့ရောင်းချနေရကြောင်း သိရသည်။

# စစ်တွေတွင် အိမ်ခြံမြေဈေးမြင့်

**မောင်မိုးသက်**

**စစ်တွေ၊ ဖေဖော်ဝါရီ- ၃**

စစ်တွေမြို့၌ အိမ်ခြံမြေ ဈေးမြင့်တက်လာခဲ့ပြီး မြို့တွင်းတွင်သာမက မြို့စွန်ရပ်ကွက်များ၌လည်း မြင့်တက်လာခဲ့ကြောင်း စုံစမ်းသိရသည်။ စစ်တွေမြို့တွင်း လူစည်ကားပြီး အချက်အချာအကျဆုံး နေရာဖြစ်သည့် လမ်းမကြီးတစ်လျှောက် ပုဂ္ဂလိက ဘဏ်များက နေရာယူထားရာ အဆိုပါလမ်းမကြီးမှ နေအိမ်များမှာ ယခင်က ကျပ်သိန်းရာကျော်ဈေးနှုန်းမှ ကျပ်သိန်းရှစ်ထောင်ထိဈေးနှုန်း မြင့်တက်လာခဲ့ကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

"အခုချိန်မှာ ရူပမြောက်၊ မောလိပ်စတဲ့ ရပ်ကွက်တွေက အိမ်ခြံမြေဝယ်ဖို့ဆိုတာကို ဈေးသွားမေးတော့ ကျပ်သိန်းကိုထောင်ချီပြီး ရှိနေတယ်"ဟု အိမ်ပွဲစားကိုကျော်သာကပြောသည်။

စစ်တွေမြို့ စွန်ရပ်ကွက်ဖြစ်သည့် မင်းဂံရပ်ကွက်တွင်လည်း ပေ ၄၀ ပတ်လည် ခြံဈေးကွက်မှာ အဆမတန်မြင့်မားလာကြောင်း သိရှိရသည်။ "အရင်က မင်းဂံဆိုတာ လယ်ကွင်းတွေနဲ့ ပြည့်နေတဲ့ ကွင်းပြင်ကြီးပဲ။ လူတွေပြောင်းနေလာကြပေမယ့် လွန်ခဲ့တဲ့ ၂နှစ်လောက်အထိ မြေတစ်ကွက်ကိုအများဆုံးဆယ်သိန်းပဲ။ အခုတော့ ကျပ်သိန်းတစ်ရာကျော်နဲ့ အလုပ်ဖြစ်နေကြတယ်" ဟု မင်းဂံရပ်ကွက်က ဒေသခံတစ်ဦးကပြောသည်။

စစ်တွေမြို့သို့ ပုဂ္ဂလိကဘဏ်များနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များမှာ ၂၀၁၁ ခုနှစ်ကပင် ရောက်ရှိလာပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လာရောက်သည့်အချိန်မှ စတင်ကာ အိမ်ခြံမြေဈေးကွက်များမြင့်တက်လာကြောင်း သိရသည်။

# နှလုံးအထူးကြပ်မတ်ဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေလှူဒါန်း

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၂**

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးနှလုံးနှင့် သွေးကြောဆေးကုသဌာနအထူးကြပ်မတ် သုံးထပ်ဆေးကုသဆောင်ဆောက်လုပ်ရန်အတွက် စေတနာရှင်မိသားစုက အလှူငွေများ မတည်လှူဒါန်းထားကြောင်း ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာမောင်ဝင်းက ပြောသည်။

အလှူရှင်မှာ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်း၊ လမ်း ၃၀×၃၁ လမ်းကြား၊ ဘူတာကြီးတိုက်တန်းနေ ဦးသန့်+ဒေါ် ချစ်ချစ်(မြင့်မြင့်ခင်- ထိုးမုန့်၊လမုန့်)မိသားစုဖြစ်ပြီး ကျပ်ငွေသိန်း ၂,၀၀၀မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအလှူရှင်မိသားစုဝင်တစ်ဦးက "မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး၊ နှလုံးနှင့် သွေးကြောဆေးကုဌာနမှ တက်ရောက်တဲ့လူနာတွေကများတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ နှလုံးရောဂါဖြစ်သူတွေ ပိုများလာပြီး လူနာနဲ့ အဆောက်အအုံမမျှတာသိရလို့ အခုလို နှလုံးအထူးကုကြပ်မတ်သုံးထပ်ဆေးကုသဆောင်ဆောက်လုပ်ရေးအတွက် အလှူငွေလှူဒါန်းရခြင်းဖြစ်ပါတယ်"ဟု 7Day News သို့ပြောသည်။

# ကယားပြည်နယ်အစိုးရက ပြည်သူများသို့ ချေးငွေကျပ်သိန်း ၂၀,၀၀၀ ထုတ်ချေးထားဟုဆို

**ကြီးမြင့်နိုင်**

**လွိုင်ကော်၊ ဇန်နဝါရီ- ၂၉**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အရ ကယားပြည်နယ်အစိုးရအဖွဲ့က မြို့နယ်ခုနစ်မြို့နယ်ရှိ ပြည်သူများသို့ ငွေကျပ်သိန်း ၂၀,၀၀၀ ထုတ်ချေးထားပြီးဖြစ်ကြောင်း ချေးငွေစိစစ်ရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

ချေးငွေကျပ်သိန်း ၂၀,၀၀၀ ထုတ်ချေးရာတွင်ပထမအကြိမ် ကျပ်သိန်း ၅,၀၀၀ ကို ၂၀၁၁ နိုဝင်ဘာပထမပတ်တွင်လည်းကောင်း ဒုတိယအကြိမ်ကို ၂၀၁၁ ဒီဇင်ဘာ ပထမပတ်တွင် ကျပ်သိန်း ၁၀,၀၀၀ ကိုလည်းကောင်း၊ တတိယအကြိမ် ၂၀၁၂ ဇန်နဝါရီ ပထမပတ်တွင်ကျပ် သိန်း ၅,၀၀၀ ကိုလည်းကောင်း သုံးကြိမ်ခွဲ၍ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။



လွိုင်ကော်မြို့ပေါ်ရပ်ကွက်ရှိ တောင်ဈေးအား ပြီးခဲ့သည့် လအတွင်းက တွေ့ရစဉ်
ဓာတ်ပုံ - နေလင်းအောင်

မြို့နယ်အလိုက်ချေးငွေထုတ်ပေးမှုမှာ လွိုင်ကော်မြို့နယ်တွင် ကျပ်သိန်း ၆,၅၀၀၊ ဒီးမော့ဆိုးမြို့နယ်တွင် ကျပ်သိန်း ၅,၈၅၀၊ ဖရူဆိုမြို့နယ်တွင် ကျပ်သိန်း ၂,၅၀၀၊ ရှားတောမြို့နယ်တွင်ကျပ် ၂,၇၃၄ သိန်း၊ ဘောလခဲမြို့နယ်တွင်ကျပ်သိန်း ၁,၄၀၀၊ ဖားဆောင်းမြို့နယ်တွင် ကျပ် ၄၇၆ သိန်းနှင့် မယ်စဲ့မြို့နယ်တွင် ကျပ်သိန်း ၅၄၀ တို့အသီးသီးဖြစ်ကာ စိုက်ပျိုးရေးသမားနှင့် မွေးမြူရေးသမားများကို ဦးစားပေး၍ အတိုးနှုန်း နှစ်ကျပ်ခွဲဖြင့် ထုတ်ချေးခဲ့ခြင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

## မိတ္ထီလာစက်မှုဇုန်တွင် မီးလောင်မှုဖြစ်ပွား

**တင်လှိုင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၃၁**

မိတ္ထီလာမြို့ စက်မှုဇုန်(၃)လမ်းနှင့် (၄)လမ်းကြားနေ ဦးကျော်ငွေ၏ စက်ရက်ကန်းရုံတွင် ဇန်နဝါရီ ၂၅ ရက်ည ၁၁ နာရီအချိန်က ဝါယာရှော့ခ်ဖြစ်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်လျှင်လောင်ချင်း စက်မှုဇုန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ကားများနှင့်ရပ်ကွက်လူထုက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြသည်။ မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးကျော်သန်းခေါင်းဆောင်၍ မီးသတ်ကားသုံးစီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ မီးမှာချက်ချင်းငြိမ်းသွားသည်။

မီးလောင်မှုကြောင့် စက်ရက်ကန်းရှစ်စင် မီးထဲပါသွားပြီး မီးလောင်ဆုံးရှုံးမှု ကျပ်သိန်း ၁၀၀ ကျော်ရှိကြောင်း သိရသည်။

မီးသတ်ဦးစီးမှူး ဦးကျော်သန်းက တရားလိုပြုလုပ်၍ အမှတ်(၃)ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ အိမ်ရှင် ဦးကျော်ငွေ (၄၅)နှစ်အား(ပ)၁၁/၂၀၁၂ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားသည်။

## ပျော်ဘွယ်မြို့ ချည်မျှင်နှင့် အထည်စက်ရုံတန်းလျား မီးလောင်မှုဖြစ်ပွား

**တင်လှိုင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ ပြည်သာယာ ၉ လမ်းထိပ် မြကြိုင်းတောင်ဘုရားမြောက်ဘက်တွင်ရှိသည့် အမှတ်-၁ စက်မှုဝန်ကြီးဌာန၊ ချည်မျှင်နှင့် အထည်စက်ရုံ၌ ဇန်နဝါရီ ၂၈ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

စက်ရုံဝင်းအတွင်း ရှိ မောင်ကောင်းမြင့်(ခ)ကောင်းကောင်း၏ နေအိမ်လိုင်းခန်းမှ ဝါယာရှော့ခ်ဖြစ်ပြီး မီးလောင်မှု ဖြစ်ပွားရာ အလျား ၇၅ ပေ၊ အနံ ၅၀ ပေရှိ သုံးခန်းတွဲတန်းလျား နှင့် အလျား ၁၂၀ ပေ၊ ၆၀ ပေရှိလိုင်းခန်းတစ်ခန်း မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ ပျော်ဘွယ်မီးသတ်၊ ရမည်းသင်းမီးသတ်နှင့် မိတ္ထီလာမီးသတ်ကားများ ဝိုင်းဝန်းငြှိမ်းသတ်ရာ တစ်နာရီအတွင်း ငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ကျပ် ၂,၇၈၀,၀၀၀ ဖိုး မီးလောင်ဆုံးရှုံးပျက်စီးသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ကောင်းမြင့်(ခ) ကောင်းကောင်း (၂၉ နှစ်)အား ပျော်ဘွယ်ရဲစခန်း က(ပ)၂၄/ ၂၀၁၂၊ ပုဒ်မ-၂၈၅ဖြင့် အမှုဖွင့်အရေးယူထားသည်။

## လှိုင်ကော်မြို့ ကန္နာရဝတီ နှစ်ထပ်ဈေးတွင် မီးလန့်မှုဖြစ်ပွား

**ကြီးမြင့်နိုင်**

**လွိုင်ကော်၊ ဖေဖော်ဝါရီ- ၄**

လွိုင်ကော်မြို့ ကန္တာရဝတီ နှစ်ထပ်ဈေးတွင် ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်ညနေက မီးလန့်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်ပွားပုံမှာ အဆိုပါရက် ညနေ ၆ နာရီ ၁၀ မိနစ် အချိန်ခန့်က လွိုင်ကော်မြို့ ကန္တာရဝတီ နှစ်ထပ်ဈေးအပေါ်ထပ်တွင် နေထိုင်သော အသက် ၂၂ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ကြက်ဥကြော်ရန် ဒယ်အိုးအတွင်း ဆီထည့်ကာလျှပ်စစ်မီးဖိုပေါ်၌တည်ထားစဉ် ဒယ်အိုးအတွင်း မီးတောက်လောင်ပြီးအနီးရှိပြတင်းပေါက်မှ ခန်းဆီးလိုက်ကာအား မီးကူးစက်လောင်ကျွမ်းခဲ့သည်ဟုဆိုသည်။ အချိန်မီသိရှိ၍ ၎င်းကိုယ်တိုင် မီးငြှိမ်းသတ်နိုင်ခဲ့သည်ဟုဆိုသည်။

ထိုဖြစ်ရပ်တွင် ခန်းဆီးလိုက်ကာမီးလောင်ကျွမ်း၍ ဆုံးရှုံးမှုတန်ဖိုး ၁၅,၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့ကြောင်းနှင့် လွိုင်ကော်ရဲစခန်းက (ပ)၂၂/ ၂၀၁၂၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူကြောင်း သိရသည်။

## ခိုးကူးခွေဖမ်းဆီးမှုကြောင့် အရောင်းဆိုင်လျော့နည်း

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ- ၂**

မန္တလေးခရိုင် ၇ မြို့နယ်တွင် ၂၀၁၁ ခုနှစ်ဒီဇင်ဘာ တတိယပတ်မှ စ၍ ခိုးကူးခွေရောင်းချသူများကို ဖမ်းဆီးလျက်ရှိရာ ခိုးကူးခွေအရောင်းဆိုင်များ နည်းပါးသွားကြောင်း အောင်မြေသာစံမြို့နယ် ဗီဒီယိုအခြေခံ အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးတိုင်းဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမိုးကျော်ထူးသို့ ဆက်သွယ်မေးမြန်းရာ "အထူးသဖြင့် ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်တွေမှာ ခိုးကူးခွေဆိုင်တွေများပါတယ်။ ချမ်းအေးသာစံမြို့နယ်က မန္တလေးမြို့လယ် ဗဟိုဧရိယာမှာရှိတော့ အဲဒီမြို့နယ်အတွင်းက ခွေဖြန့်ချိတဲ့ဆိုင်တွေကို ဝင်ရောက်စစ်ဆေးပါတယ်။ ၁၀ ဆိုင်လောက်မိပြီး သက်ဆိုင်ရာရဲတပ်ဖွဲ့နယ်မြေအလိုက် အမှုဖွင့်အရေးယူထားပါတယ်။ အထူးသဖြင့် လူငယ်တွေကိုစာရိတ္တပျက်ပြားစေတဲ့ ညစ်ညမ်းခွေတွေဖြန့်တာ အဆိုးဆုံးပါဘဲ။ ခက်တာက ခိုးကူးခွေတွေက ဈေးပေါတယ်။ ၁၀၀၀ ကျပ်ဖိုးခိုးကူးခွေက သုံးခွေရတယ်။ ကိုရီးယားဇာတ်လမ်းခွေဆိုရင် ၁၀၀၀ ဖိုးလေးခွေ တရားခွေက သုံးခွေရတော့ ဝယ်တဲ့ ပရိသတ်ကရှိနေတယ်။ ခိုးကူးခွေပျောက်ဖို့ကတော့ ပြည်သူတွေ ပူးပေါင်းပါဝင်မှုဖြစ်မယ်။ ဝယ်သူရှိနေရင် ရောင်းသူဈေးကွက်က ဖမ်းဆီးအရေးယူမှုအားနည်းသွားရင် ဆက်ရှိနေဦးမှာပဲ" ဟု ပြောသည်။

ထို့အပြင် တိုင်းဗီဒီယိုအခြေခံဥက္ကဋ္ဌက "ယနေ့ပါတီစုံနိုင်ငံရေးခေတ်ဖြစ်တဲ့ အတွက် ပါတီတွေရဲ့ စည်းရုံးရေး၊ ဟောပြောတဲ့ခွေတွေလည်း ဆင်ဆာရှိပါတယ်။ ဆင်ဆာအဖွဲ့ကြည့်ပြီးမှ ဖြန့်ချိခွင့်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအခြေခံဗီဒီယိုအဖွဲ့အနေနဲ့ ပါတီစည်းရုံးခွေတွေနဲ့ ပတ်သက်ပြီး ယနေ့အထိ ဆင်ဆာမဲ့ ဆိုပြီး ဖမ်းဆီးခြင်း၊ တားမြစ်ခြင်း၊ အရေးယူခြင်းမရှိသေးပါဘူး။ ပါတီစည်းရုံးရေးခွေတရားဝင်ဖြန့်ချိမယ်ဆိုရင် ဆင်ဆာအဖွဲ့ရဲ့ ဖြန့်ဝေခွင့်ပါရှိဖို့လိုပါတယ်"ဟု ပြောသည်။

မန္တလေးမြို့ပေါ်တွင် ခိုးကူးခွေများ အများဆုံးဖြန့်ချိသော ချမ်းအေးသာစံမြို့နယ်မှ ခွေဖြန့်ဖြူးသော လက်ကားဆိုင်ကြီးများ ဈေးကြီးများတွင် ရောင်းချနေသောခိုးကူးခွေဆိုင်များ ယခုရက်ပိုင်းဖမ်းဆီးမှုကြောင့် ခွေဆိုင်များဖွင့်လှစ်ခြင်းမရှိကြောင်း မန်းမြန်မာပလာဇာမှဈေးအကျိုးတော်ဆောင်တစ်ဦးကပြောသည်။



မုံရွာမြို့တွင် အသစ်ဆောက်လုပ်နေသော အထပ်နှစ်ထပ်ရှိပြီး ဆိုင်ခန်းပေါင်း(၄၆၄)ခန်းပါဝင်မည့် ချင်းတွင်းရတနာဈေးသစ်ကို တွေ့ရစဉ်၊ အဆိုပါဈေးသစ်မှာ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနိုင်ကြောင်း ဈေးသူဈေးသားများက ခန့်မှန်းနေကြသည်။ ဈေးအဟောင်းမှာ ၂၀၁၀ ဇွန်လ (၃)ရက် နံနက်ပိုင်းတွင် မီးလောင်ကျွမ်းခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ -မျိုးမင်းဦး

**TRADEMARK CAUTIONARY NOTICE**

Notice is hereby given that **Eveready Battery Company Inc.** a Company organized and existing under the laws of State of Missouri, at 533 Maryville University Drive, St. Louis, Missouri 63141, USA is the proprietors of the following Trademark in several countries of the world including Myanmar.

**EXACTA**

***(Myanmar Registration No.4/5438/2007)***

The aforesaid trademark is being used by the above party in respect of "Razors and Razor blades" in International class 8. Any fraudulent imitation or unauthorized use or any other infrigement whatsoever of the said Trademarks will be dealt with according to the laws prevailing in Myanmar.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 9.Feb.2012

**ကွန်ဒိုတိုက်ခန်းရောင်းရန်ရှိသည်**

ပုဇွန်တောင်မြို့နယ်ရှိ ၃၀ ပေ × ၇၀ ပေရှိ (၁၁)ထပ်၊ အခန်း(၄)ခန်းပါ မာစတာ ဘတ်ရွမ်း(၃)ခန်း၊ အဲယားကွန်း(၅)လုံးပါ၊ Ext ဖုန်းပါ (၂၄း၀၀)နာရီ၊ ဓာတ်လှေကားပါ၊ လုံခြုံရေးပါ ပြင်ဆင်ပြီး အမြန်ရောင်းမည်။

*စုံစမ်းရန်ဖုန်း - ၀၉-၄၃၂၀၂၈၈၄၊ ၀၁ ၅၅၄၁၀၀*
*Ext - ၃၃၈ ပိုင်ရှင်ကိုယ်တိုင်*
*ပွဲစားများ ဆက်သွယ်နိုင်ပါသည်။*

**သူရိယဝင်းကုမ္ပဏီလီမိတက်**
**(ဝန်ထမ်းအလိုရှိသည်)**

**၁။ အရောင်းမြှင့်တင်ရေးဝန်ထမ်း မ(၃)ဦး**
ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ အရောင်းမြှင့်တင်ရေးလုပ်ငန်းကို တက်ကြွစွာသွားလာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

**၂။ အရောင်းဝန်ထမ်း ကျား(၅)ဦး**
ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ အရောင်းကားဖြင့်လိုက်နိုင်သူ ဖြစ်ရမည်။နယ်တွင်လည်း သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။လုပ်ရည်ကိုင်ရည်ပေါ်မူတည်၍လစာညှိနှိုင်းပေးမည်။

**၃။ ယာဉ်မောင်း ကျား(၅)ဦး**
အခြေခံပညာအထက်တန်းအဆင့်၊ လိုင်စင်သက်တမ်း အနည်းဆုံး(၃)နှစ်၊ယာဉ်မျိုးစုံမောင်းနှင်နိုင်ရမည်။အသက်(၂၅-၅၀)နှစ်ကြား၊ လစာကျပ်(၁၂၀၀၀၀/ )ဝန်းကျင်။
မျှော်မှန်းလစာနှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်စုံစမ်းရန်
အမှတ်(၄၂)၊ရွှေသရဖီရိပ်မွန်၊ဘုရင့်နောင်လမ်းမကြီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။(ရေကြောင်းသိပ္ပံအနီး)

## ဘူးသီးတောင်မြို့နယ် ဇီးတုံကျေးရွာ မီးဘေးသင့်မိသားစုများထံ အလှူငွေနှင့် အဝတ်အထည်များလှူဒါန်း

**ဝန်ထမ်းအလိုရှိသည်**

**၁။ Site မန်နေဂျာ ကျား (၁) ဦး**
ဘွဲ့ရ၊ ဘုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူ၊ ဆောက်လုပ်ရေးအတွေ့အကြုံရှိသူဦးစားပေးမည်၊ အသက် (၄၀-၅၀)နှစ်အတွင်း။

**၂။ Site Engineer ကျား (၃) ဦး**
B.E or A.G.T.I (Civil) အထပ်မြင့်၊ အထပ်နိမ့်လုံးချင်းနှင့် Decoration အပိုင်းကျွမ်းကျင်ရမည်၊ Auto-CAD ဦးစားပေးမည်၊ အသက် (၃၀-၅၀)နှစ်အတွင်း။

**၃။ Architect ကျား/မ (၂) ဦး**

**၄။ ကွန်ပျူတာ စာစီစာရိုက် မ (၁) ဦး**
D.T.P, Excel ကျွမ်းကျင်ရမည်၊

**၅။ ကြီးကြပ်ရေးမှူး ကျား (၁) ဦး**
ဆောက်လုပ်ရေးအတွေ့အကြုံ ၅ နှစ်အထက်အတွေ့အကြုံရှိသူ၊

**၆။ ယာဉ်မောင်း ကျား (၂) ဦး**
Auto/ Manual မောင်းနှင်သူ၊ မြို့တွင်း၊ မြို့ပြင်ကျွမ်းကျင်စွာ မောင်းနှင်သူ၊ နယ်ဝေးခရီးသွားနိုင်သူဖြစ်ရမည်၊ အသက် (၃၀-၅၀)နှစ်အတွင်း။

**၇။ လုံခြုံရေး (နေ့/ည) ကျား (၅) ဦး**
လုပ်ငန်းအတွေ့အကြုံ ၃ နှစ်အနည်းဆုံးရှိရမည်၊

**၈။ ပန်းရံ၊ လက်သမား၊ သံချည်သံကွေး၊ ဆေး၊ ရေလိုင်း၊ မီးလိုင်း ကျွမ်းကျင်အဖွဲ့။**
အထက်ပါ အရည်အချင်းနှင့် ပြည့်စုံသူများသည် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်၊

**ဆက်သွယ်ရန်- အောင်ဇေယျအိမ်ရာစီမံကိန်း၊ ကျန်စစ်သားလမ်း၊ လှိုင်သာယာ၊ ဖုန်း- ၀၉-၄၃၁၅၇၂၂၄၊ ၀၉-၅၅၀၁၈၅၀**

**မောင်ကံ**

**ဘူးသီးတောင်၊ဖေဖော်ဝါရီ- ၄**

ဇန်နဝါရီ ၂၆ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သော ဘူးသီးတောင်မြို့နယ် ဇီးတုံကျေးရွာမှ မီးဘေးသင့်မိသားစုများအတွက် မောင်တောခရိုင်အမျိုးသား ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းက အလှူငွေနှင့် အဝတ်အထည်များကိုဖေဖော်ဝါရီ၂ရက်တွင်အဆိုပါကျေးရွာသို့သွားရောက်လှူဒါန်းခဲ့ကြောင်း ဖောင်ဒေးရှင်းဥက္ကဋ္ဌဦးအောင်ကျော်ညွှန့်ကပြောသည်။

"မီးလောင်ခံရတဲ့အိမ်ထောင်စု ၁၅ စုပါ။ မီးမကူးအောင် ဖြိုဖျက်လိုက်ရတဲ့အိမ်တွေက ၈ ခု၊ စုစုပေါင်း အိမ်ထောင်စု ၂၃ စုအတွက် တစ်အိမ်ထောင်ကို ရှစ်ထောင်နှုန်းနဲ့ စုစုပေါင်း အလှူငွေ ၁၈၄,၀၀၀ ကျပ်ကို အိမ်ထောင်စုအလိုက်လှူဒါန်းပေးခဲ့ပါတယ်။ အဝတ်အထည်တွေကိုလည်း အညီအမျှဝေပေးခဲ့ပါတယ်။ အခုကျွန်တော်တို့သွားတဲ့နေ့ထိ နေအိမ် ပြန်မဆောက်နိုင်ကြသေးပါဘူး။ ဒေသတွင်း လူမှုရေးအဖွဲ့ ကယ်ဆယ်ရေးပစ္စည်းတွေရောက်ပါတယ်"ဟု ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012



# ယာယီနိုင်ငံကူးလက်မှတ်ရှိမှသာ ထိုင်းနိုင်ငံရောက်မြန်မာများကို လုပ်သားကတ်သက်တမ်းတိုးပေးမည်ဟုဆို

**မြတ်စုမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ထိုင်းနိုင်ငံရှိမြန်မာလုပ်သားများ ယာယီနိုင်ငံကူး လက်မှတ်ရှိမှသာ အလုပ်သမားကတ် သက်တမ်းတိုးပေးမည်ဟု ထိုင်းအလုပ်သမားဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ထားသည်။

ထိုကြေညာချက်တွင် လုပ်သားကတ်သက်တမ်းကုန်ပြီး နိုင်ငံကူးလက်မှတ်မရှိသည့် လုပ်သားများကို နေရပ်သို့ပြန်ပို့သည်အထိ အရေးယူမည်ဟုပါရှိကြောင်းထိုင်းနိုင်ငံ မဲဆောက်မြို့အခြေစိုက် ရောင်ခြည်ဦး မြန်မာအလုပ်သမားများအဖွဲ့မှ ဥပဒေရေးရာတာဝန်ခံ ကိုထွေးနိုင်က 7 Day News အား ပြောသည်။

"သူတို့ချမှတ်ထားတဲ့ ဥပဒေအတိုင်းအရေးယူသွားမယ်လို့ကြေညာထားတယ်။ လက်ခံထားတဲ့ အလုပ်ရှင်တွေကိုလည်း အရေးယူမယ်"ဟုသူကဆက်ပြောသည်။

မြန်မာလုပ်သားတို့အတွက် ထိုင်းအစိုးရက တစ်နှစ်သက်တမ်း အလုပ်သမားကတ်များ ထုတ်ပေးထားရာတွင် ထုတ်ပေးကာလအလိုက် ဇန်နဝါရီ ၂၈ ရက်၊ ဇွန်နှင့် စက်တင်ဘာလတို့တွင် အသီးသီး သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။ကတ်သက်တမ်းကုန်ပြီးယာယီနိုင်ငံကူးလတ်မှတ်မရှိသည့် လုပ်သားတို့အတွက် အလုပ်ရှင်ကိုယ်တိုင် ဆောင်ရွက်ပေးရန် စီစဉ်ပေးရမည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြပါရှိသည်။

သို့သော် ထိုင်းဘာသာစကားဖြင့်သာ ဖော်ပြထားသည့် ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ ကြေညာချက်ကို မြန်မာအလုပ်သမားအများစု တိုက်ရိုက်မသိရှိနိုင်သောကြောင့် အလုပ်သမားအရေး ဆောင်ရွက်နေသည့် အင်န်ဂျီအိုအဖွဲ့အစည်းများက အင်္ဂလိပ်၊ မြန်မာဘာသာသို့ပြန်ဆိုကာလက်ကမ်းစာစောင်များအဖြစ် ဖြန့်ဝေပြီး အသိပေးခြင်းများ ပြုလုပ်နေကြောင်းယာယီနိုင်ငံကူးလက်မှတ်ရမဲ့ဆောက်ရှိမြန်မာအလုပ်သမားတစ်ဦးက ပြောသည်။

"အလုပ်သမားတွေအတွက် အခက်အခဲကတော့ ယာယီပတ်စ်ပို့လုပ်ရမယ် ဆိုတာကို မသိတာရယ်၊ ထိုင်းအလုပ်ရှင်တွေက မြန်မာအလုပ်သမားတွေကို အသိမပေးတာရယ်၊ ကုန်ကျစရိတ် မတတ်နိုင်တာတွေရယ်ပါပဲ"ဟု သူက ဆက်ပြောသည်။

ဘန်ကောက် အခြေစိုက် မြန်မာ အလုပ်သမားများအဖွဲ့ တာဝန်ခံ ဦးကျော်သောင်းက ယာယီနိုင်ငံကူး လက်မှတ်ပြုလုပ်




**ထိုင်းရောက်မြန်မာအလုပ်သမားအချို့ လုပ်ငန်းခွင်ဝင်နေစဉ်**

သူများအတွက် နှစ်နိုင်ငံအစိုးရ၏ တရားဝင်နှုန်းအရ ထိုင်းတွင်ပြုလုပ်ပါက ဘတ်ငွေ ၅၀၀၊ မြန်မာတွင် ပြုလုပ်ပါက ကျပ်ငွေ ၃၀၀၀ သာကျမည်ဟု သတ်မှတ်ချက်ရှိသော်လည်း အလုပ်သမားတစ်ဦးတကယ့်လက်တွေ့ ကုန်ကျငွေမှာ အနည်းဆုံး ဘတ်ငွေ ၅,၅၀၀ မှ ၇,၀၀၀အထိ ရှိသည်ဟု ဆိုသည်။

"သူဌေးရှိတဲ့အလုပ်သမားတချို့ကတော့ သွားလုပ်နေကြပြီ။ မရှိသေးတဲ့အလုပ်သမားတွေက သူဌေးရှာနေတုန်းပဲ ရှိသေးတယ်။ အလုပ်သမား ထက်ဝက်လောက်က သူဌေးလက်လွတ် ဖြစ်နေတော့ သူဌေးကိုယ်တိုင် ပါလာရမယ်ဆိုတာက ပြဿနာဖြစ်နေတယ်"ဟု ၎င်းက ဘန်ကောက်တွင် ဖြစ်နေသည့် အခြေအနေကို ပြောပြသည်။

အလုပ်သမားများ ကုန်ကျစရိတ်နှင့် အချိန်ကုန်သက်သာစေရန်နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပြီးခဲ့သည့် ဇန်နဝါရီ ၁ ရက်မှစတင်ကာထိုင်းနိုင်ငံ ဘန်ကောက်၊ မဟာချိုင်၊ ချင်းမိုင်၊ စမူပါရာကန်နှင့် ထိုင်းနိုင်ငံတောင်ပိုင်းရှိ စူရဌာနီစသည့် ဒေသ ၅ ခုတွင် ယာယီပတ်စ်ပို့ ထုတ်ပေးရေးရုံးများ ဖွင့်လှစ်မည်ဟု ကြေညာခဲ့သည်။

"ထိုင်းဘက်မှာရှိတဲ့ အင်န်ဂျီအိုတွေ၊ အလုပ်သမားအဖွဲ့တွေက အလုပ်သမားတွေအဆင်ပြေအောင် တောင်းဆိုပေးလို့ရုံး၅ရုံးဖွင့်တယ်" ဟု ဦးကျော်သောင်းက ပြောသည်။သို့သော်ထိုင်းတွင်သတ်မှတ်ရုံးခွဲများ အပြည့်အဝ ဖွင့်လှစ်ခြင်းမရှိသဖြင့် ဇန်နဝါရီ ၆ ရက်က ဘန်ကောက်မှ အလုပ်သမား ၂၀ ကျော် မဟာချိုင်ရှိ ရုံးသို ပတ်စ်ပို့သွားလုပ်ရာတွင်ထိုင်းပုလိပ်က နယ်ကျော်သည်ဟုဆိုပြီး တစ်ဦးလျှင် ဘတ်ငွေတစ်သောင်းကျော်စီဒဏ်ရိုက်ခဲ့သည်။

မြန်မာလုပ်သားတို့အတွက် ယာယီနိုင်ငံကူးလက်မှတ်ကို ထိုင်းနိုင်ငံသားနှင့် တန်းတူအခွင့်အရေးရရေး၊ ကန့်သတ်ချုပ်ချယ်မှု၊ ဖမ်းဆီးမှု၊ လူမှောင်ခိုကုန်ကူးမှု စသည့်တို့မှ ကင်းလွတ်စေရန် နှစ်နိုင်ငံသဘော တူညီမှုဖြင့် ၂၀၀၉ ဇူလိုင်မှ စတင်ကာ ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုင်းသို့မြဝတီ၊ တာချီလိတ်နှင့် ကော့သောင်း နယ်စပ်ဝင်ပေါက်တို့မှသာ သွားရောက်ခွင့်ရှိသည့် ယင်းလက်မှတ်သည် ၆ နှစ်သက်တမ်းဖြစ်ပြီး နေထိုင်ခွင့်ဗီဇာသက်တမ်းကို ထိုင်းဘက်မှ ၂ နှစ်ပေးထားသည်။

ထိုင်း-မြန်မာနယ်စပ်ရှိတာ့ခ်ခရိုင်တွင်ပင် မြန်မာရွှေ့ပြောင်းအလုပ်သမားမှာ စုစုပေါင်း ၄ သိန်းဝန်းကျင် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့မှ ပြောသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

Marketing Manager - ကျား/မ ၃ ဦး၊ Accountant (LCCI Level III) - မ ၃ ဦး၊ Computer Operator - မ ၃ ဦး၊ Office Staff/အရောင်းစာရေး(ဘွဲ့ရ) - ကျား/မ ၅ ဦး၊ Marketing - ကျား/မ ၅ ဦး၊ ယာဉ်မောင်း - ကျား ၃ ဦး၊ Sale Promotor - ကျား/မ ၅ ဦး၊ အရောင်းဝန်ထမ်း (၁၀တန်း) - ကျား/မ ၅ ဦး
စေတနာ၊ **ဖုန်း- ၂၄၃၈၁၉**

-------------------------

Marketing - ကျား/မ ၂ ဦး၊ အိမ်အကူ - မ ၁ ဦး
**ဖုန်း-၅၇၂၂၀၀၊ ၅၇၂၂၇၁**

-------------------------

Cook - ကျား ၂ဦး၊ Cook Helper - ကျား ၃ ဦး
**Zawgyi House Cafe**
**ဖုန်း-၃၈၀၃၉၈၊ ၂၅၆၃၅၅ (လိုင်းခွဲ-၃၀၇၂)**

-------------------------

(အိမ်၊ခြံ၊မြေ)ဥပဒေအကြံပေး (ရှေ့နေ) - မ ၂ ဦး
**ဖုန်း-၀၉-၇၃၁၇၆၉၆၆၊ ၀၉-၅၁၀၇၄၅၄**

-------------------------

သန့်ရှင်းရေးနှင့်ဧည့်ကြို - ကျား၊မ ၁ ဦး
**တက်နေဝန်းဧည့်ရိပ်သာ**
**အမှတ်-၄၀(မြေညီ)၊၂၁လမ်း၊ လသာမြို့နယ်။**

-------------------------

အရောင်းဝန်ထမ်း - မ ၄ ဦး
**7Store Computer**
အမှတ်(၁၆၅/၁၆၇)၊ အနော်ရထာလမ်းနှင့် ၃၄လမ်းထိပ်၊ ကျောက်တံတားမြို့နယ်။

-------------------------

(၁) Marketing Staff - ကျား/မ ၂ဦး၊ (၂) Store ဝန်ထမ်း - မ ၁ ဦး၊ (၃) Sales Promotors - မ ၃ ဦး။
THAR KI NWE CO., LTD
**ဖုန်း-၀၁-၈၅၅၀၁၆၈၊ ၀၉-၇၃၀၉၆၉၅၆**

-------------------------

Japanese Language Instructor - ကျား/မ ၂ဦး
Better Life Education & Career Supporting Centre
**ဖုန်း-၃၈၂၅၂၉၊ ၀၉-၅၁၁၈၈၁၂**

-------------------------

Interested candidates may summit job application with application with: - CV, Copy of NRC
**Tel: 401261, 09-43064296**

-------------------------

(၁)စက်ရုံမန်နေဂျာ - ကျား/မ ၁ ဦး၊ (၂) စာရင်းကိုင် - ကျား/မ ၁ ဦး၊ (၃) စက်ရုံကြီးကြပ်ရေးမှူး - ကျား ၂ ဦး၊ (၄) ယာဉ်မောင်း - ကျား ၂ ဦး
**အမှတ် (၅)၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်။**

-------------------------

Upper Intermediate (or) B.Sc. Eng - ၅ ဦး၊ Account LCCI Level 3 (or) B.Com Eco - ၃ ဦး၊ IT Administer - ၃ ဦး၊ Network Administer - ၃ ဦး၊ IT Support - ၅ ဦး၊ PHP Developer - ၆ ဦး၊ Javar (J2EE) - ၃ဦး
**ဖုန်း-၅၃၂၀၇၈**

-------------------------

အရောင်းဝန်ထမ်း - မ ၁၀ ဦး၊ ယာဉ်မောင်း - ၄ ဦး၊ အယ်ဒီတာ - ၃ ဦး၊ ဂရပ်ဖစ်ဒီဇိုင်နာ - ၃ ဦး
**ဖုန်း-၅၃၅၃၈၆**

-------------------------

စာပြဝန်ထမ်း(အသက်၃၀အောက်)
**ဖုန်း-၀၉-၇၃၀၄၉၅၄၃**

-------------------------

လူသစ်တန်းအဆိုရှင်များကို ရွေးချယ်ကာတေးစီးရီးထုတ်မည်ဖြစ်၍မည်သူမဆိုယှဉ်ပြိုင်နိုင်သည်။ ဗီစီဒီရိုက်ကူးရန် မော်ဒယ်သရုပ်ဆောင်(ကျား၊မ)အလိုရှိသည်။
**ငြိမ်းချမ်းအေးအနုပညာရင်ပြင်**
**ဖုန်း-၀၉-၄၃၁၀၆၅၆၇**

-------------------------

(၁) Marketing Manager - ကျား/မ ၁ ဦး၊ (၂) Sale & Marketing Executive - မ ၁ ဦး၊ (၃) Store Keeper - ကျား ၁ ဦး၊ (၄) Service Staff - ကျား ၁ ဦး၊
**My Home Furniture**
**ဖုန်း-၅၆၉၆၅၆၊ ၅၆၉၆၅၇**

-------------------------

Air-con ကျွမ်းကျင် - ၃ ဦး၊ Air-con Helper - ၅ ဦး၊ ယာဉ်မောင်း - ၁ ဦး
အောင်ချမ်းမြေ့ (လေအေးပေးစက်ရောင်းဝယ်တပ်ဆင်ရေး)
**ဖုန်း-၀၉-၇၃၀၀၄၄၅၆၊ ၀၉-၅၁၀၆၉၁၆**

-------------------------

မန်နေဂျာ(လစာ-၇၀,၀၀၀)၊ POS စာရင်းကိုင်(လစာ-၇၀,၀၀၀)၊ အရောင်းစာရေး(လစာ-၆၀,၀၀၀)
**ဖုန်း-၀၉-၇၃၀၇၇၇၃၃၊ ၀၉-၇၃၀၀၃၃၄၄**

-------------------------

ခြေနင်းစက်ကျွမ်းကျင် - မ ၅ဦး
**ဖုန်း-၀၉-၇၃၀၆၉၇၉၂**

-------------------------

Marketing - M/F 5 Posts
Office Staff - M/F 5 Posts
Special Trip Travles & Tours Co., Ltd
E-Mail: **travelsspecialtrip@gmail.com**
**ဖုန်း-၂၁၀၆၅၆၊၀၉-၇၃၁၁၂၀၇၉**

-------------------------

(၁) ၁၀ တန်းအောင် - ကျား ၁၀ ဦး၊ (၂) Basic DTP, Design သင်ကြားနိုင်သူ - မ ၆ ဦး၊ (၃) AutoCAD 2D, 3D, 3ds Max သင်ကြားနိုင်သူ - ကျား ၂ ဦး၊ (၄) C,C++,C#, Java, PHP, ASP.Net သင်ကြားနိုင်သူ - ကျား ၂ ဦး၊ (၅) သန့်ရှင်းရေးဝန်ထမ်း - မ ၂ ဦး
IT Computer Training Centre
**ဖုန်း- ၂၉၅၆၇၉၊ ၂၉၁၇၉၆**

-------------------------

အဲကွန်း၊ ရေခဲသေတ္တာ(ကျွမ်းကျင်)-ကျား ၁ ဦး
**ဖုန်း-၅၄၁၀၅၃၊၀၉-၇၃၁၄၃၆၃၈**

-------------------------

HR Manager - M/F 1 Post, Admin Officer - M 2 Posts, HR Assistant - F 2 Posts
NIBBEN ELECTRIC & ELECTRONIC
**ဖုန်း-၃၈၉၅၂၃၊ ၅၈၅၁၀၃**

-------------------------

သန့်ရှင်းရေး - မ ၂ဦး
အသက် ၂၅ မှ ၄၀ နှစ်အတွင်းရှိရမည်။ ပညာအရည်အချင်း ၄တန်းအောင်ရမည်။ ကျန်းမာသန်စွမ်း၍ မိမိကိုယ်တိုင်သန့်ရှင်းသပ်ရပ်ရမည်။ လခနှင့်အတူ အခြားခံစားခွင့်များရမည်။
**လပြည့်ဝန်းပလာဇာ(၁၀)ထပ်၊ အလံပြဘုရားလမ်း၊ဒဂုံမြို့နယ်။**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



SWEETY HOME
စပရိန်မွေ့ယာ
I can't sleep without you
15 YEARS WARRANTY
Latex Pocket Spring Mattress
Lavendar Mattress
3D Mattress
A Class Mattress
Deluxe Coconut
Hotel Classic
Yangon Tel:01-535694, 205224
Mandalay Tel:02-65938, 60810, 66373, 34021


# Education

7DAY NEWS JOURNAL

Vol.10, No.47 • FEBRUARY 9 , 2012


## ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားမည်ဆိုလျှင်

**နေလင်းထွန်း**



နိုင်ငံတကာ ကျောင်းသားများ ပညာသင်ယူလိုသော ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် အများဆုံးရှိသော နိုင်ငံများတွင် အမေရိကန်နှင့် ဗြိတိန်တို့မှာ ထိပ်ဆုံးမှပါဝင်သည်။ ယင်းနိုင်ငံများတွင် ပညာသင်ယူခွင့်ရရှိရန် ကျောင်းသားတိုင်း စိတ်ကူးမျှော်လင့်လျက်ရှိကြသည်။ အမေရိကန်နှင့် ဗြိတိသျှတက္ကသိုလ်၊ ကောလိပ်များတွင် ဒီဂရီဘွဲ့သင်တန်း ကျောင်းဝင်ခွင့်ရရှိရန်ပြင်ဆင်ကြိုးပမ်းနေသော မြန်မာကျောင်းသားများအတွက် ကျောင်းဝင်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်သော အချက်အလက်များကို စုစည်းဖော်ပြလိုက်သည်။

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များတွင် ကျောင်းလျှောက်ထားမည့်ကျောင်းသားများ အနေဖြင့် ပညာသင်ဆုရရှိနိုင်မည့် SATစာမေးပွဲကို မေလတွင် စာရင်းပေးသွင်းရမည်ဖြစ်သည်။

www.collegeboard.comမှ တစ်ဆင့် SAT စာမေးပွဲအတွက် စာရင်းပေးချိန်တွင် မည်သည့်ကျောင်းသို့ အမှတ်စာရင်းများ ပေးပို့စေလိုသည်ကို ဖော်ပြရန်အရေးကြီးသည်။ သို့မှသာ မိမိအမှတ်စာရင်းကို ကျောင်းလေးကျောင်းသို့ အခမဲ့ပေးပို့လိမ့်မည်ဖြစ်သည်။

ဖြစ်နိုင်လျှင် SAT (SAT I နှင့် SAT II)စာမေးပွဲများကို ဇွန်၊ ဇူလိုင်လတွင် ပြီးပြတ်အောင်ဖြေဆိုပါ။ သို့မဟုတ်ပါက အထက်တန်းနှင့် အေအဆင့်(နိုင်ငံတကာ တက္ကသိုလ်ဝင်တန်း)တို့၏ ကြားကာလနှင့် အေအဆင့်ပြီးဆုံးချိန်တွင် ဖြေဆိုနိုင်သည်။ မိမိလျှောက်ထားသော ကျောင်းမှ အကြောင်းပြန်ချက်ရရှိမည့် ဇန်နဝါရီ ၁ ရက် မတိုင်မီ အဆိုပါ စာမေးပွဲဖြေဆိုပြီးရန် လိုအပ်သည်။

ဇူလိုင်လတွင် တက္ကသိုလ်၊ ကောလိပ်အမျိုးမျိုးတို့၏ သတင်းအချက်အလက်များကို တတ်နိုင်သမျှ စုစည်းထားပြီး ဆန်ခါတင်စိတ်ဝင်စားသည့် တက္ကသိုလ်အချို့ကို ရွေးချယ်လိုက်ပါ။ အမေရိကန်တက္ကသိုလ်များ၌ ပညာသင်ယူရာတွင် မိမိလေ့လာသင်ယူလိုသော ဘာသာရပ်ကို ရွေးချယ်ဆုံးဖြတ်ရန်မလိုအပ်သေးပါ။ တက္ကသိုလ်ဒုတိယနှစ် ရောက်ချိန်မှ မိမိအထူးပြုလေ့လာမည့် ဘာသာရပ်ကို ကြေညာရမည်ဖြစ်သည်။

ဇူလိုင်-ဩဂုတ်လတွင် မိမိသွားရောက်မည့်ကျောင်းမှကျောင်းလျှောက်ထားမှုပုံစံကို တောင်းယူပါ။ သို့မဟုတ် www. commom-app.org တွင် အွန်လိုင်းမှတစ်ဆင့် ဒေါင်းလုတ်ဒ်လုပ်ယူရမည်ဖြစ်သည်။ အဆိုပါ အွန်လိုင်းလျှောက်ထားမှုပုံစံသည် အမေရိကန် တက္ကသိုလ်များအားလုံးနီးပါး အသုံးပြုနေသောစနစ်ဖြစ်သည်။

အထက်ပါ ဝက်ဘ်ဆိုက်မှတစ်ဆင့် တက္ကသိုလ်၊ ကောလိပ်များသို့ ကျောင်းလျှောက်ထား၍ မိမိအသုံးပြုသောနာမည်၊ လျှို့ဝှက်ကုတ်နံပါတ်တို့ ရရှိမည်ဖြစ်သည်။ မိမိကျောင်းလခများကို အီလက်ထရွန်နစ်စနစ်ဖြင့် ပေးပို့နိုင်သည်။ မိမိဆောင်ရွက်ချက်များနှင့် တတ်ကျွမ်းမှုများ ရေးသားထားသော အက်ဆေးများကို မိမိတက်ရောက်လိုသော ကျောင်းများသို့ ပေးပို့နိုင်သည်။

အကောင်းဆုံး အက်ဆေးများမှာ မိမိအကြောင်းနှင့် မိမိယုံကြည်မှုကို ထင်ဟပ်ပြသနိုင်သော အက်ဆေးများဖြစ်ပြီး မိမိစိတ်ဝင်စားမှုနှင့် နှစ်သက်ခံစားမှုကို အသေးစိတ်ထင်ရှားစွာ ဖော်ပြရေးသားနိုင်ရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် သွားရောက်ပညာသင်ယူရန် ကျောင်းစရိတ်ကြီးမြင့်မှု၊ ကျောင်းဝင်ခွင့်ခက်ခဲမှုတို့ကြောင့် ဗြိတိန်နိုင်ငံသည် မြန်မာကျောင်းသားအများစု ရွေးချယ်ပညာသင်ယူသောနေရာဖြစ်လာသည်။ ပညာသင်ယူခြင်းသာမက အလုပ်အကိုင်အတွက်ပါ ရည်ရွယ်သွားရောက်သူများပြားခဲ့ခြင်းကြောင့် ဗြိတိန်နိုင်ငံတွင် ပညာသင်ယူနေသော မြန်မာကျောင်းသားဦးရေ မြင့်မားလျက်ရှိသည်။ နိုင်ငံတကာကျောင်းသားများအား နေထိုင်အလုပ်လုပ်ကိုင်ခွင့်ဆိုင်ရာ မူဝါဒများ တင်းကျပ်နေခြင်းကြောင့် ဗြိတိန်နိုင်ငံသို့ သွားရောက်ကြမည့် ကျောင်းသားများအနေဖြင့် ပညာရေးကိုသာ ဦးစားပေးစဉ်းစားရန် အကြံပြုတိုက်တွန်းလိုပါသည်။

**စာ(၂၂)သို့**


ynma&;owi;wrsm;


### ပညာရေး၊ကျန်းမာရေး၊နေထိုင်မှုပြပွဲပြုလုပ်မည်

**ရန်ကုန်၊ဇန်နဝါရီ-၃**

ပညာရေး၊ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲကို ဖေဖော်ဝါရီလ ၂၄ရက်မှ ၂၇ရက်ထိ တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ပြပွဲတွင် အင်တာနေရှင်နယ်ကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ဘာသာစကားသင်တန်းများ၊ အိုင်တီပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာအသုံးအဆောင်နှင့် ဆေးဝါးများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာယူကေပညာသင်ဟောင်းများကွန်ရက်ဖွဲ့စည်း

**ရန်ကုန်၊ဇန်နဝါရီ-၃**

ယူကေပညာရေးသင်ယူထားသူများအတွက် မြန်မာ-ယူကေ ပညာတော်သင်ဟောင်းများကွန်ရက်ကို စတင် ဖွဲ့စည်းလိုက်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ သတင်းထုတ်ပြန်လိုက်သည်။ ဗြိတိန်နိုင်ငံတွင်သာမက မြန်မာနိုင်ငံအပါအဝင် ပြင်ပ၌ ယူကေပညာရေးဆည်းပူးခဲ့ပြီး ယူကေတက္ကသိုလ်များမှ ဘွဲ့လက်မှတ်ချီးမြှင့်ခံထားရသူများ ကွန်ရက်တွင်ပါဝင်နိုင်ကြောင်း သိရသည်။ ၎င်းကွန်ရက်အဖွဲ့ဝင်များအတွက် လူမှုရေးနှင့် ပညာရှင်များကွန်ရက် ဆက်သွယ်ရေးအစီအစဉ်များလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

### အမေရိကန်ပညာသင်ဆုအကြောင်းဟောပြောမည်

**ရန်ကုန်၊ ဇန်နဝါရီ-၃**

အမေရိကန်နိုင်ငံတွင် ဒီဂရီဘွဲ့သင်တန်းတက်ရောက်လိုသော ကျောင်းသားများအတွက် ပညာသင်ဆုအခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကိုဖေဖော်ဝါရီလ ၂၂ရက်တွင် အမေရိကန်စင်တာ၌ကျင်းပမည်ဖြစ်သည်။ ပညာသင်ဆုဖြင့် အမေရိကန်နိုင်ငံတွင် ဒီဂရီဘွဲ့သင်တန်းတက်ရောက်လိုသောကျောင်းသားလူငယ်များ လေ့လာဆွေးနွေးနိုင်မည်ဖြစ်သည်။

### အမေ့အလင်းရောင်ပညာဒါနကျောင်း

**ရန်ကုန်၊ဇန်နဝါရီ-၃**

ကော့မှူးမြို့နယ်ရှိအမေ့အလင်းရောင်ပညာဒါနကျောင်းအတွက် ကျောင်းပရိဘောဂပစ္စည်းများလိုအပ်လျက်ရှိကြောင်း အမေ့အိမ်ပညာရေးကော်မတီမှတာဝန်ရှိသူတစ်ဦးကပြောသည်။ စာသင်ကျောင်းဆောင်သစ်အတွက် အလှူငွေလုံလောက်စွာ ရရှိထားပြီဖြစ်သော်လည်း စာသင်ခုံ၊ စားပွဲ၊ ကုလားထိုင်များ လိုအပ်နေခြင်းဖြစ်ကြောင်း သိရသည်။

## ဘွဲ့ရအထွေထွေလုပ်သားများ ဆရာအတတ်သင်တန်း တက်ရောက်ခွင့်အတွက် အသက်ကန့်သတ်ချက် လျှော့ပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊**
**ဇန်နဝါရီ-၃၁**

ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်ထားသည့် ဘွဲ့ရအထွေထွေလုပ်သားများအား မူလတန်းပြဆရာများအဖြစ် ခန့်ထားပေးရန် ဆရာအတတ်သင်တန်း တက်ရောက်ခွင့်အတွက် အသက်ကန့်သတ်ချက် လျှော့ပေါ့ပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးကြူက အမျိုးသားလွှတ်တော်တွင် ပြောကြားသည်။

"ပညာရေးဝန်ကြီးဌာနက ခန့်ထားပြီးသော ဘွဲ့ရအထွေထွေလုပ်သားများကို ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခွင့်ရရှိစေပြီး မူလတန်းဆရာ၊ ဆရာမအဖြစ် ပြောင်းလဲခန့်ထားနိုင်ပါက ၎င်းတို့ဘဝ တက်လမ်းပွင့်လင်းလာမည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက်နှင့်ကျောင်းဝင်ခွင့်စည်းမျဉ်းများ ပြင်ဆင်ချမှတ်ပေးသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သည်။

အသက် ၄၀ မကျော်သေးသော အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက် ၅ နှစ်ပြည့်ပြီးသူ ဘွဲ့ရဝန်ထမ်းများအား ဆရာလိုအပ်သည့်ကျောင်းများသို့ စေလိုရာစေဆန္ဒပြုမည်ဆိုပါက မူလတန်းပြဆရာအဖြစ် ခန့်ထားပေးမည်ဖြစ်ပြီး ခန့်ထားသည့် စာသင်နှစ်တွင် မူလတန်းပြ စာပေးစာယူသင်တန်းကို တက်ရောက်ရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအေးကြူ၏ ရှင်းလင်းဖြေကြားချက်ကို ဇန်နဝါရီလ ၃၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။



လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းများသို့ တက်ရောက်ရန် ပြင်ပဘွဲ့ရများအတွက် အသက် ၂၅နှစ်မကျော်သေးသူဖြစ်ရန်နှင့် ဘွဲ့ရဝန်ထမ်းများအတွက် အသက် ၃၀ နှစ်အစား ၃၂ နှစ်မကျော်သေးသော အမြဲတမ်းဝန်ထမ်းအဖြစ် နှစ်နှစ်ပြည့်ပြီးသူဖြစ်ရန် သတ်မှတ်ထားသည်။ လာမည့် ပညာသင်နှစ်မှ စတင်၍ အသက် ၃၅ နှစ် မကျော်သေးသော ဘွဲ့ရအမြဲတမ်း ဝန်ထမ်းအဖြစ် လုပ်သက် ၂ နှစ်ပြည့်ပြီး၍ ကျန်းမာကြံ့ခိုင်ပြီး အားကစားဝါသနာပါသူများအား အလယ်တန်း (ကာယ)ဆရာအဖြစ် အဆင့်တိုးမြှင့် ခန့်ထားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဆိုသည်။

အခြေခံပညာကျောင်းများမှ အထွေထွေလုပ်သားများ အပါအဝင်အောက်ခြေဝန်ထမ်းများအတွက် ဆရာအတတ် ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းဝင်ခွင့် သတ်မှတ်ချက်လျှော့ပေါ့ပေးရန် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုပြုချက် တင်သွင်းခဲ့ဖူးပြီး၊ နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း နိမ့်ကျမှု မရှိစေရေးအတွက် လက်ရှိအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားထားပြီးနောက် ယခုအမျိုးသားလွှတ်တော်တွင် စည်းမျဉ်းစည်းကမ်းအချို့ လျှော့ချပေးခဲ့ခြင်းဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# ပုဂ္ဂလိကဆရာများအသင်းချုပ် ဖွဲ့စည်းရန်စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ကျူရှင်ဆရာများ၊ ဘာသာရပ်သင်ဆရာများ၊ ကိုယ်ပိုင်သင်တန်းကျောင်းဆရာများဖြင့် ဖွဲ့စည်းမည့် မြန်မာနိုင်ငံပုဂ္ဂလိကဆရာများအသင်းချုပ်ကို တရားဝင်ဖွဲ့စည်း တည်ထောင်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းသွားမည့် မြန်မာနိုင်ငံပုဂ္ဂလိကဆရာများအသင်းချုပ်သည် ဆရာများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ရန်နှင့် နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ဆရာဖြစ်လက်မှတ်များ ရရှိနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လက်ရှိဥက္ကဋ္ဌတာဝန်ယူထားသော ဒေါက်တာဘိုင်အိုက ပြောသည်။

"လက်ရှိအသင်းဝင် ထောင်ဂဏန်းရှိနေပါပြီ။ ရန်ကုန်၊ မန္တလေးနဲ့ပြင်ဦးလွင်က ဆရာ၊ ဆရာမတွေ အများဆုံးပါပဲ။ အခုနွေရာသီမှာပြည်ထဲရေးကိုတင်ဖို့လုပ်ထားတယ်။ တစ်လတစ်ကြိမ် အစည်းအဝေးလုပ်မယ်။ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး ၁၊ ၂ ရှိမယ်။ ဗဟိုကော်မတီဝင်တွေပါမယ်။ ရေရှည်မှာ ဒီမိုကရေစီနည်းနဲ့ပဲ အများသဘောတူရွေးချယ်သွားမယ်။ အမြဲတမ်းအသက်ဝင်နေတဲ့ အဖွဲ့အစည်း ဖြစ်နေရမယ်"ဟု ဒေါက်တာဘိုင်ဘိုကဆိုသည်။

ပုဂ္ဂလိက ဆရာများအနေ ဖြင့် မြို့နယ်ဒေသအချို့တွင် သက်ဆိုင်ရာအသင်းအဖွဲ့အစည်းပုံစံ ဆောင်ရွက်လျက်ရှိသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်တရားဝင်ဖွဲ့စည်းဆောင်ရွက်ထားခြင်း မရှိသေးကြောင်း သိရသည်။ ပြည်ထောင်စုလွှတ်တော်က ၂၀၁၁ ခုနှစ်ဒီဇင်လာလ ၂ ရက်တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကို ပြဋ္ဌာန်းထားပြီး ကိုယ်ပိုင်ကျောင်းဆရာများ၏ အရည်အချင်းနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားပြီးဖြစ်သည်။

# SSA Global Education က ပညာသင်ဆုအပြည့်ပေးမည်

**သီဟ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂**

စင်ကာပူနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖွဲ့၏ လေ့ကျင့်ရေး ဌာနခွဲတစ်ခုဖြစ်သည့် SAA Global Education မှ မြန်မာနိုင်ငံမှကျောင်းသားများအတွက် ၂၀၁၂ ပညာသင်နှစ်အတွက် ၁၀၀ ရာခိုင်နှုန်းပညာသင်ဆုများ ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ပညာသင်ဆုလျှောက်ထားနိုင် သည့် ဘာသာရပ်များမှာ ဒီပလိုမာအတန်းတွင် University of London မှပေးအပ်သည့် Diploma in Economics ဘွဲ့ကြိုအတန်းတွင် BSc(Hons)Accounting,BSc(Hons)Accounting with Law,BSc(Hons)Banking and Finance,BSc(Hons)Business,BSc(Hons)Economic & Management တို့ဖြစ်ပြီး လက် မှတ်ရအတန်းတွင် Certified Accounting Technician/ Foundation in Accounting တို့ဖြစ်သည်။

Diploma in Economic ၏ကျောင်းဝင်ကာလမှ ဩဂုတ်လဖြစ်ပြီး သင်တန်းကာလမှ တစ်နှစ်ဖြစ်သည်။

အလားတူ အခြားဘွဲ့ကြိုဘာသာရပ်များလျှောက်ထားလိုသူများအတွက်လည်း သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဝင်ခွင့်ကာလများရှိကြောင်း သိရသည်။

စိတ်ဝင်စားသည့် ကျောင်းသားများသည်လာမည့်ဖေဖော်ဝါရီ ၁၇ ဆန်းမစ်ပေါ့ခ်ဗျူးဟိုတယ်တွင် ပြုလုပ်မည့် Singapore Education Road Show 2012 တွင်လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

# စာ-၂၁၊ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားမည်ဆိုလျှင် မှ

ကျောင်းမလျှောက်ထားမီ ယူကေပြည်ဝင်ခွင့်အဖွဲ့အစည်း (UKBA)မှ ထုတ်ပြန်ထားသည့် ကျောင်းသားဗီဇာရရှိမည့် ကျောင်းစာရင်းတွင် မိမိလျှောက်ထားမည့်ကျောင်းပါဝင်ခြင်း ရှိမရှိကို www.ukba.homeoffice.gov.uk တွင် ဝင်ရောက်စစ်ဆေးရမည်။

ဗြိတိန်ပညာရေးနှင့် အကျွမ်းတဝင်ရှိနေစေရန် www.educationuk.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာသင့်သည်။ ယူကေကျောင်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် သိရှိနိုင်ရန် ဖန်တီးထားသည်။

မိမိသွားရောက်ပညာသင်ယူရန် ရည်မှန်းထားသောလမတိုင်မီ တစ်နှစ်ခန့်ကြိုတင်၍ မိမိနှင့်ကိုက်ညီမည့်ကျောင်းကို ရှာဖွေထားသင့်သည်။ ကျောင်းဝင်ခွင့်လျှောက်ထားရာတွင် ကျောင်းသားကိုယ်ရေးအချက်အလက်များကို UCAS(Universities & Colleges Admissions Service) မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်သည်။

UCAS နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို www.UCAS.comတွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

အောက်စ်ဖို့နှင့်ကန်းဘရစ်ချ်ကဲ့သို့တက္ကသိုလ်ကြီးများသည်ကျောင်းဝင်ခွင့် လျှောက်ထားပြီးပါက ရေးဖြေစာမေးပွဲ ဖြေဆိုရန် လိုအပ်မည်ဖြစ်သည်။ မိမိလျှောက်ထားသော တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက လူတွေ့အင်တာဗျူးစစ်ဆေးလိမ့်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံရှိ ထိပ်တန်းတက္ကသိုလ်များသို့ ကျောင်းဝင်ခွင့် ရရှိရန် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားရုံနှင့်လုံလောက်မည်မဟုတ်ဘဲ IGCSE အေ အဆင့်နှင့်ညီမျှသော ပညာအရည်အချင်းရှိထားရမည်ဖြစ်သည်။ အဆိုပါအရည်အချင်းနှင့်မပြည့်မီသောကျောင်းသားများအနေဖြင့်ကောလိပ်ကျောင်းများတွင် ဒီပလိုမာအဆင့်သင်တန်းများကိုသာ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အမေရိကန်နိုင်ငံနှင့်ဗြိတိန်နိုင်ငံတို့တွင်နိုင်ငံတကာအဆင့်ပညာရေး လေ့လာသင်ယူလိုသည့်မြန်မာကျောင်းသားများအနေဖြင့် အင်တာနက်ဝက်ဘ်ဆိုက်များမှတစ်ဆင့် သတင်းအချက်အလက်များ လေ့လာစုဆောင်းနိုင်သည်။ ထို့ပြင် ပြည်တွင်း၌ ဗြိတိသျှကောင်စီနှင့် အမေရိကန်စင်တာတို့တွင် ပညာရေးဆိုင်ရာဆွေးနွေးဟောပြောပွဲများ၊ ၎င်းနိုင်ငံများတွင် ပညာသင်ယူခဲ့သော ကျောင်းသားများထံမှ မေးမြန်းလေ့လာသိရှိနိုင်မည်ဖြစ်သည်။

Ref;Brightsparks

ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

**အမှတ်(၂၄၉)၊ 2B,3B,5B,6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊**
**အမှတ်(၂၅၁)၊ (3A,6B,7B ထပ်)၊ ဗားဂရာလမ်းမကြီး၊** ] ကပ်လျက်တိုက်
**မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**(မြေနီကုန်း-ဝမုန်းပွင့်ကုန်တိုက်အနီး)**
**ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀**
(Open 7:00 am to 7:00 pm) ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ ဈေးကွက်ရှိ ဆေးသက်သက်ကို ရှေ့မရှုပါ။ သက်သာသော နှုန်းထားသာ သတ်မှတ်ထားပါသည်။
- ဝန်ဆောင်ခပေးစရာမလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး အမှတ်(၂၄၉) 3B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်ပါသည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့**ကိုလာခဲ့ပါ။

**(I) တစ်လပြတ်အထူး (တစ်ပတ်ငါးရက်)**
**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**
အပတ်စဉ် (၁၉၂၇) ၁၄-၂-၂၀၁၂ စမည်။(Mon to Fri)
အပတ်စဉ် (၁၉၂၈) ၁၅-၂-၂၀၁၂ စမည်။(Mon to Fri)
အပတ်စဉ် (၁၉၂၉) ၁၆-၂-၂၀၁၂ စမည်။(Mon to Fri)

**(II) နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်)**
**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**
အပတ်စဉ် (၁၉၃၀) ၁၁-၂-၂၀၁၂ စမည်။ (Sat ~ Sun)
အပတ်စဉ် (၁၉၃၁) ၁၄-၂-၂၀၁၂ စမည်။ (Tue ~ Wed)
အပတ်စဉ် (၁၉၃၂) ၁၆-၂-၂၀၁၂ စမည်။ (Thur ~ Fri)

**(III)သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်)ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**
အပတ်စဉ် (၁၉၃၃) ၁၁-၂-၂၀၁၂ စမည်။ (Sat Only)
အပတ်စဉ် (၁၉၃၄) ၁၂-၂-၂၀၁၂ စမည်။ (Sun Only)

**(IV)နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ**
**(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ်**
အပတ်စဉ် (၁၉၃၅) ၁၅-၂-၂၀၁၂ စမည်။(Mon to Fri)

**(V)သားဖွားမီးယပ်(၃)လ ဒီပလိုမာ**
**(ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှု)**
အပတ်စဉ် (၁၉၃၆) ၁၃-၂-၂၀၁၂ စမည်။(Sat,Sun,Mon,Tue,Wed)

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့်အချိန်များ**
(I) 7:00 am to 9:00 am (V) 11:00 am to 02:00 pm
(II) 8:00 am to 11:00 am (VI) 12:00 pm to 03:00 pm
(III) 9:00 am to 12:00 pm (VII) 01:00 pm to 04:00 pm
(IV) 10:00 am to 01:00 pm (VIII) 05:30 pm to 07:30 Pm
**မှတ်ချက်**-ရန်ကုန်တိုင်းအတွင်း အိမ်အရောက် သီးသန့်သင်တန်းများလည်း ရှိပါသည်။

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
အလယ်တန်း အထက်တန်း ဘွဲ့ကြို ဘွဲ့ရများ အားလုံး အတွက်
ဂုဏ်ထူး ဦးအောင်ခိုင်
Basic Grammar — စာအုပ်အသစ် (ထွက်ပါပြီ)
Grammar & Essay — နွေသင်တန်း (မတ်-၁၄)
၂၇၂-ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ Tel : 01-252 919, 09-430 85263

2800 MEMBERS
ACROSS 11 INDUSTRY GROUPS
WITH NETWORKING OPPORTUNITIES
GET A RECOGNISED OVERSEAS DEGREE
SAME DEGREE AS CONFERRED ON CAMPUS
FAST TRACK TO A DEGREE IN LESS THAN 3 YEARS
WHY STUDY @ SMa Institute of Higher Learning
OVER 200
PROGRAMMES TO CHOOSE FROM
TAUGHT BY FACULTY STAFF FROM PARTNER UNIVERSITIES AND LOCAL ACADEMIA WHO ARE ALSO PRACTITIONERS
ALL DIPLOMAS ARE ENDORSED BY 11 INDUSTRY GROUPS
FROM SINGAPORE MANUFACTURERS' FEDERATION

MASTER'S DEGREE
Business Administration (International)
BACHELOR'S DEGREE
Commerce*
Business
Communication*
Information Technology
DIPLOMA
Business Administration
Business Management
Mass Communication
Information Technology
CERTIFICATE
Academic English
Foundation Studies

FREE SEMINAR
(Meet our Singapore representative there)
Date : 12 February 2012 (Sunday)
Time : 2.00pm - 4.00pm
Venue : Konbaung Tagaung Room Traders Hotel (Level 3)

Contact Our Representative TODAY!
AT&S
Bldg(5), Room(4), Myanmar Info-Tech
Hlaing University Campus,
Hlaing Township, Yangon
01-652 288 / 01-521 125

APRIL & JULY INTAKE OPEN NOW
MAY* & JULY INTAKE OPEN NOW

Partners of SMa Institute:
AUSTRALIA ECU EDITH COWAN UNIVERSITY
Murdoch UNIVERSITY PERTH WESTERN AUSTRALIA
Awarded:
edutrust SINGAPORE

# Technology

7 DAY NEWS JOURNAL

Vol.10, No.47 • FEBRUARY 9 , 2012


## မိုဘိုင်းဖုန်းလိုင်းများ ပိုကောင်းရန် သုံးစွဲသူများ မျှော်လင့်

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၄**

အချိန်ကြာမြင့်စွာဖြစ်ပေါ်နေသည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းလိုင်း ကျပ်တောက်မှုပြဿနာများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆက်သွယ်ရေးဝန်ဆောင်မှုအသစ်များကို တိုးချဲ့နေချိန်ကာလအတွင်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်ကို သုံးစွဲသူများက မျှော်လင့်နေကြောင်း ပြည်တွင်းဖုန်းအသုံးပြုသူများကပြောသည်။

ပြည်တွင်း၏ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းလိုင်းများသည် မကြာခဏလိုင်းကျပ်ခြင်းများ၊ လိုင်းဆွဲအားမကောင်းမွန်ခြင်းများကို ကြုံတွေ့နေကြရသဖြင့် အစိုးရက ဆက်သွယ်ရေးကဏ္ဍတွင် ယခင်ထက်ပိုမိုကောင်းမွန်သည့် စနစ်များသို့ ပြောင်းလဲဝန်ဆောင်မှုပေးနေချိန်တွင် အဆိုပါဂျီအက်စ်အမ်လိုင်းပြဿနာကိုပါ ဖြေရှင်းပေးနိုင်ရန် ဆန္ဒရှိနေကြခြင်းဖြစ်သည်ဟု သိရသည်။

"အခုဆို ဆက်သွယ်ရေးကဏ္ဍကို အစိုးရက တစ်ဆင့်ချင်းဖြေလျှော့ပေးနေတယ်။ ဒီအချိန်အတွင်းမှာ ကျွန်တော်တို့ ဆယ့်ငါးသိန်းဂျီအက်စ်အမ်ဖုန်းသမားတွေ အပါအဝင်ဂျီအက်စ်အမ်ဖုန်းအားလုံးကြုံနေရတဲ့ လိုင်းမမိတဲ့ပြဿနာ၊ ဘေးချင်းကပ်ခေါ်နေတာတောင် ရေီယာပြင်ပဆိုတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးစေချင်ပါတယ်" ဟု အသက် ၃၅နှစ်အရွယ် ပုဂ္ဂလိကမိုဘိုင်းဖုန်းကုမ္ပဏီတစ်ခုမှ အမျိုးသားဝန်ထမ်းတစ်ဦးက ၄င်း၏အမြင်ကိုသုံးသပ်ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးအနေဖြင့် ယခုကဲ့သို့ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ၏ လိုင်းကျပ်ခြင်း၊ လိုင်းကျခြင်းပြဿနာများတွင် တရားမဝင် Repeater များကို တပ်ဆင်အသုံးပြုနေကြသူများရှိနေခြင်းကြောင့်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီတရားမဝင် ရီပိတာတွေကြောင့်ချည်း လိုင်းတွေကျပ်တာမဟုတ်ပါဘူး။ တခြားအကြောင်းအရင်းတွေလည်းအများကြီးရှိပါသေးတယ်။ ဒီရီပိတာတွေကတော့ လိုင်းကျပ်ရခြင်းရဲ့ တစ်စိတ်တစ်ပိုင်းပေါ့" ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

ထို့ကြောင့် အကြောင်းအမျိုးမျိုးကြောင့်လိုင်းကျပ်နေသည့် အဆိုပါ ဂျီအက်စ်အမ်ဖုန်းလိုင်းများသည် ယခုလက်ရှိတွင် ဆောင်ရွက်နေပြီဖြစ်သည့် တန်ဖိုးနည်းဖုန်းအလုံးရေ လေးသန်းအတွက် (ပထမနှစ်စီမံကိန်း) တာဝါတိုင်တည်ဆောက်မှုများ ပြီးစီးပါက ကောင်းမွန်လာမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

"လိုင်းတွေမကျပ်အောင် နည်းပညာပိုင်းတွေကိုလည်း အဆင့်မြှင့်တာတွေလုပ်နေတယ်။ ပြီးတော့ ရီပိတာတွေကိုလည်း မသုံးဖို့လိုပါတယ်။ ရီပိတာသုံးတဲ့သူတွေရှိနေလို့ ကျန်တဲ့သူတွေရဲ့ ဖုန်းတွေက လိုင်းကျပ်နေတာတွေဖြစ်လာရတာ" ဟု အထက်ပါလုပ်ငန်း၏ အခြားတာဝန်ရှိသူတစ်ဦးကလည်းဆိုသည်။

မြန်မာ့ဆက်သွယ်ရေးအနေဖြင့် ယင်းကဲ့သို့ တရားမဝင် GSM Repeater သုံးစွဲသူများကို သတိပေးသည့်အနေဖြင့် ဂျီအက်စ်အမ်ဖုန်းအသုံးပြုသူအများစုသို့ သတိပေးစာတိုများ ပေးပို့ခြင်းကိုလည်း ပြီးခဲ့သည့်ရက်သတ္တပတ်အနည်းငယ်က ဆက်တိုက်ပြုလုပ်ခဲ့သည်။

## အော်တိုဖုန်းများ ပြည်ပခေါ်ဆိုခ လျှော့ချမည်

**နေလင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

မိုဘိုင်းဖုန်းများထက် ပြည်ပခေါ်ဆိုခ မြင့်မားလျက်ရှိသည့် အော်တိုတယ်လီဖုန်းများ၏ ပြည်ပအတွက် ခေါ်ဆိုခများအား လျှော့ချပေးသွားတော့မည်ဖြစ် ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးက္ကဒ္ဒိလှကပြောကြားသည်။



ပြည်တွင်း၌ တပ်ဆင်အသုံးပြုလျက်ရှိသည့် အော်တိုတယ်လီဖုန်းများ၏ ခေါ်ဆိုခများမှာ မိုဘိုင်းများထက်များပြားနေခြင်းကြောင့် ပြောင်းလဲပေးရန် စီစဉ်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

"ဖေဖော်ဝါရီလကုန်မှာ လျှော့ချပေးသွားဖို့ အတည်ပြုထားပါတယ်။ မကြာခင်ကြေညာပေးသွားမှာပါ" ဟုဦးက္ကဒ္ဒိလှက ဇန်နဝါရီ ၂၉ ရက်တွင် ပြုလုပ်ခဲ့သည့် ၅၀၀၀ ကျပ်တန်ဖုန်းလုပ်ငန်းစဉ် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားသည်။

**စာ(၂၄)သို့**

## ဆက်သွယ်ရေးဆိုင်ရာဥပဒေမူကြမ်း ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်၍ ရွှေ့နေချုပ်ရုံးသို့ တင်ပြထား

**နေလင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

အသစ်ပြန်လည်ပြဋ္ဌာန်းမည့် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေမူကြမ်းအား ယခုကာလတွင်ဝန်ကြီးဌာနမှ ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ထားပြီး ရွှေ့နေချုပ်ရုံးသို့ စိစစ်အတည်ပြုရန် ထပ်မံတင်ပြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပထမအကြိမ် ရွှေ့နေချုပ်ရုံးကို တင်ပြထားတဲ့ မူကြမ်းက ပြီးခဲ့တဲ့နှစ် ဇူလိုင်မှာ ကျွန်တော်တို့ကို ပထမဆုံးအကြိမ် ပြန်ကြားပေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ပြင်ဆင်ဖြည့်စွက်ပြီး ရွှေ့အပတ်ထဲမှာ ပြန်ပို့ပါမယ်။ တကယ်လို့ ဒီမူကြမ်းကို ရွှေ့နေချုပ်ရုံးက ပြင်ဆင်ဖြည့်စွက်တာ မရှိတော့ဘူးဆိုရင်တော့အဆင့်ဆင့်နဲ့လွှတ်တော်အထိ တင်သွားမှာပေါ့" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးက္ကတိလှက ရွှေပြည်တံခွန်နှင့်တွေ့ဆုံရှင်းလင်းပွဲတွင်သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ ဥပဒေမူကြမ်းမှာ ၂၀၀၉ ခုနှစ် ဇူလိုင်အတွင်း ပြည်ထောင်စုရွှေ့နေချုပ်ရုံးသို့ ပထမဦးဆုံးအကြိမ် သဘောထားမှတ်ချက်တောင်းခံတင်ပြထားခြင်းဖြစ်ပြီး ယခုရေးဆွဲလျက်ရှိသည့် ဥပဒေမူကြမ်းတွင် ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပကုမ္ပဏီများ ရင်းနှီးမြှုပ်နှံခွင့်နှင့် ပတ်သက်သည့် အချက်အလက်များပါဝင်ကြောင်း သိရသည်။

ပုဂ္ဂလိကကဏ္ဍတွင် ယခု ရွှေပြည်တံခွန်မှတင်သင်းသည့်အဆိုကဲ့သို့ ပုဂ္ဂလိက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့်များ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။















# ရှစ်နှစ်သား facebook


Photo - Getty Images

**နယူးယောက်၊ ဖေဖော်ဝါရီ- ၅**

လူမှုဆက်သွယ်ရေးကွန်ရက်ဝက်ဘ်ဆိုက် Facebook အား မာ့ခ်ဇူကာဘက်အပါအဝင်သူငယ်ချင်းလေးဦးက ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ကန်းဘရစ်ချ်တက္ကသိုလ်၌ကျောင်းသားများ တစ်ယောက်နှင့် တစ်ယောက် မိတ်ဆက်နိုင်ရန် စတင်ထူထောင်ခဲ့ရာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာတစ်ဝန်း၌ Facebook သုံးစွဲသူပေါင်း ၈၄၅ သန်းအထိ ရှိလာပြီဖြစ်သည်။

ကုမ္ပဏီအား စတင်ထူထောင်ချိန်တွင် မာ့ခ်ဇူကာဘက်မှာ ၁၉ နှစ်အရွယ်သာရှိသေးပြီး ယခုအခါ ကုမ္ပဏီသက်တမ်းရှစ်နှစ်ကြာမြင့်လာချိန်တွင် ၎င်းမှာ Facebook ၏ အမှုဆောင်အရာရှိချုပ်ရာထူးရယူထားကာ ကန်ဒေါ်လာ ၁၇ဒသမ ၅ ဘီလီယံချမ်းသာနေပြီဖြစ်သည်။ ကုမ္ပဏီကို ပူးတွဲတည်ထောင်ခဲ့သူ သူငယ်ချင်းသုံးဦးမှာ အမှုဆောင်အရာရှိရာထူးများတွင် မပါဝင်တော့ဘဲ ရှယ်ယာရှင်များအဖြစ်သာ ရှိနေသည်။

ကယ်လီဖိုးနီးယားပြည်နယ် Palo Alto ဒေသတွင် အခြေစိုက်ထားသော ကုမ္ပဏီမှာ ၂၀၁၁ ခုနှစ်တွင် အသားတင်ဝင်ငွေ ကန်ဒေါ်လာ ၆၆၈သန်းရရှိခဲ့ပြီး ပုဂ္ဂလိကပိုင်ကုမ္ပဏီအဖြစ်သာ ရပ်တည်နေသေးရာ အများပိုင်ကုမ္ပဏီဖြစ်ရန်အတွက် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ အမေရိကန် Security and Exchange Commissionသို့ လျှောက်ထားလိုက်ပြီဖြစ်သည်။ အများပြည်သူသို့ ကနဦးရှယ်ယာရောင်းချခြင်း(IPO)မှ ကန်ဒေါ်လာ ၅ ဘီလီယံရရှိမည်ဟု ခန့်မှန်းထားပြီး ယင်းမှနေ၍ ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးဖြင့် မတည်ငွေမှာ ကန်ဒေါ်လာ ၁၀၀ ဘီလီယံ အထိရောက်ရှိမည်ဟုခန့်မှန်းထားသည်။

*—Ref: Internet*




## အိုင်စီတီလက်တွေ့စမ်းသပ်ခန်း တိုးချဲ့ဖွင့်လှစ်

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၃**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)သည်နည်းပညာဆိုင်ရာလက်တွေ့ စမ်းသပ်မှုများကို ပြုလုပ်လိုသူများအတွက် ၎င်းတို့၏လက်တွေ့စမ်းသပ်ခန်းဖြစ်သည့် ICT LAB (Laboratory) ကို နေ့စဉ်အသုံးပြုနိုင်ရန် တိုးချဲ့ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခင်က ကွန်ပျူတာဆိုင်ရာပညာရှင်များက တစ်ပတ်တစ်ကြိမ်ခန့် ထိုစမ်းသပ်ခန်းတွင် အိုင်စီတီဆိုင်ရာဘာသာရပ်များကို လက်တွေ့ပို့ချသင်ကြားရာမှ နေ့စဉ်အသုံးပြုနိုင်ရန် တိုးချဲ့ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည်။

MCPA အနေဖြင့် ယခုကဲ့သို့ ၎င်းတို့၏လက်တွေ့စမ်းသပ်ခန်းကို နေ့စဉ်အသုံးပြုနိုင်ရန်အတွက် တိုးချဲ့လိုက်ရခြင်းမှာ အသင်းသားများနှင့် ကွန်ပျူတာဘာသာရပ်များကို လေ့လာလိုက်စားသူများ ICT ဆိုင်ရာ လုပ်ငန်းခွင်များတွင် အထောက်အကူဖြစ်စေရန်ဖြစ်ကြောင်း အသင်း၏တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးအောင်စိုးမိုးက ပြောသည်။

လာမည်ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ နေ့စဉ်အသုံးပြုနိုင်တော့မည့် အဆိုပါ MCPA LAB ကို အသုံးပြုလိုသည့် မည်သူမဆို အသင်းသို့ အသုံးပြုခ ကျပ်နှစ်ထောင်ပေးသွင်းရမည်ဖြစ်သည်။

လက်တွေ့စမ်းသပ်မှုအတွက် လိုအပ်မည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များ၊ သင်ခန်းစာများနှင့် နည်းပညာပစ္စည်းများကို MCPA မှ အခမဲ့သုံးစွဲခွင့်ပြုခွင့်ပေးသွားမည်ဟုလည်း LAB ၏ အခြားတာဝန်ရှိသူတစ်ဦးဖြစ်သော ဦးရဲကျော်သိန်းကပြောသည်။

အဆိုပါ လက်တွေ့စမ်းသပ်ခန်းတွင် နည်းပညာဆိုင်ရာများကို စမ်းသပ်မှုများပြုလုပ်လိုသူများအနေဖြင့် အသင်းသို့ တစ်ရက်ကြိုတင် စာရင်းသွင်းကာ နေ့လယ် ၁ နာရီမှ ညနေ၅ နာရီအထိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

MCPA ၏ နည်းပညာဆိုင်ရာ လက်တွေ့စမ်းသပ်ခန်းကို ၂၀၁၀ ဩဂုတ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

### ဓာ(၂၃) - အော်တိုဖုန်းများ ပြည်ပခေါ်ဆိုခ လျှော့ချမည် မှ

အလားတူပြည်ပအထွက်ခေါ်ဆိုရာတွင် နိုင်ငံတကာ အင်တာနက်ဖုန်းများဖြစ်သည့် Skype, Pfingo ကဲ့သို့သော NOIP ဖုန်းများထက် တန်ဖိုးနှုန်းသက်သာမည့်ရတနာပုံတယ်လီပို့စ်၏ YTalk အမည်ရှိ အင်တာနက်ဖုန်းဝန်ဆောင်မှုကိုလည်း ယခုလအတွင်း စတင်မည်ဟု ၎င်းကပြောကြားခဲ့သည်။

အော်တိုတယ်လီဖုန်းများ၏ ပြောင်းလဲလျှော့ချပေးသွားမည့် နှုန်းများအား မကြာမီကာလအတွင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ဖွင့်ရန်အသင့်ရှိနေသော ရတနာသိုက်များ


**ဒေါ်ရှယ်လီနန်းဟွမ်လိတ်**

ကျွန်မဒီဆောင်းပါးကို ရေးဖို့ ကြံရွယ်နေတာ ကြာပါ ြ ပ ိ ။ အလုပ်တစ်ပြီးတစ်ခု ပေါ်လာတာရယ် ယာယီခရီးတိုလေးတွေ ပေါ်လာတာရယ်ကြောင့် နေ့ရွှေ့ ညရွှေ့နဲ့ မရေးဖြစ်တာပါ။ ဒီနေ့မှ Voice ဂျာနယ်ထဲမှာ ဆရာဒေါက်တာအောင်ထွန်းသက်ဆောင်းပါး ထဲက ကျွန်မရဲ့ဆန္ဒနဲ့ထပ်တူဖြစ်တဲ့ တက္ကသိုလ်အဆောင်များပြန်ပေါ်ပေါက်လာရေးရယ်၊ နိုင်ငံခြား ပညာတော်သင်များများ လွှတ်ဖို့၊ ကျွမ်းကျင်သူများခေါ်လာပြီး ပညာတတ်ဖြစ်စေဖို့စသည်တို့ကို ဖတ်လိုက်ရပါတယ်။ ရာနှုန်းပြည့်လည်း ထောက်ခံပါတယ်။ ဒါပေမဲ့ ဖြည့်စွက်ချင်တာလေးလည်း ရှိတာနဲ့ ဒီဆောင်းပါးကို ရေးဖြစ်သွားပါတယ်။

စနစ်တစ်ခုနဲ့တစ်ခုအကူး အပြောင်းမှာ ပြင်ဆင်ကြတာတွေ ဆွေးနွေးကြတာတွေဟာ စိတ်ဝင်စားဖို့ ကောင်းသလို စိတ်လှုပ်ရှားဖို့လည်း အင်မတန်ကောင်းပါတယ်။ ဘာတွေများဖြစ်လာမလဲ၊ ဘယ်တွေက ဆောင်ရွက်နေကြသလဲ စသဖြင့် မျှော်တလင့်လင့် အရသာလေးနဲ့ စောင့်မျှော်ရတာပေါ့။ အခုတလော ဆက်တိုက်ပေါ်ပေါက်နေတဲ့ ပညာရေးလောက အပြောင်းအလဲအတွက်လည်း ဒီလိုပဲ စိတ်ဝင်စားစရာပါပဲ။ ပုဂ္ဂလိက ကျောင်းဥပဒေတွေ ထွက်လာမယ်လို့ကြားလိုက်၊ ပါမောက္ခတွေ ပညာရှင်တွေ ဆွေးနွေးပွဲလုပ်လိုက်၊ စာစောင်တွေထဲမှာ ဒီလိုဆိုရင် ပိုကောင်းပါမယ်၊ ဒီဟာကိုတော့ မမေ့ပါနဲ့စသဖြင့် အကြံပြုချက် အမျိုးမျိုးကိုလည်း တွေ့လိုက်ဖတ်လိုက်ရပါတယ်။


ဒီလိုဖတ်ရင်းနဲ့ပဲ ကျွန်မအတွေးတစ်ခု ပေါ်လာပါတယ်။ ကျွန်မတို့ရဲ့ အရိုးထဲစွဲနေတဲ့ အတွေးအခေါ်တစ်ခုက ဘာပဲလုပ်လုပ် အတွေ့အကြုံ အရင့်ဆုံး၊ အမြင့်ဆုံး ပညာရှင်တွေနဲ့ ပုံစံဟောင်းကို ပြုပြင်ဖြည့်စွက်လိုက်တာကို အကောင်းဆုံး အပြည့်စုံဆုံးလို့မှတ်ယူခြင်းပါပဲ။ အဲဒီတော့ ပါဝင်ဆွေးနွေးလုပ်ဆောင်သူ အများစုဟာလည်း အသက်အရွယ် ၅၀ တန်းကနေ ၇၀-၈၀ တန်းအထိ ပါဝင်တာပေါ့။ သက်ကြီးပညာရှင်တွေဆိုတော့ အမှားအယွင်းနည်းပါတယ်။ ကျွန်မကိုယ်တိုင်လည်း ဒီအုပ်စုပဲဆိုတော့ ဒီလိုပဲ ယူဆတာပေါ့လေ။ ဒါပေမဲ့ နိုင်ငံခြားသားတွေနဲ့ အလုပ်လုပ်ရင်းကနေ အမြင်သစ်တစ်ခု ရလာပါတယ်။ ဒါကဘာလဲဆိုတော့ အမြဲတမ်းသမားရိုးကျလမ်းကိုပဲမလိုက်ပါနဲ့။ ဒါဆိုရင် လမ်းသစ်တစ်ခု အတွေးအခေါ်သစ်တစ်ခု ဖောက်ထွက်လာဖို့မရှိနိုင်ဘူးလို့ယူဆကြတယ်။ သူတို့က အမြဲတမ်းဘာကို အားပေးလဲဆိုတော့ နုပျိုလန်းဆန်းတဲ့ အတွေးသစ်၊ အမြင်သစ်ရယ်၊ Thinking outside the box ဆိုတာရယ်ကို အားပေးပါတယ်။ ပုံစံခွက်ဟောင်းထဲက နေထွက်ပြီး အမြင်သစ်တစ်မျိုး၊ ဒေါင့်တစ်မျိုးကနေ စဉ်းစားပြီး လမ်းသစ်တွင် ပါလို့ဆိုလိုတာပေါ့။

ဥပမာအားဖြင့် nine dots puzzle ဆိုတာနဲ့ ရှင်းပြပါရစေ။ ဒီလိုအစက် ၉ စက်ကို မျဉ်းလေးကြောင်းနဲ့ အစက်အားလုံးကို ဖြတ်ပြီး ဆက်ကြည့်ပါလို့ဆိုရင် လေးဒေါင့်ဘောင်ထဲကနေ စဉ်းစားပြီးလုပ်ကြည့်တော့ ခက်သယောင်ယောင်ပါပဲ။ အဲဒီလေးဒေါင့်ဘောင်ကနေ ဖယ်ခွာပြီး တစ်မျိုးစဉ်းစားဆက်လိုက်ရင် ဒီအတိုင်းရပါမယ်။ ဒါက thinking



outside th box ဆိုတဲ့ theory သဘောတရားပါပဲ။ နိုင်ငံတကာမှာ အရမ်းရေပန်းစားတဲ့ အတွေးအခေါ် ပေါ့။

ဒီလိုရှည်ရှည်ဝေးဝေး ဥပမာနဲ့ပြနေရတာက သမားရိုးကျနည်းတွေသုံးပြီး ပြဿနာတစ်ခုကို အဖြေရှာတဲ့အခါ အဖြေကအလွယ်တကူနဲ့ တွေ့ချင်မှတွေ့တာလေ။



တွေ့ပြန်တော့လည်း စိတ်တိုင်းကျဖြစ်ချင်မှဖြစ်တတ်တာမို့ "သေတ္တာထဲက ထွက်ပြီးစဉ်းစားကြပါစို့" လို့ လှုံ့ဆော်ချင်တာပါ။

ပညာရေးစနစ်သစ်ကို ဖော်ဆောင်တဲ့အခါမှာလည်း ဒီလိုအတွေးအခေါ်ပုံစံဟောင်းနဲ့စဉ်းစားရင် ထင်သလောက် ခရီးမပေါက်တတ်ဘူးလေ။ မြန်မြန်နဲ့ အမှန်ကန်ဆုံး၊ အကောင်းဆုံးလမ်းပေါ်ရောက်မှ ဖြစ်မယ်။ ဒီတစ်ခါ အမှားလည်း မခံနိုင်တော့ဘူးလေ။ အဲဒါကြောင့် စည်းကမ်းတစ်ခု ညွှန်ပါရစေ။ သမားရိုးကျအုပ်စု သမားရိုးကျအတွေးမျိုး မဟုတ်လို့ ရုတ်တရက် လက်မခံနိုင်ရင်လည်း အချိန်ယူပြီး ဖြည်းဖြည်းစဉ်းစားကြည့်ပါဦးလို့ တာဝန်ရှိသူများကို ပန်ကြားပါရစေ။

ခါတိုင်းလိုပညာရှိပါမောက္ခဟောင်းများ၊ ပါမောက္ခသစ်များ အလွှာသီးသီးမှ ပညာရှင်များကို တာဝန်ပေးပြီး စနစ်သစ် ပညာရေးအတွက် အကြံပေးလွှာများ သင်ရိုးညွှန်းတမ်းများ ပြန်လည်ရေးဆွဲခိုင်းခြင်းသည် အင်မတန်ကောင်းတဲ့ အစဉ်အလာပါ။ တလေးတစား တန်ဖိုးထားပါတယ်။ အဲဒါက သမားရိုးကျ သေတ္တာလေးထဲက ဖြစ်ရိုးဖြစ်စဉ်ပေါ့။ ဒါကိုတော့ ပစ်ပယ်စရာ မကောင်းမပါဘူး။ သို့သော်လည်း အတွေးသစ် အကြံသစ်စိတ်ကူးစိတ်သန်း အသစ်လေးများရရင် ပိုကောင်းမယ်ထင်လို့ အခုအကြံတစ်ခုချပြပါရစေ။

ခေတ်တွေစနစ်တွေဟာ နာရီနဲ့အမျှ ပြောင်းလဲနေပါတယ်။ ကျွန်မတို့ မြန်မာပြည်အနေနဲ့လည်း လမ်းမှန်လမ်းသစ်ပေါ် အချိန်မဆိုင်းရောက်စေချင်လှပါပြီ။ အဲဒီတော့ အဖက်ဖက်က အကြံပြုမှုတွေကို လက်ခံစဉ်းစားဖို့လည်း နှိုးဆော်လိုက်ချင်တာပါ။ ကျွန်မဒီဆောင်းပါး ခေါင်းစဉ်တပ်ထားသလိုပဲ "ဖွင့်ရန်အသင့်ရှိနေတဲ့ ရတနာသိုက်များ"ကို လမ်းညွှန်လိုက်ချင်ပါတယ်။

ကမ္ဘာ့နိုင်ငံတကာမှာ Fulbright Scholars, Habert Humphrey Scholars တွေဆိုတာ လူတကာတန်ဖိုးထားလေးစားရပါတယ်။ အထင်ကြီးရပါတယ်။ ဒီပညာရှင်တွေက ဘယ်သူတွေလဲဆိုတော့ နိုင်ငံအသီးသီးက အလားအလာရှိသော အတတ်ပညာရှင်၊ အသိပညာရှင်၊ အတွေ့အကြုံအချို့ရှိပြီးသား လူလတ်ပိုင်းများကို အထပ်ထပ်စိစစ်ပြီး အမေရိကန်ပြည်ထောင်စု အစိုးရက Scholarship ဆုများ ပေးခေါ်ပြီးပညာသင်စေပါတယ်။ ဒီအမေရိကန်ပြည်ထောင်စုမှာရှိတဲ့ အကောင်းဆုံးထိပ်တန်းအကျဆုံး တက္ကသိုလ်တွေမှာ ဘာသာရပ်အသီးသီးကို မိမိသန်ရာ စိတ်ဝင်စားရာ တိုင်းပြည်အတွက် အသုံးကျမယ့် ဘာသာရပ်တွေကို ရွေးချယ်ပြီး သင်ကြားစေပါတယ်။ Fulbright Scholarship က ဘွဲ့လွန်ပညာရေးစနစ်ဖြစ်လို့ မဟာဘွဲ့အသီးသီး ရခဲ့ကြပါတယ်။ Hubert Humphrey ကတော့ ဘွဲ့မရပေမယ့် အရည်အသွေးကတော့ Fulbright လိုပါပဲ။ ဘွဲ့မရတာကလွဲလို့ ကျန်တာတွေက စံချိန်မီပါပဲ။ အဲဒီအုပ်စုတွေထဲက လူတွေဟာ ဘယ်နိုင်ငံကိုပဲသွားသွား သူတို့ရဲ့ Scholarship နာမည်ကိုသာ ထုတ်ပြောလိုက်ရင် တလေးတစား တန်ဖိုးထားပြီး သူတို့ကို နယ်ပ ယ်အသီးသီးမှာ လိုအပ်သလို သုံးနိုင်ကြပါတယ်။ ကျွန်မတို့ နိုင်ငံကနေပြီး ဒီ Program နှစ်ခုနဲ့စာသင်ပြီး ပြန်လာတဲ့လူစုစုပေါင်းဟာ မရှိဘူးဆိုရင် ၁၀၀ ပတ်ဝန်းကျင်လောက်ရှိမှာပဲ။ ဒီလိုပဲ တခြား Program များနဲ့ ဘွဲ့ကြိုဘွဲ့လွန်သွားသင်ပြီး ပြန်ရောက်နေတာလည်း ရာနဲ့ချီပြီးရှိမှာပဲ။ ခြောက်လ၊ တစ်နှစ် Program တွေသွားခဲ့တာတွေ အမျိုးမျိုးရှိတယ်လေ။ ဒါက ကျွန်မသိတဲ့ အမေရိကန်ပြည်ထောင်စုကို သွားရောက်ပညာသင်ခဲ့တဲ့ လူတွေကိုပဲ ဆိုလိုတာပါ။ တခြားထိပ်တန်းတက္ကသိုလ်များရှိတဲ့ ဗြိတိန်တို့ ဩစတြေးလျတို့ကနေ အောင်လာတဲ့သူတွေအပါအဝင် ဆိုရင် ပိုတောင်များပါမယ်။

> ❝ ပညာရေးစနစ်သစ်ကို ဖော်ဆောင်တဲ့ အခါမှာလည်း ဒီလိုအတွေးအခေါ် ပုံစံဟောင်းနဲ့စဉ်းစား ရင်ထင်သလောက် ခရီးမပေါက်တတ်ဘူးလေ။ မြန်မြန်နဲ့ အမှန်ကန်ဆုံး၊ အကောင်းဆုံးလမ်းပေါ် ရောက်မှဖြစ်မယ်။ ဒီတစ်ခါအမှားလည်း မခံနိုင်တော့ဘူးလေ။ အဲဒါကြောင့်. . ❞

ကျွန်မပြောချင်တာက ဒီလို လူငယ်လူရွယ်များကို စုစည်းပြီး workshop ပုံစံမျိုးလုပ်သင့်တယ်။ သူတို့တွေထဲက Curriculum နဲ့ ပတ်သက်တဲ့ဘာသာရပ်ကို အထူးပြုခဲ့တဲ့လူတွေ Education Policy တွေကို အထူးပြုခဲ့တဲ့လူတွေဆိုရင် ပိုလို့တောင်ကောင်းဦးမယ်။ ကျွမ်းကျင်ရာဘာသာရပ်ကို စုစည်းပြီး Project လေးတွေချပြီး လုပ်ခိုင်းသင့်ပါတယ်။ ကာလတိုပဲ သွားခဲ့တဲ့ ကျောင်းသူ ကျောင်းသားတွေဆိုရင်လည်း သူတို့ဖြတ်သန်းလာတဲ့ အတွေ့အကြုံအရ ဘယ်အချက်လေးက တို့နိုင်ငံမှာ မရှိလို့ ရှိအောင်လုပ်ပေးသင့်တယ်။ ဘယ်ဟာကတော့ သာမန်ပဲဆိုတာစုစည်းပြီး Paper လေးတွေတင်ခိုင်းရင်ကောင်းမယ်။ သူတို့လုပ်တဲ့ paper တွေ Progect တွေကို သုံးသော်ရှိ မသုံးသော်ရှိ အမြင်အမျိုးမျိုးသိရမှာပါ။ အထူးသဖြင့် ကျွန်မကတော့ Fulbright တွေ Humphray program က လူတွေဟာ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်သစ် တည်ဆောက်ရာမှာ သေချာပေါက် အကြံကောင်းဉာဏ်ကောင်းများနဲ့ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်မှာပါ။ သုံးကြည့်ပါ။ ကျွန်မကတော့ ဒီရတနာတွေကိုဖွင့်တော့ ဖွင့်ကြည့်စေ ချင်တာပါပဲ။ လူ ၁၀၀ လောက်ရဲ့ အကြံသစ်ဉာဏ်သစ်တွေဟာထူးခြားမှာအသေအချာပါလို့ပြောပါရစေ။

စနစ်သစ်တစ်ခုပေါ်ပေါက်လာပြီးရင် ကိုက်ညီတဲ့လိုအပ်တဲ့ သင်တန်းတွေဖွင့်တဲ့အခါမှာလည်း ကျွန်မသိတဲ့ အခြေအနေတွေကို ချပြချင်ပါသေးတယ်။ နောက်မကျသွားအောင်လို့ မကြာခင်မှာ ကျွန်မရေးပြပါဦးမယ်။ ။

# ရန်ကုန်တိုင်းဒေသကြီး ဟာဂျ်ခရီးစဉ် ကူညီရေးအဖွဲ့ ဖွဲ့စည်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**
**ဇန်နဝါရီ-၃၀**

မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင် ဟာဂျီများ၏ ဟာဂျ်ခရီးစဉ်များတွင်မသမာမှုများ၊မတရားမှုများ မဖြစ်ပေါ်စေရန် "ရန်ကုန်တိုင်းဒေသကြီး ဟာဂျ်ခရီးစဉ် ကူညီရေးအဖွဲ့"ကို ၂၀၁၁ ဒီဇင်ဘာ ၂၁ ရက်တွင် ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

"၂၀၁၂ မှာ ဟာဂျ်ခရီးစဉ်နဲ့ပတ်သက်ပြီး တအားကြီးတဲ့ ပြဿနာတွေ မဖြစ်ပေါ်အောင် ဒီနောက်ပိုင်းကစပြီး အကူအညီတောင်းခံလာရင် ကူညီပေးသွားမှာပါ" ဟု ယင်းက ပြောကြားသည်။

ထိုအဖွဲ့ဖွဲ့စည်းရခြင်းသည် လာမည့် ၂၀၁၂ ဟာဂျ်ခရီးသွားရာသီတွင် ခရီးသွားအေဂျင်စီနှင့် ကုမ္ပဏီအချို့၏ လိမ်လည်မှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

ခရီးသွားအေဂျင်စီနှင့် ကုမ္ပဏီတို့မှ မသမာသော ပြုလုပ်မှုများဖြစ်ပေါ်၍ အကူအညီတောင်းလာပါက နစ်နာမှုအကြောင်းအရင်းကို ရှာဖွေဖော်ထုတ်ပြီး အစိုးရအဆင့်ဆင့်သို့ အချိန်မီတင်ပြ အစီရင်ခံရန် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကာလတွင် ဟာဂျ်ခရီးသွားခြင်းနှင့်ပတ်သက်၍ အေဂျင်စီများကြောင့် ခရီးနှောင့်နှေးမှုများအပြင် ခရီးစဉ်ပျက်၍ မသွားလိုက်ရသည့် ခရီးစဉ်များလည်း ရှိသည်။ ယင်းကိစ္စများနှင့်ပတ်သက်၍ အေဂျင်စီအချို့က လျော်ကြေးငွေ ပေးသည်များရှိသော်လည်း အချို့မှာ လျော်ကြေးမပေးသည့်အပြင် ပတ်စ်ပို့ပင်ပြန်မပေးသည်များလည်း ရှိကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်ဟာဂျီများကို ဆော်ဒီအာရေးဗီးယားနိုင်ငံက ဗီဇာအရေအတွက် ၅၀၀၀ နီးပါးထုတ်ပေးသော်လည်း လက်ရှိတွင် ဗီဇာ ၃၅၀ ကိုသာ မဲစနစ်ဖြင့် ရွေးချယ်စေလွှတ်နေကြောင်း သိရသည်။

လက်ရှိဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီး ဟာဂျ်ခရီးစဉ် ကူညီရေးအဖွဲ့တွင် နာယကအဖွဲ့ဝင် ၅ ဦး၊ အလုပ်အမှုဆောင် ၄၀ ဦး၊ ဥပဒေအတိုင်ပင်ခံအဖွဲ့ ၉ ဦးနှင့် လုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားသည်။

၎င်းအဖွဲ့အစည်း တရားဝင်ဖြစ်ပေါ်ရန်အတွက် နိုင်ငံတော်သမ္မတရုံးအပါအဝင် သက်ဆိုင်ရာဌာနပေါင်း ၃၁ ခုကို တင်ပြထားကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# လူသားဖွံ့ဖြိုးတိုးတက်မှု (၁)

**ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်**



**“ကျန်းကျန်းမာမာ ××× ချမ်းချမ်းသာသာ ××× ဘေးရန်ကာဆီးပြီ ××× လူမွဲတွေက မနေ့းခေတ်မီ ××× သူဌေးဖြစ်တော့မည်”**

ဒီစာသားတွေပါတဲ့ နဂါးနီသီချင်းကို မြန်မာတိုင်းမှတ်မိကြပါလိမ့်မယ်။ အမှန်တော့ နဂါးနီသီချင်းဟာ နိုင်ငံရေးနိုးကြွထကြွမှုမှာ အလွန်အရေးပါခဲ့တာဖြစ်ပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ အတွက် အားပေးအားမြှောက်ပြုခဲ့တဲ့ သမိုင်းဝင်သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ဆရာက ဒီသီချင်းကို သိပ်ကြိုက်တယ်။ ဆရာငယ်ဘဝနဲ့ စီးပွားရေးတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ရင်း အနုပညာအသင်းမှာ ပါဝင်လှုပ်ရှားတဲ့အခါ ဒီသီချင်းကို ကျောင်းသူ၊ ကျောင်းသားတွေကိုဆိုစေခဲ့တယ်။ အမှတ်ရတာတစ်ခုကတော့ ညဘက် အဆောင်မှာ စာသွားပြရင်း လက်ဖက်ရည်ကို လက်တွန်းလှည်းကလေးနဲ့ ရောင်းနေတဲ့ အချိန်မှာ လက်ဖက်ရည် ရောင်းတဲ့သူက နဂါးနီသီချင်းကို ဖွင့်ပြီး “လူမွဲတွေက ×× မနေ့းခေတ်မီ ××× သူဌေးဖြစ်တော့မည်” ဆိုတာကို ကြော်ငြာခဲ့တာ သတိရနေမိပါတယ်။

ဆရာ သိသလောက်ပြောရရင် ဒီသီချင်းဟာ နဂါးနီစာဖတ်အသင်းကြီးကို အမှူးပြုပြီး သီဆိုရေးစပ်ထားတာလို့ သိခဲ့ရတယ်။ နိုင်ငံရေးအသိတွေ မြန်မာလူငယ်တွေရဲ့ရင်ထဲရောက်အောင် ဆရာကြီး J.S Furnivall က စာဖတ်အသင်းကို တည်ထောင်ခဲ့ပြီး ဒီခေတ်ကဗြိတိန်အစိုးရကိုပုန်ကန်နေတဲ့ အိုင်ယာလန်နိုင်ငံက Sinn Fein နိုင်ငံရေးပါတီရဲ့ စာရွက်စာတမ်းတွေကို စတင်ပြီးဖြန့်ဖြူးခဲ့တယ်လို့သိရပါတယ်။ ဒီလိုဆောင်ရွက်တာဟာ အခုခေတ်အသုံးအနှုန်းနဲ့ဆိုရင် Globalization of Politics ဖြစ်ပါတယ်။ နိုင်ငံရေးအတွေးအခေါ် အယူအဆတွေက တစ်နိုင်ငံတည်းအတွက်သာမဟုတ်ဘဲနိုင်ငံတကာအတွက် ပတ်သက်အကျိုးဝင်နေတာ တွေ့ရပါတယ်။

နဂါးနီ သီချင်းထဲမှာပါတဲ့ စောစောက အပိုဒ်ကလေးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၉၀ လောက်က ရေးစပ်ခဲ့ပေမယ့် အခုခေတ် ၂၁ ရာစုနှစ်အတွက် နိုင်ငံရေးဘောဂဗေဒအတွေးအခေါ်နဲ့ တိုက်ရိုက်ဆက်စပ်နေတာကိုအံ့သြစရာတွေ့မြင်ရပါတယ်။ ဒါကတော့ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်တဲ့အယူအဆပဲဖြစ်ပါတယ်။ ဒီအယူအဆ၊ ဒီအတွေးအခေါ်ကို ယခုလို ပြုပြင်ပြောင်းလဲမှု ကာလမှာ ပိုပြီးအရေးကြီးပြီး အရေးပါလှတာကို သုံးသပ်ရပါတယ်။ နိုင်ငံတော် အစိုးရသစ်အနေနဲ့ တိုးတက်ဖွံ့ဖြိုးမှုရည်မှန်းချက် အဖြစ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုကို သတ်မှတ်ထားတာမို့ ပိုပြီးအရေးပါလှပါတယ်။

ဖွံ့ဖြိုးမှုစီးပွားရေးပညာရပ် (Development Economics)ရဲ့ အခြေခံလေ့လာသုံးသပ်မှုဟာ နိုင်ငံတွေ ဘာကြောင့် တိုးတက်ဖွံ့ဖြိုးကြသလဲ၊ တိုးတက်ဖွံ့ဖြိုးအောင် ဘယ်ပုံဘယ်နည်း ဆောင်ရွက်ရမလဲဆိုတဲ့ အခြေခံမေးခွန်းတွေကို မေးမြန်းလျက်ရှိပါတယ်။ နိုင်ငံတကာအတွေ့အကြုံတွေကို ခြုံငုံသုံးသပ်ပြီး ဘယ်နိုင်ငံက တိုးတက်တယ်၊ ဘယ်နိုင်ငံက မတိုးတက်ဘူး။ တိုးတက်ဖွံ့ဖြိုးမှုကို အားပေးအားမြှောက်တဲ့ အခြေခံတွေက ဘာတွေလဲဆိုတာတွေကို သုံးသပ်လေ့လာနေတာဖြစ်တယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးချိန်ကစပြီး ဆင်းရဲတဲ့နိုင်ငံတွေအနက် ဘယ်နိုင်ငံတွေကတော့ ဘွဲ့ရ(Graduate) သွားတဲ့နိုင်ငံတွေ တစ်နည်းပြောရရင် ဆင်းရဲတွင်းကလွတ်မြောက်သွားတဲ့နိုင်ငံတွေကို လေ့လာသုံးသပ်ဆန်းစစ်လျက်ရှိပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ယေဘုယျအားဖြင့် တိုင်းပြည်ဝင်ငွေနဲ့ တိုင်းတာလေ့ရှိပါတယ်။ အတိအကျပြောရရင် Gross National Income စုစုပေါင်းအမျိုးသားဝင်ငွေဖြစ်ပါတယ်။ လူအများကြားဖူးတဲ့ပေတံကတော့ GDP လို့ခေါ်တဲ့ Gross Domestic Product စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှုပမာဏပဲဖြစ်ပါတယ်။ တချို့ကလည်း Per Capitor Income လူတစ်ဦးချင်းဝင်ငွေပေတံကို သုံးစွဲကြပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီပေတံတွေအားလုံးဟာ ဝင်ငွေပေတံတွေသာဖြစ်ပါတယ်။ ဝင်ငွေပေတံတွေကိုသုံးစွဲပြီး တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုတိုင်းတာခြင်းဖြစ်ပါတယ်။ ရိုးရိုးလေးပြောရရင် ဝင်ငွေမြင့်တဲ့၊ များတဲ့နိုင်ငံဟာ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံလို့သတ်မှတ်ပါတယ်။ အခုလို သတ်မှတ်တာဟာ Uni-Dimensional ရှုထောင့်တစ်ခုတည်းကသာ ကြည့်ခြင်းဖြစ်ပါတယ်။ ဒီဝင်ငွေပေတံ သုံးရတာဟာလည်း လွယ်ကူသလို လူတိုင်း နားလည်တဲ့ အယူအဆဖြစ်ပါတယ်။ ဒီအတွေးကြောင့် နိုင်ငံတိုးတက်ဖို့ ဝင်ငွေတိုးတက်အောင်လုပ်ကြတယ်။ တိုးတက်ဖွံ့ဖြိုးမှုကို စီးပွားရေးရှုထောင့်တစ်မျိုးတည်းက သုံးသပ်ခြင်းဖြစ်တယ်။ GDP အပေါ် အာရုံပြုမှုများလွန်းတာကြောင့် GDP Fatish GDP အစွဲအလမ်းလို့သတ်မှတ်လာကြတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို စီးပွားရေးပေတံတစ်ခုတည်းနဲ့ တိုင်းထွာတာမကမပြည့်စုံ မလုံလောက်ကြောင်းကို ၁၉၈၀ ခုနှစ်လောက်ကတည်းက စီးပွားရေးပညာရှင်တွေက ရေးသားဖော်ထုတ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဆရာကိုယ်တိုင်လွန်ခဲ့တဲ့ ၁၉၈၅ ခုနှစ်လောက်က Physical Quality of Life Index (PQLI) လူ့ဘဝအရည်အသွေးညွှန်းကိန်းကို သုံးပြီး မြန်မာနိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုအနေအထားကိုတိုင်းခဲ့ပါတယ်။ ဒီတုန်းက မြန်မာနိုင်ငံရဲ့ ဝင်ငွေဟာ အလွန်နိမ့်ကျနေတာတွေ့ရပါတယ်။ ဒါပေမဲ့ ထူးဆန်းတာက မြန်မာနိုင်ငံရဲ့ပညာရေး၊ ကျန်းမာရေးအခြေအနေတွေကိုထည့်ပြီး စဉ်းစားသုံးသပ်တဲ့အခါ မြန်မာနိုင်ငံရဲ့အခြေအနေဟာမဆိုးကြောင်း တွေ့ရပါတယ်။ ဝင်ငွေနည်းပေမယ့် ပညာရေးအဆင့်က အဆင့်အတန်းရှိနေသလို ကျန်းမာရေးအဆင့်ဟာလည်း မဆိုးတာကို တွေ့မြင်ရပါတယ်။ ဆရာ့ရဲ့ တွေ့ရှိချက်ကို ဒီခေတ်က ခေတ်စားတဲ့ သုတေသနစာတမ်းဖတ်ပွဲမှာ တင်သွင်းဖတ်ကြားခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်ကတော့ ဖွံ့ဖြိုးမှုစီးပွားရေးပညာရပ်အတွက် အထူးခြားဆုံး သမိုင်းမှတ်တိုင်ဖြစ်ပါတယ်။ ဒီနှစ်မှာ UNDP အဖွဲ့အစည်းက ပထမဆုံးအကြိမ်အနေနဲ့ Human Development Report (လူသားဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ) ကို ရေးသားထုတ်ဝေခဲ့ပါတယ်။ ဒီအစီရင်ခံစာကို အတိုကောက်အနေနဲ့ HDR လို့ ခေါ်ဝေါ်ပါတယ်။ ဆရာ့အနေနဲ့ စာဖတ်ပရိသတ်တွေကို ဒီ HDR ဝေါဟာရကို စွဲစွဲမြဲမြဲလက်ခံလိုတဲ့ဆန္ဒရှိပါတယ်။ HDR အစီရင်ခံစာမှာ အခြေခံအစိတ်အပိုင်းနှစ်ခုပါဝင်ပါတယ်။ တစ်ပိုင်းကတော့ ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး အရေးပါတဲ့ခေါင်းစဉ်တစ်ခုကိုရွေးချယ်ဖော်ထုတ်ပြီး မီးမောင်းထိုးပြပါတယ်။ ဒုတိယအပိုင်းမှာတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံအားလုံးကို လူသားဖွံ့ဖြိုးမှုအဆင့်အတန်းကို အခြေခံပြီး တန်းစီပေးခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အသုံးပြုတဲ့ ညွှန်ကိန်းကတော့ ဖွံ့ဖြိုးတိုးတက်မှုကို စိတ်ဝင်စားသူတိုင်း သိသင့်တဲ့ သိရမယ့် Human Development Index (HDI) လူသားဖွံ့ဖြိုးမှုညွှန်ကိန်းပဲဖြစ်ပါတယ်။ HDI ဟာ အလွန်ထက်မြက်လှတဲ့ ပေတံဖြစ်ပါတယ်။ အမှန်တော့ HDR ရဲ့ အခြေခံအသက်ဟာ HDI သာဖြစ်ပါတယ်။

ဒီ Human Development အယူအဆကို စပြီးတီထွင်ခဲ့သူကတော့ ကွယ်လွန်သွားတဲ့ ပါကစ္စတန်နိုင်ငံက ပါမောက္ခ၊ မာဘူးမာ့ခ်ဖြစ်ပါတယ်။ ဒီဆရာကြီးဟာ စီးပွားရေးပညာရှင် ဗြိတိန်နိုင်ငံကန်းဘရစ်ချ် တက္ကသိုလ်က ပါရဂူဘွဲ့ရခဲ့သူ။ ဆရာကြီးတင်မက စီးပွားရေး နိုဗယ်ဆုရှင် ပါမောက္ခ၊ အမာတရာဆင်လည်း ပါဝင်ခဲ့ပါတယ်။ သူတို့နှစ်ဦး စတင်တီထွင်ခဲ့တဲ့ အတွေးအခေါ်ဟာ စီးပွားရေးတစ်ရပ်လုံးကိုတွန်းလှန်ပြောင်းလဲခဲ့ပါတယ်။ ဖွံ့ဖြိုးမှုကိုစီးပွားရေးရှုထောင့်က မကြည့်ဘဲ လူသားတွေရဲ့ရှုထောင့်ကကြည့်ရှုသုံးသပ်လေ့လာခဲ့ပါတယ်။ ဖွံ့ဖြိုးမှုဟာ ရွေးချယ်မှု(Choice)ဖြစ်ကြောင်း ဆိုမိန့်ခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ ရွေးချယ်မှုများကြောင်း၊ ရွေးချယ်မှုနည်းကြောင်း ဖော်ထုတ်ခဲ့ပါတယ်။

ဒီ Human Development အယူအဆဟာ ကုလသမဂ္ဂအဖွဲ့အစည်းကြီးကို တည်ထောင်ခဲ့စဉ်ကတည်းက ဖော်ထုတ်ခဲ့ပါတယ်။ ဒီဖော်ထုတ်မှုတွေကို Freedom (လွတ်လပ်မှုများ)လို့ သတ်မှတ်ခဲ့ပါတယ်။ လွတ်လပ်ခြင်းသုံးမျိုးကတော့ ပထမအနေနဲ့ Freedom from want (လိုအပ်ချက်လွတ်လပ်ခြင်း)လို့ပြောလို့ရပါတယ်။ လူတစ်ယောက်မှာ လိုအပ်ချက်ရှိနေသရွေ့ လွတ်လွတ်မှုရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ကို ချမှတ်တဲ့အခါ အခြေခံဖြစ်တဲ့ လိုအပ်မှုကိုဖြည့်ဆည်းနေတယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒုတိယလွတ်လပ်ခြင်းက Freedom from fear (အကြောက်တရားမှ လွတ်လပ်ခြင်း)၊ ဒီလွတ်လပ်ခြင်းဟာလည်း အခြေခံဖြစ်ပါတယ်။ ဆရာတို့နိုင်ငံမှာ တစ်ချိန်တုန်းက National Security ဆိုတဲ့ အတွေးအခေါ်ကို တွင်တွင်သုံးစွဲခဲ့ပါတယ်။ အရာရာကို အမျိုးသားလုံခြုံရေးရှုထောင့်ကနေ ကြည့်ခဲ့ပါတယ်။ National Security ဟာ အရေးကြီးသလို တစ်ဖက်ကလည်း Human Security (လူသားလုံခြုံမှု)ဟာလည်း အလားတူအရေးကြီးပါတယ်။ လွတ်လပ်စွာအိပ်ရာဝင်နိုင်သလို လွတ်လွတ်လပ်လပ်အိပ်ရာက နိုးထနိုင်စွမ်းရှိဖို့အရေးကြီးလှပါတယ်။

နိုင်ငံတော်အစိုးရသစ်က ဖွဲ့စည်းလိုက်တဲ့ Freedom from fear (အကြောက်တရားမှ လွတ်လပ်ခြင်း)မှာ Freedom of expression (လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိခြင်း)ဟာ အရေးကြီးလှပါတယ်။ တတိယလွတ်လပ်ခြင်းကတော့ Freedom to live in Human Dignity (သိက္ခာရှိရှိနေထိုင် လှုပ်ရှားအသက်ရှင်နိုင်ခြင်း)ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အရေးကြီးဆုံးက Human Rights (လူ့အခွင့်အရေး)ဖြစ်ပါတယ်။ ဆရာဝမ်းသာရတဲ့ ပြောင်းလဲမှုတစ်ရပ်ကတော့ နိုင်ငံတော်အစိုးရသစ်ဖွဲ့စည်းလိုက်တဲ့ မြန်မာလူ့အခွင့်အရေးကော်မရှင်ဖြစ်ပါတယ်။ ဒီကော်မရှင်ဟာ နိုင်ငံတော်အစိုးရရဲ့ လွှမ်းမိုးမှုအောက်မှာ ရှိနေတာမဟုတ်ဘဲ ပြည်သူပြည်သားတွေရဲ့ လူ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးမယ့်အဖွဲ့ ဖြစ်တယ်လို့ဆိုပါတယ်။ အသေအချာစဉ်းစားလိုက်ရင် ဒီလွတ်လပ်ခြင်းသုံးမျိုးနဲ့ပြည့်စုံတဲ့ နိုင်ငံဟာ တိုးတက်ဖွံ့ဖြိုးမှုမရှိတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလွတ်လပ်မှုသုံးရပ်ကိုစုပေါင်းပြီး ၁၉၄၅ ခုနှစ်တုန်းက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတည်ထောင်စဉ် In Larger Free-dom (ကြီးမားထူးကဲတဲ့လွတ်လပ်မှု) ကို သတ်မှတ်ဖော်ထုတ်ခဲ့ပါတယ်။

(Human Development) လူသားဖွံ့ဖြိုးမှု အတွေးအခေါ်ဟာ ယခုအချိန်မှာ ပိုပြီးအရေးကြီးလှပါတယ်။ နိုင်ငံတော်မှာနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခင်းအကျင်းအသစ်တွေကို ဖော်ထုတ်နေချိန်မှာ တာဝန်ရှိသူများအနေနဲ့ လူသားဖွံ့ဖြိုးမှုအတွေးအခေါ်ရှိဖို့ သိဖို့ လက်ခံဖို့ လိုအပ်လှပါတယ်။ တာဝန်ရှိသူတွေသာမက ပြည်သူပြည်သားများအနေနဲ့လည်း ပိုပြီးသဘောပေါက်နားလည်ရမှာဖြစ်တယ်။ ဒီမိုကရေစီဖွံ့ဖြိုးနေတဲ့ အချိန်မှာပြည်သူများအနေနဲ့မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားနေချိန်မှာစီးပွားရေးပေတံတစ်ခုတည်းနဲ့ ချိန်ပြီး မကြည့်ဘဲ စောစောက တင်ပြခဲ့သလို ဘက်စုံထောင့်စုံက ကြည့်ရှုဖို့လိုအပ်ကြောင်း သဘောပေါက်ရမှာဖြစ်ပါတယ်။ ဒီအတွေးအခေါ်ဟာ လူတွေကို အခြေပြုတဲ့ တိုးတက်ဖွံ့ဖြိုးမှု (People Centered Development)ဖြစ်ပါတယ်။ အမှန်တော့ လူသားတွေဟာ နိုင်ငံရဲ့ ဓနအစစ်အမှန်တွေသာ ဖြစ်ပါတယ်။ လူသားတိုင်း ကျန်းမာရမယ်၊ ပညာတတ်ရမယ်၊ ချမ်းသာရမယ်၊ ဒီရည်မှန်းချက်ကိုရအောင် ဆရာတို့နိုင်ငံမှာ ကြိုးစားကြပါစို့လို့တိုက်တွန်းလိုက်ရပါတယ်။ ။

**(ဆက်လက်ဖော်ပြပါမည်)**

> အမှန်တော့ လူသားတွေဟာ
> နိုင်ငံရဲ့ ဓနအစစ်အမှန်တွေသာ ဖြစ်ပါတယ်။ လူသားတိုင်း
> ကျန်းမာရမယ်၊ ပညာတတ်ရမယ်၊ ချမ်းသာရမယ်၊
> ဒီရည်မှန်းချက်ကိုရအောင် ...

Current Affairs
7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# ကော့မှူးမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် အကြောင်းရင်းကို ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**အိဖြူလွင်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ-၃**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် သည် ကော့မှူးမြို့နယ် မဲဆန္ဒနယ် မှဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ရသည့် အကြောင်းအရင်းမှာ ကရင်တိုင်းရင်းသားများ နေထိုင်ရာ ဒေသဖြစ်ပြီး ကရင်တိုင်းရင်း သားများနှင့်ပို၍ နီးနီးစပ်စပ် ဆက် ဆံလိုသောကြောင့်ဖြစ်ကြောင်း ယနေ့ညနေ၄နာရီခွဲက တက္ကသိုလ် ရိပ်သာလမ်းနေအိမ်၌ ပြုလုပ်ခဲ့ သော သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က မဲဆွယ်စည်းရုံးရေးခရီးစဉ်အဖြစ် ကော့မှူးမြို့နယ်သို့ အနည်းဆုံး ၃ ကြိမ်သွားရောက်မည်ဟု ပြော ဆိုခဲ့ပြီး ၃ကြိမ်ဆိုသည်မှာတကယ် တမ်းမဲဆွယ်စည်းရုံးရေးအတွက် နည်းပါးသော အရေအတွက်ဖြစ် ၍ ထိုထက်ပို၍ သွားရောက်လို သည်ဟုလည်း ပြောကြားခဲ့သည်။

ယခုလာမည့် ကြားဖြတ်ရွေး ကောက်ပွဲတွင် ရာနှုန်းပြည့်ရရမည် ဟု ယူဆချက်၊ မျှော်မှန်းချက်များ မရှိဘဲ ရာနှုန်းပြည့်ရရန် မျှော်မှန်း ပြီး အလုပ်လုပ်မည်ဟုသာ စိတ် ထဲမှာထားကြောင်း သူမက ပြော ကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် သည် ကော့မှူးမြို့နယ်သို့ ပထမ ဆုံးမဲဆွယ်စည်းရုံးရေးခရီးစဉ်အ ဖြစ် ယခုလ ၁၁ ရက်တွင် သွား ရောက်မည်ဖြစ်ပြီး ပါတီစည်းရုံး ရေး ခရီးစဉ်အဖြစ် ပဋိပက္ခများ ဖြစ်ပွားနေသော ကချင်ဒေသအ ပါအဝင် ပြည်နယ်နှင့်တိုင်းအား လုံးသို့ အနည်းဆုံးတစ်ကြိမ်သွား ရောက်မည်ဟု သိရသည်။

---



# ရလဒ်ကို မမျှော်လင့်ဘဲ ရွေးကောက်ပွဲ ဝင်မည်ဟုဆိုသူ

**အိဖြူလွင်၊ အောင်သူရ**

**“မင်းမပူနဲ့ မင်းနောက်မှာ ငါတို့ရှိတယ်။မင်းရှေ့မှာတော့ အုတ်တံတိုင်းကြီးတဲ့။ ကျွန်တော်ပြန်ပြောလိုက်ပါတယ်။ မပူပါနဲ့ ခုတည်းက ဟဲလမက် ဆောင်ထားပြီးသားပါလို့။ ဘယ်သူမှတော့ နံရံကို ခေါင်းနဲ့မတိုက်ပါဘူးဗျာ”** ဟုရယ်မော ၍ သူ၏ ဆရာသမားများက သူ ရွေးကောက်ပွဲဝင်မည်ဟု သိသိ ချင်း ပြောခဲ့ကြသည်ကို ပြန်ပြော သည်။

သူသည် ကော့မှူးမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ငြိမ်းချမ်း ရေး နိုဗယ်ဆုရှင်လည်းဖြစ် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်း ဆောင်လည်းဖြစ်သောဒေါ်အောင် ဆန်းစုကြည်နှင့် ယှဉ်ပြိုင်အရွေး ခံမည့် ပြည်ခိုင်ဖြိုးပါတီမှ ဒေါက် တာစိုးမင်းဖြစ်သည်။

အသားလတ်လတ်၊ နဖူး ကျယ်ကျယ်နှင့် လေးထောင့်ဆန် သော မျက်နှာပိုင်ရှင်ဒေါက်တာ စိုးမင်းသည် ပြည်သူ့စစ်မှုထမ်း ဆရာဝန်တစ်ဦးအဖြစ် စစ်မြေပြင် ဆေးတပ်ရင်းမှူးရာထူးအထိ တာ ဝန်ယူခဲ့သူတစ်ဦးဖြစ်သည်။

ဆေးတက္ကသိုလ် ၁ မှ ဆေး ပညာဘွဲ့ရပြီး မကြာမီမှာပင်၁၉၈၈ အရေးတော်ပုံကြီး စတင်ဖြစ်ပွား ခဲ့ရာ အဆိုပါကာလအတွင်း မြို့ နယ်အတွင်းတွင် အရေးပေါ်ဆေး ခန်းဖွင့်၍ လူနာများကို မြို့နယ် ဆရာဝန်ကြီးများ၏ အစီအမံဖြင့် ကုသပေးခဲ့သည်ဟု သူကဆိုသည်။

ထိုကာလ ပြီးဆုံး၍သည့် အချိန်တွင် စစ်မှုထမ်းဥပဒေအရ စစ်မြေပြင်သို့သွားရောက်ခဲ့ရာမှ စစ်တပ်ထဲတွင် ဆက်လက်အမှု ထမ်းဖြစ်ခဲ့သည်ဟု ဒေါက်တာ စိုးမင်းကပြောကြားသည်။

နိုင်ငံရေးလောကသို့ ဝင် ရောက်ဖြစ်ပုံနှင့် ကော့မှူးမဲဆန္ဒ နယ်ကို ရွေးချယ်ဖြစ်ခဲ့ပုံကိုလည်း “ဝန်ထမ်းအဖြစ်က အငြိမ်းစားယူ ပြီးတဲ့နောက်မှာ ဖြိုးစေတနာဆေး ခန်းတွေမှာ လုပ်အားပေးလုပ်နေ ခဲ့တယ်။ ၂၀၁၀ ဇန်နဝါရီမှာ ပြည် ခိုင်ဖြိုးပါတီဝင်ဖြစ်တယ်။ အခု ကြားဖြတ်ရွေးကောက်ပွဲမှာတော့ ဒီနေရာမှာ ယှဉ်ပြိုင်မယ့်သူက ဆရာဝန်ဖြစ်ရမယ်။ ဒေသခံဖြစ်ရ မယ်ဆိုတဲ့ နှစ်ချက်ပါတီက ထုတ် တယ်။ တိုင်းအဆင့် ဦးအောင် သိန်းလင်းက အင်တာဗျူးခေါ် တယ်။ လုပ်နိုင်မလားပေါ့။ လုပ် နိုင်တယ်ဆိုတဲ့အတွက် ဇဟိုကို တင်ပြပြီး ဇဟိုကခွင့်ပြုလိုက်တာ ပါ။ တာဝန်ပေးတဲ့ အပိုင်းရော ဒီနေရာက ကိုယ်ကိုယ်တိုင် ကား တစ်စီးနဲ့ ဆေးကုထွက်နေတဲ့နေ ရာဖြစ်လို့ ကိုယ်တိုင်သဘောတူ တာရော နှစ်ခုလုံးပါပြီး ဒီနေရာ က ယှဉ်ပြိုင်ဖြစ်တာပါ”ဟု ပြော သည်။

ဒေါ်အောင်ဆန်းစုကြည် အပေါ် သူ၏အမြင်နှင့် ပတ်သက် ၍ မေးမြန်းမှုကို ဒေါက်တာစိုးမင်း က ဗိုလ်ချုပ်အောင်ဆန်းကို လေး စားသည်ဆိုသည်မှာ ဖြောင့်မတ် ၍ဖြစ်ပြီး ရိုးစင်းစွာ ဦးဆောင်ခဲ့ သော ဗိုလ်ချုပ်၏စိတ်ဓာတ်သည် အတ္တယူ၍ မမီသေးဘဲဗိုလ်ချုပ်၏ စွန့်လွှတ်မှုများကို ငယ်စဉ်တည်း က လေးစားခဲ့သူဖြစ်သောကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်ချုပ်ကဲ့သို့တည်ကြည်သည်။ ဖြောင့်မတ်သည်၊ တိုင်းပြည်ကို မလိမ်၊ စွန့်လွှတ်စွန့်စားသည်ဟု မြင်ကြောင်းပြော၏။

ကြားဖြတ်ရွေးကောက်ပွဲကို ပြိုင်ပွဲတစ်ခုဟု မမြင်ဘဲ မိသားစု မောင်နှမများ စကားပြောကြ သည့် ပွဲဟုသာ မြင်ပါကြောင်း သူ က ဆိုသည်။

ရွေးကောက်ပွဲနှင့်ပတ် သက်၍ ကြိုတင်ပြင်ဆင်မှုအဖြစ် ယခုကော့မှူးမြို့တွင် နံနက်စော ပိုင်းမှ နေ့လယ် ၁၁ နာရီထိ ဆေး ကုပေးနေကြောင်း ဒေသတွင်းရှိ ရွာများသို့တစ်ပတ်လျှင် နှစ်ကြိမ် ခန့်ကားဖြင့်ဆေးကုထွက်နေသည် ဟုလည်း ဆိုသည်။

“ကျွန်တော်က ဒေသခံပြည် သူတွေရဲ့ နှလုံးသားမှာ ရှိအောင် လုပ်ဖို့အတွက် အချိန်တစ်လ ကျော်လောက်ပဲ ရပါတော့တယ်။ အစ်မ(ဒေါ်အောင်ဆန်းစုကြည်) ကတော့ပြည်သူတွေရဲ့နှလုံးသား မှာ ရှိနေပြီးသားပါ။ ကျွန်တော် လူထုရဲ့ နှလုံးသားထဲဝင်ဖို့ အိမ် တိုင်းစေ့သွားပြီး လူထုနဲ့ Heart to Heart တွေ့မယ်။ ဒီပွဲမှာ Yes, No ကို ပြည်သူတွေပဲ ဆုံးဖြတ်ပါ စေတော့။ ဆရာ့သမိုင်းတစ်ခုက တော့ ကော့မှူးမှာ ကျန်ခဲ့မှာပေါ့” ဟုလည်း သူမဲဆွယ်ရမည့်အခြေ အနေကို ပြောကြားခဲ့သေးသည်။

သူက မြန်မာခေါင်းဆောင် များထဲတွင် ဗိုလ်ချုပ်အောင်ဆန်း မှစ၍ ခေတ်အဆက်ဆက်အုပ် ချုပ်ခဲ့သော နိုင်ငံခေါင်းဆောင် များကို လေးစားအားကျသည်ဆို သည်။ သမ္မတကြီးလင်ကွန်း၊ လီ ကွမ်ယု၊ မဟာသီယာမိုဟာမက်၊ မော်စီတုန်းစသည့် ခေါင်းဆောင် များမှာသူ၏နိုင်ငံရေးသူရဲကောင်း များဖြစ်သည်ဟု သူကပြောသည်။

သူ့ခံယူချက်မှာ မိသားစုကို ဖခင်တစ်ယောက်က ဦးဆောင် သည်။ နိုင်ငံကိုလည်း အစိုးရတစ် ရပ်က ဦးဆောင်သည်။ ၎င်းအစိုးရ သည် ဥပဒေကို ထိန်းသိမ်းစောင့် ရှောက်သည်ဟု ခံယူကြောင်း ပြောပြခဲ့သလို ရာဇဝင်ရာဇ်အရေး တော်ပုံကျမ်းထဲမှ ရှင်ဘုရင်၏ တံ ခါးမှူးဖြစ်သော ဝန်မင်းဖြတ်စ၏ စိတ်ဓာတ်ကို လေးစားကြောင်း လည်း ပြောကြားခဲ့သည်။

သူ့ကို တွံတေးမြို့နယ် ကံဘဲ့ စမ်းကျေးရွာတွင် ၁၉၆၂ခုနှစ်က မွေးဖွားခဲ့ပြီး ၁၉၈၈ ကာလကို ကြည့်မြင်တိုင်မြို့နယ်၌ကိုယ်တိုင် ကြုံဆုံခဲ့သည်ဟုလည်း သူကဆို သည်။

၂၀၀၈ ခုနှစ်တွင် တပ်မ တော်မှ အငြိမ်းစားယူခဲ့ပြီးနောက် ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ၌ ကျန်းမာရေး အရာရှိအဖြစ် အမှုထမ်းခဲ့ပြီး ဝန် ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့ကာ သည့် ယခုအချိန်မှာတော့ Health Care ဂျာနယ်တွင်ပင်တိုင်ဆောင်း ပါးရှင်အဖြစ်လည်းစာရေးသားနေ သည်။

ဆေးပညာနှင့် ဆိုင်သော စာပေများကို ဖတ်ရှုရပြီး နေ့စဉ် သတင်းစာဂျာနယ်များကိုလည်း ပုံမှန်ဖတ်လေ့ရှိကြောင်း အကြိုက် ဆုံး စာအုပ်အနေနှင့် ၁၀ တန်း ကျောင်းသားဘဝတွင် ဖတ်ခဲ့ရ သောနန္ဒာသိန်းဇံ၏ ‘ခရောင်းလမ်း ကို ဖြတ်သန်းခြင်း’ စာအုပ်ကို စွဲ လမ်းခဲ့ကြောင်းလည်း ဒေါက်တာ စိုးမင်းက ပြောကြားခဲ့သေးသည်။

“ကျွန်တော်လွှတ်တော်အ မတ်ဖြစ်လာရင် ဒီဒေသက ကျွန် တော့်ကို မဲပေးခဲ့တဲ့သူတွေအ တွက် ဘာလုပ်ပေးနိုင်မှာလဲဆို ရင် ဒီဒေသက မြို့ငယ်လေး ပတ် ဝန်းကျင်မှာ လယ်ယာချောင်း မြောင်းတွေရှိတယ်။ လုပ်ရမယ့် တာဝန်နှစ်ခုရှိတယ်။ အခြေချ နေတဲ့ လူတွေ စီးပွားရေးကောင်း အောင် လယ်ယာစီးပွားရေးလုပ် ငန်း ခေတ်မီလာအောင် နည်း ပညာတွေ ပေးဖို့၊ အမိကသီးနှံ တွေကောင်းဖို့ လုပ်ရမယ်။ ပြီး တော့ ပညာရေးလောကအတွက် လမ်းဖွင့်ပေးဖို့ ကြိုးစားရမယ်” ဟု ဒေသက မဲပေးခဲ့သည့်အတွက် လုပ်ဆောင်ပေးမည့်အစီအစဉ်ကို ပြောပြခဲ့သည်။

“ဘာပဲ လုပ်လုပ် ထိုက်သင့် တဲ့ ကြိုးစားမှုကို လုပ်ပြီးရင် ရလဒ် ကို မမျှော်နဲ့တော့။ ဒါကြောင့် အ တတ်နိုင်ဆုံး ကြိုးစားအားထုတ် ပြီးပြီ။ ရလဒ်ကိုတော့ မမျှော်တော့ ပါဘူး။ ဖြစ်ချင်တာဖြစ် ရင်ဆိုင် ဖို့အသင့်ပါပဲ”ဟု သူက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ် အောင်ဆန်းစုကြည်နှင့် ယှဉ်ပြိုင် သည့်အခါကြားဖြတ်ရွေးကောက် ပွဲ၏ ရလဒ်အပေါ် မျှော်လင့်ချက် ကို ပြောသည်။

---

## ဒေါ်အောင်ဆန်းစုကြည်နှင့် ယှဉ်ပြိုင်၍ ပြည်ခိုင်ဖြိုးပါတီမှ ဒေါက်တာစိုးမင်း ဝင်ရောက်ရွေးချယ်ခံ

**အိဖြူလွင်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ-၂**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီမှ ယခုလာမည့် ကြား ဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်း စာရင်းကို ဖေဖော်ဝါရီ ၁ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ကော့မှူးမြို့နယ် ပြည်သူ့လွှတ် တော်မဲဆန္ဒနယ်မှ ဒေါ်အောင် ဆန်းစုကြည်နှင့် ဝင်ရောက်ယှဉ် ပြိုင်မည့်သူမှာ ဒေါက်တာစိုးမင်း ဖြစ်ကြောင်းသတင်းရရှိသည်။

နေပြည်တော်ရှိ ပုဗ္ဗသီရိမြို့ နယ် မဲဆန္ဒနယ်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်တစ် ဦးဖြစ်သော ဟစ်ဟော့အဆိုတော် ဇေယျာသော်နှင့်ယှဉ်ပြိုင်ရွေးချယ် ခံမည့်သူမှာ ပြည်ခိုင်ဖြိုးပါတီမှ ဦးသာဌေးဖြစ်သည်။

ပြည်ခိုင်ဖြိုးပါတီ၏ ကိုယ် စားလှယ်လောင်း ၄၈ဦးစာရင်း တွင် လက်ရှိ ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာန၊ အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၏ သားဖြစ်သူ နေ ပြည်တော်ဘောလုံးအသင်းဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက မြောင်းမြမြို့နယ်မှ ဝင်ရောက်ယှဉ် ပြိုင်အရွေးချယ်ခံမည်ဖြစ်သည်။

ထို့အပြင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏ဇနီး ဒေါက်တာ ဝေဝေသာမှာ ပဲခူးတိုင်း တောင်ငူ မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

ပြည်သူများစိတ်ဝင်စား သည့် မဲဆန္ဒနယ်တစ်ခုဖြစ်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်တွင်မူ ပြည်ခိုင်ဖြိုးပါတီမှ ဒေါ်လှဲ့လှဲ့အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ HIV/AIDS လုပ်ငန်းများ ဆောင် ရွက်သူအဖြစ် လူသိများသည့် ဒေါ်ဖြူဖြူသင်း၊ ဒီမိုကရက်တစ်ပါ တီမှ ဦးသုဝေ၊ အမျိုးသားဒီမိုက ရေစီပါတီမှ ခွဲထွက်ပါတီတစ်ခု ဖြစ်သည့် ဒီမိုကရေစီပါတီသစ်မှ လည်း ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# တိုးတက်မှုများရှိသော်လည်း ဆောင်ရွက်ရန်များ ကျန်ရှိနေသေးဟု ကင်တားနားပြောကြား



အိဖြူလွင်

ရန်ကုန်၊
ဖေဖော်ဝါရီ - ၅

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားက ၎င်း၏ မြန်မာနိုင်ငံသို့ ငါးကြိမ်မြောက် ယခုခရီးစဉ်တွင် မြန်မာနိုင်ငံ၌ အပြုသဘောတိုးတက်ပြောင်းလဲမှုများ တွေ့ရသကဲ့သို့ ဆောင်ရွက်ရန်များလည်း ရှိနေသည်ဟု ခရီးစဉ်အပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သို့သော် ယခု တိုးတက်မှုများတွင် နောက်ကြောင်းပြန်လှည့်သွားနိုင်သော အန္တရာယ်ရှိနေသောကြောင့် ယခုအချိန်သည် တိုင်းပြည်အတွက် အရေးကြီးသည်ဟုလည်း မစ္စတာကင်တားနားကပြောကြားသည်။

အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် တွေ့ဆုံခဲ့ရာတွင်လည်း ကော်မရှင်သည် ပါရီစည်းမျဉ်းများနှင့်အညီ ထိရောက်စွာ၊ လွတ်လပ်စွာ မလုပ်နိုင်သေးသောကြောင့် ပြည်တွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို ထိရောက်စွာကာကွယ်မပေးနိုင်သေးသောပုံပေါ်နေကြောင်းလည်း အဆိုပါပုဂ္ဂိုလ်ကပြောကြားသည်။

ကော်မရှင်သည် တိုင်ကြားမှုများကို ဖြေရှင်းပေးရာတွင် လုပ်နည်းလုပ်ဟန်များလည်း ရှင်းလင်းမှုမရှိသေးသည်ကို တွေ့ရသော်လည်း ကော်မရှင်သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှနည်းပညာနှင့်အကြံဉာဏ်များရယူရန် ဆန္ဒရှိသည်ကို ကြိုဆိုသည်။

ကော်မရှင်သည် လွတ်လပ်စွာရပ်တည်နိုင်ခွင့်နှင့် လုပ်ဆောင်နိုင်ခွင့်တို့တွင် အကန့်အသတ်များရှိနေသော်လည်း ကော်မရှင်၏ အခန်းကဏ္ဍသည် အစိုးရအတွက်နှင့်ပြည်သူလူထုအတွက်ပါ အရေးကြီးသည်ဟု မစ္စတာကင်တားနားက ၎င်း၏ ခရီးစဉ်အတွင်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးမှုမှ အကြောင်းအရာများကိုပြောကြားခဲ့သည်။

# ဘတ်ဂျက်အသစ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် ကာကွယ်ရေးစရိတ် ပိုသုံးမည်ဟုဆို

သီဟ

နေပြည်တော်၊ဇန်နဝါရီ-၃၁

လာမည့်၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင်ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍတွင် ပြီးခဲ့သည့်၂၀၁၁-၁၂ ဘဏ္ဍာနှစ်ထက် ပညာရေးကဏ္ဍတွင် နှစ်ဆနှင့်ကျန်းမာရေးကဏ္ဍတွင်လေးဆ များထားပြီးကာကွယ်ရေးအသုံးစရိတ်တွင်လည်း ၁. ၅ဆပိုများထားကြောင်းသိရသည်။

ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင်ငွေကျပ်သန်းပေါင်း၁၁၉၂၆၃၃. ၇၅၃သန်းသုံးစွဲခဲ့ပြီး ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ၁၈၇၇၇၁၃. ၉၇၁ သန်းသုံးစွဲရန်လျာထားကြောင်း သိရသည်။

ပညာရေးကဏ္ဍတွင်မူ၂၀၁၁-၁၂ဘဏ္ဍာနှစ်တွင်ကျပ်ငွေသန်းပေါင်း ၃၁၀၄၀၁. ၆၉၈ သန်း လျာထားသုံးစွဲခဲ့ပြီး ၂၀၁၂-၁၃ ဘဏ္ဍာနှစ်အတွက် ၆၁၇၂၁၄. ၀၁ သန်းသုံးစွဲရန်လျာထားကြောင်း သိရသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ၂၀၁၁-၁၂ဘဏ္ဍာနှစ်တွင်ငွေကျပ်သန်း ၉၂၀၀၈. ၇၈၆သန်း လျားထားသုံးစွဲခဲ့ပြီး ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ၃၆၇၉၇၀. ၃၇၅ သန်းသုံးစွဲရန် လျာထားကြောင်း သိရသည်။

ထို့ကြောင့် ပညာရေးကဏ္ဍတွင် နှစ်ဆခန့်၊ကျန်းမာရေးကဏ္ဍတွင် လေးဆခန့်နှင့် ကာကွယ်ရေးကဏ္ဍတွင် ၁. ၅ ဆ ပိုမိုလျာထားခြင်းဖြစ်သည်။

ကာကွယ်ရေးအသုံးစရိတ် ပိုမိုလျာထားခြင်းနှင့်ပတ်သက်၍ သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က "အမေရိကန်လိုနိုင်ငံမှာတောင် ကာကွယ်ရေး အသုံးစရိတ်တွေလျှော့နေပြီလေ။ ကျွန်တော်တို့ အခုငြိမ်းချမ်းရေးရနေပြီဗျာ၊ တချို့နေရာတွေမှာ လက်မှတ်ထိုးနေကြပြီ၊ ဒါကြောင့် ကာကွယ်ရေးအသုံးစရိတ်ကို အရင်ပုံစံအတိုင်းထားမယ်ဆိုရင်တော့ အခြေအနေနဲ့ မကိုက်ညီတော့ဘူးလို့ ယူဆတယ်"ဟု ပြောကြားသွားသည်။

ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ထားရခြင်းနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "မိမိတို့နိုင်ငံ အနေဖြင့် အရှေ့တောင်အာရှ ဒေသတွင်းတည်ရှိသဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ကာကွယ်ရေး အသုံးစရိတ်များနှင့်နှိုင်းယှဉ်ကြည့်သင့်ကြောင်း တင်ပြလိုပါတယ်"ဟုပြောကြားသွားသည်။

တစ်ဆက်တည်း အရှေ့တောင်အာရှနိုင်ငံများ၏ ကာကွယ်ရေးအသုံးစရိတ်များအားလည်း နှိုင်းယှဉ်ပြောပြသွားခဲ့ရာ ထိုင်းနိုင်ငံတွင် ၂၀၁၀ ခုနှစ်က အမေရိကန်ဒေါ်လာ ၄၇၃၀ သန်းသုံးစွဲခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၅၆၀၀ သန်း သုံးစွဲခဲ့သည်ဟူ၍လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၀ပြည့်နှစ်က ၂၇၄သန်းနှင့် ၂၀၁၁ခုနှစ်က ၂၉၈သန်းဟူ၍လည်းကောင်း သုံးစွဲခဲ့သည်ဟု နှိုင်းယှဉ်ပြခဲ့သည်။

ထို့အပြင် မလေးရှားနိုင်ငံသည် ၂၀၁၀ပြည့်နှစ်က ၃၅၀၀ သန်း ၂၀၁၁ ခုနှစ်က ၅၁၀၄သန်း၊စင်ကာပူနိုင်ငံတွင် ၂၀၁၀ပြည့်နှစ်က ၈၄၀၀သန်း၊ ၂၀၁၁ ခုနှစ်တွင်၉၅၀၀ သန်း၊အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၀ပြည့်နှစ်က ၄၇၀၀ သန်း၊ ၂၀၁၁ ခုနှစ်က ၆၅၀၀ သန်း၊ ဗီယက်နမ်နိုင်ငံတွင် ၂၀၁ ၀ခုနှစ်က ၂၀၀၀ သန်း၊ ၂၀၁၁ခု နှစ်က ၂၆၀၀သန်း သုံးစွဲခဲ့သည်ဟုပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏အသုံးစရိတ်သည် အမေရိကန်ဒေါ်လာနှင့်ဆိုပါက ၂၃၄၇. ၁၄၂သန်းသာရှိသည်ဟု ပြောကြားသွားခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.47 · FEBRUARY 9 , 2012

# ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးခရီးစဉ် ရက်ထပ်မံသတ်မှတ်မည်

**အားမာန်၊ ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၃**

ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးခရီးစဉ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အစည်းအဝေးကျင်းပကာ ရက်ထပ်မံသတ်မှတ်မည်ဖြစ်ကြောင်း ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်ကပြောသည်။

ဖေဖော်ဝါရီ၄ရက်၊၅ရက် သွားရောက်မည့်ခရီးစဉ် ရွှေ့ဆိုင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ ဒေါ်အောင်ဆန်းစုကြည် လူထုသို့မိန့်ခွန်းပြောကြားရန် ဗထူးအားကစားကွင်း၊ ရတနာပုံဘောလုံးကွင်းနှင့် မန္တလေးတောင်ခြေအားကစားကွင်းတို့ကို တစ်ကွင်းပြီးတစ်ကွင်း ငှားရမ်းခဲ့သော်လည်း ငှားမရသည့်အတွက်ဖြစ်ကြောင်းဦးအုန်းကြိုင်ကပြောသည်။

ဗထူးအားကစားကွင်းကို မူလကငှားရမ်းမည်ဟု ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က ပြောကြားထားသော်လည်း ခရီးစဉ်ရက်နီးလာသောအခါ ငှားမရတော့သည့်အတွက် ရတနာပုံဘောလုံးကွင်းနှင့် တောင်ခြေအားကစားကွင်းတို့ကို ငှားရမ်းရာတွင်လည်း အဆင်မပြေခြင်းဖြစ်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံတော်အစိုးရထံမှ ကွင်းငှားရမ်းစဉ်က ညွှန်ကြားချက်စည်းကမ်းကြောင့် ဗထူးကွင်းအား ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်အတွက် မငှားရမ်းနိုင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ဘောလုံးကွင်းက ဘောလုံးအဖွဲ့ချုပ်က ပိုင်တာမဟုတ်ပါဘူး။ ဘောလုံးအဖွဲ့ချုပ်အနေနဲ့ နှစ်၃၀ စာချုပ်နဲ့ နိုင်ငံတော်အစိုးရထံက ငှားရမ်းထားတာပါ။ ငှားစဉ်စာချုပ်ချုပ်ကတည်းက နိုင်ငံတော်က အထူးစီမံတဲ့အခမ်းအနားတွေရယ်၊ ဘောလုံးအားကစားအပါအဝင် အားကစားနဲ့ဆိုင်တဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကလွဲရင် ကျန်တာတွေ ငှားခွင့်မရှိပါဘူးလို့ ညွှန်ကြားချက်ရရှိထားတဲ့အတွက် မငှားတာပါ။ ဘောလုံးအဖွဲ့ချုပ်က မငှားတာမဟုတ်ပါဘူး။ ငှားခွင့်မရှိလို့မငှားတာပါ။ အဲဒီအပေါ်မှာ NLD အနေနဲ့လည်း ဘောလုံးအဖွဲ့ချုပ်ကို နားလည်မယ်လို့မျှော်လင့်ပါတယ်”ဟု မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် မီဒီယာဒါရိုက်တာ ဦးစိုးမိုးကျော်ကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်အတွက် ဗထူးကွင်းအား ဘောလုံးအဖွဲ့ချုပ်နှင့် ဦးဇော်ဇော်က မငှားရမ်းကြောင်း သတင်းများထွက်ပေါ်နေသည့်အပေါ်၌လည်း ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက စိတ်မကောင်းဖြစ်နေကြောင်း ၎င်းကဆက်လက်ပြောသည်။

# အစိုးရနှင့် မွန်ပြည်သစ်ပါတီ အပစ်အခတ်ရပ်စဲရေး ယခုလအတွင်း လက်မှတ်ရေးထိုးမည်



**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

မွန်ပြည်သစ်ပါတီနှင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေးအပါအဝင် အချက်ငါးချက်ကို ဖေဖော်ဝါရီတတိယပတ်တွင် အတည်ပြုလက်မှတ်ရေးထိုးမည်ဟု သတင်းရရှိသည်။

“ကျွန်တော်တို့ ပါတီရဲ့ လုပ်ထုံးလုပ်နည်းအရ ဗဟိုကော်မတီထံ တင်ပြရတယ်။ မူဝါဒပိုင်းဆိုင်ရာ အရေးကြီးဆုံးကိစ္စတွေကို အတည်ပြုချက်ရယူရတယ်”မွန်ပြည်သစ်ပါတီဒုဥက္ကဋ္ဌ ဦးနိုင်ရောစကပြောသည်။

ဦးနိုင်ရောစဦးဆောင်သော မွန်ပြည်သစ်ပါတီမှ ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည့်ဖေဖော်ဝါရီ ၁ ရက်တွင် မော်လမြိုင်မြို့၌ အပစ်အခတ်ရပ်စဲရေး အပါအဝင်အချက်ငါးချက်အား ပဏာမသဘောတူညီခဲ့ကြသည်။

“ဆွေးနွေးတဲ့အကြောင်းအရာတွေကို ပါတီကို တင်ပြပြီးမှ အတည်ဖြစ်မယ်။ ပါတီကို တင်ပြရင် ပါတီက ခွင့်ပြုမှပဲ ခွင့်ပြုမယ်ဆိုပြီး ဒီအဖွဲ့ကိုလွှတ်လိုက်တာဖြစ်တယ်” ဟု ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးအောင်မင်းကပြောသည်။

အပစ်အခတ် ရပ်စဲပြီးနောက်ထာဝရငြိမ်းချမ်းရေးရရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်၍ ရှိပြီးပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ပိုမိုကောင်းမွန်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဝန်ကြီးဦးစိုးသိန်းက ဆိုသည်။

“တရားဥပဒေစိုးမိုးနိုင်အောင်၊ အနိုင်ကျင့်မခံရအောင် တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်”ဦးစိုးသိန်းက ထပ်လောင်းပြောဆိုသည်။

အပစ်အခတ်ရပ်စဲပြီးပါက ဒေသတွင်း လုံခြုံသွားမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးများပိုမို လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ထိုအဖွဲ့နှင့် အပစ်အခတ်ရပ်နိုင်ပါက အစိုးရသစ်လက်ထက် အပစ်အခတ်ရပ်နိုင်သောအဖွဲ့ ရှစ်ဖွဲ့ရှိမည်ဖြစ်သည်။






7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# ၂၀၁၂ ခုနှစ်ရဲ့ ဆောင်းကြွင်း ရက်ကျန်

မောင်ထွန်းလွင် (မိုးလေဝသ)



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မိုး သားတိမ်တွေနဲ့မကြည်လင်တဲ့ ဆောင်းရာသီကောင်းကင်ဆောင်းရာသီကာလကိုရာသီဥတု ပညာရှင်တွေက အေးပြီးခြောက်သွေ့တဲ့ကာလလို့ သတ်မှတ်ခဲ့ကြပါတယ်။ ရာသီဥတုကလည်း ကောင်းကင်ပြာပြာ၊ နှင်းဖွေးဖွေးနဲ့ ရာသီဥတု ကြည်လင်အေးမြနေလေ့ရှိလို့ပွင့်လင်းရာသီလို့လည်း လူသိများလှပါတယ်။ ဒီနှစ်ဆောင်းကတော့ ပြောမယုံ၊ ကြုံဖူးမှသိ ဆိုရမလို မိုးသားတွေတက်၊ ရာသီဥတုက အုံ့မှိုင်းမှိုင်းနဲ့ မိုးဖွဲလေးတွေက ကျလိုက်သေး။ အအေးပိုတစ်ခါ ပေါ့တစ်လှည့်နဲ့၊ တကယ့်ကိုမျက်နှာများတဲ့မိုးကောင်းကင်လို့ ခေါ်ရမတတ်ပါပဲ။

**ဆောင်းတို့ရဲ့ယေဘုယျ သဘာဝ**

အမှန်တကယ်တော့ဆောင်းရာသီကာလဆိုတာ ရိုးရိုးပုံမှန်နှစ်တွေမှာဆိုရင်လည်း မြန်မာတစ်နိုင်ငံလုံးအေးပြီးခြောက်သွေ့နေတဲ့ ပွင့်လင်းရာသီဖြစ်နေကြတာတော့မဟုတ်ပါဘူး။ အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းစွန်းနဲ့ တောင်ပိုင်းစွန်း ဒေသတွေမှာ ဆောင်းကာလပေမယ့် ရာသီဥတုကညို့ညို့မှိုင်းမှိုင်း၊ အုံ့အုံ့ ဆိုင်းဆိုင်းနဲ့ အမြဲရှိနေတတ်ပါတယ်။ ဟိမဝန္တာရဲ့ မြောက်ဘက်မှာ ရှိနေကြတဲ့ လေအေးများနဲ့ဖွဲ့စည်းထားကြတဲ့ အနောက်လေစီးကြောင်းတွေဟာ နွေမုတ်သုံလေတွေဆုတ်သွားတာနဲ့ ဟိမဝန္တာရဲ့ တောင်ဘက်ကိုရောက်လာကြပြီး မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများကို လွှမ်းမိုးတိုက်ခတ်စေပါတယ်။ အဲဒီအနောက်လေစီးကြောင်းတွေထဲမှာ မိုးရွာသွန်းမှုကို ဖြစ်စေနိုင်တဲ့ ဖြစ်စဉ်တွေ မျောမျောပါလာတဲ့အခါ မြောက်ပိုင်းဒေသတွေမှာ ဆောင်းတွင်းကာလကြီးပေမယ့်မိုးတွေပြတ်တယ်လို့ မရှိကြပါဘူး။

အဲဒီလိုပါပဲမြန်မာနိုင်ငံတောင်ပိုင်းစွန်း ဒေသတွေအပေါ်မှာလည်းပူနွေးစွတ်စိုတဲ့အပူပိုင်းဒေသအရှေ့လေတွေ လွှမ်းမိုးတိုက်ခတ်နေလေ့ရှိပါတယ်။ အဲဒီ. . အရှေ့လေတွေထဲမှာလည်းအရှေ့လေပွေလှိုင်းတွေ ရောနှောပါလာပြီး ဖြတ်သန်းသွားတဲ့ အခါတွေမှာ တောင်ပိုင်းစွန်း ဒေသတွေဖြစ်တဲ့ တနင်္သာရီတိုင်းမှာလည်း ဆောင်းတွင်းကာလကြီးဖြစ်ပေမယ့် မိုးက မပြတ်လှပါဘူး။ အဲ. . တစ်ခုပဲ ပြောစရာရှိတာကတော့ မြောက်ဘက်မှာ တိုက်နေတဲ့လေတွေနဲ့ တောင်ဘက်မှာတိုက်နေတဲ့ လေတွေဟာ သဘာဝချင်း ဆန့်ကျင်နေကြတဲ့ လေထု(air mass) တွေဖြစ်နေကြတာပါပဲ။ အဲ. . အလယ်ပိုင်းဒေသတွေ၊ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေကတော့ဆောင်းဆိုရင် ယေဘုယျအနေနဲ့ အေးပြီးခြောက်သွေ့တဲ့ ရာသီဥတု ရှိတတ်ကြပါတယ်။

**၂၀၁၁-၁၂ ခုနှစ်ရဲ့ လက်ရှိ ဆောင်းရာသီရဲ့ ပထမဆုံးမိုး**

အစကတည်းက ဒီနှစ်ဆောင်းဟာ အအေးပေါ့မယ့်ဆောင်းလို့ ကြိုတင်ခန့်မှန်းထားခဲ့ပါတယ်။ ခန့်မှန်းထားခဲ့တဲ့အတိုင်းပဲ ဒီနှစ်ဆောင်းဟာ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ပထမဆယ်ရက်ပတ် ကုန်တဲ့ အထိ ပီပီသသ အအေးပေါ့တဲ့ ဆောင်းပါပဲ။ အဓိပ္ပာယ်ကတော့ အနောက်လေအေးတွေ စီးဆင်းတိုက်ခတ်မှု အားနည်းနေတဲ့ အတွက်မြန်မာပြည်အောက်ပိုင်း အထိ မဆင်းနိုင်တဲ့ သဘောပါပဲ။ အဲ. . ဇန်နဝါရီလအလယ်လောက်ရောက်တဲ့အခါမှာတော့ အအေးပိုမှုကို စတင်ကြုံတွေ့လာခဲ့ရပါတယ်။ ဇန်နဝါရီလ အလယ်လောက်မှာ အနောက်လေစီးကြောင်းတွေထဲက မြောက်ဘက်က လေအေးတွေဟာမြန်မာနိုင်ငံ အနောက်မြောက်ဘက် ချင်းပြည်နယ်ကနေပြီး တိုးဝင်လာခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ အရှေ့လေစီးကြောင်းတွေထဲက အရှေ့လေပွေလှိုင်းတစ်ခုကလည်း မြန်မာနိုင်ငံထဲကို အရှေ့တောင်ဘက်မှဖြတ်သန်းဝင်လာခဲ့ပါတယ်။ ဖြစ်ချင်တော့. . ဒီဆန့်ကျင်ဘက်လေထုနှစ်ခုတို့ဟာမြန်မာနိုင်ငံအပေါ်မှာ လာရောက် တွေ့ဆုံကြပါတယ်။ ဆန့်ကျင်ဘက်လေထုတို့ရဲ့ ထုံးစံအတိုင်း ဒီလေထုနှစ်ခုဟာ ရောနှောသွားခြင်းမရှိဘဲ၊ ကြားခံနယ်နိမိတ်တစ်ခုကို ဖြစ်စေခဲ့ပါတယ်။ အဲဒီနယ်စပ်တစ်လျှောက်မှာလေထုမငြိမ်သက်မှုတွေဖြစ်လာပြီးတိမ်တွေကို အတန်းလိုက် ဖြစ်စေပါတယ်။ အဲဒီ. . တိမ်တန်းဟာ အနောက်တောင်-အရှေ့မြောက် အနေအထားနဲ့ တည်ရှိနေပြီး မြန်မာနိုင်ငံအပေါ်ကိုအနောက်မှ အရှေ့ကို ဖြတ်သန်းသွားခဲ့ပါတယ်။ အဲဒီ တိမ်တန်းဖြတ်သန်းသွားရာတစ်လျှောက်မှာ မိုးတွေရွာစေခဲ့ပါတယ်။

**အအေး ပိုတစ်ခါ၊ ပေါ့တစ်လှည့်နဲ့ ဆောင်းရာသီ**

ဒီနောက်မှာတော့ မြန်မာနိုင်ငံ မြောက်ပိုင်းသာမကတော့ဘဲ အလယ်ပိုင်း ဒေသများအထိ အထက်ပိုင်းဒေသတစ်ခုလုံးကို အနောက်လေစီးကြောင်းတွေက လွှမ်းမိုးနေရာ ယူသွားပါတော့တယ်။ ဒီအခါ အနောက်လေစီးကြောင်းတွေဟာတောင်တန်းတွေ ကုန်းမြေတွေ အပေါ်မှာဖြတ်သန်းတိုက်ခတ်ရတော့မြေပြင်ရဲ့ပွတ်မှုအားတွေကြောင့် လှိုင်းတွေဖြစ်လာစေပါတော့တယ်။ ဒီလှိုင်းတွေဟာမြောက်ဘက်ကလေအေးများ တိုးဝင်တဲ့နေရာတွေနဲ့ တောင်ဘက်ကလေနွေးများတိုးဝင်နေတဲ့ နေရာတွေတစ်လှည့်စီနဲ့ ဖွဲ့စည်းထားတဲ့ လှိုင်းတွေဖြစ်နေလေတော့ ဒီနှစ်ဆောင်းရဲ့ နောက်ပိုင်းမှာ အအေးပိုတစ်ခါ၊ ပေါ့တစ်လှည့် နဲ့ ကြုံတွေ့ရတော့တာပါပဲ။ အချိန်ကာလအနေနဲ့လည်း (၃)(၄) ရက်လောက်ပဲ ကြာတတ်ပါတယ်။

**လောလောဆယ်ဖြစ်နေတဲ့ တိမ်တန်းတွေ**

လောလောဆယ်မှာတော့ မြန်မာနိုင်ငံအပေါ်မှာ လေထုနှစ်ခုဖြစ်တဲ့ မြောက်ဘက်အရပ်က ဆောင်းလေအေးတွေရယ်၊ တောင်ဘက်အရပ်က အပူပိုင်းလေနွေးတွေရယ် တိုက်ခတ်နေပါတယ်။ အဲဒီလေထုနှစ်ခုတို့ကြားမှာ buffer zone လို ကြားခံဇုန်ရှိနေပါတယ်။ အဲဒီကြားခံဇုန်တစ်လျှောက်မှာ တိမ်တန်းတွေဖြစ်ပေါ်နေပါတယ်။ အများအားဖြင့်တော့မြန်မာနိုင်ငံတောင်ပိုင်းဖြစ်တဲ့မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေအပေါ်မှာ တိမ်တွေဖြစ်ပြီး မိုးရွာစေပါတယ်။ တစ်ခါတစ်ရံတော့မြောက်ဘက်တက်လာပြီး မြစ်ဝကျွန်းပေါ်အောက်ပိုင်း ဒေသတွေဖြစ်တဲ့ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းတောင်ပိုင်းတွေအပေါ်မှာပါ တိမ်တွေတက်လာပါတယ်။ မိုးဖွဲလေးတွေကျလာတတ်ပါတယ်။ တိမ်တွေတက်လာတော့ညအပူချိန်တွေ လည်းတက်လာပြီး အအေးပေါ့သွားတတ်ပါတယ်။ နောက်တိမ်တွေလျော့သွားတတ်ပြန်ပါတယ်။

**ဒီနှစ်ဆောင်းလက်ကျန် ကာလအတွက် ခန့်မှန်းချက်**

အခုဆိုရင်သုံးလလောက်ကာလသက်တမ်းရှိတဲ့ဆောင်းရာသီကာလဟာသက်တမ်းထက်ဝက်ကျိုးခဲ့ပြီဖြစ်ပါတယ်။ ဖေဖော်ဝါရီလအကုန်အထိ သက်တမ်းရှိတဲ့ လက်ကျန်ဆောင်းရာသီ ကာလဟာမြန်မာနိုင်ငံတောင်ပိုင်းဒေသများမှာ Precipitation ပိုနိုင်ပြီး မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ Precipitation လျော့နိုင်ပါတယ်။ ညအပူချိန်များ အနေနဲ့တော့ တစ်ပြည်လုံးမှာ အများအားဖြင့် အအေးပေါ့မယ်လို့ ခန့်မှန်းထားပါတယ်။

**Rain နဲ့ Precipitation တို့ရဲ့ အဓိပ္ပာယ်**

ဆောင်းကာလခန့်မှန်းချက်တွေမှာ Precipitation ခန့်မှန်းချက်တွေလို့ဆိုရာမှာ Precipitation နဲ့ Rain ရဲ့ မတူကွဲပြားမှုကို နည်းနည်းရှင်းပြလိုပါတယ်။ Precipitation ဆိုတာ လေထုထဲမှ မြေပြင်ပေါ်ကို ကျလာတဲ့ ရေငွေ့နဲ့ပတ်သက်နေတဲ့ အရာအားလုံးကိုခေါ်တာ ဖြစ်ပါတယ်။ လေထုထဲကနေမြေပြင်ပေါ်ကို ပြန်ကျလာတဲ့ ရေနဲ့ပတ်သက်တဲ့အရာတွေဟာ အသွင်အမျိုးမျိုးနဲ့မို့ အမျိုးအမည်များလှပါတယ်။ မိုးဖွဲ (drizzle)၊ မိုး(rain)၊ မိုးသီး (hail) နှင်း (snow)၊ နှင်းခဲရည် (sleet)၊ နှင်းပွင့် (snow flakes)၊ နှင်း ပေါက်ခါ(Hoar frost)၊ မြူ (mist)၊ မြူထူ (fog) စတာတွေဖြစ်ပါတယ်။ ဒီတော့ ဒီဆောင်းမှာ precipitation လျော့မယ်လို့ဆိုရာမှာ မိုးသာမက မြူတွေနှင်းတွေပါ ကျတာလျော့လိမ့်မယ်လို့ ဆိုလိုရင်းဖြစ်ပါတယ်။

**သူလာ. . လာလာ၊ မလာ . . လာလာ၊ကိုယ်ကစောင့်ရမှာ**

အခုရက်ပိုင်းတွေအတွင်း ဥရောပအရှေ့ပိုင်းမှာ အာတိတ်လေအေးတွေ တိုးဝင်မှုကြောင့် အအေးလွန်ကဲမှုတွေ ဖြစ်နေပါတယ်။ တကယ်ဆိုရင် အရှေ့ဥရောပဒေသဟာဆောင်းရာသီဆိုရင် ပုံမှန်ကကိုပဲ ရေခဲမှတ်အောက် -10 C မှ -12 C လောက်အထိအေးတတ်ပါတယ်။ ဒါပေမဲ့ ဒီနှစ်ဆောင်း အခုရက်ပိုင်းမှာတော့ -30C ကနေ -33 C လောက်အထိ အအေးလွန်နေပါတယ်။ ဒီအအေးလွန်နေတဲ့ အအေးလှိုင်းတွေဟာမြန်မာနိုင်ငံနဲ့တော့ ဝေးတဲ့အပြင် အခုအချိန်အထိလည်း မြန်မာနိုင်ငံဘက်ဆီကို တိုးဝင်လာမယ်လို့ ပြောနိုင်တဲ့ အခြေအနေ မရှိသေးပါဘူး။ ဒါပေမဲ့ သေချာတာကတော့ ဒီအအေးလှိုင်းတွေဟာ အနောက်ကအရှေ့ဘက်ကို ရွေ့မယ်၊ သွားရာလမ်းကြောင်းမှာ ဟိမဝန္တာတောင်တန်းနဲ့ တွေ့နိုင်တယ်။ တွေ့တာနဲ့အနောက်လေတွေဟာ အနောက်မြောက်လေတွေအဖြစ် ပြောင်းသွားနိုင်တယ်။ ဒီလိုဖြစ်လိုက်တာနဲ့ပထမအိန္ဒိယနိုင်ငံမြောက်ပိုင်းကို တိုးဝင်လာမယ်၊ နောက်တစ်ဆင့်မြန်မာနိုင်ငံအနောက်မြောက်ပိုင်းကို တိုးဝင်လာနိုင်ပါတယ်။ ဒါဆိုရင်တော့ အအေးပိုမှုကို ကျွန်တော်တို့ ကြုံတွေ့ကြရဦးမှာဖြစ်ပါတယ်။ ပိုပြီးအရေးကြီးတာကတော့ အဲဒီလေအေးတွေတိုးဝင်လာရင်ကုန်းတွင်းပိုင်းမှာ အအေးပိုတာလောက်ပဲဖြစ်လာနိုင်ပေမယ့်အောက်ပိုင်းနဲ့ တောင်ပိုင်းကို တိုးဝင်လာတာနဲ့၊ လေနွေးတွေနဲ့ ထိတွေ့မိမယ်ဆိုရင်တော့ အချိန်အခါမဟုတ်မိုးကိုတော့ သတိထားကြရပါဦးမယ်။ ။

## ရန်ကုန်အိမ်ထောင်စု လေးပုံတစ်ပုံသာ အမှိုက်ခွန်ဆောင်

ကျော်သီဟ

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနစာရင်းအရ အိမ်ထောင်စုရှစ်သိန်းကျော်ရှိသည့်အထဲမှ နှစ်သိန်းနှစ်သောင်းကျော်သာ အမှိုက်ခွန်ဆောင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ထို့အပြင် လမ်းဘေးဈေးသည်များကလည်း အမှိုက်စွန့်ပစ်မှုအပေါ် စည်ကမ်းကျနစွာ စွန့်ပစ်မှုမရှိသေးကြောင်းသိရသည်။

“ရန်ကုန်းစည်ပင်နယ်နိမိတ်အတွင်းမှာ လ. ဝ. က စာရင်းအရ အိမ်ထောင်စုစာရင်းအရ ရှစ်သိန်းကျော်ရှိပေမယ့် နှစ်သိန်းနှစ်သောင်းပဲအခွန်ဆောင်တယ်” ဟု ကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး ဦးသန်းလွင်ဦးက 7Day News သို့ပြောကြားသည်။

ရန်ကုန်မြို့တော်တွင် အမှိုက်ခွန်ထမ်းဆောင်မှုမှာ အာဆီယံနိုင်ငံများထက် နည်းကြောင်းနှင့် လက်ရှိအမှိုက်ခွန်အား ၃၃မြို့နယ်အတွင်း သုံးပိုင်းခွဲခြားကောက်ခံလျက်ရှိပြီး မြို့တွင်းခြောက်မြို့နယ်အား တစ်ရက် ၂၀ ကျပ်၊ တစ်လ ၆၀၀ ကျပ်၊ သုံးလစာ ၁,၈၀၀ကျပ် ကောက်ခံလျက်ရှိသည်။ ယင်းနှင့်ဆက်စပ်မြို့နယ်များဖြစ်သော ရန်ကင်းမြို့နယ်အား တစ်ရက် ၁၅ ကျပ်နှင့် တစ်လ ၄၅၀ကျပ်၊ သုံးလစာ ၁,၃၅၀ ကျပ်၊ မြို့ပြင်ရှိ မြို့နယ်များအား တစ်ရက် ၁၀ ကျပ်နှင့် တစ်လ ၃၀၀ ကျပ် သုံးလ ၉၀၀ ကျပ်ဖြင့် ကောက်ခံကြောင်း သိရသည်။

ထိုသို့ ကောက်ခံရာတွင်လည်း စည်ပင်သာယာပိုင်အပိုင်းနှင့် အိုးအိမ်ပိုင်အပိုင်းဟူ၍ နှစ်မျိုးရှိရာ အိုအိမ်းပိုင်အပိုင်းအား အခွန်စည်းကြပ်၍မရကြောင်း ၎င်းကပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

ယနေ့အချိန်အခါသည်မိမိတို့တိုင်းပြည်၌ ဒီမိုကရေစီလမ်းစဉ်ကို စတင်ကျင့်သုံးနေပြီဖြစ်ပါသည်။ ဒီမိုကရေစီ၏ အနှစ်သာရသည် အာဏာကို တစ်ဦးတစ်ယောက်လက်ထဲသို့ ပုံအပ်ထားခြင်းမဟုတ်ဘဲ အုပ်ချုပ်မှုအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာဟူ၍ ကဏ္ဍသုံးရပ်ခွဲကာ အာဏာကိုခွဲဝေပေးထားမှုပဲဖြစ်ပါသည်။ အပြန်အလှန်ထိန်းကျောင်းမှုစနစ်ဖြင့် မည်သူ့မည်သူမှ အာဏာကို အလွဲသုံးစားမပြုနိုင်ရန် စီမံဖော်ဆောင်ထားသည့်စနစ်ဖြစ်ပေသည်။ အာဏာသုံးရပ်လုံး၏ အန္တိမရည်မှန်းချက်မှာ ပြည်သူလူထုနစ်နာမှုမရှိစေရန်၊ ပြည်သူလူထုကိုအကာအကွယ်ပေးနိုင်ရန်၊ ပြည်သူလူထုအကျိုးစီးပွားတိုးပွားစေရန်ပင်ဖြစ်သည်။ ထိုရည်မှန်းချက်ဖော်ဆောင်ရာတွင် အနည်းစု၏ သဘောဆန္ဒကို လေးစားမှုရှိပြီး အများစု၏ သဘောဆန္ဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဦးတည်ထားသည်။

# ဥပဒေခြုံ လုံပါစေသား

**နိုင်နိုင်ဇော်**



**ဥပဒေပြုအာဏာရရှိထားသော လွှတ်တော်များကဏ္ဍမှာ အင်မတန်အရေးကြီးသည်**

ယခုလို အသွင်ကူးပြောင်းဆဲကာလတွင် ထိုအာဏာသုံးရပ်လုံးသည် မကွဲမပြား ဖြစ်နေပါသည်။ အုပ်ချုပ်မှုအာဏာက အခြားအာဏာ နှစ်ရပ်ပေါ်၌ လွှမ်းမိုးမှုရှိနေသဖြင့် ဒီမိုကရေစီ လမ်းလျှောက်လှမ်းရာတွင် ခြေချုပ်မိသကဲ့သို့ဖြစ်နေသေးသည်။ ဥပဒေပြုရေးအာဏာနှင့်တရားစီရင်ရေးအာဏာကောင်းစွာ အလုပ်မလုပ်သေးသမျှ ပြည်သူလူထုမှာ ဒီမိုကရေစီ၏ အနှစ်သာရကို အပြည့်အဝခံစားနိုင်မည်မဟုတ်ပေ။ ရှင်းလင်းပြတ်သားသော ဥပဒေနှင့် ခိုင်မာတည်ကြည်သည့် တရားစီရင်မှု မရှိခြင်းက ပြည်သူလူထုတစ်ရပ်လုံးကို မလုံမခြုံဖြစ်စေနိုင်ပါသည်။ ကျောသားရင်သား ခွဲခြားမှုမရှိသော ဥပဒေနှင့် တရားစီရင်ရေးကသာ စည်းကမ်းပြည့်ဝသော၊ ရင့်ကျက်မှုရှိသော လူမှုအဖွဲ့အစည်းကို ဖန်တီးနိုင်မည်ဖြစ်သည်။

မည်သူ့မည်သူက ဥပဒေကို လေးစားလိုက်နာစရာမလို၊ တရားစီရင်မှုကို မှုစရာမလိုဟူသော အတွေးအခေါ်ရှိနေသမျှ ထိုလူ့အဖွဲ့အစည်းသည် စည်းကမ်းပြည့်ဝသော၊ ရင့်ကျက်မှုရှိသော လူ့အဖွဲ့အစည်းအသွင်သို့ ပီပြင်လာစေခြင်းငှာ မဖြစ်နိုင်တော့ပါ။ လူတိုင်းလူတိုင်း မိမိလုပ်နိုင်စွမ်းသမျှ ဉာဏ်နီတစ်မိုက် ဉာဏ်နက်တစ်ထွာဖြင့် ဥပဒေကို လက်တစ်လုံးခြား ကျူးလွန်နိုင်ဖို့ကြိုးစားနေပေလိမ့်မည်။ ထိုသို့ ကြိုးစားမှုတွင် အာဏာရှိသူ၊ ဥစ္စာရှိသူတို့က လက်တစ်လုံးခြား လုပ်ခွင့်ပိုမိုရရှိလာပြီး မျက်နှာမွဲအောက်ခြေလူတန်းစားများမှာတော့ ကျောသားရင်သားခွဲခြားမှုရှိသည့် ဥပဒေနှင့် တရားစီရင်ရေး၏ ဒဏ်ကို အခံရဆုံးဖြစ်လာပါလိမ့်မည်။ အထက်သို့ကြားသိစေရန် ပြောနိုင်ခွင့် ဆိုနိုင်ခွင့် အနည်းဆုံးဖြစ်နေသည့် ထိုလူတန်းစားများ၏ မလုံခြုံမှုကို အခြားသော နည်းလမ်းများဖြင့် ၎င်းတို့၏ ခံစားချက်ကို ဖော်ထုတ်လာခြင်း (သို့မဟုတ်) ၎င်းတို့၏ မကျေနပ်ချက်များကို မှန်ကန်သောနည်းလမ်းဖြင့် မဖော်ပြတတ်သောအခါ မလိုလားအပ်သော ပြစ်မှုများ ကျူးလွန်လာခြင်းတို့ဖြစ်ပေါ်လာနိုင်ပါသည်။ အလွန်အရေးကြီးသော သတိချပ်ဖွယ် အခြင်းအရာ ဖြစ်ပါသည်။ လက်ရှိ မိမိတို့ လူ့အဖွဲ့အစည်းကို သုံးသပ်ကြည့်မည်ဆိုလျှင် အလုံးစုံသော လူတန်းစားအလွှာအသီးသီးက တရားဥပဒေ စိုးမိုးမှုအောက်၌ အပြည့်အဝရှိမနေသဖြင့် အလွယ်တကူ ဥပဒေကို လက်တစ်လုံးခြား ပြုမှုပြီး ဥပဒေမဲ့ ပြုမူနေထိုင်ဆောင်ရွက်နေကြသည်ကို မြင်တွေ့နိုင်သည်။ ဥပဒေကို ထိမထင်သည့် အကျင့်ပျက်ဝန်ထမ်းများ၊ ဝိသမလောဘ စီးပွားရေးသမားများ၊ ဥပဒေကိုမျက်လှည့်ပြပြီး မြေယာကို အနိုင်ကျင့်သိမ်းသည့် လုပ်ငန်းရှင်ကြီးများ၊ စည်းကမ်းပျက်ဈေးသည်များ၊ ကားမောင်းသမားများ အပါအဝင် အများစုသော လူအပေါင်းတို့သည် အခွင့်အရေးကို လက်ကုန်နှိုက် စည်းကမ်းပျက်၊ အကျင့်ပျက်၊ ဥပဒေကို လိုက်နာမှုမရှိ၊ မိမိအသာရပြီးရော စိတ်ဓာတ်ဖြင့် ရှင်သန်နေထိုင်နေကြသည်။ ဥပဒေမဲ့ကျူးလွန်သူများကို မှန်ကန်သော နည်းလမ်းဖြင့် အနိုင်ရရှိဖို့မလွယ်သောအခါ မိမိတို့ အနိုင်ရနိုင်မည့် လူကို တစ်ဖန်ရှာဖွေပြီး ဥပဒေမဲ့ပြုမှုလာရာ စာရိတ္တပျက်ယွင်းသော၊ စည်းကမ်းမဲ့သော လူ့အဖွဲ့အစည်း ပုံသဏ္ဌာန် ဖြစ်ပေါ်လာရပါသည်။ ဥပမာအကျင့်ပျက်ဝန်ထမ်းကြောင့် အလုပ်မဖြစ်သော၊ အခက်တွေ့ခဲ့သော စီးပွားရေးသမားသည် ၎င်း၏အကျိုးအမြတ်ကို စားသုံးသူဆီမှ လက်ကုန်နှိုက်ဖို့ကြိုးစားလာသည်။ စားသုံးသူဆိုသူတို့မှာလည်း ထုတ်လုပ်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ အလုပ်သမားများဖြစ်ကြသဖြင့် ၎င်းတို့ကလည်း ၎င်းတို့နိုင်စားနိုင်မည့် အခြေအနေ၌ အကျင့်ပျက်မှု၊ စည်းကမ်းမဲ့မှုများ ပြန်လည်လုပ်ဆောင်လာသည်။ မှန့်လုံးစက္ကူကပ် ဇာတ်လမ်းခင်းနေကြတော့သည်။

ထိုသို့သော လူ့အဖွဲ့အစည်းကိုပြန်လည်ပြုပြင်ဖို့ရာမှာ ပြဿနာ၏ အရင်းအမြစ်ဖြစ်သော တရားဥပဒေစိုးမိုးမှု အားနည်းနေသည့် အခြေအနေကိုသာ အမြန်ဆုံး ပြင်ဆင်သင့်ပေသည်။ မည်သူ့ကိုမျှတရားဥပဒေအထက်၌မရှိစေခြင်း၊ မျက်နှာသာမပေးခြင်းတို့ကသာ ယိုယွင်းပျက်စီးနေသည့် လူ့အဖွဲ့အစည်းကို အချိန်မီပြင်ဆင်နိုင်မှာ ဖြစ်ပါသည်။ လက်ရှိအခြေအနေအတိုင်းသာ ဆက်လက်သွားနေမည်ဆိုလျှင် အနာဂတ်လူ့အဖွဲ့အစည်း၊ တိုင်းပြည်အတွက် ရင်လေးစရာဖြစ်ပါသည်။ စည်းကမ်းလိုက်နာမှုရှိသော၊ ရင့်ကျက်မှုရှိသော လူ့အဖွဲ့အစည်းကသာ စွမ်းဆောင်ရည်ပြည့်ဝပြီး ဒီမို ကရေစီကို အပြည့်အဝဖော်ဆောင်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များကို မွေးထုတ်နိုင်ပေလိမ့်မည်။ ထိုပြည်သူ့ကိုယ်စားလှယ်များမှ ပိုမိုအင်အားရှိသော ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဖော်ဆောင်ပေးလိမ့်မည်။

အချုပ်အားဖြင့် ဆိုရလျှင် လဲနေသူ ထူပေးပါ။ အားငယ်သူ အားပေးပါဆိုသည့် လောကနီတိအတိုင်း မိမိတို့တိုင်းပြည်၏ အားနည်းမှုရှိနေသော ဥပဒေနှင့်ယိမ်းယိုင်မှုရှိသော တရားရေးမဏ္ဍိုင်တို့ကို ပြုပြင်ပြီး လုံခြုံမှုမရှိ၊ အင်အားချည့်နဲ့နေသော အခြေခံလူတန်းစားများအတွက် ဥပဒေခြုံလုံပါစေသား ဆန္ဒမွန်ဖြင့် ပရမ်းပတာ အသွင်ဆောင်နေသော လူ့အဖွဲ့အစည်းဝင် အောက်ခြေလူတန်းစားများမှ အစ၊ လူလတ်တန်းစား ပညာတတ်လူငယ်များ အလယ်၊ မြတ်သောအကျင့်ဖြင့် ချမ်းသာလာသူများအဆုံး အားလုံးသော လူကောင်းများအား လုံခြုံမှုပေးနိုင်သည့် ဥပဒေစိုးမိုးမှု အလျင်အမြန် ဖြစ်လာနိုင်စေရေးအတွက် တတ်စွမ်းသမျှ ကြိုးစားတင်ပြလိုက်ပါသည်။ ။

## JOKE

### စစ်ဆေးမှု

ဂွျန်တစ်ယောက် စစ်တပ်ထဲမဝင်ချင်။ သို့သော် စစ်မှုမထမ်းမနေရဥပဒေကြောင့် အသက်ပြည့်၍ စစ်မှုထမ်းရမည်ဆိုသောအခါ တွေ့သမျှလူကို ဘုတောမည်ဟုဆုံးဖြတ်ထားသည်။

ဂွျန်အား ကိုယ်ခန္ဓာကြံ့ခိုင်မှုစစ်ဆေးသောအခါ ဆေးစစ်သော ဆရာဝန်က စာလုံးများကို လက်ညှိုးထိုးပြရင်း. . .

"မင်းဟိုး. . နံရံပေါ်က စာလုံးတွေကိုမြင်ရလား"ဟုမေးရာ ဂွျန်က "ဘာစာလုံးတွေလဲ"ဟု ခပ်မာမာပြန်မေးရာ ဆရာဝန်က

"ကောင်းပြီမင်းရဲ့ အကြားအာရုံစစ်ဆေးမှုအောင်မြင်သွားပြီ"ဟု ဆိုပါလေ၏။

### အထူးယာဉ်ကြော

ကျွန်တော့်သူငယ်ချင်းမှာ ဆီစားနည်းသော ဓာတ်ဆီနှင့်ရေဓာတ်ငွေ့ပေါင်းစပ်မောင်းနှင်ရသော ကားလေးတစ်စီးဝယ်လာပြီး သူ့ကားအကြောင်း ပြောမဆုံးပါလေတော့။ တွေ့သမျှလူကို သူ့ကားက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မည်မျှအရေးပါကြောင်း ကြွားနေရာ သူငယ်ချင်းများပင် နားငြီးနေကြပြီဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်တို့ကို သူ့ကားနှင့်တင်ခေါ်လာရင်း "အင်း. . သဘာဝပတ်ဝန်းကျင်ကိုဂရုစိုက်သူတွေအတွက် အထူးယာဉ်ကြောတစ်ကြောထားပေးသင့်တယ်ကွ"ဟုဆိုရာ . . .

"ထားပေးတယ်လေကွာ။ လမ်းဘေးပလက်ဖောင်းပေါ်ပဲ လမ်းလျှောက်တဲ့လူတွေလောက် ဘယ်သူမှပိုပြီး သဘာဝပတ်ဝန်းကျင်ကို ချစ်တတ်တဲ့လူမရှိဘူး" ဟု ကားနောက်ခန်းက သူငယ်ချင်းတစ်ယောက်က ပြောပါတော့သည်။

## လုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်တင်ရန်လို

သီဟ

**နေပြည်တော်၊ဇန်နဝါရီ-၃၁**

လက်ရှိအချိန်တွင် စီးပွားရေးပိုင်းဆိုင်ရာ ခေတ်စနစ်များ ပြုပြင်ပြောင်းလဲလျက်ရှိရာ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံးတွင် လုပ်ငန်းစွမ်းဆောင်ရည်ပြောင်းလဲမြှင့်တင်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်လိုနေသေးကြောင်းအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းကပြောသည်။

နိုင်ငံတော်၏ စီးပွားရေးအဆောက်အအုံတစ်ခုလုံးပြောင်းလဲတိုးတက်လာစေရန် ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ရင်းနှီးမြှုပ်နှံမှုမူဝါဒများပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်သည်များကို အရှိန်အဟုန်နှင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်ဟုသိရသည်။

"နိုင်ငံတော်အနေနဲ့ အစိုးရပိုင်စက်ရုံ အလုပ်ရုံများကိုပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျလွှဲပြောင်းပေးပြီး နိုင်ငံပိုင်အခန်းရဲ့ ပါဝင်မှုအချိုးကိုလျှော့၍ ပုဂ္ဂလိကအခန်းကဏ္ဍအချိုးအစားမြင့်မားရေးအားပေးဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွင်လည်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာကာ စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာရန်အတွက် ပြုပြင်ဖော်ဆောင်ပေးလျက်ရှိကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့တွင် အမျိုးသားစီမံကိန်းဥပဒေကြမ်းတင်သွင်းရာတွင် ယင်းသို့ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ မန္တလေးသတင်းထောက်များ- စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
နယ်သတင်းထောက်များ- မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။
ဓာတ်ပုံသတင်းထောက်- ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။
ပုံနှိပ်စက်- သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL
Business
Vol.10, No.47 • FEBRUARY 9 , 2012

# ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းလျော့ကျခြင်းမှာ အခွန်များကြောင့်မဟုတ်ဟု တာဝန်ရှိသူပြောကြား

**ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၄**

ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ ဈေးကွက်မယှဉ်ပြိုင်နိုင်ခြင်းမှာ အခွန်ကြောင့် မဟုတ်ကြောင်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက အမျိုးသားလွှတ်တော်တွင် ဇန်နဝါရီလ ၃၀ ရက်က ပြောကြားခဲ့သည်။

ကုန်သွယ်ခွန်နှင့် ပတ်သက်၍ဝန်ကြီးကလွှတ်တော်တွင်ထပ်မံရှင်းပြရာ၌ ကုန်သွယ်လုပ်ငန်းခွန်ကို တင်သွင်းလာသည့် တန်ဖိုးအပေါ် အခြေခံတွက်သည့်အတွက် ကုန်ကြမ်းနှင့် ကုန်ချောတန်ဖိုး မတူညီနိုင်ပါ။ ကုန်ကြမ်းတင်သွင်းပြီး ထုတ်ကုန်များဈေးကွက်တွင် မယှဉ်ပြိုင်နိုင်သည်မှာ အခွန်ကြောင့်မဟုတ်ကြောင်းဝန်ကြီးက ရှင်းပြသည်။

ထုတ်လုပ်မှု ကုန်ကျစရိတ်ကိုနည်းပညာအသုံးချပြီး သက်သာအောင် ဆောင်ရွက်ခြင်း သွင်းကုန်ပစ္စည်းများနှင့်အရည်အသွေး ယှဉ်နိုင်အောင်ထုတ်လုပ်ရန်လိုအပ်ကြောင်း ဝန်ကြီးကဆိုသည်။

ထို့အပြင်ကုန်ကြမ်းတင်သွင်းမှုအတွက်ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်ချောတင်သွင်းခြင်းမှ ကျသင့်သည့် အခွန်ထက်ပိုများနေသည့် ကုန်စည်များလည်းရှိကြောင်း သိရသည်။

ယင်းကြောင့် နိုင်ငံတကာ အခွန်စနစ်များနည်းတူ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားအသစ်များပြင်ဆင်ထားကြောင်းကိုလည်း သိရသည်။

"အခုအခြေအနေက ထုတ်ကုန်လုပ်ငန်းလုပ်ဖို့မြေဝယ်တာမှာတင်ခက်နေတယ်"ဟု လှိုင်သာယာမြို့နယ်မှ ပလတ်စတစ်ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

စက်မှုဇုန်ရှိ မြေကွက်များ၏ မြေတစ်ဧကတန်ဖိုးသည်

**စာ(၃၄)သို့**

# ပဲဈေးနှုန်းများ ဆက်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ရန်ကုန်ပဲဈေးကွက်တွင် ယခုရက်ပိုင်း၌ အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်အရောင်းအဝယ်ဈေးကွက်မှ ပဲကုန်သည်များက ပြောသည်။

"ဈေးတက်စပြုလာတော့ ဒီရက်ပိုင်းအရောင်းအဝယ်ပြန်အေးသွားတယ်။ ငွေဈေးအေးသွားတာကြောင့်လည်း အရောင်းအဝယ်အေးသွားတာပါတယ်။ နိုင်ငံခြားအဝယ်နည်းတာလည်းပါတာပေါ့" ဟု ကုန်စည်ဒိုင်အရောင်း အဝယ်ဈေးကွက်မှပဲကုန်သည်တစ်ဦးက လက်ရှိဈေးကွက်အနေအထားကို သုံးသပ်ပြောသည်။



**ဈေးကွက်တွင် နမူနာပြထားသော ပဲမျိုးစုံ**

ဓာတ်ပုံ - ဇေယျ

ပဲဈေးကွက်တွင် ဈေးနှုန်းမြင့်လာပြီး အရောင်အဝယ် အကောင်းဆုံးဖြစ်နေသော ပဲစင်းငုံပင် နိုင်ငံခြားဝယ်လိုအား နည်းနေပြီဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

ပဲစင်းငုံမှာ နိုင်ငံခြားဝယ်လိုအားနည်းနေသည်ဟု ဆိုနေသော်လည်း ပဲဈေးနှုန်းမှာ ဆက်လက်မြင့်တက်ပြီး ပဲဈေးကွက်တွင် ဈေးအမြင့်ဆုံးဖြစ်နေသည်။ ယခုရက်ပိုင်းတွင် ပဲစင်းငုံအသစ်မှာ တစ်တန်လျှင် ၄၉၄,၀၀၀ ကျပ်နှင့် အဟောင်းမှာ တစ်တန်လျှင် ၄၆၃,၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းရရှိသည်။

"ပဲစင်းငုံ အရောင်းအဝယ်က နိုင်ငံဝယ်လိုအားထက် ဈေးနိမ့်လို့ပြည်တွင်းအရောင်းအဝယ်ကောင်းနေတာကြောင့် ဈေးကောင်းနေတာ" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

ထို့အပြင် ခရမ်းရွှေဝါ ပဲတီစိမ်းအသစ် အာစီမှာလည်းတစ်တန်လျှင် ၆၂၀,၀၀၀ ကျပ်ရှိသည်။ယခင်က ဈေးကွက်တွင် အရောင်းအဝယ် အများဆုံးနေရာယူထားခဲ့သော မတ်ပဲ အာစီမှာ တစ်တန်လျှင် ၄၂၈,၀၀၀ ကျပ်ရှိပြီး SQRC မှာ တစ်တန်လျှင် ၄၅၀,၀၀၀ ကျပ် ရှိနေသည်။

ပဲအသစ်ပေါ်နေပြီဖြစ်၍ နိုင်ငံခြားဝယ်လိုအားနှင့် ငွေဈေးနှုန်းများဆက်လက်ကျဆင်းနေပါက ပဲဈေးနှုန်းများပြန်လည်ကျဆင်းလာနိုင်ကြောင်းပဲကုန်သည်များက ခန့်မှန်းပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၈ | ၈၃၃ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၈ | ၈၃၃ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၀ | ၆၄၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၂၅ | ၁၀၄၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ၂၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၆ | ၁၂၈ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၅၀ | ၈၅၀ | ကျပ် |

၂၀၁၂ ဖေဖော်ဝါရီ ၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၀၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၅၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၂၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၈. ၆၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၁၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၆. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၈၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၅၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၅၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၂၈၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၂၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၃၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၁၄၀၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၄၀. ၃၀၀ |
| ရေနံစိမ်း | စည် | ၁၁၄. ၅၈၀ |
| ငွေ | ၁ အောင်စ | ၃၃. ၇၄၉ |
| ကြေးနီ | ပေါင် | ၃၉၀. ၁၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၄၉၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ ဖေဖော်ဝါရီ ၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# မတည်ငွေကျပ်သိန်း ၁၅၀ ရှိလျှင် အသေးစားငွေရေး ကြေးရေးလုပ်ငန်း လိုင်စင်လျှောက်ထားနိုင်

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၄**

အသေးစားငွေရေး ကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်လျှောက်ရာတွင် အနည်းဆုံး မတည်ငွေရင်း ကျပ်သိန်း ၁၅၀ သတ်မှတ်ထားကြောင်း ဇန်နဝါရီ ၁၆ ရက် နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြထားခဲ့သည်။

မတည်ငွေရင်း ကျပ်သိန်း ၁၅၀ ကို ချေးငွေပေးမည့် အဖွဲ့အစည်းအတွက်ဖြစ်ပြီး အပ်ငွေလက်ခံသည့် ဝန်ဆောင်မှုဆောင်ရွက်မည့် အဖွဲ့အစည်းအတွက် မတည်ငွေကျပ် သိန်း ၃၀၀ သတ်မှတ်သည်။

အသေးစားချေးငွေ အပေါ်အတိုးနှုန်းသတ်မှတ်ချက်သည် ကျပ် ၁၀၀ ကိုတစ်လလျှင် ၂ ဒသမ ၅ ကျပ်၊ တစ်နှစ်လျှင် ၃၀ ကျပ်နှုန်းထက် မများရန်နှင့် အပ်ငွေပေါ် အတိုးနှုန်းသည် ကျပ် ၁၀၀ တစ်လျှင် ၁ ဒသမ ၂၅ ကျပ်၊ တစ်နှစ်လျှင် ၁၅ ကျပ်နှုန်းထက်မနည်းရန် သတ်မှတ်ထားခြင်းဖြစ်သည်။

အသေးစား ချေးငွေသည် အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရန် အာမခံပစ္စည်း(အပေါင်ပစ္စည်း) တင်သွင်းရန်မလိုဘဲ ထုတ်ချေးသည့်ငွေဖြစ်ကြောင်း ဆောင်းပါးရှင် မောင်ဘဏ္ဍာအခွန်ရေးသော "အသေးစားငွေရေးကြေးရေးလုပ်ငန်းအကြောင်းသိကောင်းစရာများ" တွင် ဖော်ပြထားသည်။

အဆိုပါ အသေးစားငွေရေး ကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ သမဝါယမအသင်းဥပဒေ၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး လုပ်ကိုင်ခွင့်လိုင်စင်ကို သက်ဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှု ကော်မတီသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံအမ်အက်ဖ်အိုင်-၀၁ နှင့်အတူ ဖြစ်နိုင်ခြေ လေ့လာချက်အား ပူးတွဲတင်ပြ၍ လျှောက်ထားရမည်ဖြစ်သည်။

သို့သော် ထိုလုပ်ငန်းများ ခွင့်ပြုမည်ကို စီးပွားရေးလုပ်ငန်းရှင်အများစု မသိရှိကြပေ။

အသေးစားငွေရေး ကြေးရေးလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားပြီး တစ်လအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးမည်ဖြစ်ပြီး ခြောက်လအတွင်း လုပ်ငန်းစတင်ရမည်ဟု ဆိုသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေးအား လိုင်စင်ထုတ်ပေးသည့်နေ့မှ ၁၅ ရက် အတွင်းပေးသွင်းရမည်ဖြစ်ပြီး နှစ်စဉ်လိုင်စင်ကြေးကို ဧပြီတွင် ပေးသွင်းရမည်ဖြစ်သည်။

အသေးစားငွေရေး ကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းသည် စီမံခန့်ခွဲမှု အဖွဲ့ကို ဖွဲ့စည်း၍ သင်းဖွဲ့မှတ်တမ်း သင်းဖွဲ့စည်းမျဉ်းများနှင့် အညီ စီမံခန့်ခွဲရမည်ဖြစ်ပြီး ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စီမံခန့်ခွဲမှု အဖွဲ့၏အဖွဲ့ဝင်ဖြစ်ရန် လိုအပ်သည့် အရည်အချင်းနှင့် ပြည့်စုံရမည်ဟုဆို သည်။

လက်ရှိဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ဆက်လက်လုပ်ကိုင်လိုပါက ဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီအသေးစားငွေရေး ကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှတစ်ဆင့် ကြီးကြပ်မှုကော်မတီသို့ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် လျှောက်ထားရမည်ဖြစ်သည်။




**စာ(၃၃) - ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းလျော့ကျခြင်းမှာ အခွန်များကြောင့်မဟုတ်ဟု တာဝန်ရှိသူပြောကြား မှ**

များစွာမြင့်နေသည့်အတွက်စက်ရုံဆောက်ပြီး ကုန်ထုတ်လုပ်ငန်းများလုပ်ရန် ငွေကြေးအရင်းအနှီးများစွာလိုအပ်သည့် စက်မှုဇုန်မြေကွက်များသည်တစ်ဧကကျပ်သိန်း ၁၀၀၀ အနိမ့်ဆုံးရှိသည်။

"မြေတန်ဖိုးက ကိုယ့်လုပ်ငန်းအတွက် အရင်းအနှီးကပိုများနေတယ်။ လုပ်ငန်းချဲ့ဖို့တောင် မလွယ်ဘူး"ဟု အထက်ပါ လုပ်ငန်းရှင်ကပြောသည်။

စက်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများနှင့် စက်ပစ္စည်းများ တင်သွင်းရာမှာလည်း လွယ်ကူမှုမရှိပေ။ ပြည်တွင်း၌ အဓိကအားထားရမည့် အသေးစား(SME) နှင့် အလတ်စား (SMI) များရှင်သန်မှုအတွက် ဘဏ်ချေးငွေမှာလည်း အခက်ခဲများရှိနေသည်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသည်မြန်မာနိုင်ငံတွင် ရာခိုင်နှုန်း ၉၀ ကျော်ရှိသည်။ တိုင်းပြည်တစ်ခု၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် SME များ၏ ရှင်သန်မှုသည်များစွာအရေးပါသည်။ ၁၉၈၀ ခုနှစ်များက ဗီယက်နမ်နိုင်ငံသည် တံခါးဖွင့် စီးပွားရေးကိုစတင်ခဲ့ပြီး SME လုပ်ငန်းများကို တစ်ရှိန်ထိုးအားပေးခဲ့သဖြင့် အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးမှုအားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာသည်။

ထုတ်ကုန်များအဓိကလုပ်ကိုင်သည့် စက်မှုဇုန်များတွင် လျှပ်စစ်အခက်အခဲ၊ ရေအခက်အခဲ၊ ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲများရှိနေသည်။ လျှပ်စစ်မီးမှန်သော်လည်း မီးအားမပြည့်သည့်အတွက် စက်များမလည်ပတ်နိုင်ပါ။ မီးစက်များအစားထိုးအသုံးပြုနေရသဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားကြောင်းစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတစ်ဦးက ပြောသည်။

ရေနှင့် ပတ်သက်၍ ပိုက်လိုင်းများသွယ်ထားသော်လည်း ရေမလာသဖြင့် ကိုယ်ပိုင်တွင်းများတူး၍ အသုံးပြုနေရကြောင်း ကြာဆံစက်ရုံပိုင်ရှင်တစ်ဦးက ရှင်းပြသည်။ ယင်းကဲ့သို့ စက်ရေတွင်းများတူးရသဖြင့် ရေကြီးမှုများဖြစ်လာမည်ကို စိုးရိမ်နေရကြောင်းသဘာဝပတ်ဝန်းကျင်စောင့်ကြည့်သူများက ဆိုသည်။

"ကုန်ကြမ်းသွင်းလည်း ဒီအခွန်ပဲ၊ ကုန်ချောထုတ်ပြီးပြန်ရောင်းတော့လည်း အခွန်ဆောင်ရတော့ ထုတ်ကုန်သမားကဘယ်လိုခေါင်းထောင်နိုင်တော့မလဲ"ဟုစက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက သူ၏အမြင်ကို ပြောသည်။

ပြည်တွင်းစက်မှုဇုန်များတွင် ထုတ်ကုန်လုပ်ငန်းများသည် ၂၀၁၀ ခုနှစ်တွင် မြန်မာ့စက်မှုဖွံ့ဖြိုးရေးကော်မတီ၏ စာရင်းများအရ (၄၃,၄၀၈)ခုရှိသည်။ ယင်းတွင် အသေးစားစက်မှုလုပ်ငန်းများမှာ (၃၂,၄၂၃) ခုနှင့် အလတ်စားလုပ်ငန်းမှာ (၆,၉၅၀) ခု၊ အကြီးစားလုပ်ငန်းမှာ (၄,၀၃၅) ခုရှိကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# 7DAY BOOK REVIEW




## နှစ်ပေါင်းငါးဆယ် ကြာသောအခါ (လေထီးဦးအုန်းမောင်)

လေထီးဦးအုန်းမောင် မကွယ်လွန်မီ မိုးဂျာနယ်တွင် ၁၉၉၅ ခုနှစ် ဇွန်လမှ ၉၇ စက်တင်ဘာအထိ ရေးသားခဲ့သော ဆောင်းပါးများအား ကွယ်လွန်ခြင်း ဆယ့်တစ်နှစ်ပြည့် အဖြစ်စာအုပ်ထုတ်ဝေခြင်းဖြစ်သည်။

လေထီးဦးအုန်းမောင်သည် ဝံသာနုစိတ်နိုးကြားဖြစ်တည်လာသည့် ခေတ်တွင်ကြီးပြင်းခဲ့သူ၊ တို့ဗမာအစည်းအရုံးဝင်၊ ရေနံမြေ သပိတ်တပ်သား၊ ကွန်မြူနစ်ပါတီ လျှို့ဝှက်ကလပ်စည်းခေါင်းဆောင်၊ ဖက်ဆစ်ဂျပန်အားတော်လှန်ရန် သီရိလင်္ကာနိုင်ငံတွင် စစ်ပညာသင်ကြားခဲ့သူ၊ ကာလကတ္တားတွင် လေထီးခုန်သင်တန်းတက်၍ ဖက်ဆစ်တော်လှန်ရေး၌ ပါဝင်ခဲ့သူ၊ ဖဆပလကိုယ်စားလှယ်၊ မြန်မာပြည်ကွန်မြူနစ်ပါတီ မြစ်ဝကျွန်းပေါ် တာဝန်ခံ၊ ကိုကိုးကျွန်းအပို့ခံရသူ၊ ယင်းမှ ပြန်လည်လွတ်မြောက်လာပြီးပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲအပျက်တွင် ဒုတိယအကြိမ် အဖမ်းခံရပြီး ကိုကိုးကျွန်း ထပ်မံပို့ခြင်းခံရသူ၊ ဆိုရှယ်လစ်ခေတ်တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့် အပ်နှင်းခံရသူ စသည်ဖြင့် အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတပ်ဦးများတွင် အဓိကလှုပ်ရှား ကျင်လည်ခဲ့သူဖြစ်သည့်အလျောက် ယခုစာအုပ်တွင် ထိုသို့ခေတ်၏နောက်ခံကားချပ်နှင့်အတူ၎င်း၏ တစ်ပိုင်းတစ်စ အတ္ထုပ္ပတ္တိကို သိရှိနိုင်မည် ဖြစ်ပါသည်။ သမိုင်းတန်ဖိုးကြီးမားသည့် စာအုပ်ဖြစ်ပြီး နိုင်ငံရေးကိုစိတ်ပါဝင်စားသူများသာမက တစ်ခေတ်တစ်ခါက လေထီးဦးအုန်းမောင်နှင့် ခေတ်ပြိုင်မြန်မာလူငယ်မျိုးချစ်များ မည်သို့မည်ပုံ ရုန်းကန်လှုပ်ရှား ကိုယ်ကျိုးစွန့်ခဲ့သည်များကို ဖတ်ရှုရပါမည်။

စာအုပ်တစ်နေရာ၌ "ဗိုလ်ချုပ်အောင်ဆန်းကတော့ မြန်မာပြည်မှာ ဟီးရိုးဖြစ်နေတာပဲ။ ဗိုလ်ချုပ်နဲ့ဘီဒီအေတပ်ကိုလည်းလူထုကြီးက ဂျပန်အန္တရာယ်ကို ကာကွယ်ပေးမယ့် တပ်မတော်အဖြစ် ယုံကြည်အားကိုးကြတယ်။ ကျွန်တော်တို့ အိန္ဒိယကိုမလာခင် တစ်လလောက်က မြန်မာပြည် လွတ်လပ်ရေးနှစ်ပတ်လည် အခမ်းအနားနေ့မှာ ဂျပန်ပေးတဲ့ လွတ်လပ်ရေး အတုအယောင်ကို ဖွင့်ချလိုက်တာ ဂျပန်စစ်အာဏာပိုင်တွေ အရှက်တကွဲအကျိုးနည်းဖြစ်သွားကြတယ်။ အတော့်ကိုလည်း ဒေါသူပုန်ထကုန်ကြတယ်။ ဒီလိုပွင့်ပွင့်လင်းလင်းပြောချလိုက်တဲ့ ဗိုလ်ချုပ်မိန့်ခွန်းကိုလူတွေကတော်တော့်ကိုသဘောကျကြတယ်။ သည်လို ပြောလိုက်တဲ့အတွက် ဂျပန်စစ်အာဏာပိုင်တွေက မကြိုက်ပေမယ့်ဗိုလ်ချုပ်ကိုလက်ဖျားနဲ့မတို့ရဲကြဘူး"ဟု ဖော်ပြပါရှိသည်။

စာအုပ်စျေး စာအုပ်တိုက်က တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## မြင်းတွေက ဘာကြောင့် မတ်တတ်အိပ်ကြတာလဲ

မြင်းများသည် သားရဲတိရစ္ဆာန်များကို ရန်မူတုံ့ပြန်နိုင်ခြင်းမရှိသည့် သားကောင်စာရင်းဝင်တိရစ္ဆာန်ဖြစ်သဖြင့် အန္တရာယ်အနေအထားနှင့်ကြုံတွေ့ရပါက လျင်မြန်စွာရှောင်ရှားနိုင်ရန်အတွက် မတ်တတ်ရပ်လျက် အိပ်ကြခြင်းဖြစ်ကြောင်းသိရသည်။ လဲလျောင်းအိပ်ပါက အလျင်အမြန်ထရပ်ကာ ပြေးလွှားခြင်းမပြုလုပ်နိုင်သဖြင့် မတ်တတ်ရပ်ကာအသင့်အနေအထားဖြင့် နေကြခြင်းဖြစ်သည်။ မြင်းများ၏ခန္ဓာကိုယ်သည် ကြီးမားလေးလံသဖြင့် လဲလျောင်းနေချိန်အတွင်း ခန္ဓာကိုယ်အောက်ဘက်ပိုင်းရှိတစ်ရှူးများကို ဖိအားပေးသကဲ့သို့ဖြစ်ကာ တစ်ရှူးပျက်စီးသေဆုံးခြင်းများဖြစ်စေနိုင်သည်ဟုဆိုသည်။

မြင်းများသည်တစ်နေ့လျှင် ၄၅ မိနစ်ခန့်လဲလျောင်းအိပ်စက်ရန်လိုအပ်သော်လည်း လုံခြုံစိတ်ချရသည့်အနေအထားရှိမှသာ ထိုကဲ့သို့အိပ် လေ့ရှိကြသည်ဟုသိရသည်။ မြင်းများသည်ရင်းနှီးကျွမ်းဝင်မှုမရှိသည့်ပတ်ဝန်းကျင်၊ ထိတ်လန့်ဖွယ်ရာကောင်းသည့်အနေအထား(သို့မဟုတ်) ယုံကြည်စိတ်ချရမှုမရှိပါက မကျန်းမာသော်ငြားလည်းလှဲအိပ်လေ့မရှိသဖြင့် အိပ်ရေးမဝဖြစ်ကြသည်ဟုသိရသည်။

*—Source:wiki.answers.com*




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အခါတိုင်းနှင့်မတူ တစ်မူထူးထူးခြားခြား ဆန်းသစ်၊ လမ်းသစ်ထွင်၍ လုပ်လိုသော ရည်မှန်းချက်များပေါ်ထွန်း နေသည်။ ရှေ့တိုးလုပ်၍ အောင်မြင်မည်။ သူတစ်ပါးအပေါ် လွန်ကဲစွာကောင်းခြင်းကြောင့် မိမိတွင်အနှောင့်အယှက်ဖြစ်ရမည်။ သူတစ်ပါးလိမ်ညာထားသည့်ကိစ္စများအား ဖော်ထုတ်ရမည့်ကာလဖြစ်သည်။ မရိုးမသားလုပ်ထားသူများက မလုံမလဲဖြစ်ကာ မိမိအားရန်စောင်ခြင်း ပြုတတ်သည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အမှားမှားအယွင်းယွင်း ဖြစ်တတ်သည်။ မေ့လျော့မှုကြောင့် ပစ္စည်းပျောက်ခြင်း၊ အထားမှားခြင်းဖြစ်တတ်သည်။ ကိုယ့်အလုပ်နှင့် ကိုယ်အချိန်ကိုလု၍ လုပ်နေရမည်။ အလိုက်မသိသော ဧည့်သည်များ ရောက်လာတတ်သည်။ ငြင်းပယ်၍မရ။ တာဝန်ယူဆောင်ရွက်ထားသောကိစ္စများအတွက် နေ့မအိပ်၊ ညမအိပ်ဆောင်ရွက်ရင်း ကျန်းမာရေးချူချာနိုင်သည်။ သေချာပေါက်ငွေဝင်ရန်ကြုံပြီးမှ ရက်ရွှေ့လျားသွားမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

နေရာထိုင်ခင်းကိစ္စ၊ အိုးအိမ်ပြင်ဆင်ခြင်းကိစ္စ မိသားစုတွင်ဆောင်ရွက်အဆင်ပြေမည်။ စီစဉ်ထားသည်များစနစ်တကျ လုပ်၍အောင်မြင်မည်။ ဆက်ဆံရသော ဝန်းကျင်အတွင်း ကောင်းသောအပြောင်းအလဲရှိမည်။ စာပေ၊ ဘာသာစကားနှင့် ပတ်သက်သောကိစ္စများ ဆောင်ရွက်လိုစိတ်ပြင်းထန်မည်။ မိုးလင်းမိုးချုပ်အလွန်အလုပ်ရှုပ်သလောက် အကျိုးလည်းရှိမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့် ပတ်သက်၍ ငွေပိုသုံးစွဲရမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရပ်ဝေးရောက်နေသော သူထံမှ သတင်းကောင်းနှင့် တိုးတက်မှုများ ကြားသိရမည်။ ရန်အနှောင့်အယှက်ကင်းသော်လည်း ထင်တိုင်းမပေါက် လုပ်သမျှ နှောင့်နှေးနေမည်။ ယာဉ်စက်ပစ္စည်းများပျက်ယွင်းမှုဖြစ်တတ်သည်။ ရှေ့တွင် ကတိအမျိုးမျိုးပေးပြီး ကွယ်ရာတွင် ထင်ရာစိုင်းသောသူများနှင့် တွေ့တတ်သည်။ ခါတိုင်းနှင့်မတူပုံစံသစ်ယူပြီး လုပ်ငန်းသစ်များ လုပ်ကိုင်လိုမည်။ ပျိုရွယ်သူများ အချစ်ရေးကံကောင်းမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

တွေဝေခြင်း၊ ဒွိဟဖြစ်ချင်းများကြောင့် အခွင့်ကောင်းများ လက်တစ်လုံးခြားဆုံးရှုံးတတ်သည်။ တစ်ပါးသူစကားနားမထောင်ဘဲ ကိုယ့်အားကိုယ်ကိုး၍ လိုရာဆောင်ရွက်ပါ။ သူငယ်ချင်းမကချစ်သူဘဝလည်းမရောက်ဖြစ်နေသူတစ်ဦးက မိမိနှင့် အခြားသူအကျွမ်းဝင်နေခြင်းအပေါ် မနာလို၍ စိတ်ကောက်နေခြင်းကြုံမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ အမျိုးသမီးမိတ်ဆွေထံမှ အကူအညီရမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ကာလအတန်ကြာ အတူတွဲ၍ လုပ်နေသောသူများနှင့် လမ်းခွဲစကားပြောရမည်။ မိမိအပေါ် ညစ်သော သူများအားတွေ့ရမည်။ မတော်တဆ ထိရှမှုများဖြစ်တတ်သည်။ သူတစ်ပါးက အကူအညီတောင်းလာပါက မနှောက်နှေးဘဲ ချက်ချင်းနှုတ်အားဖြင့်သော်လည်းကောင်း၊ လူအားဖြင့်သော်လည်းကောင်း ကူညီပါ။ သူတစ်ပါး စိတ်ချမ်းသာလေ မိမိအတွက် ကောင်းသော တိုးတက်မှုများရရှိလေဖြစ်သည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ဖြစ်နိုင်စွမ်း အလွန်နည်းပါးသောကိစ္စတစ်ခုအား မိုက်မိုက်မဲမဲပေပေတေတေ၊ တစ်ဇွတ်ထိုးလုပ်ရင်း ထူးခြားစွာအောင်မြင်တိုးတက်မည်။ အစာအိမ်ဝမ်းဗိုက်ဒုက္ခပေးမည်။ အနေအထိုင်မဆင်ခြင်၍ ကျန်းမာရေး အညံ့များပြန်လည်ပေါ် ပေါက်မည်။ အထူးသဖြင့် အဆစ်အမြစ်ကိုက်ခဲမှု၊ ကာလရှည်ကြာနှာစေးနှာပိတ်ခြင်းများပါဖြစ်ပေါ် နိုင်သည်။ ငွေကြေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် အခါကောင်းဖြစ်သည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပစ္စည်းပျောက်တတ်သည်။ ခါးပိုက်နှိုက်ခံရတတ်သည်။ အကျိုးပေးသည့် လုပ်ငန်းများအား ငြင်းပယ်မိမည်။ အရေးကြီးသည့် စာရွက်စာတမ်းများအမှိုက်နှင့်အတူ ရောထွေးစွန့်ပစ်မိမည်။ ကာလအတန်ကြာ အကြွေးထားသောလုပ်ငန်းများ အချိန်ကုန်ခံပြီး ဆောင်ရွက်ရမည်။ ပြဿနာမဖြစ်တန်ရာဟု ပေါ့ပေါ့တန်တန် ပြောဆိုလုပ်ကိုင်လိုက်သောကိစ္စမှ ရှည်ရှည်လျားလျား ဖြေရှင်းခြင်းဖြစ်ပေါ် မည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အောင်မြင်ခြင်း၊ လိုရာပြည့်စုံခြင်း သတင်းကောင်းရခြင်းကြုံမည်။ ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ ငွေဝင်လမ်းဖြောင့်ဖြူးမည်။ စိတ်မပါဘဲ အလုပ်ပိုတစ်ခုဟုထင်မှတ်ပြီး လုပ်သောကိစ္စမှ အကျိုးကောင်းစွာရရှိမည်။ လေ့လာထားပြီး လက်တွေ့အသုံးမချဖူးသော အတတ်ပညာတစ်ခု မိမိအား ပြန်လည်အကျိုးပြုလိမ့်မည်။ အလုပ်ရှာ အလုပ်လျှောက်ကောင်းသည်။ ငွေကြေးမြှုပ်နှံ၍ အကျိုးရရှိမည်။ ကိုယ်လုပ်သမျှလူသိများမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အိမ်တွင်းရေး၊ လူမှုရေးအညံ့ရှိသည်။ အိမ်တွင်းအဆင်မပြေသလောက်ပြင်ပလောကတွင် အလုံးစုံချောမွေ့နေမည်။ အိမ်မကပ်လိုသော စိတ်များတဖွားဖွားပေါ် ပေါက်နေသည်။ အမြဲတစေအပြစ်ရှာနားပူထင်ရာစိုင်းကိုယ်လုပ်သမျှ အကောင်းမထင်သောသူများအကြား နေထိုင်ရမည့် ကာလဖြစ်သည်။ ကိုယ်ရေးကိုယ်တာကိစ္စအား ဦးစားမပေးဘဲ နေရာအထူးကောင်းမည်။ သူခိုးသူဝှက်အန္တရာယ်သတိရှိရမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ခရီးကိစ္စအဆင်ပြေမည်။ မိသားစုအတွက် ကိုယ်ဆောင်ရွက်ပေးလိုက်သောကိစ္စများ အကျိုးရှိမည်။ အသုံးစရိတ်များ ဒရဟောများပြားနေမည်။ တစ်စုံတစ်ရာ ကုန်၍မပြီး ကုန်စရာကြုံမည်။ ငွေဝင် ကောင်း၍ တန်ရုံရှိမည်။ အိမ်ထောင်ရှင်သားသမီးလိုလားသူများ သားသမီးရတနာရကိန်းရှိသည်။ လုပ်ငန်းခွင်မှသူများအလုပ်သစ်များကိုင်တွယ်ရမည်။ မိသားစုတွင် ပညာရေးကိစ္စဆောင်ရွက်သူများအောင်မြင်မည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အကြံအမျိုးမျိုးပေးသောသူများ စကားနားယောင်၍ မိမိလုပ်ဆောင်မည့် လမ်းကြောင်းများတွင် ဦးတည်ချက်ပြောင်းတတ်သည်။ အရာရာစိတ်ရှည်ရမည်။ သူတစ်ပါးစကားနားမယောင်သင့်။ အိမ်တွင်းရှိ အသက်ကြီးသူများ၏ ကျန်းမာရေးဂရုစိုက်ရမည်။ ရေအိမ်အတက်အဆင်း၊ လှေခါးအတက်အဆင်း ဂရုစိုက်ပါ။ အဖော်မပါယာဉ်ကားမောင်းနှင်ပြီး ခရီးသွားခြင်းမပြုရ။ လမ်းအန္တရာယ်ရှိသည်။

7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012



# နိုင်ငံအား ဈေးကွက်တင်ခြင်း

ကြည်နေဝင်းမင်း

စကားလုံးများနှင့် အတွဲအဖက်လုပ်၍ ဂိမ်းကစားခြင်းမှာ အချို့နေရာဒေသများမှာ အခြားနေရာများထက် လွယ်ကူပါသည်။

ဂျပန်နိုင်ငံဆိုလျှင် ဆူရှီ၊ ချယ်ရီပန်းနှင့် ဖူဂျီတောင်တို့နှင့်တွဲသိသည်။ အမေရိကန်နိုင်ငံဆိုလျှင် ဟမ်ဘာဂါ၊ ဟောလိဝုဒ်။ ပါရီမြို့ ဆိုလျှင် အချစ်ဇာတ်လမ်း၊ ပြင်သစ်ပေါင်မုန့်နှင့် အီဖယ်လ်မျှော်စင် စသဖြင့်။ ယခု . . တောင်ကိုရီးယားနိုင်ငံကို ကြိုးစားကြည့်ပါ။ စီးပွားရေးအင်အားကောင်းသောနိုင်ငံ၊ ကွန်ပျူတာချစ်ပ်ပြားများကို ကျော်လွန်၍ အခြားအမှတ်တံဆိပ်များကိုမြင်တွေ့ရန် ရုန်းကန်နေရလျှင် သင်တစ်ယောက်တည်းမဟုတ်ပါ။

တောင်ကိုရီးယားအစိုးရသည် မိမိနိုင်ငံ၏ နိုင်ငံတကာပုံရိပ်အားပြောင်းလဲရန်ကြိုးစားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်းသို့ကြိုးစားရာတွင် ပါဝင်ပတ်သက်ခဲ့သူများ ဥပမာ-ဆိုးလ်အစိုးရ၏ အမှတ်တံဆိပ်မန်နေဂျာ ပီတာကင်လိုလူမျိုးပင် ဤကိစ္စမှာ အလွန်ခက်ခဲကြောင်းဝန်ခံသည်။

"ကျွန်တော်တို့ ကမ္ဘာ့စီးပွားရေးအကောင်းဆုံးနိုင်ငံ ၁၃ နိုင်ငံထဲမှာ ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ကိုယ်ပိုင်သီးခြားအမှတ်တံဆိပ် မရှိဘူးဖြစ်နေတယ်"ဟု ပီတာကင်ကဆိုပါသည်။ ယင်းတွင် တောင်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း နိုင်ငံတည်ဆောက်ရေးကိုသာ အာရုံစိုက်ခဲ့ပြီး နိုင်ငံကိုဈေးကွက်တင်ခြင်းမရှိခြင်းမှာလည်း အကြောင်းအရာတစ်ခု အဖြစ်ပါဝင်သည်။ သို့ရာတွင် ယခုအခါ အမျိုးသားအမှတ်တံဆိပ် တည်ဆောက်ရေးအတွက် စတင်စဉ်းစားနေစဉ်မှာပင် ထူးခြားသော စိန်ခေါ်မှုများကြုံတွေ့နေရသည်။


မန်ယူကွင်းလယ်ကစားသမား ပက်ဂျီဆန်

"ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ 'ကိုရီးယား' ဆိုတဲ့ နာမည်က မြောက်ကိုရီးယားနိုင်ငံနဲ့လည်းတူနေလို့ပါ"ဟု သမ္မတ၏ နိုင်ငံခြားမီဒီယာအဖွဲ့ဝင်ဖြစ်သူ ချိုဟွန်ဂျင်းကပြောရင်း "အခုချိန်ထိ ကမ္ဘာမှာ ကိုရီးယားနှစ်နိုင်ငံရှိတယ်ဆိုတာကို မသိတဲ့လူတွေ အများကြီးပဲရှိသေးတယ်"ဟု ဆိုသည်။

ယခင်လကအထိ မစ္စတာကင်ဂျုံအီလ်ဦးဆောင်ခဲ့သော မြောက်ကိုရီးယားနိုင်ငံမှာ စားနပ်ရိက္ခာမလုံလောက်မှု၊ နိုင်ငံရေးဖိနှိပ်မှုနှင့် လက်ရှိဖြစ်ပေါ်နေသော နျူကလီးယားလက်နက်အစီအစဉ်များနှင့် ဆက်စပ်နေရာ ယင်းအကြောင်းအရာများကြောင့်ပင် နိုင်ငံတကာ သတင်းမီဒီယာများတွင်ပုံမှန်နေရာရနေသည်။ အကျော်ကြားဆုံး ကိုရီးယားလူမျိုးမှာ မစ္စတာကင်ဂျုံအီလ်ဖြစ်နေသည်ဟု စီနီယာဈေးကွက်မြှင့်တင်ရေးအရာရှိတစ်ဦးက စိတ်ပျက်လက်ပျက်မှတ်ချက်ချသည်။ သို့သော် အချို့အရာရှိများကလည်း ကိုရီးယားနိုင်ငံ၏ ပုံရိပ်မှာ ၎င်း၏မဟာမိတ်များကြောင့် လည်း စွန်းထင်းခဲ့ရကြောင်းပြောသည်။ အမေရိကန်နိုင်ငံတွင်ပြသခဲ့သည့် MASH ဟု ခေါ်သော ကိုရီးယားစစ်ပွဲဇာတ်လမ်းတွဲများတွင် ကိုရီးယားနိုင်ငံမှာ တတိယကမ္ဘာမှ စုတ်ပြတ်နုံချာနေသော မျှော်လင့်ချက်မဲ့နိုင်ငံအဖြစ် ပုံဖော်ခဲ့ကြောင်းပြောကြသည်။ ယင်းပုံရိပ်ပေါ်တွင် ဒီမိုကရေစီသို့ ချီတက်ရင်းဖြစ်ပေါ်ခဲ့သည့် အကြမ်းပတမ်းဆန္ဒပြပွဲများ၊ အာဏာသိမ်းပွဲများ၊ စစ်အာဏာရှင်စနစ်အုပ်ချုပ်ရေးများ ထပ်မံထင်ဟပ်ခဲ့ခြင်းကလည်း အကူအညီမရပေ။

သို့သော် ယခုအခါ စတင်ပြောင်းလဲလာကြောင်း ဈေးကွက်မြှင့်တင်ရေးအရာရှိ မစ္စတာချိုကပြောသည်။ "ပုံရိပ်အပြောင်းအလဲတော့ ရှိလာတယ်။ အခုဆိုရင် ဆမ်ဆောင်းရဲ့ ထုတ်ကုန်တွေ၊ ကိုရီးယားပေါ့ပ်အဖွဲ့တွေ၊ မန်ယူဘောလုံးသမားပက်ဂျီဆန် စတာတွေရှိလာတယ်"ဟု မစ္စတာချိုက ဆိုသည်။

နှစ်ပေါင်းများစွာပင် အစိုးရက တောင်ကိုရီးယားနိုင်ငံနှင့် မြို့တော်ဆိုးလ်အား ဈေးကွက်မြှင့်တင်ရေးအစီအစဉ် အမြောက်အမြားကို ဖော်ဆောင်ခဲ့ပြီး နိုင်ငံနှင့် ဆိုးလ်မြို့တော်အတွက် 'Sparkling'၊ 'Dynamic'၊ 'Soul of Asia' စသော စကားလုံးများအား ကြော်ငြာဘီလ်ဘုတ်များနှင့်ကမ္ဘာတစ်ဝန်း ရုပ်သံလိုင်းများတွင်ရေးထိုးခဲ့သည်။ ယင်းကြော်ငြာအစီအစဉ်များရှိလင့်ကစား တောင်ကိုရီးယားနိုင်ငံမှာ အခြားတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် အမျိုးသားပုံရိပ်အလွန်အားနည်းနေပုံရပါသည်။ အနည်းဆုံးတော့ အာရှတိုက်ပြင်ပတွင် အားနည်းခဲ့သည်။

မကြာခဏဆိုသလို ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းမအောင်မမြင်ဖြစ်ရခြင်းမှာ ရှင်းလင်းသော သတင်းစကားပါးနိုင်မှုမရှိခြင်းကြောင့်ဟု လန်ဒန်ရှိ အရှေ့တိုင်းနှင့် အာဖရိက ဘာသာရပ်များကျောင်းမှ ကိုရီးယားအနုပညာသမိုင်းအထူးပြုလေ့လာသူဒေါက်တာချားလော့ဟိုလစ်ကဆိုသည်။

"Korea, Sparklingဆိုတဲ့ ကြွေးကြော်သံကို ကြည့်ပါဦး။ ဒါကို ဘာသာပြန်ဖို့မလွယ်တဲ့အတွက် ဘာမှ အဓိပ္ပာယ်မရှိဘူး။ ကြည်လင်တောက်ပနေတယ်(Sparkling) ဆိုတာ ဘာလဲ။ လူတွေလား၊ စမ်းချောင်းတွေလား။ အမှတ်တံဆိပ်ဆိုတာ လူတွေအတွက် နားလည်ဖို့ရာ လွယ်ကူရမယ်"ဟု ၎င်းက ဆိုသည်။

မစ္စတာချိုကလည်း ယင်းကို သဘောတူပြီး တောင်ကိုရီးယားနိုင်ငံ၏ အကွဲကွဲအပြားပြား ဈေးကွက်မြှင့်တင်ရေးအေဂျင်စီများ အကြားပူးပေါင်းဆောင်ရွက်မှု ပိုမိုလိုအပ်ကြောင်းပြောပါသည်။

အမှန်တကယ်တွင်လည်း မည်သည့်အရာက အထင်ကရဖြစ်သည်ကို စားသုံးသူများကိုယ်တိုင် ဆုံးဖြတ်ချိန်၌သာ အမှတ်တံဆိပ်တည်ဆောက်ခြင်းအကောင်းဆုံးအလုပ်ဖြစ်ပြီး မည်သည့်အရာကို ကြိုက်နှစ်သက်ရမည်ဆိုသည်ကိုမပြောဘဲ ယဉ်ကျေးမှုပုံစံသစ်တစ်ခုကိုချပြမှသာ လူထုက တုံ့ပြန်သည်ဟု Hyundai Capital & Hyundai Card မှ လက်ထောက်လူထုဆက်ဆံရေးမန်နေဂျာ ဖီအိုနာဘေးက ဆိုသည်။

မျှတအောင်ပြောရလျှင်မူ တောင်ကိုရီးယားနိုင်ငံ၏ ကြွေးကြော်သံများနှင့် ပုံရိပ်များကိုမြှင့်တင်ရေးအစီအစဉ်များမှာ အခြေခံအားဖြင့် ကမ္ဘာလှည့်ခရီးသွားများဆွဲဆောင်ရေးကဲ့သို့ ကဏ္ဍများတွင် အဓိက ကြော်ငြာခြင်းဖြစ်ပြီး ကျယ်ပြန့်သော တစ်မျိုးသားလုံးပုံရိပ်ကို မြှင့်တင်ခြင်း မဟုတ်ပေ။ အမှတ်တံဆိပ်မူဝါဒအကြံပေး ဆိုင်မွန်အားနော့၏ အဆိုအရလည်း အမျိုးသားအမှတ်တံဆိပ်အား ကြော်ငြာ၍မရဟုဆိုသည်။

"ကမ္ဘာလှည့်ခရီးသွားတွေအတွက် ခင်ဗျားရဲ့နိုင်ငံကို ကြော်ငြာနိုင်ပါတယ်။ ဒါပေမဲ့ အမှတ်တံဆိပ်တော့ ကပ်ပေးလို့မရဘူး။ အမှတ်တံဆိပ်ဆိုတာ စားသုံးသူတွေရဲ့ စိတ်ထဲမှာဖြစ်ပေါ်လာတာမျိုးပါ"ဟု ၎င်းက ဆိုသည်။

မစ္စတာအားနော့၏ ကုမ္ပဏီက နှစ်စဉ် ကမ္ဘာ့နိုင်ငံများ၏ အမျိုးသားအမှတ်တံဆိပ်ညွှန်းကိန်းများကိုထုတ်ပြန်သည်။ စစ်တမ်း ကောက်ယူမှုများအရ လူအများအပြားသည် အခြားနိုင်ငံများနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားကိုပြောင်းလဲလေ့မရှိဟုတွေ့ရှိရပြီး အကယ်၍ ပြောင်းလဲခဲ့ပါကလည်း တဖြည်းဖြည်းချင်းသာ ဖြစ်လာသည်ဟုဆိုသည်။ "အမျိုးသားပုံရိပ်ကို ဖန်တီးလို့မရပါဘူး။ မီဒီယာကြောင့်လည်း အများကြီး မသက်ရောက်ဘူး"ဟု မစ္စတာအားနော့ကဆိုသည်။

သို့သော် တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံပုံရိပ်ညွှန်းကိန်း စာရင်းတွင် မူလက အောက်ခြေနားတွင်ရှိနေရာမှ တဖြည်းဖြည်းတိုးတက်လာပြီဖြစ်သည်။ "ကိုရီးယားနိုင်ငံရဲ့ ပုံရိပ်တိုးတက်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုရီးယားနိုင်ငံတိုးတက်နေလို့ပါပဲ။ နိုင်ငံက ပိုပြီးချမ်းသာလာသလို ယုံကြည်မှုလည်း ပိုရှိလာတယ်"ဟု မစ္စတာအားနော့ကဆိုရင်း "နာမည်ကောင်းရတယ်ဆိုတာ လုပ်ရင်းကိုင်ရင်းရရှိလာတဲ့ အရာတစ်ခု တည်ဆောက်ယူလို့ရတာမျိုး မဟုတ်ဘူးဆိုတာကို ကိုရီးယားနိုင်ငံက နားလည်စပြုလာပြီ"ဟု ၎င်းကဆက်ပြောသည်။

ယင်းသီအိုရီအား ၂၀၁၀ ပြည့်နှစ် ဆိုးလ်မြို့တွင် ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲထက်ပိုပြီး ထင်ထင်ရှားရှား သရုပ်ပြသော အရာမရှိပေ။ ယင်းထိပ်သီးအစည်းအဝေးကျင်းပပြီးချိန်တွင် တောင်ကိုရီးယားနိုင်ငံအား သတိပြုမိခြင်း ၁၇ ရာခိုင်နှုန်း ပိုများလာပြီး နှစ်သက်သဘောကျမှု ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့ရာ နိုင်ငံအား အအောင်မြင်ဆုံးဈေးကွက်တင်နိုင်ခဲ့သော အခမ်းအနားတစ်ခုဟု အမျိုးသားအမှတ်တံဆိပ်တည်ဆောက်ရေးဆိုင်ရာ သမ္မတကောင်စီကဆိုသည်။

"ဂျီ-၂၀ အစည်းအဝေးက အချိုးအကွေ့တစ်ခုပါပဲ။ တောင်ကိုရီးယားနိုင်ငံဟာ နိုင်ငံတကာလုပ်ငန်းစဉ်တွေမှာ နောက်လိုက်နိုင်ငံတစ်နိုင်ငံကနေ အစီအစဉ် ရေးဆွဲသူဖြစ်လာခဲ့တယ်။ အခုဆိုရင် ကျွန်တော်တို့ဟာ အဲဒီအစီအစဉ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာပါပြီ"ဟု မစ္စတာချိုကဆို သည်။

မစ္စတာအားနော့ကလည်း ယင်းအချက်ကို သဘောတူသည်။ "တစ်ခုတည်းသောဝေဖန်စရာကတော့ သူတို့ဟာ ပိုကောင်းတဲ့ပုံရိပ်တစ်ခုလိုချင်တယ်ဆိုတဲ့အချက်ကို အမြဲတစေ လူသိရှင်ကြားဖြစ်အောင်လုပ်နေတာပါပဲ"ဟု ၎င်းကဆိုရင်း "ဝါဒဖြန့်ချိခြင်းရဲ့ နံပါတ်တစ်စည်းကမ်းက လူတွေနဲ့ပတ်သက်လို့ တစ်ခုခုလုပ်တော့မယ်ဆိုရင် မင်းလုပ်တော့မယ်ဆိုတဲ့အကြောင်းကို လူတွေကို သတိမပေးဖို့ဘဲ"ဟုဆိုရင်း ၎င်းက စကားကို လက်စသတ်လိုက်ပါသည်။

*—Ref: Selling South Korea*



Unilever
sunsilk Concert
12.2.2012 (SUN) 3:00 pm
Shan Stadium,Mandalay
( between 65 St; x 68 St; ) 35 St;
ဆန်းစစ်စတိတ်ရှိုးစတစ်ကာပါရှိသည့် ဆန်းစစ်ဘူးများကို ဝယ်ယူခြင်းဖြင့်
စတိတ်ရှိုးလက်မှတ် ရယူပါ။
CONCERT TICKET
sunsilk Concert
12.2.2012 (SUN)
3:00 pm
Shan Stadium,Mandalay
စတစ်ကာ (၃) ခု
လက်မှတ် (၁) စောင်
BO BO
Entertainment
Supermarket များနှင့် SUNSILK
ခေါင်းလျှော်ရည်ဘူး ရောင်းချသောနေရာများတွင်ရရှိနိုင်ပါသည်။

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 51,150 |
| Intel P4 Dual Core 3.0 (E 5800) (775)Processor | 55,275 |
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 167,475 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,850 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH61A-P35 (B3) | 81,675 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 65,175 |
| ASUS P8H67MLE (1155) | 94,875 |
| Gigabyte G41MT-S2(775) | 51,150 |
| Gigabyte P61-USB3 (B3) (1155) | 89,925 |
| Gigabyte H61M-S2 (B3) (1155) | 74,250 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston | 19,800 |
| **Harddisk** | |
| 500 GB Seagate SATA | 73,425 |
| 1 TB Seagate SATA | 99,000 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 123,750 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 51,150 |
| ASUS EAH 6570 1GB DDR3 PCI Express Card | 72,600 |
| ASUS EHA 6670 1GB DDR5 PCI Express Card | 94,875 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 42,075 |
| Gigabyte ATI Redeon HDR545 HM 1GB PCI Express Card | 46,200 |
| **Memory Stick** | |
| Kingston 8 GB (101) | 7,000 |
| Silicon Power 8 GB(850) | 9,900 |
| Apacer 8 GB (AH-129) | 11,000 |
| SONY 8 GB | 13,500 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဖေဖော်ဝါရီ(၄) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၄)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၄-၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈-၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၇၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၂၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၄)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၃,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၂၀၀-၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဖေဖော်ဝါရီ(၄)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၂,၀၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၆,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၉၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၂၇,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၄၀၀-၂,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၅,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၅၀၀ |

ဖေဖော်ဝါရီ(၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ/အ | ၁၂၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၁၇၅ |
| တိုယိုတာ (လီမီတက်) | ၈၈ | ၁ဃ | ၁၄၈ |
| တိုယိုတာ (ဖင်ကောက်) (ဒီဇယ်) | ၉၉ | ၅ဂ | ၃၁၀ |
| တိုယိုတာ ဝက်ဂွန် (ဟာရီယာ) | (အင်ဂျင်ပါဝါ သုံးထောင်) | ၉ဂ | ၃၆၅ |
| မတ်တူး ရွှေငါး(2.5) | ၂၀၀၂ | ၉ဂ | ၃၆၅ |
| ချယ်ရီဝက်ဂွန် | - | ၇ဂ | ၁၄၀/၁၄၂ |
| ပါဂျဲရို | ၉၇ | ၆ဂ | ၄၂၀ |

ဖေဖော်ဝါရီ(၄)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Jan (29) | Jan (30) | Jan (31) | Feb (1) | Feb (2) | Feb (3) | Feb (4) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

# Environment

7 DAY NEWS JOURNAL

Vol.10, No.47 • FEBRUARY 9 , 2012


## ဥရုမြစ်ရေ နောက်ကျိမှုများ၍ သောက်သုံးရန် မသင့်



ဥရုမြစ်ကို အဝေးမှတွေ့ရစဉ်

ဓာတ်ပုံ – journey2jadeland.blogspot.com

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

ချင်းတွင်းမြစ်သို့ စီးဝင်သော ဥရုမြစ်၏ ရေအရည်အသွေး PH အဆင့် ၈ တွင်ရှိပြီး ရေနောက်ကျိမှုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သောက်သုံးရန် သတ်မှတ်ထားသောယူနစ်ကိုကျော်လွန်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သုတေသနပြုချက်အရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သောက်သုံးရန် သတ်မှတ်ထားသော ရေအရည်အသွေး ၁၂ မျိုးကို ၂၀၁၁ ခုနှစ်တွင် တိုင်းတာခဲ့ခြင်းဖြစ်သည်။ PH Level သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ချက်တွင်ရှိသော်လည်း နောက်ကျိမှုမှာ သောက်သုံးရန် သတ်မှတ်ထားသည် NTU (Nephelometric Turbidity Units) ထက် ကျော်လွန်သည်။

ဥရုမြစ်၏ သုံးနေရာတွင် တိုင်းတာခဲ့ခြင်းဖြစ်ပြီး ယင်းတို့မှာ ဥရုမြစ်၊ ဥရုမြစ်နှင့် ချင်းတွင်းမြစ် စတင်ဆုံစည်းရာ နေရာနှင့် ဆုံစည်းပြီးနောက် ချင်းတွင်းမြစ်တို့တွင် တိုင်းတာခဲ့ခြင်းဖြစ်သည်။ ယင်းသုံးနေရာတွင် မြစ်၏ ရေပြင်နှင့် ရေအနက် ၂ မီတာတို့တွင် တိုင်းတာခဲ့သည်။

ဥရုမြစ်ကို ၂၀၁၁ ခုနှစ်တွင် ပထမဆုံး တိုင်းတာခဲ့ခြင်းဖြစ်သောကြောင့် မည်မျှနည်းလာသည်၊ များလာသည်ကို ခန့်မှန်း၍ မရသေးကြောင်း အထက်ပါဌာနမှ လေ့လာခဲ့သူတစ်ဦးက ပြောသည်။

ဥရုမြစ်သည် ဖားကန့်မြို့မှ ဖြတ်သန်းစီးဆင်းလာခြင်းဖြစ်သည်။ ဖားကန့်မြို့နယ်အတွင်း စည်းကမ်းမဲ့ရွှေနှင့် ကျောက်တူးဖော်မှုကြောင့် ဥရုမြစ်တိမ်ကောလာကာ နှစ်စဉ် မိုးရာသီတွင် ရေကြီးရေလျှံမှုများ ကြုံတွေ့ရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သောက်သုံးရေအဖြစ် သတ်မှတ်ထားသော PH Level သည် ၆ ဒသမ ၅ မှ ၉ ဒသမ ၂ ကြားနှင့် နောက်ကျိမှုမှာ ၂၀ ntu ထက် မကျော်လွန်ရဟု သတ်မှတ်ထားသည်။

| နေရာ | နောက်ကျိမှု | PH Level |
|---|---|---|
| ဥရုမြစ် (ချင်းတွင်း+ဥရု) | ၁၁၀ | ၈. ၉၅ |
| | ၁၂၀ | ၈. ၉၃ |
| ဥရုမြစ် (အောက်ဘက်) | ၄၂၀ | ၈. ၉၆ |
| | ၄၂၀ | ၈. ၇၇ |
| ဥရုမြစ်(ချင်းတွင်းမြစ်နှင့် | <၅ | ၈. ၈၅ |
| ဆုံစည်းပြီးနောက်) | <၅ | ၈. ၉၉ |

## မြန်မာ့အစိမ်းရောင်ကွန်ရက် ငွေကြေးသုံးစွဲမှု ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား အထောက်အကူပြုမည့် လုပ်ငန်းများကို ကြားခံဆောင်ရွက်ပေးမည့် မြန်မာ့အစိမ်းရောင်ကွန်ရက်၏ ငွေကြေးသုံးစွဲမှုများကို ရှင်းလင်းသောပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့အစိမ်းရောင်ကွန်ရက်ဥက္ကဋ္ဌဒေါ်ဒေဝီသန့်ဇင်က ပြောသည်။

ယခုအချိန်တွင် ကွန်ရက်၏ ရန်ပုံငွေကို အဖွဲ့ဝင်များက မတည်လှူဒါန်းထားသောကြောင့် ငွေကြေးအရှုပ်အရှင်းကင်းသော်လည်း နောင်တစ်ချိန်တွင် လှူဒါန်း လာမည့်အလှူရှင်များ၏ ငွေကြေးအဝင်အထွက်များကို တိကျသော အချက်အလက်များဖြင့် ထုတ်ပြန်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ “INGO တွေ၊ NGO တွေမှာ ငွေရေးကြေးရေးနဲ့ နာမည်ပျက်နေ တာကြားရ၊ သိရပါတယ်။ အဲဒါကို ကြောက်ပါတယ်။ အဲဒါကြောင့် ငွေရေးကြေးရေးကို ရှင်းလင်းပြတ်သားတဲ့ပုံစံနဲ့ လုပ်သွားမယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းကွန်ရက်သည်မြန်မာနိုင်ငံအား ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းပြီးနောက် ပထမဆုံးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကြားခံဆောင်ရွက်ရန်တည်ထောင်ထားသော ကွန်ရက်ဖြစ်သည်။ ကွန်ရက်တွင်ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် မြို့နယ် ၅၇ မြို့နယ်မှ ဒေသခံအသင်းအဖွဲ့များ ပါဝင်သည်။

လပိုင်းခန့်သာ သက်တမ်းရှိသော ယင်းကွန်ရက်မှ ချိတ်ဆက်ထားသည့် ဒေသခံမြို့နယ်များတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ စိစစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လွှတ်တော်သို့တင်သွင်းမည့် သတင်းအချက်အလက်များကို အဓိကထားလုပ်ဆောင်သွားမည်ဖြစ်သည်ဟုဆိုသည်။

“ဒီကွန်ရက်ကိုဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပုဒ်မ(၄၅) အရနိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။ နိုင်ငံသားတိုင်း နိုင်ငံတော်အား ကူညီရန် တာဝန်ရှိတယ်ဆိုတဲ့ အခန်း(၈) ပုဒ်မ ၃၉၀ နဲ့အညီ ဖွဲ့စည်းဖြစ်ခဲ့တာပါ” ဟု အထက်ပါပုဂ္ဂိုလ်ကွန်ရက်မိတ်ဆက်သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုကွန်ရက်သည်မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများ ပါဝင်သော တတိယမြောက်ကွန်ရက်တစ်ခုဖြစ်သည်။ ယင်းကွန်ရက်မတိုင်မီက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလူမှုအဖွဲ့အစည်းများပါဝင်သော MERN အဖွဲ့နှင့် မြန်မာလူမှုအဖွဲ့အစည်း ကွန်ရက်စသည့် အဖွဲ့အစည်းနှစ်ခုရှိသည်။

## မုတ္တမကွေ့ကို ရေတိမ်ဒေသကာကွယ်ထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ရန် ဆောင်ရွက်

**ထူးသန့်**


**နေပြည်တော်၊ ဖေဖော်ဝါရီ-၂**

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အထောက်အကူပြုရာ အဓိကနေရာတစ်ခု ဖြစ်နိုင်သည့် မုတ္တမပင်လယ်ကွေ့ကို ကမ္ဘာ့ရေတိမ်ဒေသ ကာကွယ်ထိန်းသိမ်းရေးနယ်မြေ (Ramser Site) အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

အကျယ်အဝန်းအားဖြင့် ၄၅,၀၀၀ စတုရန်းကီလိုမီတာခန့်ရှိကာ ခေါင်းလောင်းပုံသဏ္ဌာန်ရှိသော မုတ္တမပင်လယ်ကွေ့အတွင်း၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့်ရင်ဆိုင်နေရသော ရေညှော်င့်နှုတ်ဝိုင်း (ဒီလုံး) ငှက်အပါအဝင် ရေပျော်ငှက်၊ ရေနေသတ္တဝါများ ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောသည်။

“မုတ္တမပင်လယ်ကွေ့အား ရေတိမ်ဒေသ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်မှ တစ်ဆင့် Ramser Site (ကမ္ဘာ့အရေးကြီးရေတိမ်ဒေသကာကွယ်ထိန်းသိမ်းရေးနယ်မြေအဖြစ်)သတ်မှတ်နိုင်ရေး လက်တွေ့ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သွားမည်”ဟု အဆိုပါဌာနက ထုတ်ပြန်သည်။

ရမ်ဆာအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ အပိုင်ဖြစ်သော မုတ္တမပင်လယ်ကွေ့သည် ရမ်ဆာမှ သတ်မှတ်ထားသော ရေတိမ်ဒေသဆိုင်ရာစံချိန်စံညွှန်း ၉ ချက်နှင့် ကိုက်ညီမှုရှိ၍ ကမ္ဘာ့အရေးကြီးရေတိမ်ဒေသအဖြစ် သတ်မှတ်ထိန်းသိမ်းကာကွယ်ရမည့်နေရာဖြစ်ကြောင်းလည်းသိရသည်။ “သက်ဆိုင်ရာ အဖွဲ့များ၏ လေ့လာတင်ပြမှုအရ ကမ္ဘာပေါ်တွင် အကောင်ရေ ၅၀၀ ခန့်သာရှိတော့သည်ဟု ခန့်မှန်းထားသော ရေညှော်င့်နှုတ်ဝိုင်းငှက်များကို မုတ္တမပင်လယ်ကွေ့တွင် ၂၀၀၈ ခုနှစ်က ၄၈ ကောင်နှင့် ၂၀၁၀ ပြည့်နှစ်က ၇၄ ကောင် ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း ထပ်မံသိရသည်။ မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားလေ့လာရေးဒေသ ၂၁ ခုကို နိုင်ငံအဝန်း တည်ထောင်ထားရှိကြောင်း ယင်းလုပ်ငန်းများကြောင့်ရေတိမ်ဒေသများ၏ ဂေဟစနစ်များ မထိခိုက်စေရန်အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်းတာဝန်ရှိသူက ပြောကြားသည်။







# Tourism

7 DAY NEWS JOURNAL

Vol.10, No.47 · FEBRUARY 9 , 2012


## မြောက်ဦး ဘုရား၊ ဂူ၊စေတီ၊ပုထိုးများထဲတွင် အမွှေးတိုင်မထွန်းရန် တားမြစ်

**မောင်မိုးသက်**

**မြောက်ဦး၊ ဖေဖော်ဝါရီ- ၃**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ရှစ်သောင်း၊ ကိုးသောင်း၊ မာန်ငါးပါး အစရှိသည့်ထင်ရှားသော ဘုရား ဂူ၊ ပုထိုး၊ စေတီများအတွင်း အမွှေးနံ့သာတိုင်မထွန်းရန် တားမြစ်ထားကြောင်း သိရသည်။

"ဂူတွေထဲမှာ နံ့သာတိုင်ထွန်းတော့ အခိုးအငွေ့တွေနဲ့ ဘုရားဖူးသူတွေကို မွန်းကြပ်စေတယ်။ ဒါကြောင့် တားမြစ်ထားတာပါ" ဟု ရှစ်သောင်း ဘုရားပုထိုးက ဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။

မြောက်ဦးမြို့သည် ရခိုင်ပြည်နယ်၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားသည့် သမိုင်းဝင်မြို့ဖြစ်ရာ ယခုနှစ်အတွင်း ပြည်တွင်း ပြည်ပကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုများပြားခဲ့သည်။



**သမိုင်းဝင်မြောက်ဦးမြို့ ကိုတွေ့ရစဉ်**

## Miss Tourism 2012 ပြိုင်ပွဲ ကျင်းပမည်

**ကြူကြူဟန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၃၁**

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ခရီးသွားလာရန် တတိယအကောင်းဆုံးနိုင်ငံအဖြစ် နိုင်ငံတကာမီဒီယာများက အသိအမှတ်ပြုခံထားရသည်နှင့်အညီ မြန်မာ့ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် ခရီးသွားသံတမန်ရွေးချယ်မည့် Miss Tourism ရွေးချယ်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် Inforithm-Maze တို့ ဦးစီး၍ တတိယအကြိမ် ဖြစ်သည့် Miss Tourism 2012 ရွေးချယ်ပွဲကို မတ်လ ၂ ရက်တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ထိုရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဖေဖော်ဝါရီ ၁၃ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို တစ်စောင်လျှင် ကျပ် ၃,၀၀၀ ဖြင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် Inforithm-Maze ရုံးခန်းတွင် ဝယ်ယူနိုင်သည်။

ပြိုင်ပွဲဝင်များသည် ခရီးသွားနှင့်ဆိုင်သော ဗဟုသုတများနှင့် အင်္ဂလိပ်ဘာသာစကားအသင့်အတင့် ပြောဆိုနိုင်သည့်အရည်အချင်းရှိရန်လိုအပ်ကြောင်း ပွဲစီစဉ်သူများကပြောကြားသည်။ ဆန်ခါတင်ရွေးချယ်ခံရသည့် ၂၀ ဦးကို ပုဂံမြို့ရှိ ရှေးဟောင်းစေတီပုထိုးများသို့လေ့လာခြင်း၊ အလှဓာတ်ပုံရိုက်ကူးခြင်း၊ ရုပ်မြင်သံကြားမှတွေ့ဆုံ ဆွေးနွေးမှုများကို ပြသခြင်း၊ ပြိုင်ပွဲမကျင်းပမီ ရုပ်သံအစီအစဉ်မှ ကြိုတင်ထုတ်လွှင့်မှုများပြုလုပ်မည်ဖြစ်သည်။

ရွေးချယ်ပွဲတွင် ဆုငါးဆုချီးမြှင့်မည်ဖြစ်ပြီး Miss Tourism 2012 ဆုရရှိသူကို ငွေကျပ် ၁၅ သိန်းနှင့် နိုင်ငံတကာပြပွဲများသို့ စေလွှတ်မည်ဟုသိရသည်။

Miss Tourism 2010 ဆုကို ဂျူးဂျူးကေ နှင့် Miss Tourism 2011 ဆုကို ခင်ရူပတို့က ရရှိထားသည်။

## မုံရွာ-အလောင်းတော်ကဿပဘုရားဖူး ခရီးစဉ်အတွင်းတောင်တက်ယာဉ် ပြေးဆွဲရန်စီစဉ်

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၁**

မုံရွာမြို့မှအလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်အတွင်း ယာဉ်မောင်းမကျွမ်းကျင်မှု၊ ယာဉ်ကြံ့ခိုင်မှု အားနည်းခြင်းနှင့် သတ်မှတ်ခရီးသည်ထက် ပိုမိုတင်ဆောင်မှုများကြောင့်ယာဉ်အန္တရာယ်ကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း အလောင်းတော်ကဿပတောင်တက်ယာဉ်အသင်းဖွဲ့စည်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်ဖြစ်ကြောင်း အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌဦးမောင်မောင်က ပြောကြားသည်။

" ၃၀ ရက်က ဘုတလင်မြို့နယ်ကလာတဲ့ အလောင်းတော်ကဿပဘုရားဖူးအဖွဲ့ရဲ့ ထော်လာဂျီယာဉ်ကချောင်းမကြီးအကွေ့မှာ အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ခရီးသည် ၃ ဦး သေဆုံးခဲ့တယ်။ ခရီးသည် ၂၂ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ အလောင်းတော်ကဿပ ဘုရားဖူးယာဉ်တွေထဲမှာ ထော်လာဂျီပြေးဆွဲခွင့်မရှိပါဘူး။ အလောင်းတော်ကဿပ လမ်းပိုင်းလည်းကောင်းအောင်ပြင်ဆင်ထားပြီး ကျွမ်းကျင်တဲ့ယာဉ်မောင်း တွေ၊ ကြံ့ခိုင်တဲ့ယာဉ်တွေနဲ့မုံရွာ-အလောင်းတော်ကဿပခရီးစဉ်ကို အန္တရာယ်ကင်းကင်းနဲ့ သွားလာနိုင်အောင် စီစဉ်ထားသလိုတောင်တက်မော်တော်ယာဉ်အသင်းသီးသန့်ဖွဲ့စည်းပြီးပြေးဆွဲသွားဖို့စီစဉ်ထားပါတယ်" ဟု ဦးမောင်မောင်က ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလ ၃၀ ရက်၊ ညနေ ၅ နာရီအချိန်ခန့်တွင် ဘုတလင်မြို့နယ်မှ အလောင်းတော်ကဿပသို့ဘုရားဖူးလာရောက်သော ခရီးသည် ၃၄ ဦးပါ ထော်လာဂျီယာဉ်တစ်စီးသည် အလောင်းတော်ကဿပအမျိုးသား ဥယျာဉ်အတွင်း ချောင်းမကြီးချောင်းအဆင်း၌ အရှိန်မထိန်းနိုင်ဘဲတိမ်း မှောက်ခဲ့ရာ ခရီးသည် ၃ ဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိခဲ့ရာ မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။ အဆိုပါယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယင်းမာပင်မြို့နယ် ကပိုင်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ကိုရီးယားလေကြောင်းလိုင်း မြန်မာခရီးစဉ်ပျံသန်းရန် လာရောက်လေ့လာ

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

ကိုရီးယားနိုင်ငံ လေကြောင်းလိုင်း Korean Air က မြန်မာနိုင်ငံနှင့် ပုံမှန် ခရီးစဉ်ပျံသန်းရန်လာရောက်စုံစမ်းမှုများရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လာတော့ ဆွေးနွေးနေပြီ၊ အသေးစိတ်တော့ လာမဆွေးနွေးသေးဘူး" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ဧည့်သည်များ ဝင်ရောက်မှုများလာသည့်အချိန်မှစ၍ ကိုရီးယား လေကြောင်းလိုင်းမှာ ရန်ကုန်မြို့နှင့် ဆိုးလ်မြို့ကြား စင်းလုံးငှားလေယာဉ်ခရီးစဉ်များ ပျံသန်းပေးလျက်ရှိသည်။ ရန်ကုန်လေဆိပ်မှ ဧည့်သည် လေးသိန်းနီးပါး ဝင်ရောက်ခဲ့သော ယခုနှစ်တွင် ကိုရီးယား ဧည့်သည်နှစ်သောင်းနီးပါး ပါဝင်ခဲ့သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသွားဝင်ရောက်မှု မြင့်တက်လာသဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းလျက်ရှိသော နိုင်ငံတကာလေကြောင်းများ အလုပ်ဖြစ်လျက်ရှိသည်။






7DAY NEWS JOURNAL
Vol.10, No.47 · FEBRUARY 9 , 2012

# Cartoon

## The Cartoon Logo





















7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# ထိုင်းအစိုးရက အခြေခံပညာကျောင်းများတွင် သင်ပုန်းကွန်ပျူတာသုံးသိန်း ထောက်ပံ့ပေးရန်စဉ်းစား

**ဘန်ကောက်၊ ဖေဖော်ဝါရီ - ၁**

ထိုင်းအစိုးရအဖွဲ့သည် ကျောင်းသားလူငယ်များအတွက် သင်ပုန်းကွန်ပျူတာသုံးသိန်းကျော်ထောက်ပံ့ပေးနိုင်ရန် အပိုဘတ်ဂျက် ဘတ်သန်း ၈၀၀ မှ ၉၀၀(ဒေါ်လာ ၂၆ မှ ၂၉ သန်း)ခွဲဝေချထားရန် စဉ်းစားနေကြောင်းသိရသည်။

အဆိုပါဘတ်ဂျက်ခွဲဝေပေးရန် လွှတ်တော်ရှိ သင်ပုန်းကွန်ပျူတာမူဝါဒစီမံခန့်ခွဲမှုကော်မတီက အဆိုပြုခဲ့ခြင်းဖြစ်ပြီး ကော်မတီသည် လာမည့် ပညာသင်နှစ်တွင် သင်ပုန်းကွန်ပျူတာခြောက်သိန်းမှ ကိုးသိန်းအထိ ကျောင်းများ၌ ခွဲဝေချထားပေးရန် သဘောတူထားကြောင်း The Nation သတင်းဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

ယင်းကော်မတီသည် ယခင်ကလည်း သင်ပုန်းကွန်ပျူတာ ခုနစ်သိန်းဖြန့်ဝေရန်အတွက် ဘတ်ဂျက်ဘတ်သန်း ၁ ဒသမ ၉ ဘီလီယံ (ဒေါ်လာ ၆၁ ဒသမ ၂ သန်း)ပေးအပ်ရန်အဆိုပြုခဲ့သည်။

ယခုအခါ ထိုင်းပညာရေးဝန်ကြီးဌာန၏ အဆိုအရ အစိုးရသည် ကျောင်းများတွင် သင်ပုန်းကွန်ပျူတာများထောက်ပံ့ပေးရေးအတွက် တရုတ်အစိုးရနှင့် ဆွေးနွေးစာချုပ်ချုပ်နိုင်ရန် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနအား ညွှန်ကြားထားပြီးပြီဟုသိရသည်။

*—Ref: Xinhua*



Photo: The Nation






# တောင်ကိုရီးယားစစ်သားများ လူမှုမီဒီယာအသုံးပြုမှုကို ထိန်းချုပ်

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၁**

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနသည် စစ်တပ်အတွင်း တပ်သားများ၏ လူမှုကွန်ရက်အသုံးပြုမှုနှင့် စမတ်ဖုန်းအသုံးပြုမှုများကို ထိန်းချုပ်သည့် လမ်းညွှန်ချက်များထုတ်ပြန်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်၌ “ဒီညွှန်ကြားချက်တွေက စစ်သားတွေကို သူတို့လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွေ သုံးစဉ်မှာ စစ်ရေးလုံခြုံမှု မူဝါဒတွေနဲ့ စစ်စည်းကမ်းတွေကို မချိုးဖောက်မိအောင် လမ်းညွှန်ရေးသားထားတာပါ”ဟု ဖော်ပြသည်။

ညွှန်ကြားချက်များအရ စစ်သားများသည် ၎င်းတို့၏ စစ်ရေးသတင်းအချက်အလက် အသေးစိတ်များကို လူမှုမီဒီယာတွင် မပြောရန် ၎င်းတို့၏ တည်နေရာကိုဖော်ပြနိုင်သည့် အွန်လိုင်းဝန်ဆောင်မှုများ မသုံးရန် အကြံပြုထားသည်။

တောင်ကိုရီးယားနိုင်ငံသည် မိုဘိုင်းဖုန်းနှင့် အင်တာနက်အသုံးပြုမှုမြင့်မားသောနိုင်ငံဖြစ်ပြီး နိုင်ငံ၏ မိုဘိုင်းဖုန်းသုံးသူ ၄၀ ရာခိုင်နှုန်းမှာ စမတ်ဖုန်းများပိုင်ဆိုင်ကြသည်။ တောင်ကိုရီးယားတွင် ကိုယ်အင်္ဂါသန်စွမ်းသူအသက် ၂၀ ကျော်သည့် အမျိုးသားမှန်သမျှ စစ်မှုမထမ်းမနေရ ဥပဒေအရ ၂နှစ်ခန့် စစ်မှုထမ်းကြရသည်။

*—Ref: Xinhua*




Photo - AP

# ၂၀၁၁ နှစ်ကုန်တွင် ဂျပန်၌ အလုပ်လက်မဲ့နှုန်း တိုးမြင့်ခဲ့

**တိုကျို၊ ဖေဖော်ဝါရီ - ၁**

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၁၁ ဒီဇင်ဘာလတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးခဲ့ကြောင်း အစိုးရကပြောသည်။ ယင်းမှာ နိုဝင်ဘာလကထက် ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးပွားလာခြင်းဖြစ်သည်။

အစိုးရ၏ အချက်အလက်များအရ ၂၀၁၁ တွင် ပျမ်းမျှ အလုပ်လက်မဲ့နှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းခဲ့သည်ဟု သိရသည်။ ဂျပန်နိုင်ငံတွင် ၂၀၁၁ ၌ အလုပ်လက်မဲ့ဦးရေ ၂ ဒသမ ၈၄ သန်းရှိခဲ့ပြီး ၂၀၁၀ ကထက် ၃၃၀,၀၀၀ကျဆင်းခဲ့သည်။ ၂၀၁၁ တွင် အလုပ်ရရှိသူဦးရေစုစုပေါင်း ၅၉ ဒသမ ၇၇ သန်းရှိခဲ့သည်ဆိုသည်။

*—Ref: Xinhua*

7 DAY NEWS JOURNAL
Vol.10, No.47 · FEBRUARY 9 , 2012

## နောက်ကျောဖုံး - အီရန်ကို တိုက်ခိုက်ရေးမှာ အန္တရာယ်များကြောင်း အိုဘားမားပြောကြား မှ

"ပင်လယ်ကွေ့ထဲမှာ ဘယ်လိုစစ်ရေးလှုပ်ရှားမှုတွေပဲဖြစ်ဖြစ် ထပ်မံဖြစ်ပေါ်လာရင် ရှုပ်ထွေးမှုတွေဖြစ်စေပြီး ကျွန်တော်တို့အပေါ်မှာလည်း အများကြီးသက်ရောက်ပါတယ်။ ရေနံဈေးနှုန်းတွေကိုလည်း ထိခိုက်ပါတယ်။ အီရန်နှင့် နယ်စပ်ခြင်း ထိစပ်နေတဲ့ အာဖဂန်နစ္စတန်မှာ ကျွန်တော်တို့တပ်တွေရှိနေဆဲပါပဲ။ ဆိုတော့ ကျွန်တော်တို့ ပိုပြီးလိုလာလည်း ဖြေရှင်းနည်းကတော့ သံတမန်ရေးနည်းလမ်းပါပဲ" ဟု အိုဘားမားက ပြောကြားသည်။

အိုဘားမား၏ မှတ်ချက်များမှာ အစောပိုင်းတွင် အီရန်အိမ်နီးချင်းတူရကီနိုင်ငံက ထုတ်ဖော်ပြောဆိုခဲ့သော အီရန်အားတိုက်ခိုက်ခြင်းမှာ နောက်ဆက်တွဲအန္တရာယ်များနှင့် ကြုံတွေ့နိုင်သည်ဟူသော စိုးရိမ်မှုများကို ထင်ဟပ်နေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

—*Ref: Reuters*

## နောက်ကျောဖုံး - ဥရောပတွင် အအေးလွန်ကဲမှုကြောင့် လူ ၃၀၀ ကျော် သေဆုံး မှ



လူပေါင်း ၁,၈၀၀ ကို ဆေးရုံတင်ကုသပေးထားရပြီး လူ ၇၅,၀၀၀ မှာ ယူကရိန်းနိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း ၃,၀၀၀ ကျော်တွင် ခိုလှုံ၍ အစားအစာနှင့်နွေးထွေးမှုရယူနေကြရသည်။

ဘော့စနီးယားနိုင်ငံမြို့တော် ဆာယာဂျေဗိုတွင် အရေးပေါ်အခြေအနေ ကြေညာထားသည်။ ဆာယာဂျေဗိုမြို့တွင် ၃ ပေအမြင့်အထိ နှင်းများကျဆင်းခဲ့ပြီး ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေရသည်။

အာတိတ်ဒေသတွင်ဖြစ်ပေါ်သော ရာသီဥတုအခြေအနေများကြောင့် အအေးလွန်ကဲမှုသည် မက်ဒီတရေးနီးယန်း ဒေသမှ မြောက်အာဖရိကဒေသကိုပါ ကူးစက်ခဲ့ပြီး အယ်လ်ဂျီးရီးယားနိုင်ငံ၌ နှင်းများနှင့်ချော်နေသောကားလမ်းများတွင် ယာဉ်တိုက်မှုများဖြစ်ပေါ်ခဲ့ကာ လူပေါင်း ၁၆ ဦးသေဆုံးခဲ့သည်။

ကမ္ဘာ့လူအရှုပ်ထွေးဆုံးလန်ဒန်ဟိသရိုးလေဆိပ်တွင် နှင်းများ ၂ ဒသမ ၄ လက်မအထိ ကျဆင်းခဲ့ပြီးနောက် ဖေဖော်ဝါရီ ၅ ရက်က လေယာဉ်ခရီးစဉ်ပေါင်း ၁,၃၀၀ အနက်မှထက်ဝက်ခန့်ကိုပယ်ဖျက်ခဲ့ရသည်။

ရောမမြို့တွင် ကားလမ်းများပေါ်၌ နှင်းများနှင့် ရေခဲများထူထပ်စွာရှိနေ၍ ကားဖြင့်သွားလာရန်မဖြစ်နိုင်သလောက်အခက်တွေ့နေကြောင်း သိရသည်။

—*Ref: AFP/UPI*



# Leader's Profile

## အိန္ဒိယနိုင်ငံ၏ အကြီးဆုံးပုဂ္ဂလိကဘဏ် အကြီးအကဲ

# မစ္စချန်ဒါကိုချာ

ရဲမင်း

မစ္စချန်ဒါကိုချာသည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံးပုဂ္ဂလိကဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ICICI မှာ အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံးဘဏ်လည်းဖြစ်ပြီး မစ္စချန်ဒါကိုချာမှာ ယင်းဘဏ်၏ ကော်ပိုရိတ်စင်တာအကြီးအကဲလည်းဖြစ်သည်။

မစ္စချန်ဒါအား ရာဂျက်စ်သန်ပြည်နယ် ဂျော့ဒ်ပါမြို့တွင် ၁၉၆၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်၌ မွေးဖွားခဲ့ပြီး ယင်းပြည်နယ် ဂျိုင်ပါမြို့ကြီးတွင်ကြီးပြင်းခဲ့သည်။ နောက်ပိုင်းတွင် မွန်ဘိုင်းမြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ဂျိုင်ဟင်းကောလိပ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ဘွဲ့ရပြီးနောက် မစ္စချန်ဒါသည် ကုန်ကျစရိတ်စာရင်းအင်းပညာကို လေ့လာလိုက်စားခဲ့ပြီး မွန်ဘိုင်းမြို့ ဂျမ်နာလယ်ဘာဂျပ် စီမံခန့်ခွဲရေးအင်စတီကျူဒ်မှ စီမံခန့်ခွဲရေးအထူးပြုဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့သည်။ ယင်းနှစ်တစ်နှစ်တည်းမှာပင် စီမံခန့်ခွဲရေးဘာသာရပ်နှင့် ကုန်ကျစရိတ်စာရင်းအင်းပညာ(Cost Accountancy) ဘာသာရပ်နှစ်ခုစလုံးတွင် အမှတ်အများဆုံးရရှိ၍ ရွှေတံဆိပ်များ ချီးမြှင့်ခံရသည်။

မစ္စချန်ဒါသည် ၁၉၈၄ ခုနှစ်တွင် The Industrial Credit and Investment Coporation of India (ICICI)လီမိတက်၌ စီမံခန့်ခွဲရေးအလုပ်သင်အဖြစ် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ စီမံကိန်းများ အကဲဖြတ်ရေးနှင့်စောင့်ကြည့်လေ့လာရေးဌာနတွင်စတင်တာဝန်ထမ်းဆောင်ခဲ့သော မစ္စချန်ဒါသည် ရေနံဓာတုလုပ်ငန်း၊ ချည်မျှင်နှင့်အထည်အလိပ်၊ စက္ကူနှင့် ဘိလပ်မြေလုပ်ငန်းများအတွက် တာဝန်ယူလုပ်ကိုင်ခဲ့သည်။

၁၉၉၃ ခုနှစ်၌ ICICI ဘဏ်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာတွင် မစ္စချန်ဒါအား အမာခံအဖွဲ့အတွင်းသို့ခေါ်ယူခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် လက်ထောက်အထွေထွေမန်နေဂျာအဖြစ် ရာထူးတိုးမြှင့်ခံရသည်။ ၁၉၉၆ခုနှစ်တွင် မစ္စချန်ဒါသည် ICICI က အသစ်ဖွဲ့စည်းလိုက်သောအခြေခံအဆောက်အအုံစက်မှုလုပ်ငန်းအုပ်စုကို ဦးဆောင်သူဖြစ်လာသည်။ ၁၉၉၈ ခုနှစ်တွင် အထွေထွေမန်နေဂျာအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရသော မစ္စချန်ဒါသည် ICICI ၏ ထိပ်တန်းဖောက်သည် ၂၀၀နှင့်ဆက်ဆံရေးကိုကိုင်တွယ်ရသူဖြစ်လာသည်။

မစ္စချန်ဒါသည် ၁၉၉၉ ခုနှစ်တွင် မဟာဗျူဟာနှင့် E-commerce ဌာနကိုလည်းဦးဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ICICI ဘဏ်က လက်လီဘဏ္ဍာရေးလုပ်ငန်းကိုစတင်လုပ်ကိုင်ခဲ့ရာ မစ္စချန်ဒါကပင် ယင်းကိစ္စကို ဦးဆောင်ခွင့်ရရှိခဲ့ပြီး ၎င်း၏ ဦးဆောင်မှုအောက်၌ ICICI မှာ ငါးနှစ်အတွင်း နိုင်ငံ၏ အကြီးမားဆုံး လက်လီဘဏ်လုပ်ငန်းလုပ်ကိုင်သည့်အဖွဲ့ဖြစ်လာသည်။ မစ္စချန်ဒါလည်း ၂၀၀၁ ခုနှစ်တွင် အမှုဆောင်ဒါရိုက်တာဖြစ်လာခဲ့ပြီး ၂၀၀၆ တွင် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးဖြစ်လာခဲ့သည်။ ICICI ဘဏ်၏ ကော်ပိုရိတ်နှင့် လက်လီဘဏ်လုပ်ငန်းဌာနကို ဦးဆောင်ခဲ့ပြီး ၂၀၀၆-၀၇မှာပင် နိုင်ငံတကာဘဏ်လုပ်ငန်းများကိုလည်း ကိုင်တွယ်ခဲ့သည်။ ၂၀၀၆ မှ ၂၀၀၉ ခုနှစ်အထိ မစ္စချန်ဒါသည် ICICI ၏ ဘဏ္ဍာရေးအရာရှိ ချုပ်အဖြစ်တာဝန်ယူခဲ့ပြီး ၂၀၀၉ခုနှစ် မေလတွင် ICICI ဘဏ်၏ အမှုဆောင်အရာရှိချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်လာခဲ့ပြီး ယင်းရာထူးတွင် ငါးနှစ် တာဝန်ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်သည်။

Forbes မဂ္ဂဇင်း၏ ကမ္ဘာ့သြဇာအာဏာအကြီးဆုံး အမျိုးသမီးများစာရင်းတွင် နံပါတ်-၂၀ ချိတ်သော မစ္စချန်ဒါသည် လေစွမ်းအင်စီးပွားရေးလုပ်ငန်းရှင် ခင်ပွန်းနှင့် သားတစ်ဦး၊ သမီးတစ်ဦးထွန်းကားထားသည်။

—*Ref: Wikipedia*

**TRADEMARK CAUTIONARY NOTICE**

Notice is hereby given that **Eveready Battery Company, Inc.** a Company organized and existing under the laws of State of Delaware at 533 Maryville University Drive, St. Louis, Missouri 63141, USA, are the proprietors of the following trademark in several countries of the world including Myanmar:

**EVEREADY**

*(Myanmar Registration No.4/2706/2009)*

The aforesaid trademark is being used by the above party in respect of "All types of batteries, including automobile, and battery chargers" in international class 09.

Any fraudulent imitation or unauthorized use or any other infringement whatsoever of the said Trademarks will be dealt with according to the laws prevailing in Myanmar.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 9.Feb.2012




## နောက်ကျောဖုံး - ကူဝိတ်အစိုးရ နုတ်ထွက် မှ



ဘုရင့်မိသားစုဝင်တစ်ဦးဖြစ်သော ရှိတ်ဂျာဘား မူဘာရက် အယ်လ်ဟာမက်အယ်လ်ဆာဘားက ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးနေရာများ ရယူထားပြီး ယခုနုတ်ထွက်သွားသော အစိုးရကို ၂၀၁၁ နိုဝင်ဘာလက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်ဒီဇင်ဘာလတွင် ကူဝိတ်ပါလီမန်အဆောက်အအုံအား လူငယ်များ ဦးဆောင်သော တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ပြီး လာဘ်စားမှုစွပ်စွဲချက်များ ပေါ်ထွက်ခဲ့ပြီးနောက် ကူဝိတ်နိုင်ငံအကြီးအကဲက ပါလီမန်အား ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ —*Ref: UPI*

## နောက်ကျောဖုံး - တရုတ်ရင်းနှီးမြှုပ်နှံသူများ ဥရောပတွင် ငွေကြေးသုံးစွဲနေသော်လည်း ကြွေးမြီကိစ္စတွင် ဝင်မပါဟုဆို မှ

သော ပေါ်တူဂီနိုင်ငံ အမျိုးသားလျှပ်စစ်ကွန်ရက်တွင် ၂၅ ရာခိုင်နှုန်းပါဝင် ရင်းနှီးမြှုပ်နှံ၍ ကန်ဒေါ်လာ ၅၀၈ ဒသမ ၂သန်းထည့်ဝင်ရန် သဘောတူညီခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းကလည်း တရုတ်ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ကိရိယာများ ထုတ်လုပ်သည့် Sany အကြီးစားစက်မှုလုပ်ငန်းက ဂျာမနီအင်ဂျင်နီယာကုမ္ပဏီ Putzmeister အား ငွေကြေးပမာဏ မဖော်ပြဘဲ ဝယ်ယူခဲ့ကြောင်း သိရသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# ၂၀၁၂ ဟာ ဒဏ်ရာကို ကုစားရမယ့် နှစ်တစ်နှစ် ဖြစ်သင့်တယ်

## နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အကြီးအကဲ ခရစ်စတင်းလာဂတ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ယခု ဇန်နဝါရီလကုန်မှာပဲ ကမ္ဘာ့စီးပွားရေးဖိုရမ်လို့ ခေါ်တဲ့ ဒါး ဗို့စ်အစည်းအဝေးဟာ ဥရောပကြွေးမြီအကျပ်အတည်းပြဿနာ အဓိကနဲ့ပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ကမ္ဘာ့ဘဏ္ဍာရေးအတွက် အဓိကကျတဲ့ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့ကြီးဖြစ်တဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ကလည်း ၂၀၁၂ အတွက် ကမ္ဘာ့စီးပွားရေး တိုးတက်မှုခန့်မှန်းချက်ကို မူလ ၄ ရာခိုင်နှုန်းကနေ ၃ ဒသမ ၃ ရာ ခိုင်နှုန်းကိုလျှော့ချခန့်မှန်းကြောင်း မကြာသေးမီက ထုတ်ပြန်ထားတာတွေ့ရမှာပါ။

ပြီးခဲ့တဲ့နှစ်ကစလို့ အိုင်အမ်အက်ဖ်ရဲ့ အကြီးအကဲအဖြစ် စတင်တာဝန်ယူလာခဲ့တဲ့ မစ္စခရစ်စတင်းလာဂတ်ဟာ ကမ္ဘာပေါ်က စွမ်းပကားအကြီးဆုံး အမျိုးသမီးတွေထဲက တစ်ဦးလည်းဖြစ်ပါတယ်။ သူမဟာ အိုင်အမ်အက်ဖ်ရဲ့အကြီးအကဲဖြစ်တာနဲ့အညီ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်တွေကို ကိုင်လှုပ်နိုင်သူပါ။ အခုတော့ သူမဟာ အဖွဲ့ရဲ့ အရေးကြီးဆုံးတာဝန်အဖြစ် ကမ္ဘာ့စီးပွားရေးကိုကယ်တင်ဖို့ ဆန္ဒပြင်းပြနေပါတယ်။ သူမဟာ ဒီဇန်နဝါရီလကုန်ပိုင်းမှာပဲ ဥရောပကိုရောက်လာခဲ့ရာမှာ ယူရိုသတင်းကတွေ့ဆုံမေးမြန်းထားတာကို တစ်ဆင့်ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။ မေးမြန်းသူကတော့ ယူရိုသတင်းမှ စတီဖင်ဂရုတ်ဖြစ်ပါတယ်။

**ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအမြင်နဲ့ပဲ စတင်မေးမြန်းပါရစေ။ အခုဆို ၂၀၁၂က စတင်ခဲ့ပါပြီ။ လူကြီးမင်းထုတ်ပြန်ထားတဲ့ နောက်ဆုံးကြေညာချက်တွေမှာလည်း (ဘဏ္ဍာရေးအရ)မရေရာမှုတွေတိုးလာတာနဲ့ စီးပွားရေးတိုးတက်မှုအလားအလာတွေအပေါ် စိုးရိမ်မိကြောင်းဖော်ပြထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ မကြာသေးမီကပဲ တရုတ်၊ ဂျာမနီနဲ့ အမေရိကန်ပြည်ထောင်စုတို့ဆီကနေ အတော်လေးအပြုသဘောဆောင်တဲ့ စီးပွားရေးအချက်အလက်တွေ မြင်တွေ့ခဲ့ရပြီးပါပြီ။ လူကြီးမင်းဟာ နည်းနည်းများ အဆိုးမြင်တဲ့သဘောဆန်မနေဘူးလား။**

ကျွန်မတို့ ပြီးခဲ့တဲ့ရက်တွေအတွင်းမှာပဲ တချို့သော အပြုသဘောဆောင်တဲ့ လက္ခဏာတွေကို အသေအချာမြင်တွေ့ခဲ့ရပြီးပါပြီ။ ဒါပေမဲ့ အဲဒါဟာ ဖြေရှင်းဖို့လိုအပ်နေတဲ့ကိစ္စတွေအားလုံးကို မဖြေရှင်းနိုင်သေးပါဘူး။ ၂၀၁၂ ဟာ ဒဏ်ရာကိုကုစားရမယ့်နှစ်တစ်နှစ်ဖြစ်သင့်တယ်လို့ ကျွန်မတို့ထင်တယ်။ ဒါကြောင့် အဲဒီအတွက် ပြီးပြည့်စုံတဲ့ဖြေရှင်းချက်တွေကို ပူးပေါင်းလုပ်ဆောင်မှုအသွင်သဏ္ဌာန်နဲ့ လုပ်ဆောင်ဖို့ လိုအပ်နေပါတယ်။ ဥပမာပြရရင် ယူရိုဇုန်ထဲက ယူရိုပါတနာတွေဟာ စီးပွားရေးတိုးတက်မှုအပေါ်၊ ပိုမြင့်မားတဲ့ ကာကွယ်မှုတွေအပေါ်၊ ပိုကောင်းတဲ့ ပေါင်းစပ်မှုတွေအပေါ် အာရုံပြုနေပါပြီ။ အခြားတစ်ဖက်မှာလည်း



အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်ဟာ သင့်တော်တဲ့ကာလအတိုင်းအတာရှိတဲ့ စိတ်ချရမယ့် ဘဏ္ဍာရေးလမ်းကြောင်းတွေကို သတ်မှတ်လုပ်ဆောင်နေပါတယ်။ အဲဒါတွေက လိုငွေပြမှုကိုလျှော့ချဖို့ ရည်ရွယ်တာဖြစ်ပြီး လက်ရှိသူတို့ကြုံတွေ့နေရတဲ့ ကြွေးမြီပြဿနာဇာတ်လမ်းကိုလည်း ပြေလည်စေနိုင်မှာပါ။

**မကြာခင်ကပဲ အိုင်အမ်အက်ဖ်လုပ်လာတဲ့ကိစ္စကိုလည်း မေးပါရစေ။ အိုင်အမ်အက်ဖ်အဖွဲ့ကြီးဟာ ၎င်းရဲ့ငွေထုတ်ချေးနိုင်စွမ်းကို လာမယ့်နှစ်တွေမှာ ဘဏ္ဍာရေးထောက်ပံ့ဖို့လိုလာနိုင်တဲ့ ဒေါ်လာတစ်ထရီလီယံပမာဏကို သတ်မှတ်ပြီးနောက် ဒေါ်လာ ဘီလီယံ ၅၀၀ ထပ်တိုးဖို့ အဆိုပြုနေခဲ့ပါတယ်။ အဲဒါ တော်တော်ထူးခြားတဲ့ကိန်းဂဏန်းပါ။ ဒီငွေပမာဏနဲ့ လူကြီးမင်းဘာလုပ်ချင်တာပါလဲ။**

ဟုတ်ကဲ့။ ဒီကိစ္စက ကိန်းဂဏန်းတွေတိုးမြှင့်တာကို ပီတိဖြစ်သာယာဖို့အတွက် မဟုတ်တာ၊ စာရင်းအင်းအချက်အလက်အကြီးကြီးတွေနဲ့ ကစားတာမဟုတ်တာတော့ သေချာပါတယ်။ လာမယ့်နှစ်နှစ်မှာ ကမ္ဘာလုံးဆိုင်ရာအဆင့်အနေနဲ့ဖြစ်လာမယ့် ဘဏ္ဍာရေးလိုအပ်ချက်တွေကို ကျွန်မတို့ တွက်ချက်ထားပြီး လုံလောက်တဲ့ အရေးယူဆောင်ရွက်မှုတွေ ရှေ့ဆက်နိုင်အောင်လုပ်ဖို့ဖြစ်ပါတယ်။ ပြီးတော့ အဲဒီ့စုစုပေါင်းဘဏ္ဍာရေးအကူအညီလိုအပ်ချက်ပမာဏကလည်း ဒေါ်လာနှစ်ထရီလီယံလောက်ရှိမှာပါ။ တိုးတက်မှုတွေရဖို့ လိုအပ်တဲ့ တကယ်ထုတ်ချေးနိုင်စွမ်းကအဲဒါရဲ့ထက်ဝက်လောက်ပေါ့လေ။ အိုင်အမ်အက်ဖ်ဟာ အဲဒီ့ကိစ္စမှာ ပါတနာတစ်ဦးအနေနဲ့ သူ့အပိုင်းကို သူကပြရမယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ ဒါကြောင့် နောက်ထပ်အပိုငွေထုတ်ချေးနိုင်စွမ်း ဒေါ်လာ ဘီလီယံ ၅၀၀ ထားတာပါ။ ကျွန်မပြောထားသလိုပါပဲ။ ၂၀၁၂၊ ၂၀၁၃ မှာ လုပ်မှာဖြစ်ပါတယ်။ ထောက်ပံ့ငွေကို မလိုအပ်တော့မယ့် အကောင်းဆုံးအခြေအနေတွေအထိဖြစ်ပါတယ်။

**ဒါဆို နောက်ဆက်တွဲမေးခွန်းက အဲဒါကို ဘယ်သူက ရန်ပုံငွေထည့်ဝင်မှာလဲ။ အမေရိကန်ကလည်း မကြာခင်ကပဲ သူတို့မှာ အိုင်အမ်အက်ဖ်အတွက်နောက်ထပ်ရန်ပုံငွေရင်းမြစ်တွေရှာပေးဖို့ရည်ရွယ်ချက်မရှိဘူးလို့ ကြေညာထားပြီးပါပြီ။ ပြီးတော့ မနှစ်က ကိန်းစ်မြို့မှာလုပ်ခဲ့တဲ့ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲခေါင်းဆောင်တွေကလည်း ဒီကိစ္စကို ဈေးဆစ်နေခဲ့ကြတယ်။ ဥရောပနိုင်ငံတွေကလည်း ရန်ပုံငွေအတွက် ဒေါ်လာဘီလီယံ ၂၀၀ လောက်ပဲပေးဖို့ရှိတယ်။ ဒါပေမဲ့ ဒါမလုံလောက်ပါဘူး။ ဒီတော့ ဘယ်သူက ကျန်တဲ့ရန်ပုံငွေတွေကိုထောက်ပံ့ပေးမှာပါလဲ။**

ဥရောပနိုင်ငံတချို့က ကတိပေးထားတာရှိပါတယ်။ ဒီကြိုးပမ်းမှုမှာပါဝင်ဖို့ ပြင်ဆင်ထားတဲ့ တခြားအဖွဲ့ဝင်နိုင်ငံတွေဆီက ညွှန်ပြချက်တွေလည်း လက်ခံရရှိထားပါတယ်။ အထူးသဖြင့်တော့ ယူရိုဇုန်ထဲက ဥရောပနိုင်ငံတွေဟာ သူတို့ရဲ့ ဘဏ္ဍာရေးအကာအကွယ်တွေကို ပိုအားကောင်းအောင်လုပ်ဖို့ ဆုံးဖြတ်မယ်ဆိုရင် ပေါ့လေ။ ဒါကြောင့် လက်ရှိမှာကျွန်မတို့မှာ စေ့စပ်ညှိနှိုင်းမှုတွေ၊ ဆွေးနွေးမှုတွေနဲ့ရွေးချယ်စရာတွေရှိထားပါတယ်။ အဲဒါတွေ ကျွန်မတို့ ဆက်လုပ်သွားမှာပါ။ ပြီးတော့လည်း အိုင်အမ်အက်ဖ်ဟာ အဖွဲ့ဝင်တွေက မျှော်လင့်ထားတဲ့အတိုင်း သူ့အပိုင်းကို သူတကယ် ကပြနိုင်တယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ အဖွဲ့ရဲ့ စည်းမျဉ်းတွေက တောင်းဆိုထားတဲ့အချက်တွေအရ ဆက်လုပ်ဆောင်သွားမှာပါ။

**လာမယ့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲက ဖေဖော်ဝါရီမှာ မက္ကဆီကိုမှာ ကျင်းပတော့မှာပါ။ အဲဒီ့အချိန်ကျရင် သဘောတူညီမှုစာချုပ်တစ်ရပ်ရလိမ့်မယ်လို့ထင်ပါသလား။**

ကိန်းစ်မှာ ဂျီ-၂၀ ခေါင်းဆောင်တွေ နောက်ဆုံး တရားဝင်တွေ့ဆုံမှုက ဘဏ္ဍာရေးဝန်ကြီးတွေနဲ့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးတွေကို အိုင်အမ်အက်ဖ်အတွက် အဲဒီ့ငွေထုတ်ချေးနိုင်စွမ်းတိုးမြှင့်ပေးရေးကိစ္စကို ပူးပေါင်းလုပ်ဆောင်ဖို့တိုက်တွန်းခဲ့တယ်။ ကျွန်မပြောထားတဲ့အတိုင်းပါပဲ။ ပူးပေါင်းလုပ်ဆောင်နေကြတယ်။ ပြီးတော့ ရှင်တို့သိတဲ့အတိုင်း မကြာခင်အနာဂတ်မှာပဲ ထူးခြားတဲ့တိုးတက်မှုတွေရဖို့မျှော်လင့်ချက်တွေရှိနေတယ်။


**အမေရိကန်အစိုးရက ထပ်ပြန်တလဲလဲပြောထားတာကတော့ ဥရောပဟာ ယူရိုဇုန်ဟာ သူ့ပြဿနာကို သူ့ဟာသူဖြေရှင်းနိုင်စွမ်းရှိတယ်ဆိုပါတယ်။ ကျွန်တော့်အတွက်တော့ ဒါဟာ ဝါရှင်တန်ဘက်က ဥရောပမှာ အိုင်အမ်အက်ဖ်ကို ပိုကြီးမားတဲ့ အခန်းကဏ္ဍကနေ ဝင်မပါစေချင်တဲ့သဘောပါပဲ။ လူကြီးမင်းရဲ့ မျှော်မှန်းချက်ကရော ဒီနေရာမှာ ဘယ်လိုရှိပါသလဲ။ ယူရိုဇုန်၊ EFSF (သို့မဟုတ်) ESM တို့ဟာ အိုင်အမ်အက်ဖ်က အပို ထောက်ပံ့မှုမပါဘဲ ဘဏ္ဍာရေး အကာအကွယ်ကို လုပ်နိုင်ပါသလား။**

မြင်တဲ့အတိုင်းပဲ ကျွန်မက နိုင်ငံစုံအဖွဲ့အစည်းတစ်ခုရဲ့ ခေါင်းဆောင်ပါ။ အဖွဲ့ရဲ့ တာဝန်ကလည်း ကမ္ဘာတစ်ဝန်းမှာ စုပေါင်းဆောင်ရွက်မှု၊ အားလုံးအရေးယူဆောင်ရွက်မှုအပေါ် အခြေခံတဲ့ ကမ္ဘာပေါ်မှာ ဘဏ္ဍာရေးတည်ငြိမ်မှုရရှိရေးထဲ ပါဝင်ဖို့ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေဟာ နောက်ဆုံးမှာ သင့်လျော်တဲ့ ဆုံးဖြတ်ချက်ကို တကယ်လုပ်နိုင်ဖို့ အတူတကွ ဆောင်ရွက်လာကြလိမ့်မယ်လို့ ကျွန်မသေချာပြောရဲတယ်။ ပြီးတော့ ကျွန်မသေချာပြောရဲတာကလည်း အိုင်အမ်အက်ဖ်ဟာ အဲဒီ့ကိစ္စကို ပူးပေါင်းသွားမှာပါ။ အဖွဲ့ဟာ အဲဒီ့ပြီးပြည့်စုံတဲ့ဖြေရှင်းချက်ကို ရရှိဖို့ စိတ်ပိုင်းဖြတ်မှု၊ စုပေါင်းဖြေရှင်းမှု၊ အားထုတ်မှုတွေရအောင် အဖွဲ့ဝင်နိုင်ငံတွေ ပါဝင်လာအောင်လုပ်ရတော့မှာပါ။

**နောက်ဆုံးမေးခွန်းပါ။ ဒါးဗို့စ်မှာ ကျင်းပတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို လူကြီးမင်းက တက်ရောက်မှာပါ။ အဲဒီမှာ လူကြီးမင်းအနေနဲ့ ဘာကို အောင်မြင်ချင်ပါသလဲ။ ဘယ်သူတွေနဲ့ တွေ့ဆုံဆွေးနွေးချင်ပါသလဲ။ (မှတ်ချက်။ ယခု ဆောင်းပါးပါဝင်ချိန်တွင် ဒါးဗို့စ်စည်းဝေးပွဲပြီးဆုံးပြီဖြစ်သည်)**

ဟုတ်ကဲ့။ ပထမဆုံးအနေနဲ့ ကျွန်မတကယ်ပြောချင်တာကတော့ ကျွန်မမှာ ဒီကိစ္စက စိတ်ပျက်စရာသက်သက်မျှမဟုတ်ဘဲ ထွက်ပေါက်လည်းရှိပါတယ်ဆိုတဲ့ သတင်းစကားကိုပေးဖို့ရှိပါတယ်။ အခြေအနေကို ပြန်ကောင်းအောင်လုပ်ဖို့ သင့်လျော်တဲ့မူဝါဒတွေရှိနေပါတယ်။ ဒါပေမဲ့ ကျွန်မ ဒါးဗို့စ်မှာ လူမျိုးစုံကိုတွေ့နိုင်ဖို့ ကြိုးစားသွားမှာပါ။ ကျွန်မတို့ရဲ့ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဟာ လူတိုင်းကို လိုအပ်နေတယ်လို့ အများကြီးတွေးထားမိပါတယ်။ ကျွန်မတို့ဟာ ပုံစံအသစ်၊ အတွေးအခေါ် အသစ်တွေကို ဖွင့်လှစ်သွားရပါမယ်။ ဒါးဗို့စ်က ဒီကိစ္စတွေမှာ ကူညီနေတာပါ။

*—Ref: IMF's Lagarde: "2012 a year of healing"*
*Euro news. 25th Jan.2012*

HAPPY RAT KILLER
ဟက်ပီး ကြွက်နှိမ်ဆေးသည် . . .
(ACUTE) (RESISTANCE)
Super Market စတိုးဆိုင်
ကုန်မာဆိုင် များတွင်ရရှိနိုင်ပါသည်။



Japan International Cooperation System
BID ANNOUNCEMENT
The Republic of the Union of Myanmar has signed the Exchange of Notes with the Government of Japan on December 04, 2009 and the Grant Agreement with Japan International Cooperation Agency on December 23, 2009 concerning the Japan's Grant Aid for the Project for Construction of Primary School-cum-Cyclone Shelter. Japan International Cooperation System (JICS) acts as the procurement agent for and on behalf of the Department of Basic Education No. 1, the Ministry of Education for procuring products and services under this grant. JICS now invites the Bids from eligible and qualified bidders for the construction of eleven (11) primary school-cum-cyclone shelters in Labutta and Bogale Townships in Ayeyawarddy Region. Further information is available on JICS's website (http://www.jics.or.jp/jics_html-e/index.html).

Entertainment

7 DAY NEWS JOURNAL

Vol.10, No.47 · FEBRUARY 9 , 2012



# အော်စကာဆုအတွက် ရင်ခုန်သံများ

ကမ္ဘာ့ရုပ်ရှင်အနုပညာလောကရဲ့ ထိပ်တန်းဆုပေးပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးကို ဖေဖော်ဝါရီ ၂၆ရက်မှာ ကျင်းပတော့မှာဖြစ်ပါတယ်။ ယခုနှစ်အတွက် အော်စကာဆုပေးပွဲ ဆန်ခါတင်စာရင်းကို မကြာမီကပဲ ထုတ်ပြန်ကြေညာခဲ့ရာ အကောင်းဆုံးဇာတ်ကားဆုစာရင်းမှာ The Artist, The Descendants, Moneyball, War Horse တို့အပါအဝင် ဇာတ်ကားကိုးကားပါဝင်နေသလို အကောင်းဆုံး သရုပ်ဆောင်မင်းသားဆုမှာလည်း မြန်မာပရိသတ်များအကြား လူသိများတဲ့ ဂျော့ချ်ကလူနေး၊ ဘရက်ပစ်တို့ ပါဝင်နေပါတယ်။

ဒါ့အပြင် အကောင်းဆုံး သရုပ်ဆောင် မင်းသမီးဆုမှာလည်း မာဂရက်သက်ချာ အတ္ထုပ္ပတ္တိ The Iron Lady မှာ သက်ချာနေရာကသရုပ်ဆောင်ခဲ့သူ မစ္စက်စထရိ၊ The Girl with the Dragon Tattoo မှ ရွန်းနီမာရ၊ The Help မှ ဗိုင်အိုလာဒေးဗစ် အပါအဝင် ငါးဦးပါဝင်နေပါတယ်။ ဒီနှစ် ၂၀၁၂ အော်စကာ ဆန်ကာတင်စာရင်းထွက်ပေါ်ချိန် မှာ ထူးခြားချက်က မင်းသမီးကြီး မယ်ရီလ်စထရိဟာ အော်စကာ ဆန်ခါတင်စာရင်းကို(၁၇)ကြိမ်မြောက် ဝင်ခဲ့တာဖြစ် (သူမဟာ ယခင်က အော်စကာဆုနှစ်ဆု ရထား)ပါတယ်။ မင်းသား ဂျော့ချ်ကလူနေးအတွက်လည်း ယခုတစ် ကြိမ်ဟာ သုံးကြိမ်မြောက် အော်စကာဆန်ကာတင် စာရင်းဝင်ခြင်းပါပဲ။

နောက်ဆုံးသတင်းတွေအရတော့ ယခုနှစ် ၂၀၁၂ ရဲ့ (၈၄)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲခေါ် အော်စကာဆုပေးပွဲကို ကင်းမရွန်းဒိုင်ယက်ဇ်၊ ဟယ်လီဘယ်ရီ၊ တွမ်ခရုဇ်တို့ကလည်း တင်ဆက်သူ presenter တွေအနေနဲ့တင်ဆက်မယ်လို့သိရပါတယ်။ ယခုဖော်ပြပေးလိုက်တာကတော့ အော်စကာဆန်ခါတင်စာရင်းဝင် အနုပညာရှင်တို့ရဲ့ ရင်ခုန်သံပြောစကားများပဲ ဖြစ်ပါတယ်။



**မယ်ရီလ်စထရိ**
**(အကောင်းဆုံး မင်းသမီးဆုစာရင်းဝင်)**

"ဒီလိုမျိုး လုပတဲ့ အနုပညာရှင်တွေနဲ့ တစ်ပွဲတည်းကျရတာ ဂုဏ်ယူပါတယ်။ ပြီးတော့ ကျွန်မကို ဒီလို အသိအမှတ်ပြုခံရအောင် ရက်ရောစွာ ကူညီခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက် သရုပ်ဆောင်တွေကိုလည်း ကျေးဇူးတင်ပါတယ်"



**ဂယ်ရီအိုးလမင်း**
**(အကောင်း ဆုံး မင်းသားဆုစာရင်းဝင်)**

"ဒီနေ့လယ်ခင်း ဘာလင်မှာ ရှိနေစဉ်မှာပဲ အကယ်ဒမီဆန်ခါ တင်စာရင်းဝင်တယ်လို့ သိခဲ့ရပါတယ်။ ခင်ဗျားတို့ အရင်ကြား ကောင်းကြားဖူးခဲ့ပေမယ့် ဒီနေ့မှာတော့ ဒီသတင်းက ကျွန်တော့်အတွက်ပိုစစ်မှန်ခဲ့တယ်။ အကယ်ဒမီအဖွဲ့ရဲ့ အသိအမှတ်ပြုခံရတာ အလွန်စိတ်လှုပ်ရှား၊ကြည်နူးစရာပါ"



**ယန်းဒူယာဒင်**
**(အကောင်းဆုံး မင်းသားဆုစာရင်းဝင်)**

ဒီလိုအသိအမှတ်ပြုခံရလို့ အကယ်ဒမီအဖွဲ့ကို သိပ်ကျေးဇူးတင်ပါတယ်။ ထူးချွန်ပြီး ထင်ရှားတဲ့သူတွေကြားရောက်ခဲ့လို့ ကျွန်တော် အံ့ဩမိပါတယ်။ ဒီဂုဏ်ပြုခံရမှုကို ကျွန်တော့် သူငယ်ချင်း ဒါရိုက်တာ မစ်ရှယ်ဟာ ဇာနာဗီစစ်ယပ်စ်နဲ့ ဝေမျှလိုပါတယ်" **စာ(၄၉)သို့**



# အနုပညာရှင်တို့၏ မိဘမဲ့ကလေးများရန်ပုံငွေဈေးရောင်းပွဲ

သတင်းအပြည့်အစုံ-စာ(၄၉)သို့

ဓာတ်ပုံ-ဝေယံ

# တောင်ကိုရီးယားပရိသတ်တွေနဲ့ တစ်သားတည်းဖြစ်ခဲ့တဲ့ မယ်လိုဒီ

**ကြူကြူဟန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁**

ဇာတ်ကားရိုက်ကူးမှုများကို ရပ်နားလိုက်ပြီး တခြားအနုပညာ အလုပ်များ ဆက်လက်လုပ်ကိုင်နေသော မယ်လိုဒီသည် ကိုရီးယားဖျော်ဖြေရေးပွဲတွင် သီချင်းအသစ် ၄ ပုဒ်သီဆိုခဲ့ကြောင်း သူမကပြောသည်။

"အားပေးတဲ့ပရိသတ်တွေ အရမ်းယဉ်ကျေးတယ်။ အရမ်းလည်းနွေးထွေးတယ်။ သူတို့ လိုက်ဆိုလို့ရတဲ့ သီချင်းဆိုလိုက်ဆိုပေးတယ်။ မျိုးဆိုအဲဒီမှာဆိုတာ သီချင်းအသစ်ပဲ ၄ ပုဒ်၊ အသစ်ဆိုတော့ ကိုယ့်အသိုင်းအဝိုင်းထဲက မကြားဖူးတဲ့သီချင်းဖြစ်သွားတာပေ့ါ နော်။ သူတို့မသိတဲ့သီချင်းအသစ် ၄ ပုဒ်ကိုလည်း ငြိမ်ပြီး နားထောင်ပေးတယ်။ များသောအားဖြင့် ပျော်ချင်လို့လာကြတာလေ။ သီချင်းအသစ်တွေဆိုတချို့တွေ သိပ်ပြီးနားမထောင်ချင်ဘူး။ အော်တာ ဟစ်တာတို့ရှိတယ်။ သူတို့က အဲလိုမျိုးမရှိဘူး"ဟု မယ်လိုဒီကပြောသည်။

ထိုဖျော်ဖြေပွဲတွင် သီချင်း ၉ ပုဒ်သီဆိုခဲ့ပြီး ကိုဇော်ဝင်းထွဋ်နှင့် စုံတွဲ "ရှေ့ဆက်ရန်စဉ်းစားပါ"သီချင်း၊ အသစ် ၄ ပုဒ်၊ အဟောင်းထဲက ၂ ပုဒ်၊ အေးချမ်းမေသီချင်းကြိုက်နှစ်သက်သည့်အတွက် အေးချမ်းမေသီချင်း "တမ်းတတဲ့အချစ်" သီဆိုခဲ့သည်။ ယခုပွဲသည် ပြည်ပပွဲသုံးကြိမ်မြောက်ဖြစ်ပြီး စင်ကာပူ၊ မလေးရှားတွင်လည်း သီဆိုခဲ့သည်။ ကိုရီးယားတွင် အမျိုးသားပရိသတ်ပိုများပြီး မလေးရှား၊ စင်ကာပူတို့ထက် မိန်းကလေး ပိုနည်းကြောင်း သူမက ဆက်လက်ပြောသည်။

"အရမ်းချမ်းတာအနုတ်၁၉ ဒီဂရီစင်တီဂရိတ်၊ အေးလွန်းလို့ အင်္ကျီ ၆ထပ်၊ ဘောင်းဘီ ၆ ထပ်၊ မျက်လုံးပဲဖော်နိုင်တယ်။ ကျန်တာဘာမှ မဖော်နိုင်ဘူး။ အရမ်းအေးတာ။ အဲဒီလိုတစ်ခါမှ မအေးဖူးဘူး။ အဲဒါတော့အမှတ်တရပဲ။ တောင်ကိုရီးယား၊ မြောက်ကိုရီးယား ဥမင်လိုဏ်ခေါင်းလေ။ အဲဒါလည်းပို့ပေးတယ်"ဟု မယ်လိုဒီကပြောသည်။

မယ်လိုဒီသည် Lazy Club တီးဝိုင်းမန်နေဂျာ ကိုအီကြာကွေး၏ စီစဉ်မှုဖြင့် ဇန်နဝါရီ ၂၀ရက်တွင် ဇော်ဝင်းထွဋ်၊ နောနော်၊ ချမ်းချမ်းတို့နှင့်အတူ ကိုရီးယားသို့ သွားရောက်ခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် သီဆိုဖျော်ဖြေကာ ဇန်နဝါရီ ၂၅ ရက်တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာသည်။

မယ်လိုဒီသည် ယခုအချိန်တွင် စိတ်ရောလူပါ နားနေသော်လည်း ယခုလုပ်နေသော အလုပ်ဖြစ်သည့် ရှိုးလျှောက်ခြင်း၊ လက်ရှိလုပ်နေသည့် အလုပ်တစ်ခုချင်းကို အကောင်းဆုံး သပ်သပ်ရပ်ရပ် လုပ်သွားချင်ပြီး ကားရိုက်ဖို့လုံးဝ အစီအစဉ်မရှိကြောင်း သူမကပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# အော်စကာဆန်ခါတင်စာရင်းမှာ မပါပေမယ့် စိတ်မပျက်တဲ့ ချားလိဇ်သီရွန်

**လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ - ၃၁**

တောင်အာဖရိကနိုင်ငံဖွား ဟောလိဝုဒ်မင်းသမီး ချားလိဇ်သီရွန်က သူမသည် အော်စကာဆန်ခါတင်စာရင်းတွင် မပါဝင်ခဲ့၍ စိတ်ပျက်ရခြင်းမျိုးမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

မူလက သတင်းများအရ ချားလိဇ်သီရွန်သည် Young Adult ဇာတ်ကားဖြင့် အကောင်းဆုံးမင်းသမီးဆု ဆန်ခါတင်စာရင်းဝင်ရန် ရေပန်းစားခဲ့သေးသော်လည်း စာရင်းမဝင်ဘဲ ပယ်ချခံခဲ့ရသည်။ သို့သော် သူမသည် အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့၍ ပရိသတ်နှင့် ဝေဖန်ရေးဆရာများ၏ အားပေးမှုရခဲ့ကြောင်းဆိုသည်။

"ဒီဇာတ်ကားအကြောင်း နောက်ကြောင်းပြန်ကြည့်ရင် အံ့ဩစရာပါ။ ဘာကြောင့်လဲဆိုတော့ ဒီဇာတ်ကားအတွက် ကျွန်မရဲ့သရုပ်ဆောင်ဘဝမှာ အကောင်းဆုံးဝေဖန်သုံးသပ်မှုတွေရခဲ့ပြီး ပရိသတ်တွေကလည်း တကယ်အားပေးခဲ့ကြလို့ပါ"ဟုပြောသည်။

ချားလိဇ်သီရွန်သည် မကြာသေးမီကလည်း ဆုပေးပွဲများ၊ ရုပ်ရှင်အထူးပွဲများတက်ရောက်ရခြင်းကိုစိတ်မသက်မသာဖြစ်မိကြောင်း ဝန်ခံထားသူဖြစ်သည်။

သူမက "ပွဲတွေတက်မယ့်အစား ဂျင်းဝတ်စုံတစ်စုံဝတ်ပြီး ကိုယ့်ရဲ့ဟာလေဒေဗစ်ဆင်ဆိုင်ကယ်ကိုပဲ မောင်းထွက်သွားချင်ပါတယ်" ဟု ဝန်ခံပြောကြားခဲ့သည်။

—Ref: Showbizspy





## အမေရိကန်ရုပ်သံမှာ တင်ဆက်ခဲ့တဲ့ Girls' Generation အဖွဲ့

**နယူးယောက်၊ ဖေဖော်ဝါရီ - ၁**

ကိုရီးယားအမျိုးသမီး ပေါ့ပ်ဂီတအဖွဲ့ Girls' Generation အဖွဲ့သည် အမေရိကန်ရုပ်သံဖြစ်သော CBS ၏ ရုပ်သံရှိုးတစ်ခုဖြစ်သည့် Late Night Show with David Letterman တွင်ပါဝင်ကာ ၎င်းတို့အဖွဲ့၏ အင်္ဂလိပ်ဘာသာ အယ်လ်ဘမ် The Boysမှ သီချင်းများကို ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကိုရီးယားပေါ့ပ်ဂီတ အဖွဲ့သည် ၎င်းတို့၏ တတိယမြောက် ကိုရီးယားဘာသာအယ်လ်ဘမ်အဖြစ် The Boys ကိုပြီးခဲ့သည့်နှစ်ကဖြန့်ချိခဲ့ပြီး မီနီအယ်လ်ဘမ် Hoot ကိုဖြန့်ချိပြီးနောက် မကြာမီ ကိုရီးယားသို့ပြန်ရောက်မည်ဖြစ်သည်။

Girls' Generation အဖွဲ့၏ အမေရိကန်ဖျော်ဖြေမှုကို ဖေဖော်ဝါရီ ၂ရက်တွင် CBS ရုပ်သံလိုင်း၌ ဒေးဗစ်လက်တာမင်း၊ ဘီလ်မာရေးတို့က အမေရိကန်ပရိသတ်နှင့် မိတ်ဆက်တင်ဆက်မည်ဖြစ်သည်။

—Ref: Koreaboo










## ဖေဖော်ဝါရီ ဂီတဖျော်ဖြေပွဲများ

| စဉ် | နေ့စွဲ | ပွဲအမည် | အဆိုတော် | အချိန် | နေရာ | ဝင်ကြေး |
|---|---|---|---|---|---|---|
| ၁။ | ၁၀. ၂. ၁၂ | Friday's Rock | R ဇာနည်၊ လင်းလင်း၊ ဟန်ထွန်း၊ အောင်လ သအို၊ ဂျီလတ်။ | ၇ နာရီ | မျှော်စင်ကျွန်း | ၅,၀၀၀ |
| ၂။ | ၁၂. ၂. ၁၂ | Sunsilk Concert | စိုင်းစိုင်းခမ်းလှိုင်၊ အောင်လ၊ ဉာဏ်လင်းအောင် ဘန်နီဖြိုး၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အေသင်ချိုဆွေ။ | ၃ နာရီ | မန္တလေး၊ ရှမ်းကျောင်း | Sunsilk စတစ်ကာ ၃ ခု။ |
| ၃။ | ၁၃. ၂. ၁၂ | မေဆွိ ရွှေရတုမွေးနေ့ ဂီတဖျော်ဖြေပွဲ | မေဆွိ၊ ဇော်ဝင်းထွဋ်၊ ရဲအောင်၊ စည်သူလွင် ဟဲလေး၊ ဟိန်းဝေယံ၊ L ဆိုင်းဇီ၊ ရေဗက္ကာဝင်း စိုးပြည့်သဇင်၊ အိမ့်ချစ်၊ အေသင်ချိုဆွေ။ | ၇ နာရီ | မြန်မာကွန်ဗင်းရှင်း စင်တာ | ၁၀,၀၀၀/ ၂၀,၀၀၀ |
| ၄။ | ၁၄. ၂. ၁၂ | Happy Valentines Day | စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ Snare၊ ဂျောက်ဂျက် ကျော်ထွဋ်ဆွေ၊ ဘန်နီဖြိုး၊ Wanted, Reason, လွှမ်းပိုင်၊ ဝိုင်းစုခိုင်သိန်း၊ Bobby Soxer၊ ဆိုတေး၊ မိစန္ဒီ။ | ၅ နာရီ | မျှော်စင်ကျွန်း | ၅,၀၀၀ |
| ၅။ | ၁၇. ၂. ၁၂ | 'နှလုံးသားတွေလှျမယ့်ည' ဆောင်းဦးလှိုင် One Men Show | ဆောင်းဦးလှိုင်၊ ညှော်သည်အဆိုတော်များ | ၇ နာရီ | အမျိုးသား ကဇာတ်ရုံ | ၅,၀၀၀/ ၁၀,၀၀၀/ ၁၅,၀၀၀ |

စာ-၄၇မှ

## အနုပညာရှင်တို့၏ မိဘမဲ့ကလေးများရန်ပုံငွေဈေးရောင်းပွဲ

**ကြူကြူဟန်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၅**

ဇော်ဝင်းထွဋ်၏ သမီးဖြစ်သူ ချန်ချန်ဦးစီး၍ ပဉ္စမအကြိမ်မြောက် အနုပညာရှင်များကိုယ်တိုင်ရောင်းချသည့် မိဘမဲ့ကလေးများ ရန်ပုံငွေဈေးရောင်းပွဲကို ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းတွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့ရာ အနုပညာရှင်များနှင့် ၎င်းတို့၏ ပရိသတ်များ ရင်းနှီးပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

စိုင်းစိုင်းခမ်းလှိုင်က ဇာဘော်လီ၊ အောင်လနှင့် Big Bag အဖွဲ့၏ အအေး၊ရန်ရန်ချမ်းကကြံရည်၊ ဘန်နီဖြိုးကလည်း အမျိုးသမီးဝတ် ညအိပ်အင်္ကျီ၊ ဖွေးဖွေးက အစိမ်းစား ဆူရှီ၊ ငယ်ငယ်က အာလူးပူတီ၊ အဲလက်စ်က ဆာတေး၊ ရဲလေးက ရေခဲမုန့်နှင့်ဒိန်ချဉ်၊ သူထူးစံက အကြော်စုံ၊ သီရိဆွေက ငါးထမင်း၊ ရှင်းရှင်းက ကိုရီးယားထမင်းလိပ်၊ သျှီက သီချင်းခွေ၊ ဇော်ဝင်းထွဋ်က ဘီယာ စသည်တို့ကို အသီးသီးရောင်းချကာ ရန်ပုံငွေကူညီရှာပေးကြသည်။

စိုင်းစိုင်းခမ်းလှိုက် ဇာဘော်ဘီကိုတစ်ထည် ၂၀၀၀၊ ၂၅၀၀၊ ၄ ထည် ၁၀၀၀၀ ကျပ်ရမည်ဟု အော်ကာ ရောင်းသလို၊ ဘန်နီဖြိုးကလည်း အပြိုင်အဆိုင် ညဝတ်အင်္ကျီ၏ ကောင်းကြောင်းများကို ပြောပြရင်း ရောင်းချနေမှုကို ဈေးဝယ်ပရိသတ်များက ကြည့်ရှုရင်း ရယ်မောကာ ဝယ်ယူကြသည်။

ဈေးရောင်းပွဲ အစောပိုင်းတွင် ပရိသတ်များက ဈေးဝယ်ခြင်းထက် အနုပညာရှင်များနှင့် ဓာတ်ပုံတွဲရိုက်ရန် အော်တိုလက်မှတ်ရရန် အာရုံများနေသည်။ သို့သော် ညနေရောက်လာသည်နှင့် ဝယ်သူပိုများလာသည်ကို တွေ့ရသည်။ ရန်ပုံငွေ ဈေးရောင်းပွဲနှင့်ပတ်သက်၍ သျှီက "ချန်ချန်ကလေ လူငယ်တစ်ယောက်လည်း ဖြစ်တယ်။ သူက ပရဟိတကိုလည်းစိတ်ဝင်စားတယ်။ သူလုပ်တဲ့ပွဲမို့ အားပေးတာပေါ့နော်။ ပရဟိတဆိုတာကို လူတွေအကုန်လုံးက မေ့မေ့နေတယ်။ ကိုယ့်ရဲ့လုပ်ငန်းဆောင်တာတွေနဲ့ လည်ပတ်နေတော့ ကိုယ့်အတွက် လုပ်နေကြတော့ တကယ့်တကယ်ကျတော့မေ့နေကြတယ်။ သူတို့လည်း လှူချင်တာပဲ။ စိတ်ထဲမှာတော့ရှိတယ်။ ဒါပေမဲ့ ဒီလိုလုပ်ပေးလိုက်တော့ သူတို့လှူခွင့်ရတာပေါ့နော်။ အဲဒါကြောင့် ပါဝင်ဖြစ်တာပါ။ အရမ်းပျော်တာပေါ့။ ဒါမျိုးလုပ်တဲ့သူရှိမှ ဝင်ပါခွင့်ရတာကို။ အစ်မအခွေကို အရင်းရော၊ အမြတ်ပါ အကုန်လှူမှာလေ။ ၁၀၀၀ နဲ့ ရောင်းတာဆိုတော့ အပြင်မှာဆို ၁၇၀၀ နဲ့ ရောင်းတာ ဒီမှာ လျှော့ရောင်းတယ်။ အကုန်လုံးကိုလှူမှာ" ဟု သူမက ပြောသည်။

ယခုပြုလုပ်ပြီးဖြစ်သော မိဘမဲ့ကလေးများ ရန်ပုံငွေဈေးရောင်းပွဲမှ ရရှိလာသော ငွေကြေးအားလုံးကို မလိခအမျိုးသမီးသင်တန်းကျောင်း၊ နတ်မောက်အမျိုးသမီး အတတ်ပညာသင်ကျောင်း၊ ဝိသာခါသီလရှင်ကျောင်းသို့ လှူဒါန်းမည်ဖြစ်သည်။ ဈေးရောင်းပွဲတွင် ဆိုင်ခန်းပေါင်း ၉၀ ကျော် အနုပညာရှင်ပေါင်း ၁၀၀ ဝန်းကျင်ပါဝင်ဆင်နွှဲခဲ့သည်။

## စာ-၄၇၊ အော်စကာဆု အတွက် ရင်ခုန်သံများမှ

**ဘရတ်ပစ်**

**(အကောင်းဆုံးမင်း သားဆုစာရင်းဝင်)**

"ကျွန်တော်တို့ကို နောက်ဆုံးအောင်မြင်မှု သို့မဟုတ် နောက်ဆုံး ကျရှုံးမှုနဲ့ သတ်မှတ်ခံလိုက်ရပါပြီ။ ဒီနည်းနဲ့ပဲ ကျွန်တော်တို့ ကိုယ့်ကိုယ်ကို မြင်ရတော့မယ်။ ဆုတွေပေးခဲ့ရင် ဆုရပြီး အနိုင်ရသူတစ်ယောက်နဲ့ ကျရှုံးသူလေး ယောက်ရှိလာပါလိမ့်မယ်။ ဒါပေမဲ့ ကျရှုံးသူလေးဦးစလုံးကလည်း ကြီးကျယ်ခမ်းနားတဲ့ ရုပ်ရှင်ကားတွေကို ဖန်တီးခဲ့တာပါပဲ"

**ဂျော့ချ်ကလူနေး**

**(အကောင်းဆုံး မင်းသားစာရင်းဝင်)**

The Descendant ဇာတ်ညွှန်းကို စဖတ်ပြီးကတည်းက ကျွန်တော်နားလည်ခဲ့တာကတော့ ဒီကားမှာ ပါတဲ့ဇာတ်ရုပ်ဟာ နဂိုက ကျွန်တော်သရုပ်ဆောင်ဖူးတာတွေနဲ့ သိပ်ကွာခြားတယ်ဆိုတာပါပဲ။

**ဂလင်းကလို့စ်**

**(အကောင်းဆုံး မင်းသမီးဆုစာရင်းဝင်)**

ဒီနှစ်က အမျိုးသမီးတွေအတွက် ထူးခြားတဲ့ နှစ်ပါ။ သက်တမ်းအရွယ်မျိုးစုံ(ဆန်ကာတင်စာရင်းဝင်)အမျိုးသမီးတွေနဲ့အတူ ပါဝင်ရတာ တုန်လှုပ်စရာပါ။ တကယ်ခမ်းနားလှပါတယ်။ ကျွန်မတို့ရဲ့ ရုပ်ရှင်ကားလေးက ဆန်ကာတင်စာရင်းမှာ သုံးဆုဝင် ခဲ့တာ အံ့ဩစရာပေါ့။

**အလက်ဇန်းဒါးပိန်း**

**(အကောင်း ဆုံးဒါရိုက်တာစာရင်းဝင်)**

ကျွန်တော့်လက်ရာကို စိတ်ဝင်စားတဲ့အတွက် အမြဲကျေးဇူးတင်လျက်ပါ။ ပရိသတ်တွေအား ပေးမှုရခဲ့တာရော၊ သူတို့နဲ့ ဆက်သွယ်ခွင့်ရခဲ့တာရော ကျေးဇူးတင်ပါတယ်။

**မစ်ရှယ်ဟာဇာနာ ဗစ်စစ်ယပ်စ်**

**(အကောင်းဆုံး ဒါရိုက်တာ စာရင်းဝင်)**

"ပျော်စရာဇာတ်သိမ်းခန်းဆိုတာ ယဉ်ကျေးမှုကိစ္စတစ်ခုပါ။ ဒီ ကားကို ကြည့်ကြဖို့ လူတွေကို ကျွန်တော်ပြောခဲ့တယ်။ ဒါကြောင့် ပျော်စရာဇာတ်သိမ်းခန်းထက်ပို ကောင်းတဲ့အရာ ကျွန်တော် မလုပ် နိုင်ခဲ့ပါဘူး။ အဲဒါကပဲ ပရိသတ်ကို ကျေးဇူးတင်ကြောင်းပြော နည်းတစ်နည်းပါ။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ကြည့်ရမလွယ်လှတဲ့ဇာတ်ကားတစ်ကားကို ကြည့်ပေးခဲ့ကြပါတယ်။

**ဘာရင်းနစ်ဘီဂျို**

**(အကောင်းဆုံးဇာတ်ပို့မင်းသမီးစာရင်းဝင်)**

အပျော်တွေ အများကြီးနဲ့ ပီတိဖြစ်ရပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်ကဆို အကကို ဘယ်လို ကပြီး၊ ဟောလိဝုဒ်စတူဒီယိုတွေထဲမှာ ဘယ်လို ရိုက်ကူးရမယ်ဆိုတာ သင်ယူခဲ့ရပြီး၊ အခုတော့ အော်စကာဆန်ကာတင်စာရင်းဝင်ခဲ့ပြီ။ ဒီလိုပျော်ရွှင်မှုကို ကျွန်မတို့ရဲ့ ဒါရိုက်တာဟာဇာနာဗစ် ဆစ်ယပ်စ် နဲ့ ဝေမျှချင်ပါတယ်။

Ref: Guardian, Globe and Mail, AP,AFP

## အနုပညာသတင်းတိုများ

**ကြူကြူဟန်**

■ အဆိုတော် ခရစ်စ်တယ်၏ "ငါ့ရဲ့အလင်းလေး"ဒီဗီဒီကို ရတနာမြိုင်တေးထုတ်လုပ်ရေးက ဇန်နဝါရီလ ၂၉ ရက်တွင် ဖြန့်ချိမည်ဖြစ် သည်။ ရွှေဂျော်ဂျော်၊ ဖိုးကာ၊ ငယ်ဆူးသစ်၊ Rခိုင်၊ လင်းလင်း၊ ဝင်းကျော် (GTX) ပန်သောင်းတို့က တေးသီချင်းများရေးသားထားကာ သီချင်း ၁၂ပုဒ် ပါဝင်ပြီးလေးဇီးကလပ်တီးဝိုင်းမှ တီးခတ်ထားသည်။

■ဝင်းလှဲ့ချယ်ရီ၏ မြန်မာသံကိုယ်ပိုင်သံစဉ်တေးစီးရီး "ဓာတုကလျာ"တိပ်၊စီဒီ၊ဗီစီဒီကိုဖေဖော်ဝါရီလ ၇ ရက်တွင် ထင်းရှူးရိပ်တေးသံသွင်းမှ ဖြန့်ချိမည်ဖြစ်သည်။ သျှန်ထွန်း(မြန်မာစာ)၊စိုးအောင်(ကောင်းကင်ပြာ)တို့က တေးသီချင်းများ ရေးသားထားပြီး ရာဇာဝင်းတင့်၊ ဗညားဟန်တို့က စုံတွဲသီဆိုပေးထားသည်။

■ အဆိုတော်ကြယ်စင်၏ "မင်းသိပါစေ" တေးစီးရီးကို မိုးပုလဲတေးထုတ်လုပ်ရေးမှ ဖေဖော်ဝါရီလ ၉ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။ ကိုအောင်မြိုင်သင်း၊ မိုးထက်၊ ရွှေထူး၊ ကိုဝင်းကျော် (GTX) ကြယ်စင်တို့က တေးသီချင်းများ ရေးထားပြီး ရိန်မိုး၊ နီတာ၊ ရွှေထူး၊ ရတီ၊ လင်းလက်ဖြူစင် တို့က Featuring သီဆိုပေးထားသည်။

■အဆိုတော် မိုးထက်ပိုင်၏ "ဖန်ဆင်းလိုက်" ဗီစီဒီ၊ ဒီဗီဒီကို The Sun Music ထုတ်လုပ်ရေးက ဖေဖော်ဝါရီလ ၅ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။ ကျော်သက်ပိုင်၊ စည်သူ၊ မိုးထက်ပိုင်တို့ တေးသီချင်းများရေးသားပြီး ချမ်းချမ်းက စုံတွဲသီဆိုထားသည်။ Spider တီးဝိုင်းမှ တီးခတ်ထားသည်။

## 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Grey | Open Road Films | ၁၉,၆၆၅,၁၀၀ | ၁ |
| ၂။ | Underword: Awakening | Screen Gems & Sony Pic. | ၄၄,၉၇၈,၄၀၀ | ၂ |
| ၃။ | One for the Money | Lionsgate | ၁၁,၅၁၅,၈၀၀ | ၁ |
| ၄။ | Red Tails | 20th Century Fox | ၃၃,၇၅၀,၁၀၀ | ၂ |
| ၅။ | Man on a Ledge | Summit Entertainment, LLC | ၉,၀၀၁,၉၃၀ | ၁ |
| ၆။ | Extremely Loud and Incredibly Close | Paramount Pic. & Warner Bros. Pic. | ၂၀,၉၄၁,၇၀၀ | ၅ |
| ၇။ | Contraband | Universal Pic. | ၅၆,၇၀၃,၉၀၀ | ၃ |
| ၈။ | The Descendants | Fox Searchlight Pic. | ၅၈,၇၀၃,၃၀၀ | ၅ |
| ၉။ | Beauty and the Beast | Walt Disney | ၄၁,၁၁၀,၁၀၀ | ၃ |
| ၁၀။ | Haywire | Relativity | ၁၅,၂၈၂,၀၀၀ | ၂ |

## Movie Review

### Star Wars: Episode 1-The Phanton Mance




Luke မမွေးဖွားမီတွင် Obi-Wan နှင့် Anakin တို့မှာ မိတ်ဆွေများဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် Vader ဖြစ်လာခဲ့သည်။ ဂြိုဟ်ကမ္ဘာကြီးအတွင်း အုပ်စိုးမှုမှာ အားနည်းလာပြီး ငြိမ်းချမ်းမှုလိုလားသော Naboo ဂြိုဟ်မှ အခြားဂြိုဟ်ကြီးတစ်ခု၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရသည်။ Naboo ဂြိုဟ်၏ ဘုရင်မကြီးနှင့်ပြည်သူများကို ကူသူကယ်သူမဲ့နေချိန်တွင် သူရဲကောင်းနှစ်ဦးက လူငယ်ကျွန်လေးတစ်ယောက်ကို တွေ့ရှိပြီး သူရဲကောင်း Jedi Knight အဖြစ် လေ့ကျင့်ပေးခဲ့ရာ စကြဝဠာတစ်ခုလုံးအတွက် မျှော်လင့်ချက်ရှိလာမည်လားဆိုတာ. . .။

နာမည်ကျော်ဒါရိုက်တာ George Lucas ရိုက်ကူးပြီး Liam Neeson၊ Ewan Mc Gregor၊ Natalie Portmanတို့ ဦးဆောင်ပါဝင်ထားသည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကားအား 3D စနစ်ဖြင့် ကြည့်ရှုရမည် ဖြစ်ပြီး 20th Century Fox က ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.47 · FEBRUARY 9 , 2012

# ဇေကမ္ဘာ မြန်မာအိုးပင်း ဩစတြေးလျနိုင်ငံသား ဗိုလ်စွဲ

ဖိုလ်ဖိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၅**

ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဩစတြေးလျနိုင်ငံသား ကီရန်ပရတ်က ၎င်းအနေဖြင့် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပထမဆုံးအကြိမ် ဗိုလ်စွဲခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"အသက် ၁၂ နှစ်အရွယ်က စပြီး ဂေါက်သီးကစားခဲ့တာပါ။ ၂၀၁၀ မှာ ပရော်ဖက်ရှင်နယ်ပြိုင်ပွဲကို ဩစတြေးလျမာစတာ ပြိုင်ပွဲက စတင်ကစားခဲ့ပါတယ်။ ပရိုပြိုင်ပွဲအနေနဲ့ ဒီပြိုင်ပွဲက ပထမဆုံးဗိုလ်စွဲခြင်းဖြစ်ပါတယ်" ဟု အသက် ၂၃ နှစ်အရွယ်ရှိ ကီရန်ပရတ်က ပြောကြားခဲ့သည်။

ယခုလ ၂ ရက်မှ ၅ ရက်အထိ ရွှေ်ရယ်မင်္ဂလာဒုံဂေါက်ကလပ်၌ ကျင်းပခဲ့သည့် ၎င်းပြိုင်ပွဲနောက်ဆုံးနေ့ ပွဲစဉ်များအပြီးတွင် ကီရန်ပရတ်အနေဖြင့် ပြိုင်ဘက်ကစားသမားနှစ်ဦးနှင့်လျော့ရိုက်ချက် (-၁၅)ချက်စီတူနေ၍ ကျင်းပိုများ ယှဉ်ပြိုင်ခဲ့ရပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။


ဓာတ်ပုံ - ဖိုလ်ဖိုလ်ဝင်း

ဗိုလ်စွဲခဲ့သော ဩစတြေးလျနိုင်ငံသား ကီရန်ပရက်ယှဉ်ပြိုင်စဉ်

ဇေကမ္ဘာ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စုစုပေါင်း ဆုကြေးငွေကန်ဒေါ်လာ သုံးသိန်းချီးမြှင့်ခဲ့ပြီး ပထမဆုရ ကီရန်ပရတ်က ကန်ဒေါ်လာ ၄၇,၅၅၀၊ ပူးတွဲဒုတိယဆုရ အဒမ်ဘလစ်(ဩစတြေးလျ)နှင့် အဖီဘန်ဂက်(တိုင်း)တို့က ကန်ဒေါ်လာ ၂၅,၄၂၅ စီ ရရှိခဲ့သည်။

ဆုကြေးရရှိခဲ့သည့် ကစားသမား ၇၀ ဦးစာရင်းတွင် မြန်မာမှ နှစ်ဦးသာပါဝင်ခဲ့ပြီး သိန်းဇော်မြင့်က အဆင့် ၄၅ နှင့် ဇော်မိုးက အဆင့် ၅၆ တို့၌ အသီးသီးရပ်တည်ခဲ့သည်။ မြန်မာအိုးပင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ဂျပန်နိုင်ငံသား တက်ဆုဂျီမှာ အဆင့် ၂၀ တွင် ရပ်တည်ခဲ့သည်။

ယင်းပြိုင်ပွဲသို့မြန်မာနိုင်ငံမှ ဂေါက်သီးရိုက်သမား ၂၀ ဦးနှင့် နိုင်ငံတကာမှ ဂေါက်သီးရိုက်ကစားသမား၁၂၄ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်မည့်အသင်းငယ်များကိုသာ ခေါ်ယူခြေစမ်းနေပါက မြန်မာ့ဘောလုံး မတိုးတက်နိုင်

ဖိုလ်ဖိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၃**

အနိုင်ရလဒ်ကို ရည်မှန်း၍ အသင်းငယ်များနှင့်သာ ယှဉ်ပြိုင်ကစားနေပါက မြန်မာဘောလုံးလောကလုံးဝတိုးတက်မည်မဟုတ်ကြောင်း လက်ရှိမြန်မာလူငယ်အသင်းနည်းပြချုပ် ကိုရီးယားလူမျိုး ပတ်ဆောင်ဟွာက ပြောသည်။

"ပရိသတ်တွေ အားလုံးပဲ အနိုင်ကိုလိုချင်တာပဲမဟုတ်လား။ အနိုင်ပဲလိုဖို့ဆိုရင် အသင်းငယ်တွေနဲ့ပဲ ကန်။ ဒါဆိုရင်မြန်မာဘောလုံးလောက လုံးဝတိုးတက်မှာ မဟုတ်ပါဘူး"ဟု မစ္စတာပတ်ဆောင်ဟွာက ဖေဖော်ဝါရီ ၃ ရက် အူဆန်တက္ကသိုလ်အသင်းနှင့်ခြေစမ်းပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခုနှစ်စပိုင်းမှစတင်၍ ၂ နှစ်သက်တမ်းစာချုပ်ဖြင့် လက်ရှိဘရူနိုင်းဘုရင့်ဖလားဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းကို တာဝန်ယူနေသည့် နည်းပြချုပ် ကိုရီးယားနည်းပြဆရာက မြန်မာလူငယ်ကစားသမားများအနေဖြင့်ပင်ကိုပါရမီပြည့်ဝကြောင်း၊ နည်းစနစ်ကောင်းကောင်းဖြင့် လေ့ကျင့်ပေးပါက တိုးတက်လာနိုင်ကြောင်း၊ သို့သော် ချက်ချင်းတစ်ဟုန်ထိုး တိုးတက်လာမည်ဟု မမျှော်လင့်ကြရန် ပြောလိုကြောင်း၊ စိတ်ရှည်ပေးရန် လိုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ရလဒ်ထက် တဖြည်းဖြည်းနဲ့တိုးတက်လာဖို့အဓိကပါ။ လက်ရှိအသင်းကိုပိုပြီး နောက်တစ်ဆင့်မြှင့်ပေးမှာပါ။ ဂျပန်၊ ကိုရီးယားအသင်းတွေကို အမီလိုက်နိုင်ဖို့အတွက် ရေရှည်စီမံကိန်းတွေလည်း ချထားပါတယ်။ လက်ရှိမြန်မာကစားသမားတွေထဲမှာ နောက်တန်းကစားသမားကောင်းတွေ ရှားပါးမှုအခက်အခဲတော့ ရှိပါတယ်" ဟု မစ္စတာပတ်ဆောင်ဟွာက ဆိုသည်။

မြန်မာလူငယ်အသင်းနှင့် ကိုရီးယားအူဆန်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲနှစ်ပွဲတွင် မြန်မာလူငယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

# ပင်ကိုအရည်အသွေးမြင့်သော မြန်မာဘောလုံးသမားများ ဘွန်ဒစ်လီဂါတွင် အခွင့်အလမ်းရှိဟုဆို

ဖိုလ်ဖိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

ဂျာမနီ ဘွန်ဒစ်လီဂါကလပ်အသင်းများအနေဖြင့် အာရှဘောလုံးသမားများကိုစိတ်ဝင်စားမှုပိုများလာသည့်အတွက် ပင်ကိုယ်အရည်အသွေး (Talent)ရှိသည့် မြန်မာလူငယ်ကစားသမားများအတွက်လည်း အခွင့်အလမ်းကောင်းရှိကြောင်း DFL Sports Enterprises ၏ ဒုဥက္ကဋ္ဌမစ္စတာ ကိုင်းဒမော့စ်က ပြောကြားသည်။

"ဘွန်ဒစ်လီဂါကလပ်တွေမှာ Talent ကောင်းတဲ့ လူငယ်ကစားသမားတွေကိုလိုက်ရှာနေတဲ့ကင်းထောက်တွေရှိပါတယ်။ နဂိုကဆိုရင် အထူးသဖြင့် ဘရာဇီးလူငယ်တွေကို အဓိကလိုက်ရှာကြတယ်။ အခုနောက်ပိုင်းတော့ အာရှက ဘောလုံးသမားတွေကိုပိုပြီးစိတ်ဝင်စားလာပြီး တရုတ်၊ဂျပန်က ကစားသမားတွေ ဘွန်ဒစ်လီဂါမှာလာကစားနေကြပါပြီ။ Talent ကောင်းတဲ့မြန်မာလူငယ်လေးတွေအတွက်လည်း အခွင့်ကောင်းရှိပါတယ်" ဟု ယခုလ ၂ရက်က ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်ခဲ့သည့် Sky Net ရုပ်သံလိုင်းနှင့် ဘွန်ဒစ်လီဂါပြိုင်ပွဲကို တရားဝင်ထုတ်လွှင့်ပြသခွင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခြင်းအခမ်းအနားတွင် မစ္စတာကိုင်းဒမော့စ်က ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနား၌ လက်ရွေးစင်တိုက်စစ်မှူးနှင့် ဇေယျာရွှေမြေအသင်းကစားသမား ကျော်ကိုကိုက ဘောလုံးကျွမ်းကျင်မှုကို ပြသခဲ့သည်။ ကျော်ကိုကိုကဲ့သို့ Talent ကောင်းသည့် လူငယ်ဘောလုံးသမားကို ဘွန်ဒစ်လီဂါမှ ဘောလုံးကင်းထောက်များအနေဖြင့် စိတ်ဝင်စားမှုရှိမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ကျော်ကိုကိုအား အေးဂျင့်မှတစ်ဆင့် ဂျာမနီကလပ်တစ်ခုတွင်ခြေစွမ်းစမ်းသပ်ရန် ကမ်းလှမ်းချိတ်ဆက်ထားမှုရှိနေပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှလည်း ခွင့်ပြုသည့်အတွက် အေးဂျင့်အား အကြောင်းပြန်ထားပြီးဖြစ်ကြောင်း ဇေယျာရွှေမြေအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည့် အဆိုပါ အခမ်းအနားတွင် ဘွန်ဒစ်လီဂါပွဲစဉ်များ ထုတ်လွှင့်ပြသသည့် DFL Sports Enterprises နှင့် Skynet ရုပ်သံလိုင်းတို့သည် ဘွန်ဒစ်လီဂါပြိုင်ပွဲ ပြသခွင့်အတွက် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီအထိ ပြသခွင့် သုံးနှစ်ထပ်မံသက်တမ်းတိုးခဲ့သည်။



7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# ထိုင်းဖိတ်ခေါ် စနူကာပြိုင်ပွဲသို့ ဝင်းခိုင်မင်းအေး ဖိတ်ကြားခံရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂**

ပထမဆု ထိုင်းဘတ်ငွေ တစ်သိန်း ချီးမြှင့်မည့် ထိုင်းဖိတ်ခေါ်စနူကာ ပြိုင်ပွဲ(Sang Som Suphan Buni Cup)ပြိုင်ပွဲသို့ မြန်မာလက်ရွေးစင် စနူကာကစားသမား ဝင်းခိုင်မင်းအေးအား ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။


ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

ထိုင်းဘိလိယက် စနူကာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အဆိုပါပြိုင်ပွဲသည် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲတစ်ခုဖြစ်ပြီး ပြည်တွင်းစနူကာကစားသမားများအပြင် အာရှထိပ်တန်းကစားသမားများကိုပါဖိတ်ခေါ်၍ ပြိုင်ပွဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၂ခုနှစ်ပြိုင်ပွဲအား ထိုင်းနိုင်ငံ၊ Suphan Buni Province မြို့၌ ယခုလ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမဆု ထိုင်းဘတ်ငွေတစ်သိန်း၊ ဒုတိယဆု ဘတ်ငါးသောင်း၊ အကြိုဗိုလ်လုပွဲရောက် ကစားသမားများအား ဘတ်ငွေသုံးသောင်းစီ ချီးမြှင့်မည်ဖြစ်ကာ နောက်ဆုံးအဆင့် ၄၈ ဦးအထိလည်း ဆုငွေများရရှိမည်ဖြစ်သည်။

"မြန်မာ့လက်ရွေးစင်ဝင်းခိုင်မင်းအေး ကပြီးခဲ့တဲ့ ဆီးဂိမ်းတစ်ဦးချင်း စနူကာပြိုင်ပွဲနဲ့ နှစ်ယောက်တွဲပြိုင်ပွဲမှာ တတိယရရှိခဲ့ပါတယ်။ အဲဒီတုန်းက လက်ရည်ကိုကြည့်ပြီး ဒီဖိတ်ခေါ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခြင်းခံရတာပါ။ သူ့အနေနဲ့ အခုပြုလုပ်နေတဲ့ လက်ရည်စစ်ပွဲ အဆင့်တွေကို ယှဉ်ပြိုင်စရာမလိုဘဲ နောက်ဆုံး ၃၂ဦးအဆင့်ကနေ စတင်ယှဉ်ပြိုင်ဖို့ ဖိတ်ကြားခံရတာပါ။ သွားရောက်ယှဉ်ပြိုင်မှာလည်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် ခေါ်ယူသော အားကစားသမားများ၏ နေထိုင်စားသောက်စရိတ်နှင့် အထွေထွေအသုံးစရိတ် အပါအဝင် အသွားအပြန် လေယာဉ်လက်မှတ်ခ ကုန်ကျစရိတ်ကိုပါ ပြိုင်ပွဲကျင်းပရေးကော်မတီက ကျခံပေးကြောင်း သတင်းရရှိသည်။

မြန်မာ့လက်ရွေးစင် ဝင်းခိုင်မင်းအေးအနေဖြင့် ဆုကြေးငွေ ဘတ်၁၅၀၀၀ အား ၎င်း၏ လက်ရည်အဆင့်အတန်းအရ ပြိုင်ပွဲမယှဉ်ပြိုင်မီကတည်းကပင် ချီးမြှင့်ခြင်းခံရကြောင်းလည်း သတင်းရရှိသည်။

# ကိုရီးယားကြံ့ခိုင်ရေးနည်းပြ ရောက်လာ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂**


ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း


မြန်မာ့လက်ရွေး စင်ဘောလုံးအသင်းများအား လေ့ကျင့်ပေးရန်အတွက် ကိုရီးယားကြံ့ခိုင်ရေးနည်းပြဆရာတစ်ဦး ရောက်ရှိနေပြီး မကြာမီ စာချုပ်ချုပ်ဆိုသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

၎င်းနည်းပြဆရာသည် ယခု အခါ ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်ပြီး ကြံ့ခိုင်ရေးနည်းပြဆရာအဖြစ် ၂ နှစ် စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း ဟဟီဂျန်အမည်ရ အဆိုပါ ကိုရီးယားနည်းပြဆရာက ပြောသည်။

ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကြံ့ခိုင်ရေးနည်းပြဆရာအား မကြာမီ အပြီးသတ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး လက်ရှိတွင် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင် မြန်မာလူငယ်အသင်းအား လေ့ကျင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းများအတွက် ကြံ့ခိုင်ရေးနည်းပြဆရာများ ယခင်ကလည်း ခန့်ထားခဲ့ဖူးပြီး ဆားဗီးယားနည်းပြချုပ် မီလန်ဇီဗာဒီနိုဗစ်လက်ထက်တွင် ၎င်း၏သားဖြစ်သူအား ကြံ့ခိုင်ရေးနည်းပြအဖြစ် နောက်ဆုံးခန့်အပ်ခဲ့သည်။

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်မြန်မာလူငယ်အသင်းအတွက် လက်ထောက်နည်းပြဆရာများအဖြစ် ဦးတင်မြင့်အောင်နှင့် ဦးမျိုးချစ်တို့အား ခန့်အပ်ထားပြီးဖြစ်သည်။



7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# မန်ယူ-လီဗာပူး ထိပ်တိုက်တွေ့မယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၂၅)ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ပရီးမီးယားလိဂ်ပွဲစဉ်(၂၃)အပြီး ထိပ်ဆုံးက မန်ယူနဲ့ မန်စီးတီး နှစ်သင်းတို့ ဇယားမှာ ရမှတ်တူဂိုးကွာခြားချက်သာ ကွာပြီး ဦးဆောင်ခဲ့ပြီမို့ပွဲစဉ်(၂၄)အပြီးပွဲစဉ်(၂၅)ဟာလည်း ရင်ခုန်စရာအကောင်းဆုံးဖြစ်လာမှာပါ။ ဒီတစ်ပတ်ရဲ့ ပွဲစဉ်(၂၅)မှာတော့ မန်ယူတို့ အိမ်ကွင်းမှာ မဟာပြိုင်ဘက် လီဗာပူးကို ညှော်ခံရမှာဖြစ်သလို မန်စီးတီးကလည်း ဗီလာကို အဝေးကွင်းမှာ ရင်ဆိုင်ရမှာပါ။ ဒ့ါအပြင် တတိယနေရာမှာရှိနေတဲ့ စပါးတို့ကလည်း အိမ်ကွင်းမှာ မာကျောတဲ့ နယူးကာဆယ်ကိုတွေ့ရမှာမို့ပွဲစဉ်အားလုံး ပွဲကျပ်တွေဖြစ်လာဖွယ်ရှိနေပါတယ်။

<u>**ဖေဖော်ဝါရီ ၁၁၊ စနေ။**</u>

**ည ၇း၁၅ နာရီ**

**မန်ယူ-လီဗာပူး**

**ပထမအကျော့ရလဒ် ၁-၁**

ပထမအကျော့တုန်းကသရေကျခဲ့သလို ဇန်နဝါရီ အက်ဖ်အေပွဲစဉ်မှာလည်း လီဗာပူးကို ရှုံးခဲ့ရတာမို့မန်ယူတို့ အထူးသတိထားရမယ့်ပွဲစဉ်ပါပဲ။ လီဗာပူးဟာ ဒီနောက်ပိုင်း ခြေမငြိမ်သေးဘဲ အဝေးကွင်းရှုံးပွဲလည်း ငါးပွဲအထိ ရှိထားတာမို့ ရလဒ်ပိုင်းအရ မန်ယူတို့ အနည်းငယ်သာနေတယ်။ အိမ်ရှင် မန်ယူဘက်က တစ်ဂိုးအသာလောက်နဲ့ပဲ နေရမယ့်ပွဲပါ။ သရေဖြစ်နိုင်ပေမယ့် လီဗာပူးနိုင်ခြေတော့ အလွန်နည်းတယ်။



**ည ၉း၃၀ နာရီ**

**ဘလက်ဘန်း-ကျူပီအာ**

**ပထမအကျော့ရလဒ် ၁-၁**

ဇယားမှာ ရပ်တည်မှုအရရော ခြေစွမ်းအရပါ သိပ်မကွာတဲ့ နှစ်သင်းဖြစ်ပါတယ်။ ဘလက်ဘန်းတို့ ယခုအချိန်ထိ အိမ်ကွင်းနိုင်ပွဲသုံးပွဲသာရှိပြီး သရေလုံးဝမရှိ၊ ရှုံးပွဲကိုးပွဲကြုံထားတယ်။ ညှော်သည် ကျူပီအာဘက်က တစ်ဂိုးအသာနဲ့ နေသင့်တဲ့ပွဲပါ။

**ဘော်လ်တန်-ဝီဂန်**

**ပထမအကျော့ရလဒ် ၃-၁**

ဇယားအောက်ဆုံးက ဝီဂန်ကို ဘော်လ်တန်တို့ အိမ်ကွင်းမှာ သုံးမှတ်အပြည့်ယူမယ့်ပွဲပါ။ ဝီဂန်တောက်လျှောက် ရှုံးပွဲတွေဆက်နေတာမို့ သရေရင်တောင်ကျေနပ်စရာပါ။ ဘော်လ်တန်ဘက်က နှစ်ဂိုးအသာနဲ့ ရပ်တည်သင့်ပါတယ်။

**အဲဗာတန်-ချယ်လ်ဆီး**

**ပထမအကျော့ရလဒ် ၁-၃**

ဒီနှစ်သင်းတွေ့တိုင်း မထင်မှတ်ဘဲ အကြိတ်အနယ်ကစားရလေ့ရှိပါတယ်။ ပထမအကျော့မှာ ချယ်လ်ဆီးတို့ အိမ်ကွင်းနိုင်ပွဲဂိုးပြတ်ခဲ့ပြီးနောက် လိဂ်ဖလားပွဲမှာပါ ထပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ချယ်လ်ဆီးတို့ကစားရခက်နိုင်ပြီး နိုင်ရင်လည်း ဂိုးပြတ်မှာမဟုတ်ပါဘူး။ ဒီပွဲက အပြန်အလှန်သွင်းဂိုးတွေနဲ့ ချယ်လ်ဆီးနိုင်မယ့်ပွဲပါ။

**ဖူလ်ဟမ်-စတုတ်စီးတီး**

**ပထမအကျော့ရလဒ် ၀-၂**

ဖူလ်ဟမ်က စတုတ်နဲ့တွေ့တိုင်း ယမန်နှစ်ကစလို့ ရလဒ်ကောင်းခဲ့တယ်။ လက်ရှိမှာ နှစ်သင်းလုံး ခြေမငြိမ်သေးပေမယ့် ဒီပွဲမှာ ပထမအကျော့ရှုံးကြွေးကို ဖူလ်ဟမ်ပြန်ဆပ်နိုင်တယ်။ သရေ (သို့မဟုတ်) ဖူလ်ဟမ်အနိုင်ပါ။

**ဆန်းဒါးလန်း-အာဆင်နယ်**

**ပထမအကျော့ရလဒ် ၁-၂**

ရှုံးပွဲတွေ များခဲ့တဲ့အာဆင်နယ်တို့ ဒီအဝေးကွင်းပွဲမှာတော့ အခြေအနေကောင်းနိုင်ပါတယ်။ ဆန်းဒါးလန်းရဲ့ အိမ်ကွင်းခံစစ်ကောင်းမွန်မှုကို အာဆင်နယ် ဘယ်လိုထိန်းချုပ်မလဲကြည့်ရပါမယ်။ အာဆင်နယ်ကပ်နိုင်ဖို့ပဲရှိပြီးဂိုးမများနိုင်ပါဘူး။

**ဆွမ်းဆီး-နော့ဝစ်ချ်**

**ပထမအကျော့ရလဒ် ၁-၃**

ချန်ပီယံရှစ်ပြိုင်ဘက်ဟောင်းတွေဖြစ်ပြီး မှတ်တမ်းတွေအရ ဆွမ်းဆီးက နောက်ဆုံးအိမ်ကွင်းနှစ်ပွဲလုံးနိုင်ထားပါတယ်။ ဒါပေမဲ့ ဒီပွဲမှာ နော့ဝစ်ချ်ကို အသာပေးချင်ပြီး သရေ (သို့မဟုတ်) နော့ဝစ်ချ်ကပ်အနိုင်ပဲမှန်းပါတယ်။

<u>**ဖေဖော်ဝါရီ ၁၂၊ တနင်္ဂနွေ။**</u>

**နံနက် ၀၀း၀၀ နာရီ**

**စပါး-နယူးကာဆယ်**

**ပထမအကျော့ရလဒ် ၂-၂**

ဒီနှစ်သင်း တွေ့ဆုံတိုင်း ဂိုးမပြတ်ပါဘူး။ ဒါပေမဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေအရ စပါးဟာ အိမ်ကွင်းပွဲတွေမှာဆို အသာရလေ့ရှိတယ်။ အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတဲ့ စပါးကို ရွေးချယ်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ စပါးကပ်နိုင်မယ်ထင်ပါတယ်။

**ည ၈း၀၀ နာရီ**

**ဝုလ်-ဝက်စ်ဘရွန်း**

**ပထမအကျော့ရလဒ် ၀-၂**

ငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ ဇယားအောက်ဆုံးအသင်း ဝုလ်အနေနဲ့ ခက်ခဲမယ့်ပွဲပါ။ ညှော်သည်ဝက်စ်ဘရွန်းတို့ အကောင်းကြီးမဟုတ်ပေမယ့် အဝေးကွင်းနိုင်ခြေများပါတယ်။ အိမ်ကွင်းပေးဂိုးများနေတဲ့ ဝုလ်ကို ဝက်စ်ဘရွန်းတို့ နှစ်ဂိုးလောက်ရနိုင်ခြေရှိတယ်။

**ည ၁၀း၃၀ နာရီ**

**ဗီလာ-မန်စီးတီး**

**ပထမအကျော့ရလဒ် ၁-၄**

ဗီလာတို့ လက်ရှိမှာ အိမ်ကွင်းခြေစွမ်းကျဆင်းနေတယ်။ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာလည်း မန်စီးတီးကချည်း လေးကြိမ်နိုင်ထားပါတယ်။ ကျူပီအာနဲ့ သရေကျခဲ့တဲ့ နောက်ဆုံး အိမ်ကွင်းခြေစွမ်းအရ ဗီလာတို့ မန်စီးတီးကို အမြင့်ဆုံးသရေပဲမျှော်မှန်းနိုင်မှာပါ။ မန်စီးတီးနှစ်ဂိုးလောက်ရနိုင်ပါတယ်။



# ၂၀၁၃ တွင် အာဖဂန်နစ္စတန်၌ အမေရိကန်စစ်ဆင်ရေးများ အဆုံးသတ်မည်

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၂**

၂၀၁၃ ခုနှစ် အလယ်ပိုင်းလောက်မှာပင် အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ဆင်ရေးလုပ်ငန်းများ အဆုံးသတ်ပြီး လေ့ကျင့်ပေးရေးလုပ်ငန်းများသာလုပ်ဆောင်ရန် အမေရိကန်က စီစဉ်နေသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက ပြောကြားသည်။

၎င်း၏မှတ်ချက်များမှာ အာဖဂန်နစ္စတန်နိုင်ငံတွင် အပြောင်းအလဲအတွက် အချိန်ဇယားကို အမေရိကန်အရာရှိကြီးတစ်ဦးက ပထမဆုံးအကြိမ် ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။



Photo - AP

၂၀၁၂ ခုနှစ်ကုန်ပိုင်းအထိ အာဖဂန်နစ္စတန်နိုင်ငံ၌တပ်ဖွဲ့ဝင်ပေါင်း ၆၈,၀၀၀ ကျန်ရှိနေဦးမည်ဖြစ်သည်။ လောလောဆယ်တွင် အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၉၉,၀၀၀ ခန့်ရောက်ရှိနေပြီးတပ်ဖွဲ့ဝင် ၂၂,၀၀၀ မှာ ယခုနှစ်အတွင်း အမေရိကန်သို့ပြန်လာရန်ရှိသည်။

ယခုအချိန်ထိ အာဖဂန်နစ္စတန်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကို ပင်တဂွန်က မည်သို့စီမံထားသည်ဆိုသည့်အကြောင်း ပြောကြားခြင်းမရှိဘဲ ၂၀၁၄ နှစ်ကုန်ပိုင်းတွင် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကိုသာ အတည်ပြုပြောဆိုထားသည်။

"၂၀၁၃ နှစ်လယ်နဲ့ နောက်ပိုင်းမှာတိုက်ခိုက်ရေးအခန်းကဏ္ဍကနေ လေ့ကျင့်၊ အကြံပေး၊ အကူအညီပေးမယ့်အခန်းကဏ္ဍကိုကူးပြောင်းနိုင်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု နေတိုးအဖွဲ့ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဘရပ်ဆဲလ်မြို့သို့ သွားနေစဉ်မစ္စတာပါနက်တာကပြောကြားသည်။ သို့သော် အာဖဂန်တပ်ဖွဲ့များအား လေ့ကျင့်ပေးနေစဉ်မှာပင် အန္တရာယ်ရှိနေသေးကြောင်း ကန်ကာကွယ်ရေးဝန်ကြီးကဆက်လက်ပြောကြားသည်။

*—Ref: AFP/BBC*

# အမည်းရောင် ခရမ်းချဉ်သီးတစ်မျိုး အစ္စရေးပညာရှင်များ စိုက်ပျိုးထုတ်လုပ်

**လန်ဒန်၊ ဇန်နဝါရီ - ၃၁**

အစ္စရေးစိုက်ပျိုးရေးသိပ္ပံရှင်များသည် အတွင်းတွင် နီရဲ၍ အပြင်ပန်း၌ အမည်းရောင်ရှိသော မျိုးစပ်ခရမ်းချဉ်သီးတစ်မျိုးကို စမ်းသပ်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

Black Galaxy ဟု အမည်ပေးထားသော ယင်းခရမ်းချဉ်သီးကို ခရမ်းချဉ်အရိုင်းမျိုးများစွာဖြင့် မျိုးစပ်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ အသီး၏ အမည်းရောင်ကိုရရှိရန်အတွက် ဘလူးဘယ်ရီသီးများတွင် တွေ့ရသော သဘာဝအရောင်တစ်မျိုးကို ထုတ်ယူမျိုးစပ်ထားသည်။ ယခု ခရမ်းချဉ်သီးမျိုးကိုထုတ်လုပ်ခဲ့သည့် အာရာဗာစိုက်ပျိုးရေးကုမ္ပဏီသည် Technological Seeds ဟုခေါ်သောမျိုးစပ်ထားသည့် ဟင်းသီးဟင်းရွက်မျိုးစေ့များ အထူးပြုထုတ်လုပ်နေသည့်ကုမ္ပဏီဖြစ်သည်။

ကုမ္ပဏီက "အရောင်ကလွဲလို့ ဒီခရမ်းချဉ်သီးတွေဟာ သဘာဝအကျိုးအာနိသင်တွေအားလုံးပါဝင်ပါတယ်"ဟုပြောသည်။ အဆိုပါ အမည်းရောင်ခရမ်းချဉ်သီးများကို အဆင့်မြင့်ဟိုတယ်ကြီးများတွင် အသုံးပြုရန်ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းတို့ကို လာမည့်အပတ်အတွင်း ကျင်းပမည့် အာရာဗာစိုက်ပျိုးရေးသုတေသနနှင့်ဖွံ့ဖြိုးရေးပြပွဲတွင် အများပြည်သူသို့ပြသရောင်းချသွားမည်ဟုသိရသည်။

*—Ref: Dailymail*









7DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# အီဂျစ်နိုင်ငံ ဘောလုံးပွဲခိုက်ရန်ဖြစ်ပွားမှု ၇၄ ဦးသေဆုံး



**ကိုင်ရို၊ ဖေဖော်ဝါရီ - ၂** အီဂျစ်နိုင်ငံ ပေါ့ဆာအစ်မြို့ ဘောလုံးပွဲစဉ်တစ်ခုတွင် ပြိုင်ဘက် ပရိသတ်များအကြား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းခိုက်ရန်ဖြစ်ပွားမှုကြောင့် အနည်းဆုံး လူပေါင်း ၇၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အီဂျစ်ထိပ်တန်းကလပ်များ ဖြစ်သော အယ်လ်မာစရီနှင့် အယ်အက်လီပွဲစဉ်တွင် ဓားများ ကိုင်ဆောင်ထားသည်ဟုဆိုသော ပရိသတ်များက ဘောလုံးကွင်းအတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူစာရင်းမှာလည်း တိုးလာနိုင်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

အီဂျစ်နိုင်ငံ၏ ဘောလုံးသမိုင်းတွင် အကြီးမားဆုံးဘေးဒုက္ခဖြစ်ကြောင်း အီဂျစ် ဒုတိယကျန်းမာရေးဝန်ကြီးကပြောသည်။ “ဒါဟာ ကံဆိုးမိုးမှောင်ကျတာဖြစ်ပြီး အရမ်းကိုဝမ်းနည်းဖို့ကောင်းပါတယ်”ဟု ကျန်းမာရေးဝန်ကြီးက နိုင်ငံတော်ရုပ်သံတွင် ပြောကြားသည်။

ယင်းအဖြစ်အပျက်အတွက် ဝမ်းနည်းပူဆွေးခြင်းအထိမ်းအမှတ် သုံးရက်တာ သတ်မှတ်လိုက်ကြောင်း အီဂျစ်နိုင်ငံအား လက်ရှိအုပ်ချုပ်နေသည့် လက်နက်ကိုင်တပ်ဖွဲ့များ ထိပ်သီးကောင်စီက ကြေညာခဲ့သည်။ ဝန်ကြီးအဖွဲ့နှင့် ပါလီမန်အရေးပေါ် အစည်းအဝေး ကိုလည်းခေါ်ယူထားသည်။

ထိုအတောအတွင်း ဘောလုံးပွဲ၌ ဖြစ်ခဲ့သည့် အကြမ်းဖက်မှုများကို ရဲတပ်ဖွဲ့က မထိန်းချုပ်နိုင်ခြင်းအပေါ် ကန့်ကွက်ဆန္ဒပြချီတက်ပွဲများ နောက်တစ်နေ့တွင်ပြုလုပ်ရန်စီစဉ်ထားကြောင်းလည်း သိရသည်။ ဒဏ်ရာရရှိသူများကို လက်ခံရန် ကိုင်ရိုရထားဘူတာရုံကြီးတွင် လူရာပေါင်းများစွာ စုဝေးရောက်ရှိနေခဲ့ကြပြီး ၎င်းတို့က စစ်ဘက်အုပ်ချုပ်ရေးအား ဆန့်ကျင်သည့် ကြွေးကြော်သံများ အော်ဟစ်နေခဲ့ကြကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

—*Ref: BBC*




# ပါပူးဝါးနယူးဂီနီနိုင်ငံအနီးတွင် လူ ၃၅၀ ပါ ကူးတို့သင်္ဘောနစ်မြုပ်




**ပါပူးဝါးနယူးဂီနီ၊ ဖေဖော်ဝါရီ - ၁** လူပေါင်း ၃၅၀ အထိ တင်ဆောင်ထားသော ကူးတို့သင်္ဘောတစ်စီးသည် ရာသီဥတုဆိုးရွားနေစဉ် နစ်မြုပ်သွားသည်ဟု ယုံကြည်ရကြောင်း ယင်းကူးတို့လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီက ပြောကြားပြီး အသက်ရှင်ကျန်ရစ်သူအချို့ကိုလည်းတွေ့ရကြောင်းပြောသည်။

အဆိုပါသင်္ဘောသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ နိုင်ငံ၏ အရှေ့ဘက် ကင်ဘီနှင့် လာအီဒေသနှစ်ခုကြား သွားလာနေစဉ် ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီခန့်တွင် MV Rabaul Queen သင်္ဘောနှင့် အဆက်အသွယ်ပြတ်သွားခဲ့ကြောင်း စတားသင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။

“အခုချိန်ထိတော့ လူ ၂၈ ဦး ကယ်ဆယ်ထားနိုင်ပါပြီ။ သင်္ဘောပေါ်မှာ လူ ၃၀၀ ကျော်လောက်လိုက်ပါခဲ့ပါတယ်”ဟု ပါပူးဝါးနယူးဂီနီအမျိုးသားရေကြောင်းလုံခြုံရေးအာဏာပိုင်အဖွဲ့က အေအက်ဖ်ပီသတင်းဌာနအားပြောကြားပြီး အသေးစိတ်အချက်အလက်များကိုမူ မပြောကြားခဲ့ပေ။


လောလောဆယ်တွင် အခင်းဖြစ်ပွားရာနေရာသို့ ဩစတြေးလျနိုင်ငံမှ ကယ်ဆယ်ရေးသမားများ ရောက်ရှိနေကြောင်း Star Ships ကုမ္ပဏီမှ ပြောခွင့်ရပုဂ္ဂိုလ် ဂျွန်ဝိုက်တနီကပြောသည်။

အကူအညီပေးရေး တောင်းဆိုမှုကို လေယာဉ်တစ်စီးပို့လွှတ်ခြင်းဖြင့် တုံ့ပြန်ခဲ့ကြောင်းနှင့် အခြားအကူအညီများ တောင်းဆိုလာပါကလည်းကူညီသွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးရုံးကပြောကြားသည်။

သင်္ဘောမှာ တိမ်းမှောက်နစ်မြုပ်သွားခဲ့ပြီဖြစ်ကြောင်းနှင့်အခြား အသေးစိတ်အချက်အလက်များရရှိရန် အခင်းဖြစ်ပွားရာတွင် ရောက်ရှိနေသည့် အရာရှိများ၏ သတင်းပေးပို့မှုကို စောင့်ဆိုင်းနေကြောင်း အမျိုးသားရေကြောင်းလုံခြုံရေးအာဏာပိုင်အဖွဲ့ကပြောကြားသည်။

—*Ref: AFP*


DAILY VITAGIN
Soft Cap
Top Ten
AA Medical Products Ltd.
DAILY VITAGIN
Korean ginseng Vitamins and Minerals
Manufactured for Pacific Pharmaceuticals Pte Ltd. Made in Korea


Code - 2811
16,000 ks
Code - 0612
18,000 ks
(Slimfit)
Code - 4821
16,500 ks
Code - 6312
21,000 ks
Double Button at Neck
New Arrival
MARK® WILLIAMS
Excellence through passion
100% COTTON
100% STRONG
Available at : Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618

7 DAY NEWS JOURNAL
# International
Vol.10, No.47 • FEBRUARY 9 , 2012

# အီရန်ကို တိုက်ခိုက်ရေးမှာ အန္တရာယ်များကြောင်း အိုဘားမားပြောကြား



**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၆**

အီရန်နိုင်ငံအပေါ် မည်သည့်စစ်ရေးတိုက်ခိုက်မှုမျိုးကိုမဆို မပြုလုပ်မီ ထည့်သွင်းစဉ်းစားစရာ အန္တရာယ်အများအပြားရှိကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဖေဖော်ဝါရီ ၅ ရက်တွင် တွေ့ဆုံခဲ့သည့် မေးမြန်းခန်းတစ်ခု၌ ပြောကြားလိုက်ပြီး ရေနံထုတ်လုပ်သော ပင်လယ်ကွေ့ဒေသတွင်ပဋိပက္ခဖြစ်ခြင်းကိုမမြင်ချင်ကြောင်း ရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။

အင်န်ဘီစီရုပ်သံနှင့် ပြုလုပ်သည့်တွေ့ဆုံမေးမြန်းခန်းတွင် အိုဘားမားက တီဟီရန်သည် အမေရိကန်နိုင်ငံအားတိုက်ခိုက်ရန်ရည်ရွယ်ချက်ရှိသည်(သို့မဟုတ်)တိုက်ခိုက်နိုင်သော စွမ်းရည်ရှိသည်ဟု မယုံကြည်ကြောင်း ပြောသည်။ တီဟီရန်၏ ခြိမ်းခြောက်မှုများကိုလည်း အိုဘားမားက လျှော့ပေါ့ပြောဆိုခဲ့ပြီး ချူကလီးယား ရင်ဆိုင်မှုအတွက်လည်းသံတမန်နည်းဖြင့်သာ အဆုံးသတ်လိုကြောင်း အိုဘားမားက ပြောသည်။

စာ(၄၅)သို့

# ကူဝိတ်အစိုးရ နုတ်ထွက်

**ကူဝိတ်စီးတီး၊ ဖေဖော်ဝါရီ-၆**

ပါလီမန် ရွေးကောက်ပွဲများကျင်းပပြီး လေးရက်အကြာ ဖေဖော်ဝါရီ ၅ ရက်က ကူဝိတ်အစိုးရ နုတ်ထွက်သွားကြောင်း ကြေညာခဲ့သည်ဟု အရာရှိများက ပြောကြားသည်။

အစ္စလာမ်မစ်များဦးဆောင်သော အတိုက်အခံများက ရွေးကောက်ပွဲတွင် အသာစီးရရှိမှုအများအပြားရှိခဲ့ပြီးနောက် အစိုးရနုတ်ထွက်ကြောင်း ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ကူဝိတ်အကြီးအကဲ ရှိက်ဆာဘားအယ်လ်အာမက် အယ်လ်ဆာဘားကလည်း အစိုးရနုတ်ထွက်မှုကို လက်ခံခဲ့ပြီး အစိုးရသစ်ဖွဲ့စည်းပြီးသည်အထိ လက်ရှိအရာရှိများက ဆက်လက်တာဝန်ယူထားရန် ပြောကြားသည်။



လာမည့် ရက်သတ္တနှစ်ပတ်အတွင်း ပါလီမန်၏ ပထမဦးဆုံးအစည်းအဝေး မစတင်မီ အစိုးရသစ်ဖွဲ့စည်းနိုင်မည်ဟု မျှော်လင့်ရသည်။ ရွေးကောက်ပွဲတွင်အမတ်နေရာ ၅၀ ရှိသော ပါလီမန်၌ ၃၄ နေရာကို အတိုက်အခံတို့က အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စာ(၄၅)သို့



Photo - AFP

# ဥရောပတွင် အအေးလွန်ကဲမှုကြောင့် လူ ၃၀၀ ကျော် သေဆုံး

**ကိဗ်၊ ဖေဖော်ဝါရီ-၆**

ဥရောပတိုက်တွင် သာမန်ထက်ပြင်းထန်သော ဆောင်းရာသီအအေးဒဏ်ခံစားရမှုသီတင်းတစ်ပတ်ကျော်လာချိန်တွင်သေဆုံးသူ ၃၀၀ ကျော်ရှိလာပြီး လေယာဉ်ခရီးစဉ်များ ရပ်နားထားရကာ အရေးပေါ်ဌာနများလည်း ဝန်ပိနေကြောင်း သိရသည်။

အိမ်ရာမဲ့များမှာ အအေးဒဏ်ကို အများဆုံးခံစားရပြီး အများစုမှာ အပူဓာတ်မပေးထားသော အိမ်ခန်းများ၊ အရေးပေါ်ထွက်ပေါက်များနှင့် လမ်းပေါ်ရှိ ယာယီတည်းခိုရာနေရာများတွင် အေးခဲ၍ သေဆုံးခဲ့ကြသည်။

ပြင်သစ်နိုင်ငံတွင် အိမ်ရာမဲ့တစ်ဦးအေးခဲသေဆုံးနေသည်ကို အာဏာပိုင်များက တွေ့ရှိခဲ့ရာ ဥရောပတစ်ဝန်း အအေးဒဏ်ကြောင့် သေဆုံးသူ ၃၀၆ ဦးအထိ ရှိလာသည်။ ဖင်လန်နိုင်ငံတွင် ညအပူချိန်များ အနုတ် ၄၀ ဒီဂရီဆဲလ်စီယပ်အထိ ကျဆင်းခဲ့ပြီး အီတလီ၊ ပိုလန်နှင့် ယူကရိန်းနိုင်ငံများတွင်လည်း လူသေဆုံးမှုများ တိုးလာသည်။

ယူကရိန်းနိုင်ငံတွင် လွန်ခဲ့သော ကိုးရက်က စတင်ဖြစ်ပေါ်ခဲ့သည့် အအေးလွန်ကဲမှုကြောင့် သေဆုံးသူ ၁၃၁ ဦးရှိလာကြောင်း ယူကရိန်းအရေးပေါ်ဝန်ကြီးဌာနက ပြောသည်။

စာ(၄၅)သို့



Photo - PA

# တရုတ်ရင်းနှီးမြှုပ်နှံသူများ ဥရောပတွင် ငွေကြေးသုံးစွဲနေသော်လည်း ကြွေးမြီကိစ္စတွင် ဝင်မပါဟုဆို

**ဘေဂျင်း၊ ဖေဖော်ဝါရီ-၆**

တရုတ်ကုမ္ပဏီများသည် အကျပ်အတည်းတွေ့နေသော ဥရောပတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်၍ ပြည်သူ့ဝန်ဆောင်မှုကုမ္ပဏီများ၊ စွမ်းအင်ကုမ္ပဏီများနှင့် ဇိမ်ခံရွက်သင်္ဘော ထုတ်လုပ်သည့် ကုမ္ပဏီများအထိ လိုက်လံဝယ်ယူနေသော်လည်း ယူရိုဇုန်ကြွေးမြီအကျပ်အတည်းတွင်မူ ပါဝင်ပတ်သက်မှုမရှိကြောင်းအေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တရုတ်အစိုးရ ရန်ပုံငွေအဖွဲ့က အမေရိကန်အစိုးရဘဏ္ဍာငွေတိုက်စာချုပ်ဈေးကွက်မှအခြားနယ်ပယ်များသို့ ချဲ့ထွင်လာခြင်းနှင့် နိုင်ငံရပ်ခြားတွင် လုပ်ငန်းတိုးချဲ့လိုသော တရုတ်ကုမ္ပဏီများကြောင့် ဥရောပ၌ ဈေးပေါပေါနှင့် ကုမ္ပဏီများ ဝယ်ယူမှုဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ဆန်းစစ်လေ့လာသူများက ပြောသည်။

၂၀၁၀ပြည့်နှစ်အတွင်းတရုတ်နိုင်ငံမှ ဥရောပသို့တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင်နှစ်ဆဖြစ်လာပြီးကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံအထိ ရှိလာသည်။

“ဥရောပဇုန်မှာ စီးပွားရေးနဲ့ဘဏ္ဍာရေးအကျပ်အတည်းဆိုးဆိုးရွားရွား ကြုံတွေ့နေချိန်မှာ ငွေကြေးပေါများနေတဲ့တရုတ်ကုမ္ပဏီတွေအတွက်(ဥရောပလုပ်ငန်းတွေကို)ဝယ်ယူဖို့အခွင့်အလမ်းကောင်းတွေရှိနေပါတယ်”ဟု ဘေဂျင်းမြို့ရှိ IHS Global Insight မှ ဆန်းစစ်လေ့လာသူ အလစ်စတာသွန်တန်က ပြောသည်။

နောက်ဆုံးဝယ်ယူမှု တစ်ခုတွင် တရုတ်နိုင်ငံတော်လျှပ်စစ်ဖြန့်ဝေရေး ကုမ္ပဏီ(China State Grid)က ကြွေးလည်ပင်းနစ်နေ

စာ(၄၅)သို့



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.10, No.47 • FEBRUARY 9 , 2012

## အစိုးရဝန်ထမ်းလစာများ လာမည့် ဘတ်ဂျက်နှစ်မှစ၍ တိုးမြှင့်ပေးရန် သူရဦးရွှေမန်း အဆိုတင်သွင်း

**အားမာန်၊ သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၇**

သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးအမှန်တကယ် ဖြစ်လာစေရန် အစိုးရဝန်ထမ်းများ၏ လုပ်ခလစာများကို လာမည့် ဘဏ္ဍာနှစ် ၂၀၁၂-၁၃မှစတင်၍ တိုးမြှင့်ပေးရန် အဆိုကိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ဖေဖော်ဝါရီ၇ရက်တွင် ကျင်းပသောပြည်ထောင်စုလွှတ်တော်၌ အဆိုတင်သွင်းပြောကြားသည်။

"အမှန်အတိုင်းပြောရမည်ဆိုလျှင် ယနေ့တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ လက်ရှိရရှိနေသော လုပ်ခ၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများသည် ယနေ့ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိကြပါ။ အခြေခံစားဝတ်နေရေး၊ လူမှုရေးအတွက် လောင်ငှစွာ မရရှိပါ။ ဒါကြောင့် ကျွန်တော်၏ တင်ပြချက်သည် ယနေ့ဝန်ထမ်းများ၏ လုပ်ခ၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများအား ထိုက်သင့်သလို အလျင်အမြန်တိုးပေးရန် လိုသည်ဆိုတဲ့အချက်ကို ထောက် ပြခြင်းပဲဖြစ်ပါတယ်"ဟု သူရဦးရွှေမန်းက ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက "ကျောင်းဆရာ၊ ဆရာမများ၏ လစာနှင့် စရိတ်၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဝန်ထမ်းများနှင့် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လစာနှင့်စရိတ်များ ကို လုံလောက်မျှတစွာ ချီးမြှင့်ပေးရပါမယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြတဲ့လိုအပ်လျှင် နိုင်ငံနှင့် နိုင်ငံသားများအတွက် အသက်ပေးစွန့်လွှတ်နေကြသော တပ်မတော်သားများ၏ နေ့စဉ်ကြုံတွေ့နေရတဲ့ ရိက္ခာစရိတ်၊ စစ်ဝတ်နှင့် အသုံးအဆောင်စရိတ်အပါအဝင် အခြားစရိတ်များကိုလည်း အနည်းဆုံး ၁၉၅၉-၆၀ ခုနှစ်က ရရှိထားတဲ့ စရိတ်များ၏ တန်ဖိုးအတိုင်းရရှိအောင်တော့ ခွင့်ပြုပေးသင့်ပါတယ်။ အူမတောင့်မှ သီလစောင့်မှာ ဖြစ်သလို အူမတောင့်ပြီး သီလမစောင့်လျှင်တော့ သူ့တာဝန်ပဲဖြစ်ပြီး သူတို့တရားကို သူတို့စီရင်မှာဖြစ်ပါတယ်"ဟု ဆက်လက်ပြောသည်။

ထိုသို့ အစိုးရဝန်ထမ်းများက ထိုက်သင့်သော လုပ်ခ၊ လစာ ရရှိပါက စည်းကမ်းနှင့် ဥပဒေများ အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် သန့်ရှင်းသော အစိုးရဖြစ်လာမည်ဟုပြောသည်။

လစာနည်းခြင်းနှင့်ဆက်စပ်၍ဖြစ်ပေါ်လာသောနောက်ဆက်တွဲများကိုလည်း ၎င်းက "ဆရာ၊ ဆရာမများက အချိန်ပို ကျူရှင်ပြရတာ၊ ဆရာဝန်၊ သူနာ ပြုက ပြင်ပဆေးခန်းများမှာ ည၌ နက်သန်းခေါင်အထိ ဆောင်ရွက်နေရတာ၊ ရငွေ၊ လုပ်ခ၊ လစာနှင့် မလုံလောက်လို့ပြင်ပနိုင်ငံများသို့ထွက်ခွာအလုပ်လုပ်ရတာ၊ ထိုသို့လုပ်ရာတွင်လည်း မိမိပညာနှင့် အဆင့်အတန်းကိုနှိမ့်ချပြီး လုပ်နေရတာတွေကို ရှိနေဦးမှာဖြစ်ပါတယ်။ ဝန်ထမ်းများလုပ်ငန်းခွင် ပျော်စေရေး၊ ကျောင်းသားများ ကျောင်းနေပျော်စေရေး၊ တပ်မတော်သားများ တပ်နေပျော်စေရေးတို့အတွက် တာဝန်နှင့်လုပ်ပိုင်ခွင့် အခွင့်အရေး၊ လုပ်ခ၊ လစာ၊ စရိတ်ချီးမြှင့်မှုများဟာ အဓိကသက်ဆိုင်နေတယ်ဆိုတာ သတိပြုရမှာဖြစ်ပါတယ်။ အခြား အချို့ဌာနများမှ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများကလည်း လုပ်ခ၊ လစာနည်းတာကို အကြောင်းပြုပြီး လက်ဖက်ရည် ဖိုး၊ အလှူငွေ၊ စာရွက်စာတမ်း ကြေးများ တောင်းယူခြင်းနှင့် အခြားမလျော်ကန်သော လာဘ်ပေးလာဘ်ယူဆန်သည့် ပြုမူဆောင်ရွက်ခြင်းများကို နေရာအနှံ့ဌာနအများစုလိုလိုပင် တစ်ခုမဟုတ်တစ်ခု ပုံစံအမျိုးမျိုးဖြစ်ပေါ်နေတာကို ဝမ်းနည်းစွာ ကြားသိနေရပါတယ်"ဟု ပြောကြားခဲ့သေးသည်။

ထို့ကြောင့် အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ပျက်ယွင်းတယ်၊ နိုင်ငံ့အတွက် အကြီးမားဆုံး ဆုံးရှုံးမှုကြုံတွေ့ရမည်ဖြစ်၍ ပြည်သူကိုယ်စားလှယ်များက မည်သို့ဆောင်ရွက်ပေးရမည်ကို စဉ်းစားရန် လိုအပ်ကြောင်း ၎င်းက တိုက်တွန်းခဲ့သည်။ ဝန်ထမ်းလစာများ တိုးပေးလျှင် ကုန်စျေးနှုန်းကြီးနိုင်သည်ဟု ဆိုသော်လည်း လက်ရှိကုန်စျေး နှုန်းကြီးမြင့်ခြင်းနှင့် တောင်သူမှစကာ ကုန်ထုတ်လုပ်သူများအရှုံးပေါ်နေခြင်း၏ စိစစ်လေ့လာ သောအခါ သယ်ယူစရိတ် မြင့်မားခြင်း၊ မလိုလားအပ်သော ကုန်ကျ စရိတ်(Transaction Cost)များ မြင့်မားခြင်းတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"နိုင်ငံသားအများစုကို ထိခိုက်စေနိုင်သော ကုန်စျေးနှုန်းနှင့် အခြား Transaction Cost များ ကျဆင်းအောင် စဉ်းစားသုံးသပ် စီမံဆောင်ရွက်မှုများကို စီမံကိန်းချဆောင်ရွက်နိုင်ရေးအတွက် ဤပြည်ထောင်စု လွှတ်တော်က သက်ဆိုင်ရာအဖွဲ့အစည်းများသို့တိုက်တွန်းဆောင်ရွက်ရန်လည်း လိုအပ်တယ်လို ယူဆပါတယ်"ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ထို့အပြင် စီမံကိန်းများ ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူလူထု အကျိုးရှိစေမည့် စီမံကိန်းများကိုသာ ဥပဒေပြုပေးရန်နှင့် ထိုသို့မဟုတ်သော စီမံကိန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့ ချ၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ပြည်ထောင်စုလွှတ်တော်က နိုင်ငံနှင့် နိုင်ငံ သားများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် နိုင်ငံ့ ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမ ခံချက်ရရှိရေး၊ စားဝတ်နေမှု ဖူလုံရေးများကို ဖော်ဆောင်ပေးခြင်း၊ အကာအကွယ်ပေးခြင်းများပြုပေးရေးနှင့် ပြုပေးရန်အတွက် တင်ပြ ခြင်းဖြစ်ပါတယ်။ ယနေ့အချိန် ကာလတွင် မှားယွင်းသော ဆုံးဖြတ်ချက်များ ချမှတ်မိပါကပြည်သူ့ကိုယ်စားလှယ်၊ပြည်ထောင်စုကိုယ်စားလှယ်များဖြစ်သော ကျွန်တော်တို့တွင်ပါ တာဝန်ရှိလာပြီး နိုင်ငံနှင့် နိုင်ငံသားများ အပေါ် သစ္စာမဲ့ရာ ရောက်ရှိနိုင်ပါ၍ မှန် ကန်သော ဆုံးဖြတ်မှုများပေးရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်"



ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းသို့ မိန့်ခွန်းပြောကြားရန်ရောက်ရှိလာစဉ် ဓာတ်ပုံ-ဝေယံ

# ဒေါ်အောင်ဆန်းစုကြည်၏ ပုသိမ်နှင့်မြောင်းမြခရီးစဉ်

**အောင်သူရ၊ ဥက္ကာကိုကို၊ နေလင်းထွန်း**

ဧရာဝတီသားများက ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုရန် ဖေဖော်ဝါရီ ၇ရက် နံနက်စောစောကတည်းက ကြိုတင်ပြင်ဆင်ခဲ့ကြသည်။

"မနက်လေးနာရီကတည်းက ရွာကနေလမ်းလျှောက်လာတယ်။ တချို့က ဧရာဝတီတိုင်းအဝင်က သွားစောင့်ကြတယ်၊ ကျွန်တော်တို့ကတော့ ပန်းတနော်ကပဲစောင့်နေတယ်"ဟု ပန်းတနော်မြို့နှင့် တစ်မိုင်ခန့်ကွာဝေးသော ကျေးရွာတစ်ရွာမှ အသက်လေးဆယ်ခန့်အရွယ် ကိုအောင် (ဝိဇ္ဇာ)ကဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နံနက်၅နာရီခွဲအချိန်တွင် တက္ကသိုလ် ရိပ်သာလမ်း၊ အမှတ်(၅၄)နေအိမ်မှ ပုသိမ်၊မြောင်းမြခရီးစဉ်ကို စတင်ထွက်ခွာလာသည်။

နံနက် ၆နာရီခန့်တွင် ပန်းတနော်မြို့အဝင်၌ ဒေါင်းအလံများ၊ ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံများ ကိုင်ဆောင်ကာ လူတစ်ရာဝန်းကျင် ခန့်စောင့်ဆိုင်းနေကြသည်။ ထိုနေရာမှစတင်၍ ပုသိမ်မြို့ရောက်သည်အထိလမ်းတစ်လျှောက်ကျေးရွာများ၊ မြို့နယ်များတွင် ဒေသခံများက အတီးအမှုတ်၊ အကအခုန်များဖြင့် ကြိုဆိုနေကြသည်။

ကျောင်းကုန်းမြို့အဝင်တွင် လူပေါင်းသုံးရာခန့် စောင့်ကြိုနေသည်ကိုတွေ့ရပြီး ထိုအထဲမှ အသက်ငါးဆယ်ခန့်အရွယ် ဦးသိန်းတန်က "ဒေါ်စုနဲ့ မတွေ့တာ နှစ်နှစ်ဆယ်ရှိပြီ။ နိုင်ငံကောင်းအောင်လုပ်ဖို့ ဒေါ်စုရဲ့ လမ်းညွှန်မှုကိုခံယူဖို့ လာစောင့်နေတာပါ၊ စကားပြောဖို့ စင်မြင့်တစ်ခုလည်းလုပ်ထားပါတယ်" ဟု ပြောသည်။

သို့သော်ဒေါ်အောင်ဆန်းစုကြည်သည်လမ်းတစ်လျှောက် ရပ်နားခြင်းမရှိဘဲ ကြိုဆိုနေသူများအား လက်ကိုင်စကားပြောခွက်ဖြင့်သာ ကားပေါ်မှ နှုတ်ဆက်စကားပြောကြားလာခဲ့သည်။ ပုသိမ်မြို့အဝင်ရှိနည်းပညာတက္ကသိုလ်မှကျောင်းသားကျောင်းသူ တစ်ရာကျော်ခန့်မှာ We Love Su စာတန်းအား လက်မောင်းနှင့် နဖူးများတွင် အသီးသီးစည်းနှောင်ထားကြပြီး နံနက်၆နာရီကပင် စုရုံးစောင့်ဆိုင်းနေကြသည်။ ထိုကဲ့သို့ လာရောက် ကြိုဆိုရန် ဆရာဆရာမများက ခွင့်ပြုပေးခဲ့ပြီး ခိုက်ရန်မဖြစ်ကြရန်သာ မှာကြားခဲ့ကြောင်း BE(Machenical) နောက်ဆုံးနှစ်တက်ရောက်နေသူ ကိုအောင်ကိုနိုင်က ပြောသည်။

အသက်နှစ်ဆယ်အရွယ်BE(Civil) ကျောင်းသူတစ်ဦးက "အမေစုကို သမီးတို့ရဲ့ဆန္ဒကိုပြောချင်လို့ လာစောင့်နေတာ။ ကျောင်းမှာ လက်တွေ့လုပ်ငန်းတွေမရှိဘူး။ လိုချင်တယ်။ ပုံနှိပ်စာအုပ်အခက်အခဲရှိနေတယ်။ သမီးတို့ကျောင်းသားတွေကိုပစ်မထားပါနဲ့လို့ပြောချင်လို့ပါ"ဟုဆိုလာသည်။

ပုသိမ်ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်ရှေ့တွင်မူ စာမေးပွဲဖြေဆိုရန်ရှိ၍ ကြိုဆိုနေသော ကျောင်းသားများအားမတွေ့ရပေ။ သို့သော်လည်း ကျောင်းသား ၂၀၀ ခန့်မှာ ဒေါ်အောင်ဆန်းစုကြည်စကားပြောမည့် ကိုးသိန်းအားကစားကွင်းအဝ၌ သွားရောက်ကြိုနေကြသည်။ ထိုကျောင်းသားများထဲမှ ကျောင်းသားတစ်ဦးက "အမေစုကအမှန်တရားကိုမြတ်နိုးလို့ ကျွန်တော်တို့အရမ်းချစ်တယ်။ တွေ့လဲ တွေ့ဖူးချင်လို့ လာတွေ့တာ။ တစ်နှစ်ကျလည်းအကျခံမယ်"ဟုပြောသည်။

ပုသိမ်မြို့အနှံ့အပြားတွင် ထိုနေ့နံနက်က ထမနဲထိုးခြင်း၊ မုန့်ဟင်းခါးကျွေးခြင်း၊စတုဒိသာတိုက်ကျွေးခြင်းတို့ကိုပြည်ခိုင်ဖြိုးပါတီက ပြုလုပ်ခဲ့သည်။ ထိုနေရာသို့ သွားရောက်စားသောက်သူအချို့ရှိကြောင်း ပုသိမ်မြို့ခံများက ပြောကြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သာပေါင်း၊ ငပုတော၊ အိမ်မဲအစရှိသည့် မြို့နယ်များမှ မော်တော်ကားများ၊ စက်လှေများ၊ သင်္ဘောများဖြင့် ညတစ်နာရီခန့်ကပင် လာရောက်နေကြပြီး မိုးမလင်းမီကပင် ကိုးသိန်းအားကစားကွင်းရှေ့၌ တဖွဲဖွဲစုရုံးနေကြသည်ကို တွေ့ရသည်။

"ကျွန်တော်ဖျားနေတာ ၁၅ရက်လောက်ရှိပြီ။ ဆေးထိုးနေရတယ်။ အခုတောင် တွေ့ချင်လွန်းလို့ ကုန်းရုန်းထလာတာ"ဟု ဘောလုံးကွင်း ဂိုးတိုင်အောက်၌ ထိုင်စောင့်နေသော အမျိုးသားတစ်ဦးကပြောသည်။ နေပူကျဲကျဲအောက်တွင် စောင့်ဆိုင်းနေကြသော လူထုကြီးအတွင်းမှ ကမ္ဘာမကြေသီချင်းကို ပြိုင်တူသီဆိုလိုက်ကြသံမှာ တစ်ချက်တစ်ချက်ကြားနေရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၉ ခုနှစ်က နောက်ဆုံးအကြိမ်အဖြစ် ပုသိမ်မြို့သို့ လာရောက်ခဲ့ပြီး ယခုခရီးစဉ်တွင်လည်း မန္တလေးမြို့ခရီးစဉ်ကဲ့သို့ ရွှေ့ဆိုင်းရမည်ကို ဒေသခံများက စိုးရိမ်ပူပန်နေခဲ့ကြသည်။

လူဦးရေတစ်သိန်းနီးပါး ကြိုဆိုနေကြသော လူထုကြီးရှိရာ ကိုးသိန်းအားကစားကွင်းအတွင်းသို့ဒေါ်အောင်ဆန်းစုကြည်သည် နံနက် ၁၁ နာရီအချိန်တွင် လူအုပ်ကြီးကြားမှ ယာဉ်တန်းဖြင့်တရွေ့ရွေ့ရောက်ရှိလာသည်။

"ကျွန်မတို့ကို လှိုက်လှိုက်လှဲလှဲ ပြုံးပြုံးရွှင်ရွှင်၊ တက်တက်ကြွကြွနဲ့ ကြိုဆိုတဲ့ ပြည်သူတွေကို အင်မတန်မှကျေးဇူးတင်ပါတယ်။ ဒီလိုပြည်သူတွေနဲ့ဆိုသာယာတဲ့ပြည်ထောင်စုကြီးကို ကျွန်မတို့တကယ်ပဲဆောက်တည်နိုင်မယ်လို့ယုံကြည်ပါတယ်"ဟု အစိမ်းနုရောင် ရင်ဖုံးနှင့်ချိတ်ထမီဝတ်ဆင်ကာ အစိမ်းနုရောင်ပုသိမ်ထီးကလေး ဆောင်းလာသော ဒေါ်အောင်ဆန်းစုကြည်က ကိုးသိန်းအားကစားကွင်း စင်မြင့်ပေါ်မှ ပြောသွားသည်။ ပုသိမ်မြို့သို့ လာရောက်ရခြင်းမှာ ပါတီကို ပြန်လည်တည်ဆောက်နေသော အချိန်တွင် ပါတီတည်ဆောက်ရေးအနေဖြင့် လာရောက်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲ စည်းရုံးရေးအတွက်လာရောက်ခြင်းလည်း ဖြစ်ကြောင်း ရှင်းပြသည်။

မိနစ် ၂၀ ခန့်စကားပြောပြီးနောက်ပုသိမ်ဟိုတယ်သို့နေ့လယ်စာစားသောက်ရန်ထွက်ခွာသွားသည်။ ပုသိမ်မြို့အဝင်မှစ၍ ယာဉ်ထိန်းရဲများက လမ်းရှင်းကူညီပေးမှုများကို တွေ့နေရသည်။

ဒေါ်အောင်ဆန်းစုကြည်က ရွေးကောက်ပွဲတွင် သူမ၏ပါတီ အန်အယ်လ်ဒီအားမဲထည့်ရန်နှင့်ကြားဖြတ်ရွေးကောက်ပွဲအား မျှမျှတတဖြစ်စေရေး စောင့်ကြည့်ပေးကြရန် ပြည်သူများအား တိုက်တွန်းခဲ့သည်။

"ကျွန်မတို့ နိုင်ငံမှာ ရွေးကောက်ပွဲဆိုတာ ခဏခဏဖြစ်တာမဟုတ်ပါဘူး။ တစ်ခါတလေမှ ဖြစ်တာပါ။ ဒီလို တစ်ခါတလေမှ ဖြစ်တဲ့အဆင့်ကနေ ပုံမှန်ဖြစ်တဲ့အဆင့်သာမက ပုံမှန်လွတ်လွတ်လပ်လပ်၊မျှမျှတတ ရွေးကောက်ပွဲဖြစ်နိုင်ဖို့ ကျွန်မတို့ ဝိုင်းပြီး ကြိုးစားရမယ်။ ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းတွေအရ တစ်နိုင်ငံလုံးမဟုတ်တောင် မဲဆန္ဒပေးရတဲ့နေရာတွေမှာဖြစ်နေတဲ့ မမှန်တာတွေကို ဝိုင်းဝန်းကြည့်ရှုပြီးတော့ ရွေးကောက်ပွဲကိုကာကွယ်ပေးကြပါ"ဟု ဒေါ်အောင်ဆန်းစုကြည်က ပုသိမ်မြို့လူထုကြီးအား မှာကြားသွားသည်။

အနှစ်နှစ်ဆယ်ကျော်ကြာ ပြန်လည်တွေ့မြင်ရသော ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ ပုသိမ်ဒေသခံ ကိုဖုန်းမြင့်က "ဝမ်းသာတယ်။ ဒါပေမဲ့ ဝမ်းနည်းတယ်။ အမေစုအသက်ရသွားပြီ။ ဒါကို ဝမ်းနည်းမိတာပါ"ဟု ဝမ်းနည်းသံဖြင့် ပြောလာသည်။

ပုသိမ်မြို့မှ နေ့လယ်တစ်နာရီခန့်တွင် ကားအစီးပေါင်း ၂၀ ကျော်ပါဝင်သည့် ယာဉ်တန်းဖြင့် ထွက်ခွာလာသော ဒေါ်အောင်ဆန်းစုကြည်ကို ကန်ကြီးထောင့်မြို့နယ်မြင်းကာဆိပ်ကျေးရွာမှစတင်၍ မြောင်းမြမြို့အဝင် အဝေးပြေးကွင်းအထိ လမ်းတစ်လျှောက် ကျေးရွာများမှ သောင်းသောင်းဖြဖြ ကခုန်ကြိုဆိုကြသည်။ လူများပြားသည့်နေရာများတွင် ဒေါ်အောင်ဆန်းစုကြည်က ကားအမိုးပေါက်မှ မတ်တတ်ရပ်ကာ လူထုအား နှုတ်ဆက်သည်။

"မနက် ကိုးနာရီကတည်းက ရောက်နေတာ။ အခုအချိန်ထိ(နေ့လယ် ၂နာရီ) နေ့လယ်စာမစားရသေးဘူး။ ဗိုက်လည်းမဆာပါဘူး။ အရမ်းတွေ့ချင်နေတယ်" ဟု ကျုံတွတ်ကျေးရွာမှ အသက် ၂၀ ခန့်အမျိုးသမီးငယ်တစ်ဦးက ပြောသည်။ ဒေါ်အောင်ဆန်းစုကြည် မြောင်းမြမြို့သို့ ဝင်ရောက်လာသည့် နေ့လယ်သုံးနာရီကျော်အချိန်မှာတော့ သူမ၏ယာဉ်တန်းမှာ ကားအစီးပေါင်း ခြောက်ဆယ်ကျော်ရှိပြီး ဘေးမှဝန်းရံလိုက်ပါလာသည့် ဆိုင်ကယ်များမှာလည်း အစီးပေါင်း ငါးရာကျော်ရှိမည်ဟု ခန့်မှန်းရသည်။

**အချပ်ပို(B)သို့**

7 DAY NEWS JOURNAL
Vol.10, No.47 • FEBRUARY 9 , 2012

# အမေရိကန်က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုအချို့ဖယ်ရှား

**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၇**

မြန်မာနိုင်ငံတွင် မကြာမီက ဖြစ်ပေါ်ခဲ့သော ပြုပြင်ပြောင်းလဲမှုခြေလှမ်းများကို အသိအမှတ်ပြုသောအားဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့တားဆီးမှုများထဲမှ တစ်ခုကို အမေရိကန်နိုင်ငံက ဖယ်ရှားပေးလိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်သည် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ကန့်သတ်ချက်များထဲမှ အချို့တစ်ဝက်အား ဖယ်ရှားပေးလိုက်ခြင်းကို လူကုန်ကူးခံရသူများ ကာကွယ်ရေးဥပဒေအရ လက်မှတ်ရေးထိုးခဲ့သည်။

ထိုသို့ ကန့်သတ်၍ အချို့ဖယ်ရှားလိုက်၍ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ADB)နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)စသော နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင် အကဲဖြတ်လေ့လာရေးအဖွဲ့များနှင့် နည်းစနစ်ပိုင်းဆိုင်ရာ အကူအညီများ ပေးနိုင်ပြီဖြစ်သည်။

*—Ref: AFP*

## စာ(၅) ပြည်တွင်းကုမ္ပဏီများ ဝန်ထမ်းခေါ်ယူမှုနှုန်း ပြန်များလာ မှ

နွယ်ရိုးအလုပ်အကိုင်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက "ကုမ္ပဏီတွေအသစ်ထပ်ဖွင့်တဲ့အခါ ဝန်ထမ်းတွေခေါ်ယူတယ်။ စက်ရုံ လုပ်ငန်းတွေခေါ်တာပိုများပါတယ်။ လုပ်ငန်းတော်တော်များများတော့ တိုးလာတယ်။ လခတွေက များလာတယ်။ အလုပ်ရသူလည်း များတယ်။ လာလျှောက်တဲ့လူကတော့ ပုံမှန်ပါပဲ"ဟုပြောသည်။ ဝန်ထမ်းခေါ်ယူမှုများလာသည်နှင့်အတူ အချို့လုပ်ငန်းများက လုပ်ခလစာပေးမှုမှာ ယခင် လစာနှုန်းထက် ၂၀ရာခိုင်နှုန်းဝန်းကျင် ပိုမိုတိုးပေးလာကြောင်းအထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

သို့သော်ကျွမ်းကျင်ဝန်ထမ်းရှားပါးမှုကိုအဓိကကြုံတွေ့နေရကြောင်း Market Case မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မြင့်ကပြောသည်။

နိုင်ငံခြားတွင် လုပ်ငန်းအတွေ့အကြုံရှိသောသူများကိုမူ ပြည်တွင်းရှိ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများတွင် အလုပ်နေရာရရန် သာမန်ဝန်ထမ်းများထက်ပို၍ လွယ်ကူပြီး လခများလည်းတိုး၍ပေးလျက်ရှိသည်။

"အိတ်စ်ပို့ကုမ္ပဏီတွေပေါ့။ ခေါ်တာများတယ်။ အိတ်စ်ပို့ကုမ္ပဏီတွေက အရင်လိုမျိုးမခက်ခဲတော့ဘူးလေ။ မြန်မာငွေနဲ့ ပေးတာများပါတယ်။ လူတွေလည်း မြန်မာငွေနဲ့ပဲရချင်တယ်။ ဒေါ်လာနဲ့မကိုက်ဘူးလေ။ ဒေါ်လာကျလို့ရှိရင် သူတို့ခံရတာကိုး"ဟု နွယ်ရိုးအလုပ်အကိုင်အေဂျင်စီမှ မအေးမြတ်မွန်ကပြောသည်။

သို့သော် အချို့အေဂျင်စီများတွင်မူ ယခင်နှစ်နှင့် ယခုနှစ်တွင် အလုပ်ခေါ်နှုန်းထူးခြားစွာကွာခြားမှုမရှိကြောင်း ပြောသည်။

## မျက်နှာဖုံး-နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်သူများကို ခွင့်ပြုရန် မြန်မာအစိုးရ စဉ်းစားနေကြောင်း ကင်တားနားပြောကြား မှ

နေပြည်တော်တွင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက အထက်ပါအတိုင်းပြောကြားခဲ့ပြီး မစ္စတာကင်တားနားကလည်း ထိုကိစ္စကိုတိုက်တွန်းခဲ့သည်။ မကြာသေးခင်က လာရောက်ခဲ့ကြသော အမေရိကန်လွှတ်တော်အမတ် ဂျွန်မက်ကိန်း၊ နော်ဝေဝန်ကြီးအပါအဝင် နိုင်ငံတကာအဆင့်မြင့်ပုဂ္ဂိုလ်များကလည်းကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံတကာလေ့လာရေးအဖွဲ့များအား လေ့လာစောင့်ကြည့်ခွင့်ပြုရန် အစိုးရကိုတိုက်တွန်းခဲ့ကြသည်။ မစ္စတာကင်တားနား၏ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသတင်းပေးပို့ချက်နှင့် ကြေညာစာတမ်းကိုတင်သွင်းမည့် အစည်းအဝေးဖြစ်သော လာမည့်အောက်တိုဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂအစည်းအဝေးမတိုင်မီ မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ်ပြန်လာနိုင်ရန်မျှော်လင့်ကြောင်းပြောသည်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံ၏ သမိုင်းအတွက်အရေးကြီးဆုံးအချိန်ဖြစ်ကြောင်းလည်း မစ္စတာကင်တားနားက ပြောကြားခဲ့သည်။

**အလယ်ရွာကျေးရွာမီးလောင်မှု လူ ၁၄၀၀ အိုးမဲ့အိမ်မဲ့ဖြစ်**

**သတင်းအဖွဲ့**

လှိုင်သာယာမြို့နယ်၊ အလယ်ရွာကျေးရွာတွင် ဖေဖော်ဝါရီ၆ ရက် ၁၂ နာရီ၁၅ မိနစ်တွင် မီးလောင်မှုကြောင့် လူနေအိမ် ၃၃၉ လုံး မီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စုပေါင်း ၃၅၃ စု၊ လူ ၁၄၀၀ မီးဘေးသင့်ခဲ့ကာ ကျပ်သိန်းတစ်ရာ့ရှစ်သောင်းခန့် ဆုံးရှုံးကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည်၏ ပုသိမ်ခရီးစဉ်လုံခြုံရေးအတွက် ပါတီလူငယ် ၄၀၀ကျော်တာဝန်ယူ မှ

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး ရဲမှူးတို့နှင့်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှတာဝန်ရှိသူများက ဖေဖော်ဝါရီ၆ရက်နံနက်ပိုင်းတွင် ခရီးစဉ်လုံခြုံရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရမှ ခရီးစဉ်လုံခြုံရေးနှင့် ချောမွေ့ရေးအတွက် တတ်နိုင်သမျှ ကူညီသွားမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ဦးခွန်သာမြင့်က ပြောသည်။ ထိုခရီးစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးနယ်နိမိတ်အတွင်းသို့ စတင်ဝင်ရောက်လာသည့်အချိန်မှ စတင်ကာ ဒေသအာဏာပိုင်များက ခရီးစဉ်ချောမွေ့ရေးအတွက် စီစဉ်ပေးမည်ဟု ပြောကြားခဲ့ကြောင်းလည်း ဦးခွန်သာမြင့်က ဆက်လက်ပြောသည်။

ပုသိမ်ခရီးစဉ်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရုံးချုပ်မှ ခရီးစဉ်လုံခြုံချောမွေ့ရေးအတွက် ဖေဖော်ဝါရီ ၅ ရက်တွင်လူငယ်ခုနစ်ဦး၊ ၆ရက်တွင် ၁၁ဦးကို ပုသိမ်သို့ စေလွှတ်ခဲ့သည်။ ထို့အပြင် ပုသိမ်မြို့ရှိ NLD ရုံးမှ ဒေသခံလူငယ်ပါတီဝင် ၄၀၀ ကျော်မှာလည်း ခရီးစဉ်လုံခြုံချောမွေ့ရေးအတွက် လိုက်ပါကူညီကြမည်ဖြစ်သည်။

ပုသိမ်ခရီးစဉ်အပြီး ဆက်လက်ထွက်ခွာမည့် မြောင်းမြခရီးစဉ်အတွက်လည်း မြောင်းမြမြို့မှ ပါတီဝင်လူငယ်၃၀၀က ခရီးစဉ်လုံခြုံချောမွေ့ရေးအတွက်တာဝန်ယူကြောင်း ဦးခွန်သာမြင့်က ဆက်လက်ပြောသည်။

ရောက်ရှိသည့်နေရာတိုင်းတွင် ပြည်သူများ၏ သောင်းသောင်းဖြဖြကြိုဆိုမှုကို ရရှိနေသောNLDပါတီဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးကို ပြည်သူအချို့ကမူ စိုးရိမ်ပူပန်မှုများရှိသည်။

သူမမှာ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီး ပထမဆုံးနိုင်ငံရေးခရီးစဉ်အဖြစ် ဇန်နဝါရီ ၂၉ရက်တွင် ထားဝယ်မြို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလေ့လာရန် ဇန်နဝါရီ ၃၁ရက်တွင်မြိုင်မြို့နယ်ရှိကျေးရွာနှစ်ရွာသို့ သွားရောက်ခဲ့သည်။

သွားရောက်သည့်နေရာတိုင်းတွင် ဒေသခံများက ကြိတ်ကြိတ်တိုး၍ သောင်းသောင်းဖြဖြကြိုဆိုနေမှုများကြောင့် ဒေါ်အောင်ဆန်းစုကြည်လုံခြုံရေးကိုကြိုတွေး၍ပူပန်နေသူများရှိနေခြင်းဖြစ်သည်။

"အမေစုလုံခြုံရေးကို အထူးဂရုစိုက်ပေးကြပါဒေသခံတို့"၊ "လိုလားသူတွေ ဘယ်လောက်များများ. . .၊ မလိုလားသူတစ်ယောက်ကြောင့် အန္တရာယ်ဖြစ်နိုင်တယ်"ဟူ၍ မြိုင်မြို့နယ်မှ ကျေးရွာနှစ်ရွာသို့သွားသောဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်မှ ဒေသခံများ၏ ကြိုဆိုမှုများကိုကြည့်ရင်း ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်သုံးစွဲသူများက အသီးသီးမှတ်ချက်ပြုကြသည်။

"ဝမ်းသာအားရဖြစ်မိတယ်။ စိုးလည်း စိုးရိမ်မိတယ်"ဟု အမျိုးသမီးတစ်ဦးကလည်း ဒေါ်အောင်ဆန်းစုကြည်သွားရောက်သည့် ခရီးစဉ်တိုင်းတွင် ကြိတ်ကြိတ်တိုးစည်ကားနေသည်ကိုကြည့်၍ မှတ်ချက်ပေးသည်။

"ထားဝယ်ခရီးစဉ်မသွားခင်အထိ လူတွေ ဒီလောက်ထွက်လာမယ်လို့မမျှော်လင့်ထားဘူး" ဟု ဦးခွန်သာမြင့်က ပြောသည်။ ထိုသို့ ခရီးစဉ်များတွင် ဒေသခံပြည်သူများက ယခင်ကထက်ပို၍ သောင်းသောင်းဖြဖြကြိုဆိုကြခြင်းမှာ နိုင်ငံရေးအရ ပိုမိုပွင့်လင်းမြင်သာမှုရှိလာပြီး၊ NLD မှာ တရားဝင်နိုင်ငံရေး ပါတီဖြစ်လာကာ တရားဝင်ပါတီစည်းရုံးရေးခရီးစဉ်များဖြစ်သည့်အတွက် လူထုက ရဲရဲဝံ့ဝံ့ကြိုဆိုကြခြင်းကြောင့်ဖြစ်နိုင်ကြောင်းလည်း ဦးခွန်သာမြင့်က မှတ်ချက်ပြုသည်။

ခရီးစဉ် ရွှေ့ဆိုင်းခဲ့သော မန္တလေးခရီးစဉ်အတွက် လုံခြုံရေးတာဝန် ထမ်းဆောင်ရန် NLD လူငယ် ၄၀၀ မှ ၆၀၀ ဦး အတွင်း အသုံးပြုရန် စီစဉ်ခဲ့သည်။

မြိုင်မြို့နယ်သို့သွားရောက်ခဲ့သော ခရီးစဉ်တွင် လုံခြုံရေးအင်အား ၁၆၀ ခန့်အသုံးပြုခဲ့ပြီး၊ ပခုက္ကူခရိုင်နှင့် ညောင်ဦးခရိုင် ရဲတပ်ဖွဲ့နှင့်ယာဉ်ထိန်းရဲများကလည်း ခရီးစဉ်ချောမွေ့ရေးအတွက်အကူအညီများပေးခဲ့ကြောင်း ဦးခွန်သာမြင့်ကပြောသည်။

## အစိုးရနှင့် KNU/KNLA တို့အကြား ပဏာမသဘောတူညီချက်ရ

**ထူးသန့်**

ဦးအောင်သောင်းဦးဆောင်သော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် KNU/KNLA အဖွဲ့မှ ဗိုလ်ချုပ်ကြီး မွှေးမောင်ဦးဆောင်သော အဖွဲ့တို့ နေပြည်တော်၌ ဖေဖော်ဝါရီ ၇ ရက်တွင် ၃ နာရီခန့်အကြာညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် ငြိမ်းချမ်းရေးအတွက် ပဏာမသဘော တူညီချက်အဖြစ် အချက် ၇ ချက်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

## ငြိမ်းချမ်းရေး အမြန်ဖော်ဆောင်ရန် တိုက်တွန်း

**အိဖြူမွန်**

ကချင်ပြည်နယ်အတွင်းဖြစ်ပွားသောပဋိပက္ခများကြောင့် နေရပ်စွန့်ခွာသူများကို အကူအညီပေးသော ဒေသတွင်းဘာသာရေး အသင်းအဖွဲ့များက ငြိမ်းချမ်းရေးဖော်ဆောင်မှုများ အကောင်အထည်ဖော်လာနိုင်စေရန်တောင်း ဆိုသည့် အကြံပြုချက်တစ်ခုကို သတင်းထုတ်ပြန်ခဲ့သည်။ ဒေသတွင်း ကယ်ဆယ်ရေး စခန်းတွင် လက်ရှိဖြစ်ပေါ်နေသောနေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ဖေဖော်ဝါရီ ၇ ရက်တွင် တင်ပြဆွေးနွေးပြီးနောက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ကချင်ပြည်နယ်မှ ဘာသာရေးအသင်းအဖွဲ့များက အကြံပြုတောင်းဆိုခဲ့ခြင်းဖြစ်သည်။

## မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးတွင် ကြားဖြတ်ရွေးကောက်ပွဲအရေးပါ

**အိဖြူလွင်**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားက ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲသည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အဓိကသော့ချက်ဖြစ်ကြောင်း ပြောကြားသည်။ ကြားဖြတ်ရွေးကောက်ပွဲသည် အမှန်တကယ်လွတ်လပ်ပြီးတရားမျှတသော ပွင့်လင်းမြင်သာသောရွေးကောက်ပွဲဖြစ်ရန်လိုသည်ဟု ၎င်းကပြောသည်။

## ပြည်ပသို့ ဖုန်းခေါ်ဆိုနိုင်မည့် ဝန်ဆောင်မှုသစ် Y talk စတင်ရောင်းချ

**ယုဇနကိုကို**

နိုင်ငံတကာသို့ တယ်လီဖုန်း ခေါ်ဆိုနိုင်မည့် Ytalk ဟူသော ဆက်သွယ်ရေးဝန်ဆောင်မှုတစ်ခုကို ရတနာပုံတယ်လီပို့ကုမ္ပဏီနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့က ယခုလ ၇ ရက်မှစတင်ကာရောင်းချမည်ဖြစ်သည်။ အင်တာနက် အသုံးပြုရသည့်နေရာတိုင်းခေါ်ဆိုနိုင်သော ထိုဝန်ဆောင်မှုကို ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးသော နိုင်ငံများသို့ခေါ်ဆိုမှုမှာ တစ်မိနစ်လျှင် ၀. ၁၅အက်ဖ်အီးစီ၊ နိုင်ငံတကာဖုန်းခေါ်ဆိုမှု ခက်ခဲသည့် ဆက်သွယ်ရေးနည်းပညာမဖွံ့ဖြိုးသေးသည့်နိုင်ငံများသို့ခေါ်ဆိုရာတွင် တစ်မိနစ်လျှင်၀. ၃၅အက်ဖ်အီးစီကျသင့်မည်ဖြစ်သည်။

## ထိုင်းရောက် မြန်မာအလုပ်သမားအချို့ ပြည်နှင်ဒဏ်ခံရမည့်အခြေအနေနှင့် ကြုံတွေ့နေ

**သန်းငွေး**

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် အလုပ်လုပ်ခွင့်လက်မှတ်(Work Permit)သက်တမ်းကုန်ဆုံးတော့မည့် ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်းအလုပ်သမား များသည် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်တွင် မပါဝင်ပါက မတ်လဆန်းမှစတင်ကာ ပြည်နှင်ခံရဖွယ်ရှိကြောင်း ဦးဝင်းနိုင်ထွန်းကပြောသည်။ "၂၀၁၂ခုနှစ်ဖေဖော်ဝါရီလကုန်နောက်ပိုင်း ပြည်နှင်ခံရနိုင်တဲ့ ဒီအလုပ်သမားအများစုကမြန်မာအလုပ်သမားများ အများစုဖြစ်တယ်၊ မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်သိန်းခုနစ်သောင်းလောက်ရှိတယ်"ဟု ၎င်းကပြောသည်။ နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်ဆိုသည်မှာ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကာ တရားမဝင် အလုပ်လုပ်နေကြသည့် အိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံများက ၎င်းတို့နိုင်ငံသားများဖြစ်ကြောင်း အထောက်အထားများ ထုတ်ပေးခြင်းဖြစ်သည်။